www.burmeseclassic.com

မှုခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ကြစေဖို့

# မှုခင်း ရှာဖော်

မှုခင်းနှင့်ရသစုံမဂ္ဂဇင်း

VOL (E), N0 ( 40 )

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ



မှုခင်း

မှုခင်း

မှုခင်း

မှုခင်း

www.burmeseclassic.com

www.burmeseclassic.com

မြန်ရပ်မှန်မှုခင်းဝတ္ထုများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ကြစေရန် ရည်ရွယ်လျက်----

မှုခင်းပညာပေးအစီအစဉ်အရ **ခွင့်ပြုချက်မြ-၀၃၈၂၈**ဖြင့် ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းအား လစဉ်လဆန်း (၁)ရက်နေ့တိုင်း ပုံမှန်ထုတ်ဝေပါသည်။

11 JUN 2014

ယက - ဦးတင်လှိုင် (ဝန်ကြီး-ငြိမ်း)

ယကအဖွဲ့ဝင်များ - ဦးစောငွေ (ဒုညွှန်ချုပ်-ငြိမ်း၊ အကျဉ်းဦးစီးဌာန)၊
ရဲမှူးချုပ်တင်ဝင်း (ငြိမ်း)၊ ရဲမှူးကြီးအောင်ဒိုင်း (ငြိမ်း)၊ ရဲမှူးကြီး မြင့်စိုး (ငြိမ်း)

ဥပဒေအကြံပေးအဖွဲ့ - ဒုရဲမှူးကြီးဝင်းမြင့် (ငြိမ်း)၊ ဒုရဲမှူးကြီး ခင်မောင်ဝင်း (ငြိမ်း)၊ ဦးဘဝင်း (ဒုညွှန်မှူး-ထွေ/အုပ်(ငြိမ်း)၊
ဦးရဲထွဋ် (လက်ထောက်ညွှန်မှူး-ဥပဒေ-ငြိမ်း)

အကြံပေးလမ်းညွှန်မှု - ဒေါ်သက်ရီ (အကြံပေး-မြန်မာနိုင်ငံအမျိုး သမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

အယ်ဒီတာချုပ်/ထုတ်ဝေသူ - ဦးသက်နိုင်ဦး (အမှုဆောင်အရာရှိချုပ်)

ဒုတိယအယ်ဒီတာချုပ်နှင့်တာဝန်ခံအယ်ဒီတာ -မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ (မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တွဲဖက်အတွင်းရေးမှူး)

အထွေထွေအုပ်ချုပ်ရေးမှူး- ဒေါ်ညိုညိုစိမ့် (ဒုတိယအမှုဆောင်အရာရှိချုပ်)

အထွေထွေအကြံပေးအဖွဲ့ - ဦးမင်းဆွေ(AE ဆောက်လုပ်ရေး-ငြိမ်း)၊ ဗိုလ်ကြီးစိုးပိုင် (ငြိမ်း)၊ ဦးသိန်းဝင်း (ကြို့ပင်ကောက်)

လုပ်ငန်းကြီးကြပ်ရေးမှူး - ဒေါ်တင်တင်အောင်

ဖက်အုပ်ချုပ်ရေးမှူး - ဦးဌေးနိုင်၊ ဦးအောင်ကျော်ဦး

အဖွဲ့မှူး - ဒေါ်ခင်စန်းဝင်း၊ဒေါ်မြမြလှိုင်

ရိုင်းတာဝန်ခံ - စောဝဏ္ဏ

လုပ်ငန်းအဖွဲ့ - ဦးတင်လင်းဦး၊ ဦးတင်ကြိုင်၊ ဒေါ်လှိုင်လေးဝင်း

အုပ်ချုပ်အဖွဲ့ - ဦးတင်ဦး၊ ဦးမြင့်ဦးအဖွဲ့

နှိပ် - စိန်နဂါးပုံနှိပ်တိုက်၊ (၀၃၀၃၇)၊ အမှတ်(၈၉)၊ (၅၆)လမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုံးဖလင် - EAGLE COLOUR SEPARATION

## ရှုထောင့်ဗီဒီယာအဖွဲ့၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဗီဒီယာရုံးခွဲများ

ဦးအောင်မင်းအဖွဲ့ (ရန်ကုန်တိုင်း)၊ ဦးအောင်ကျော်ဦးအဖွဲ့ (ကချင်ပြည်နယ်)၊ ဦးနိုင်မင်းအဖွဲ့ (နေပြည်တော်)၊ ဦးခင်ဇော်ဦးအဖွဲ့ (ကရင်ပြည်နယ်)၊ ဦးသိန်းလှိုင်အဖွဲ့ (မွန်ပြည်နယ်)၊ ဦးသိန်းဇော်ဦးအဖွဲ့ (မူဆယ်/ရှမ်းမြောက်)၊ ဦးစံဇာထီးအောင်အဖွဲ့ (လားရှိုး/ရှမ်းမြောက်)၊ ဦးမြင့်အောင်အဖွဲ့ (ကယားပြည်နယ်)၊ ဦးဇော်ရှင်းအဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အရှေ့ပိုင်း)၊ ရဲမှူးကြီးခင်မောင်ဝင်း (ငြိမ်း)အဖွဲ့ (ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)၊ ဦးတင်ရိုး/ဦးတွံအဖွဲ့ (သာယာဝတီခရိုင်)၊ ဦးခင်မောင်ဝင်း/ဦးလှထူးအဖွဲ့ (မကွေးတိုင်း)၊ ဦးညီညီဦးအဖွဲ့ (သားအုံခရိုင်)၊ ဦးရွှေဝင်းအဖွဲ့ (ပြည်ခရိုင်)၊ ဦးအောင်သန်းထွဋ်နှင့် ဦးမျိုးဆွေဦးအဖွဲ့ (ပြည်မြို့နယ်)၊ ဦးထွန်းမြင့်အဖွဲ့ (ဝန်းတောင်း/ဥရှစ်ဝင်)၊ ဦးလှထူးအဖွဲ့ (အောင်လံ/ဖြလို)၊ ဦးမျိုးသက်အောင်အဖွဲ့ (ဗီးတုန်း)၊ ဦးအောင်မြင့်/ဦးမြင့်အောင်အဖွဲ့ (ရွှေတောင်)၊ ဦးတင်ဝင်းအဖွဲ့ (ပုထီးတုန်း)၊ ဦးခင်သောင်း/ဦးစည်သူအောင်အဖွဲ့ (သဲတုန်း)၊ ဦးတင်မောင်ကြည်/ဦးဖိုးဇော်အဖွဲ့ (ပေါင်းတည်)၊ ဦးထွန်းဝေအဖွဲ့ (ထုံဗ)၊ ဦးတင်ဝင်းအဖွဲ့ (အုတ်ဖို)၊ ဦးသိန်းလွင်အဖွဲ့ (နတ်တလင်း)၊ ဦးစိုင်းဇော်ဇော်အဖွဲ့ (အင်းမ/ဝတ်ပုတ်)၊ ဦးမောင်မောင်သိန်း/ဦးသက်ဝင်းအဖွဲ့ (မင်းလှ)၊ ဦးမြင့်လွင်အဖွဲ့ (သာပေါင်း)၊ ဦးအေးအောင်အဖွဲ့ (ပေါင်းတလည်)၊ ဦးထက်အောင်လှိုင်/ဦးသက်မြင့်ဝင်းအဖွဲ့ (လက်ပံတန်း)၊ ဦးဝင်းဇော်အဖွဲ့ (မိုးညို)၊ ဦးမောင်မောင်စိုးအဖွဲ့ (ဘုရားကြီး)၊ ဦးအောင်မျိုးဦးအဖွဲ့ (ကျောက်တံခါး)၊ ဦးအောင်ဇော်မင်းအဖွဲ့ ([redacted]ရဲမှူးတင်လှိုင်(ငြိမ်း)အဖွဲ့ (ပေါက်ခေါင်း)၊ ဦးချစ်လှအဖွဲ့ (ကြံခင်း)၊ ဦးစိုးမင်းအဖွဲ့ (ဘုတ်ရဲ)၊ ဦးအေးစိုးအဖွဲ့ (ထန်းတပင်)၊ ဦးကျော်နိုင်ဦးအဖွဲ့ (တာဝမြို့နယ်)၊ ဦးသန်း[redacted] ဦးလှရွှေအဖွဲ့ (ကျောက်ဝန်းတောင်း)၊ ဦးနိုင်ဝင်းအဖွဲ့ (ရေစကြို)၊ ဒေါ်သန်းသန်းညွှန့်အဖွဲ့ (ထားရွတ်)၊ ဦးမိုးအဖွဲ့ (အရှေ့ပိုင်းခရိုင်/ဘားတော)၊ ဦးအောင်[redacted]အဖွဲ့ (မြစ်ကြီးနား)၊ ဦးထွန်းထွန်းဆင်းအဖွဲ့ (ဝိင်းမော်)၊ ဒေါ်လှလှကြည်အဖွဲ့ (မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၁)၊ ဦးတင်ထွန်းဦးအဖွဲ့ (မြောက်ပိုင်းခရိုင်-လှိုင်သာယာ-၂)၊ ဦးဝင်းလှိုင်အဖွဲ့ (ဒေါ်ပုံ၁)၊ ဦးတင်လှိုင်အဖွဲ့ (ဒေါ်ပုံ၂)၊ ဦးကိုကိုနိုင်အဖွဲ့ (ရွှေပြည်သာ)၊ ဦးရင်သန်းအဖွဲ့ (ဥက္ကံ)၊ ဦးကျော်ငွေအောင်အဖွဲ့ (ဝခုတ္တ)၊ ဦးမောင်မောင်အဖွဲ့ (သာကေတ-၂)၊ ဦးတွံ/ဦးစိုးတင်မြင့်အဖွဲ့ (ကြို့ပင်ကောက်)

## သတင်းနှင့်စာမူများပေးပို့ရန်လိပ်စာ

ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်းရုံး၊ သတင်းစုဆောင်းရေးရုံးခွဲ (၉၆)၊ မဟာသုခလမ်း၊ ကျိုက်ကဆံရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

PH: 01-297297, 01-9000017, FAX : 01-397164

www.burmeseclassic.com

www.burmeseclassic.com



# ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း၊ ဇူလိုင်လထုတ် (၂၀၁၄)

## မာတိကာ


### ကဗျာရှုထောင့်

☆ သက်နိုင် (ကြို့ပင်ကောက်) ၈
☆ မင်းရွှေသိန်း (အင်းစိန်) ၉
☆ ခင်မထွေး (ပညာရေး) ၁၀
☆ ကေမင်းညီ ၁၁

### ကာတွန်းရှုထောင့်

✿ ရွှေကိုဦး
✿ စိတ်သစ်
✿ မြင့်သန်း (မဂ်လာဒုံ)

### ဥပဒေရှုထောင့်

✥ မောင်ညာဏ်ရှင် (ဥပဒေ) ၁၅

### ရှုထောင့်မှုခင်းဝတ္ထုတို/ရှည်

✸ မောင်မောင်စိန်လင်း (နတ်မောက်)
(စိတ်မချတဲ့စိတ္တဇ) ၁၉
✸ ဇော်ထွဋ် (တမ်းသာယာ)
(ကြမ္မာရဟတ်တစ်ပတ်လည်ခဲ့သော်) ၂၈
✸ လှမြင့်အေး
(ဒေါ်သမာယာ) ၃၆
✸ မောင်ဆွေ (တောင်ငူ)
(တုတ်ဝေါ်ကျသောအနာများ) ၄၁
✸ ထျော်သန်းစံ
(စိုးရိမ်ပူဆွေးရသောအချစ်) ၄၈
✸ ကိုကိုလှ (ထမာမြေ)
(ဒေါ်သကုမာရ) ၅၂
✸ ခင်ဦး (ပုတီးကုန်း)
(ရှင်လူဆိုးကြီးပဲ) ၅၈
✸ မောင်မောင်မြင့် (ဥဿာမြို့သစ်)
(နာရေးကြော်ငြာမှပြောသော---) ၆၉
✸ မြဦးမောင် (ဒါးပိန်)
(လူလေးယောက်နဲ့ သိန်းလေးဆယ်) ၇၆
✸ မောင်မောင် (ဝိတောက်မြိုင်)
(အရှုပ်ထုပ်ရဲ့ဇာတ်သိမ်း) ၈၆
✸ နေဘုန်းမော်
(လိမ်လည်လှည့်ဖြား) ၉၄
✸ သန်းထွန်း (ဂျေဂျေ)
(သားကောင်မတွေ့တဲ့မုဆိုး) ၁၀၄




www.burmeseclassic.com



### ဘာသာပြန်ရှုထောင့်


- စိန်ဝင်းမော်
  (ဘဝသူခိုး) ၁၁၂


### ရှုထောင့်ဝတ္ထုရှည် (စ/ဆုံး)


- ထက်ကောင်းလတ် (မင်းဘူး)
  (ရွေး၍ဖြေကြည့်ပါ) ၁၂၀


### ရှုထောင့်ရသဝတ္ထု


- မောင်ငြိမ်းသူ (ကြို့ပင်ကောက်)
  (အပူလှိုင်း) ၁၄၃


### ရှုထောင့်ဆောင်းပါး


- ဆုံးသစ်
  (အိပ်မက်တွေဆက်မက်ပေးပါ) ၁၅၃






### နှလုံးသားရှုထောင့်ကဏ္ဍ


- စိမ်းလဲ့ညို
  (နားလည်ပေးပါကိုကို) ၁၅၇
- တာဝန်ခံအယ်ဒီတာသုံးသပ်ချက် ၁၆၃


### ရှုထောင့်ဖြောင့်ချက်နှလုံးသားတဏ္ဍ


- ဟန်နီ (တောင်ကြီး)
  (သောကတွေပြေနိုင်ပါစေ) ၁၆၅


### စာအုပ်စင်ရှုထောင့်


- ကိုကြီးထူး ၁၇၁


### ရှုထောင့်ဗေဒင်ကဏ္ဍ


- တက္ကသိုလ်စိုးမိုးနိုင် ၁၇၄



www.burmeseclassic.com

www.burmeseclassic.com



## "အစိမ်းရောင်မဲ့ ဝန်းချီထားတစ်ချပ်"

**သတ်နိုင် (ကြို့ဝင်တောတ်)**



✿ ရိုးမကိုမြင်---
ရင်ထဲကွဲကြေ၊ မျက်ရည်ဝေမိ
ဖြေလည်းမရ၊ သောကပွင့်ထွက်
ဝင့်သက်လှိုက်လှိုက်၊ မောလိုက်တာလေ---။

✿ တောလည်းမစိမ်းမှောင်
တောင်လည်းအမည်းကွက်
ဒဏ်ရာချက်တွေ---
သေငယ်ဇောနဲ့ မျောနေသလိုလေ---။

✿ တောတောင်တစ်ရိုး---
မျစ်ချိုးသူတွေ၊ ဘယ်ပျောက်နေသလဲ။

✿ တောတောင်တစ်လွှား
ဝါးခုတ် ထင်းတောတတ်၊ ဖုတ်ခူးသူတွေ
ဘယ်ရောက်နေသလဲ။

✿ တောကြားတောင်ကြား---
ဂျုံးရည်သားငါး၊ ရှာစားသူတွေ
ဘယ်မြေဆီမှာ၊ လှည့်နေပါသလဲ။

✿ တောလည်း မစိမ်းမှောင်
တောင်လည်း မမြင့်မောတ်
စမ်းတွေပျောက်လို့
ခြောက်သွေ့ တန္တာရ၊ သဲလှိုင်းထလျှက်

✿ ရိုးမမိခင် -----
ရိုးမဖခင်------
မြင်ရတ်စရာ၊ မရှိဝါပြီ
ရင်မှာလှိုက်လှိုက်---တစ်ရှိုက်ရှိုက်
မောလိုက်တာ။ ။



www.burmeseclassic.com

www.burmeseclassic.com



## "မိုးသွဲ့"

ဝင်းရွှေဝင်း (အင်းစိန်)



❑ အာကာတစ်ခွင်၊ တိမ်မည်းဆင်၍
ရေစင်မိုးစက်၊ မြေသို့သက်ပြီ။
❑ ခက်လက်စိမ်းစို၊ သစ်ဝါးပျိုတို့
ရေကိုလက်ဖြန့်ခံကြပြီ။
❑ မြရောင်လမ်းခြယ်၊ တို့လယ်မြေလည်း
မိုးရေဖွေးဖွေး၊ ကောက်ဝင်လေးဖြင့်
ဝမ်းရေးတင့်တယ်၊ ကြွယ်ကြပြီ။
❑ လယ်ကတွတ်ပေါက်၊ ဗျင်းခြောက်ခြောက်ဖြင့်
ဖျိုင်းအောက် ငါးရှာနေကြပြီ။
ဦးကြီးတို့လည်း၊ ထွန်တုံးဆွဲလို့
လယ်ထဲယာထဲ ဝင်ကြပြီ။
❑ ငါ့မှာတော့မူ၊ ချစ်မိသူတို
ကြည်ဖြူမဆုံး၊ ဖွဲ့နှောင်ထုံးလို့
အမုန်းမရှိ၊ ချစ်ခဲ့မိပြီ
လွမ်းမိသည်လည်း မိုးရေထဲ။
သက်ဆုံးသည့်တိုင် ချစ်နေမြဲ။ ။




www.burmeseclassic.com

www.burmeseclassic.com



# "ဝိသမစီးပွားနှင့် လောဘသားတောင်"

ခင်မထွေး (ပညာရေး)



✳ ဝန်ဇင်းဘိုးရာဇာ၊ ပညာရှိစကား
"ကြိုးစားဖွေရှာ ချွေတာစုဆောင်း
သူဌေးလောင်း"တဲ့
ကျောင်းနေစဉ်က သင်ခဲ့ရ
ဘဝလမ်းပြကြယ်။

✳ ယခုတော့လည်း၊ ပြောင်းပြန်လွဲမို့
ရင်ထဲစိတ်ထဲ၊ လေးမိတယ်။

✳ ဘယ်မှာဖြစ်ဖြစ် "တစ်လုံး" "နှစ်လုံး"
"သုံးလုံး"စကား၊ ပတ်လည်များနှင့်
မွေးစားတစ်မျိုး ကြိုးစားဖွေရှာ
ထိုးနေကြာမို့၊ ရှိတာလေးတွေ
ကုန်ခဲ့ချေပေါ့၊ ကြွေးတွေဝိုင်းရံ
သေကြောင်းကြံကြ၊ ဘဝလွတ်ရေး
ပြေးသူပြေးနှင့်၊ ရင်လေးနေသူ
များပြည်သူတို့၊ အယူမှန်ဖို့ ချိန်တန်ပြီ။

✳ တစ်ကျပ်ရင်းက၊ တစ်ရာရမယ်
ဆယ်၊ ရာ၊ ထောင်ဆို၊ သူဌေးလိုဖြစ်
ဘေးကိုမမြင်၊ လောဘဝင်၍
တွင်တွင်ထိုးကြ၊ ဝိသမ
ချိတ်ကိုတွယ်လို့၊ ငါးစာပြ။

✳ "လူမွဲတစ်ထောင် လူပြောင်တစ်ယောက်"
ဘဝင်မြောက်လည်း
"ချဲပေါက်ပြီးလျှင်၊ တဲဆောက်သင်"တဲ့။

✳ "ပညာရှိစကား၊ ဘယ်မမှား"
ဝိသမစီးပွား၊ ရှောင်စို့လား။
ဖဲခေတ်တုန်းက၊ လူနည်းစု။
ချဲခေတ်ကျမှ၊ များလူထု။
ခေတ်ပြောင်းနေပြီ သတိပြု။
ကြိုးစားဖွေရှာ၊ သက်မွေးမှု။ ။

www.burmeseclassic.com



# "ဝါလနှင့်အောင်ဆန်း"

**ထေဝင်းညီ**



❑ မိုးဖြိုင်ဖြိုင်တျ ဝါလရောက်တည့်လျှင်
မြကော်ဇောခင်း၊ လယ်ကွင်းစိမ်းရောင်လွှင်
ပုန်းညက်သခင်၊ ဆင်ယင်ပွင့်ပန်း
မြတ်ဗုဒ္ဓဟော၊ တည်သန္ဓေ
လူ့မြေသာသနာလွှမ်းစေဖို့လေး။ ။

❑ ဘုရား ကျောင်း သင်္ကန်း၊ လှူဒါန်းမေတ္တာဝေ
ကြေးစည်သံညင်း၊ ရင်တွင်းအေးမြစေ
မြန်မာတို့မြေ၊ သာပေသော်ငြား
လွှမ်းတေးကဗျာ၊ မျက်ရည်ဖြာ
အာဇာနည်များ၊ ကြားစေတည့်လေး။ ။

❑ ကျောင်းသူကျောင်းသား၊ ကြိုးစားအားကျစရာ
စွန့်လွှတ်စွန့်စား၊ သားကောင်းများပမာ
စိတ်ထားမြင့်စွာ၊ လက်ကသီကြ
သမိုင်းသိလျှင်၊ ပြည့်အားအင်
ဖြူစင်ပန်းတို့ လှမည်တည့်လေး။ ။

❑ ဆယ့်ကိုးဖူလိုင်လ၊ ပြောင်းကြွတမလွန်
ပြည်သူချစ်ပန်း၊ အောင်ဆန်းလူရည်ချွန်
တစ်ကိုးလေးခွန်၊ အားသွန်သတ္တရာဇ်
ပျိုမျှစ်နုစဉ်၊ ကြွမှာငင်
သူလျှင်ရေတိမ်၊ နစ်ပြီတည့်လေး။ ။

❑ ငါတို့ကေရာဇ်၊ ပြည်ချစ်ဇာနည်
သာကီမျိုးနွယ်၊ သေရိုးမရှိပြီ
အားမာန်ဝင့်ချီ၊ နီသည်သူ့သွေး
ခြသေ့်မင်းလို၊ စစ်သားကို
ကြည်ညိုဦးညွှတ်ပေးပါစို့လေး။ ။

❑ ငိုကြွေးနေပြား၊ ထူးခြားလာမှာမဟုတ်ပြီ။
တို့သွေးတို့သား စည်းဝါးညီညာဖို့ရည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်



www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com

# ကာတွန်း ရှုထောင့်






www.burmeseclassic.com

www.burmeseclassic.com



# ဥပဒေရေးရာအမေးအဖြေ

**မောင်ဉာဏ်ရှင် (ဥပဒေ)**

**မေး။** ဆရာ့ကိုတစ်ခုမေးပါရစေ။ ကျွန်တော်က တောကပါ။ ကျွန်တော်ငယ်ငယ်က အဘိုး၊ အဘွားများက ရှင်ပြုပေးတယ်။ ရှင်ပြုပေးတုန်းက ကျွန်တော့်အဘိုးရဲ့ အဖေ၊ အမေများ လက်ထက်ကတည်းက လုပ်ထားတဲ့ ရွှေကြယ်သီးတစ်စုံကို အဘိုးနဲ့အဘွားက ကျွန်တော့်ကို လက်ဖွဲ့ခဲ့တယ်။ အဘိုး၊ အဘွားများဆုံးတော့ ကျွန်တော် တောင်းတယ်။ အဘိုး၊ အဘွားအိမ်မှာ အတူနေခဲ့တဲ့ ဦးလေးက မပေးပါဘူး။ အဲဒီလိုမပေးဘဲ နေလို့ရသလား ဖြေကြားပေးပါဆရာ။

**မောင်သန်းဆောင်၊ နတ်မောက်မြို့။**

**ဖြေ။** မြန်မာဓလေ့ထုံးတမ်းမှာ မိဘ ဒါမှမဟုတ် အဘိုး၊ အဘွားက သားသမီး၊ မြေးများကို ပုခက်တင်တဲ့အခါ ခေါင်းရိတ်တဲ့အခါ၊ နားထွင်းတဲ့အခါ၊ ရှင်ပြုတဲ့အခါ၊ ထိမ်းမြားတဲ့အခါ ပေးကမ်းလက်ဖွဲ့လေ့ရှိတယ်။ ပေးကမ်းလက်ဖွဲ့တဲ့အခါမှာလည်း မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်း၊ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းဆိုတာလည်းရှိတယ်။ နောက်ပြီး ဒီလိုပေးကမ်းလက်ဖွဲ့တဲ့အခါ လက်ရောက်ပေးအပ်မှု၊ မပေးအပ်မှုဆိုတာလည်းရှိတယ်။

ဓမ္မသတ်များအရ အဘိုးအဘွားတို့က မြေးများကို ရှင်ပြုချိန်ပေးကမ်းလက်ဖွဲ့တဲ့ ပစ္စည်းနဲ့ပတ်သက်ပြီး လက်ရောက်ပေးအပ်ရန်မလိုဘူး။ ပေးကမ်းခြင်း၊ ခိုင်မာတည်မြဲတယ်လို့ဆိုတယ်။ အဘိုးအဘွားများက မြေးများအား ပေးကမ်းလက်ဖွဲ့တဲ့ပစ္စည်းကို အဘိုးအဘွားများ အသက်ရှင်နေစဉ်တွင် ပစ္စည်းရတဲ့ မြေးက အခွင့်အရေးတစ်ရပ်အနေနဲ့ တောင်းဆိုပိုင်ခွင့်မရှိဘူး။ အဘိုးအဘွားများ၏ ဆန္ဒအတိုင်း အဲဒီပစ္စည်းကို ပေးလိုကပေးထား၊ မပေးလိုကလည်း နေနိုင်တယ်။

တကယ်တော့ အဘိုးအဘွားက မြေးများအား မင်္ဂလာအခမ်းအနားတစ်ခုခုမှာ ပစ္စည်းတစ်စုံတစ်ရာ ပေးကမ်းလက်ဖွဲ့ခြင်းဆိုတာ စင်စစ်မှာ အမွေပေးနည်းတစ်ရပ်ဖြစ်တယ်။ ဘိုးဘွားများ သေဆုံးတဲ့အခါ မြေးများအနေနဲ့ သူတို့ရဲ့ ဦးကြီး၊ ဦးလေးအစရှိတဲ့ သူတို့နဲ့ ယှဉ်ပြိုင်၍ အမွေခွဲတဲ့နေရာမှာ မနစ်နာစေရန်ဖြစ်တယ်။ ဘိုးဘွားများက ပေးကမ်းလက်ဖွဲ့ထားတဲ့ ပစ္စည်းကို လက်ရောက်မပေးကမ်းသေးဘဲ ဘိုးဘွားလက်ဝယ်ရှိနေတယ်ဆိုရင် အဘိုးအဘွား



www.burmeseclassic.com

www.burmeseclassic.com



များ သေဆုံးချိန်မှာ ရပိုင်ခွင့်ရှိပါတယ်။ အခု မောင်သန်းဆောင် အဘိုးအဘွားများမရှိတော့ဘူးဆိုတော့ ရှင်ပြုစဉ်က မောင်သန်းဆောင်ကို ပေးတမ်းလက်ဖွဲ့ထားခဲ့တဲ့ ရွှေကြယ်သီးတစ်စုံကို မောင်သန်းဆောင် ရခွင့်ရှိပါကြောင်း ဖြေကြား လိုက်ရပါတယ်။

**မေး။** ဗုဒ္ဓဘာသာမြန်မာလူမျိုးများ ထိမ်းမြားလက်ထပ်ခြင်းဟာ ဘာသာရေးနဲ့ သက်ဆိုင်ပါသလား။ လူမှုရေး သက်သက်ပဲ ဖြစ်ပါသလား ဖြေကြားပေးပါဆရာ။

**မနှင်း၊ ဗိုလ်တထောင်။**

ဖြေ။ ဗုဒ္ဓဘာသာတရားတော်ဟာ လူ့လောကီဘုံမှ လွတ်မြောက်အောင် ရှာဖွေတဲ့တရားတော်ဖြစ်တယ်။ မြန်မာ လူမျိုးတို့ရဲ့ လက်ထပ်ထိမ်းမြားရေးဟာ လူ့လောကီမှ လွတ်မြောက်အောင်လုပ်ကိုင်တဲ့ လုပ်ငန်းမဟုတ်ဘူး။ ယနေ့ တည်ရှိနေတဲ့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားနဲ့မိန်းမတို့ ထိမ်းမြားလက်ထပ်ခြင်းဟာ အကြင်လင်မယား အဖြစ် ပေါင်းသင်းပြီး လူ့လောကီ၌ နေထိုင်ရန် ရည်ရွယ်လက်ထပ်ကြခြင်းသာ ဖြစ်တယ်။ ဒါကြောင့် လက်ထပ် ထိမ်းမြားခြင်းဟာ ဘာသာရေးနဲ့လုံးဝမသက်ဆိုင်ဘဲ လောကီရေးသက်သက်သာဖြစ်တယ်။ မြန်မာ့ဓလေ့ ထုံးတမ်းအရ ထိမ်းမြားလက်ထပ်ခြင်းဟာ ဟိန္ဒူဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနဲ့ မတူဘူး။ ၎င်းတို့ရဲ့ လက်ထပ်ထိမ်းမြား ခြင်းဟာ ဘာသာရေးအခမ်းအနားတစ်ရပ် ဖြစ်တယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ထိမ်းမြားမှုဟာ လူမှုရေးသက်သက်သာဖြစ်ကြောင်းကို ၁၉၆၅ခုနှစ် တရားသူ ကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးချစ်နဲ့ တရားသူကြီး ဦးစိန်သင်းတို့က မောင်တိုကြီးနဲ့ ဒေါ်အုန်းခင် စီရင်ထုံးမှာ "ထဉ်ကျေးသော မည်သည့်နိုင်ငံတွင်မဆို ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ထောင်တည်ဆောက်ခြင်း စသည် တို့ကို ကုန်ရောင်းကုန်ဝယ် ဆက်ဆံကူးလူးခြင်းနှင့် အတူမထားကြပေ။ သိမ်မွေ့၍ အရေးကြီးသော လူမှုရေးတစ်ရပ် အရ လက်ခံကျင့်သုံးကြသည်" လို့ ဖော်ပြထားတာ တွေ့ရတယ်။

အဲဒီလို အလားတူပဲ ဦးသန်းငွေနဲ့ မခင်ရီ စီရင်ထုံးမှာလည်း "လက်ထပ်ထိမ်းမြားအိမ်ထောင်တည်ခြင်း သည် ဘာသာရေးကိစ္စမဟုတ်။ လူမှုရေးကိစ္စဖြစ်ကြောင်း၊ ကျွန်ုပ်တို့နိုင်ငံ၌ အစွန့်ရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည်" ဟု ဆုံးဖြတ်ထားတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ ထိမ်းမြားလက်ထပ်ရေးဟာ ဘာသာရေးနဲ့မဆိုင်ဘဲ လူမှုရေးသက် သက်သာဖြစ်ကြောင်း ဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**မေး။** မြန်မာ့ဓလေ့ထုံးတမ်းအရ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ လက်ထပ်ထိမ်းမြားရင် အခမ်းအနား လို/မလို ဖြေကြားပေးပါ ဆရာ။

**မောင်သက်နိုင်၊ ကြည့်မြင့်တိုင်မြို့နယ်။**

ဖြေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထိမ်းမြားလက်ထပ်ရာမှာ တရားဝင်စေရန် အခမ်းအနားမလိုဘူး။ လက်ထပ်ထိမ်းမြားခြင်း ထင်ရှားအောင် လူအများရှေ့၌ လင်မယားဖြစ်တယ်လို့ အသိအမှတ်ပြုနိုင်လောက်အောင် နေထိုင်ကြလျှင် အကြင်လင်မယားအရ မြောက်တယ်လို့ဆိုတယ်။ အဓိကကတော့ ကာယကံရှင်နှစ်ဦးရဲ့သဘောတူညီမှုဟာ အလွန်အရေးကြီးပါတယ်။

ဥပမာအားဖြင့် တစ်အိမ်တည်း အကြင်လင်မယားအဖြစ် အတူနေထိုင်ခြင်း၊ အတူတကွ ဘုရားကျောင်းသွားခြင်း၊ အလှူမင်္ဂလာဆောင်သွားခြင်း စတာတွေဟာ အကြင်လင်မယားဖြစ်မြောက်စေတဲ့ အချက်တွေပဲဖြစ်တယ်။

လက်ထပ်ထိမ်းမြားတဲ့အခါ မင်္ဂလာအခမ်းအနား အကျွေးအမွေးများဖြင့် ငွေကြေးအလိုက် ညှိခံလေ့ရှိတယ်။ အိမ်ထောင်ကြီးများနဲ့အသက်ကြီးမှ အိမ်ထောင်ကျသူများဟာ ဘုန်းကြီးဆွမ်းကျွေးခြင်း၊ ဆွေမျိုးရင်းချာများကို ကျွေးမွေးခြင်းစတဲ့ နည်းများနဲ့ အကြင်လင်မယားဖြစ်ကြောင်းကို လူအများရဲ့ အသိအမှတ်ပြုခြင်း ခံယူလေ့ရှိကြတယ်။ ဒီလိုအခမ်းအနားပြုလုပ်ပြီး ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားကျွေးမွေးကြခြင်းဟာ ဓလေ့ထုံးစံပင်ဖြစ်နေပါပြီ။ အမှန်တကတော့ ထိမ်းမြားလက်ထပ်တဲ့အခါ အခမ်းအနား မလိုပါကြောင်း ဖြေကြားလိုက်ရပါတယ်။

**မေး။** ဆရာ နိုင်ငံခြားသားများ မြန်မာပြည်အတွင်း နေထိုင်နေရင်း ပြစ်မှုကျူးလွန်ရင် မြန်မာနိုင်ငံဥပဒေနဲ့ အရေးယူလို့ ရပါသလား ဆရာ၊ ဖြေကြားပေးပါဆရာ။

**ဦးမင်းထက်အောင်၊ စထန်းမြို့နယ်**

ဖြေ။ မြန်မာနိုင်ငံဥပဒေနဲ့ အရေးယူလို့ရပါတယ်။ မြန်မာပြည်အတွင်းနေထိုင်သူ အားလုံးဟာ မြန်မာနိုင်ငံအစိုးရက သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေကို လိုက်နာရပါတယ်။ မြန်မာပြည်အတွင်း နေထိုင်နေသမျှကာလပတ်လုံး ဖြစ်မှုဆိုင်ရာ ဥပဒေနဲ့ သက်ဆိုင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သံတမန်များကိုတော့ သံတမန်အခွင့်အရေးအရလည်းကောင်း၊ နိုင်ငံတကာ အခွင့်အရေးအရ လည်းကောင်း ကင်းလွတ်ခွင့်ပေးထားတဲ့ကိစ္စများ ရှိပါတယ်။ အဲဒါကြောင့် သံတမန်အခွင့်အရေးရတဲ့ သံတမန်အမှု ထမ်း၊ အရာထမ်းများကို ကင်းလွတ်ခွင့်ပေးထားတဲ့အတွက် မြန်မာနိုင်ငံအစိုးရက အရေးယူလို့ မရပါဘူး။ သက်ဆိုင် ရာ နိုင်ငံကို အကြောင်းကြားပြီး အဲဒီနိုင်ငံက သူတို့ရဲ့ဥပဒေများအရ လိုအပ်သလိုအရေးယူနိုင်ပါကြောင်း ဖြေကြား လိုက်ရပါတယ်။

**မေး။** ဆရာ မယားခိုးမှုဆိုတာ လင်ရှိမယားတစ်ယောက်ကို ခိုးယူပေါင်းသင်းတာလို့တော့ အကြမ်းဖျင်းသိပါတယ်။ ဘယ်လိုအချက်အလက်နဲ့ ပြည့်စုံရင် မယားခိုးမှု မြောက်ပါသလဲ။ မယားခိုးမှုကို ကျူးလွန်ရင် ဘယ်လောက်အထိ အပြစ်ပေးနိုင်သလဲ ဖြေကြားပေးပါဆရာ။

**မောင်ခိုင်မြင့်၊ သာကေတမြို့နယ်။**

ဖြေ။ မယားခိုးမှုကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇အရ အရေးယူပြီး ထောင်ဒဏ်ကတော့ ငါးနှစ်အထိဖြစ်စေ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်တယ်။ ပုဒ်မ ၄၉၇ဟာ ရဲအရေးမပိုင်တဲ့အတွက် ရဲဝခန်းမှာ အမှု ဖွင့် မတိုင်ကြားနိုင်ပါဘူး။ တရားရုံးမှာ ဦးတိုက်လျှောက်ထားရမှာ ဖြစ်တယ်။

မယားခိုးမှုဆိုတာက သူတစ်ပါးရဲ့ လင်ရှိမယားကို ခိုးယူပေါင်းသင်းရင် ဒါမှမဟုတ် ကာမစပ်ယှက်ရင် မယား ခိုးမှုမြောက်တယ်။ အဓိကအားဖြင့် ဘယ်သူမဆို–

(၁) လင်ရှိမယားတစ်ယောက်ကို ကာမစပ်ယှက်ခြင်းပြုရင်၊

(၂) အမျိုးသမီးကို အခြားသူတစ်ယောက်ရဲ့ မယားဖြစ်မှန်းသိရင်၊ မယားဖြစ်မှန်း ယုံကြည်ရန် အ ကြောင်းရှိရင်၊

(၃) အမျိုးသမီးရဲ့ လင်ယောကျ်ားက သဘောမတူရင်၊

(၄) ကာမစပ်ယှက်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းတို့ကို ကျူးလွန်ရင် ကျူးလွန်သူဟာ မယားခိုးမှု ကျူးလွန်ရာရောက်တယ်။

အထူးမှတ်သားရမှာက လင်ယောကျ်ားရှိတဲ့ အမျိုးသမီးက သဘောတူသည့်တိုင်အောင် မယားခိုးမှုမြောက် တယ်။ တကယ်လို့ အဲဒီအမျိုးသမီးက သဘောမတူဘဲ ကာမစပ်ယှက်ရင် မယားခိုးမှုမမြောက်ဘဲ မုဒိမ်းမှုမြောက် ပါကြောင်း ဖြေကြားလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# စိတ်မချတဲ့ စိတ္တဇ

မောင်မောင်စိန်လင်း(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



**"စိတ်မချတဲ့စိတ္တဇ"**

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**

(၁)

(ကာမဂုဏ်အာရုံ၌ တုန်လှုပ်တတ်သော၊ အာရုံတစ်ခုတည်း၌ မတည်တံ့နိုင်သဖြင့် လျှပ်ပေါ်သော ကာမဂုဏ် အာရုံသို့ မသွားမိအောင် စောင့်စည်းနိုင်ခဲ၊ တားဆီးနိုင်ခဲသော (စိတ်)ကို)

(လေးသမားသည် မြှားကောက်ကို တဖြည်းဖြည်းဖြောင့်သကဲ့သို့ ပညာရှိသည် သမထဝိပဿနာဉာဏ်ဖြင့် တဖြည်းဖြည်းဖြောင့်လေ၏။)

**(ဓမ္မပဒ)**

"အဲဒီတရားတော်ဟာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောထားတဲ့တရားပဲ ဒကာမကြီး ဒေါ်တင့်တင့်စန်း၊ စိတ်အလို မလိုက်ပါနဲ့၊ စိတ်ထောင်းလျှင်ကိုယ်ကြေ၊ စိတ်ကြောင့်ပြေ လက်ကြောင့်ကြေတဲ့။ အသက်တွေလဲ ကြီးကြပါပြီ၊ စိတ်လျှော့ပါ ဒကာမကြီး"

(စံပြနတ်မောက်ကျောင်း) ဓမ္မကထိကအကျော်အမော် ဆရာတော်ဘဒ္ဒန္တတေဇနိယသည် ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ စာရေးဆရာ မောင်မောင်မင်းရွှေနှင့် ဇနီး ဒေါ်တင့်တင့်စန်း မိသားစုတို့ ကိုးကွယ်သော ဆရာတော်ဖြစ်သည်။ နာမည်ကြီးဒါရိုက်တာကြီးကို စိတ်မချနိုင်သော စိတ္တဇဝေဒနာ ခံစားနေရသူဆရာ တော်ကြီး၏ ဒကာမကြီးအား တရားပြဆုံးမနေခြင်းဖြစ်သည်။

အကျော်အမော် ရုပ်ရှင်၊ ဗီဒီယိုဒါရိုက်တာတို့မှာ လုပ်ငန်းသဘောသဘာဝအရ ရုပ်ရှင်ဗီဒီယို မင်းသမီးချောလေးများနှင့် နီးစပ်ဒူဝ ထိတွေ့လှုပ်ရှား ရိုက်ကူးနေရသည်။ တရားသဘောဖြင့် ကြည့်လျှင်ကား တဏှာတော တွင် တဏှာဝါသောဗဟုကိစ္စ အလုပ်ကိုလုပ်ကိုင်နေရသည့်ပုဂ္ဂိုလ်များဖြစ်ကြသည်။ ချစ်ခန်း ကြိုက်ခန်းများတွင် အမှန်တကယ် ချစ်ကြိုက်နေကြသည့် သရုပ်သကန်အသွင်ကို ကိုယ်တိုင်ခံစားပြီး သင်ကြား ပြသပေးကြရသည်။ သဘာဝ ယုတ္တိမကျသေးလျှင် ထပ်ကာတလဲလဲ ပြန်ရိုက်ရသည်များလည်းရှိသည်။ သည်တော့လည်း ဒါရိုက်တာနှင့် မင်းသမီးတို့၏ ထိတွေ့ဆက်ဆံရေးတို့ကား ခင်မင်မှု၊ ရင်းနှီးမှုများ လွန်ကဲလာကြသည်။ ဤသည့်မြင်ကွင်း၊ ရိုက်ကွင်းများကို အိမ်သုသက်ထားဇနီးများက ဘဝင်မကျစိတ်သောကတွေ ဖြစ်ကြရသည်။

၁၇-၁၁-၁၃ နေ့ တန်ဆောင်မုန်းလပြည့်နေ့က ဖြစ်သည်။ ဓနုဖြူမြို့နယ်ခွဲ၊ ဆကာကြီးမြို့နယ်၏ တတိယအကြိမ်မြောက် မီးမျှောပွဲကြီးကို ဇာတ်ဝင်ခန်းများအဖြစ် ရိုက်ကူးရန်ဖြစ်သည်။ ရွာနီးချုပ်စပ်မှ အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် လာရောက်မီးမျှောကြရာတွင် ပါလာသောကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် ကျေးတောသူလေး ရှုပကလျာ၏ အလှအပကို သဘာဝကျကျ ရိုက်ကူးရန်ဖြစ်သည်။

ရန်ကုန်မှလာသော ဆကာကြီးဇာတ်ဖွား မင်းသားလေး

www.burmeseclassic.com



အောင်ကျော်ဇောက ရှုပကလျာနှင့် ရင်းနှီးအောင်စည်းရုံးမိတ်ဆက်ခန်း၊ သံသရာအဆက်ဆက်က ပဋ္ဌာန်းဆက်တို့အရ မြင်မြင်ချင်းပဲကွယ် ချစ်မိကြိုက်မိတဲ့ ဇာတ်ဝင်ခန်းများကို ရိုက်ကူးသည်။ သမီးရည်းစားဖြစ်သွားကြသည့် ရိုက်ကွင်းမှာ တောသူမိန်းကလေးရှုပကလျာကို သင်ပေးရသဖြင့် ဒါရိုက်တာကြီးနှင့် မင်းသမီးတို့မှာ ဇာတ်ဝင်ခန်းအချစ်သရုပ်ဖော်လေးများကို ကနဦးခံစားပြရလေသည်။

(၂)

ရှုပကလျာအဖြစ် သရုပ်ဆောင်သော ဗီဒီယိုမင်းသမီးချောလေး စိုးမိုးသူစံနှင့် ရုပ်ရှင်၊ ဗီဒီယိုထပ်ဆင့်အကယ်ဒမီဆုရှင် ဒါရိုက်တာ မောင်မောင်မင်းရွှေတို့မှာ ဗီဒီယိုဇာတ်ကားများစွာ ရိုက်ကူးထုတ်လုပ်နေသော အတွဲညီသည့်ဒါရိုက်တာနှင့် မင်းသမီးလေးဖြစ်ကြသည်။ စီးပွားဖက်ဖြစ်ပြီး စီးပွားရေးကောင်းနေကြသူများလည်းဖြစ်ကြသည်။

ပုထုဇဉ်လူသားများပင်ဖြစ်ကြသော ရုပ်ရှင်၊ ဗီဒီယိုလောကသားများသည် ဒါရိုက်တာမောင်မောင်မင်းရွှေနှင့် မင်းသမီးချောလေး စိုးမိုးသူစံတို့၏ အောင်မြင်မှုများကို ဣဿာမစ္ဆေရ ပွားနေကြသည်။ သူတစ်ပါးအောင်မြင်ကျော်ကြား လူကြိုက်များနေခြင်းကို မနာလို၊ မရှုဆိတ်ဖြစ်နေကြသည်။ မစ္ဆေရလွှန်ကဲသူများက ဒါရိုက်တာကြီး၏ဇနီး ဒေါ်တင့်တင့်စန်းထံသို့ ကုန်းချော၊ ကုန်းတိုက်၊ ကတုံးကတိုက်၊ တိုက်ခိုက်မှုများ ပြုလုပ်ကြလေသည်။

''မုန့်ကိုသာဝေစားနိုင်မည်၊ အချစ်ကိုတော့ ဝေမစားနိုင်''ဆိုရိုးစကားအတိုင်း ဒေါ်တင့်တင့်စန်းသည် လင်တော်မောင်ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာကြီး မောင်မောင်မင်းရွှေကို စိတ်မချနိုင်၊ စိတ်မချနိုင်ပါဘူးကွယ်ဖြစ်နေရလေသည်။

သို့ကြောင့်လည်း ဒေါ်တင့်တင့်စန်းသည် ဆကာကြီးမြို့မီးမျှော့ပွဲတွင် ''မောင့်ကိုသာအချစ်ဆုံး ''ဗီဒီယိုဇာတ်ကား ရိုက်ကူးနေသည့်ရိုက်ကွင်းသို့ ရုပ်ဖျက်

## ''မုန့်ကိုသာဝေစားနိုင်မည်၊ အချစ်ကိုတော့ ဝေမစားနိုင်'' ဆိုရိုးစကားအတိုင်း---

www.burmeseclassic.com



ပြီး "စုံထောက်ကြီးဒေါ်စံရှား" လုပ်လေသည်။

ဒါရိုက်တာကြီးက ဆကာကြီးမြို့မှအပြန် ရိုက်ကွင်းနားသောနေ့တွင်ဖြစ်သည်။

"ဒါလင် မင်းသမီးစိုးမိုးသူစံနဲ့ ဒါလင်တို့ငြိနေတယ်လို့ လူပြောများနေတယ်၊ တကယ်များ ဟုတ်နေသလားဒါလင်"

"စန်းရယ် ဒါရိုက်တာကမင်းသမီးတွေနဲ့ ငြိရမယ်ဆိုရင် ဒါလင့်မှာ မင်းသမီးပေါင်း(၂၀)ကျော်၊ မော်ဒယ်ပေါင်း(၂၀)ကျော်တောင် ရှိနိုင်တယ်ပေါ့ကွာ၊ ကြားစကားတွေ မယုံပါနဲ့ "ဘေးပြောတာမယုံနဲ့၊ သွေးပြောတာယုံ"ဆိုသလိုပေါ့စန်းရယ်"

"စန်းလေ ဒါလင်တို့သွားတဲ့ ဆကာကြီးရိုက်ကွင်းကိုလိုက်လာပြီး ချောင်းတယ်ပေါ့ဒါလင်ရယ်၊ ဒါလင်က စိုးမိုးသူစံကိုကိုယ်ထိလက်ရောက် လက်ပူးလက်ကျသင်ပေးပြီး သရုပ်ဆောင်စေတဲ့မြင်ကွင်း၊ ဒါလင်တို့ရဲ့ ဆက်ဆံမှုမြင်ကွင်းတွေကို လာကြည့်ခဲ့တယ်၊ မိန်းမဆိုတော့လဲ အူတိုခဲ့ရတာပေါ့ ဒါလင်ရယ်"

ဒေါ်တင့်တင့်စန်းသည် ရင်တွင်းဖြစ် စိတ်မချတဲ့ စိတ္တဇဝေဒနာခံစားချက်များကို ခင်ပွန်းဖြစ်သူသို့ ဖွင့်ချအန်ထုတ်လိုက်ရသောကြောင့် စိတ်သက်သာမှုရရှိခဲ့လေသည်။ ဒါရိုက်တာကြီးကတော့ ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားခန်းထုတ်နေလေသည်။

"ဒီမှာစန်း တို့အသက်တွေဟာ ငါးဆယ်ကျော်ခြောက်ဆယ်တွင်းရောက်နေကြပြီ။ ဒီဘဝမှာ ဒီအတတ်ပညာပဲရှိတော့ ဒီပညာနဲ့ပဲ စားဝတ်နေရေး၊ လူမှုရေးကို ရပ်တည်နေကြတယ်မဟုတ်လား။ စန်း စိတ်မချလို့ဒီအလုပ်ကို လုပ်မစားရတော့ဘူးဆိုရင်လဲ ဒီဘဝမှာ တို့စိပ်ပုတီးနဲ့ ရိပ်ကြီးခိုဖို့ပဲရှိတော့တယ် မိန်းမရယ်"

"ဒီလိုတော့လဲ ဘယ်ဖြစ်မလဲဒါလင်ရယ် စန်းတို့မှာ သားရေး၊ သမီးရေးတွေကလဲ ရှိသေးတယ်မဟုတ်လား ဒါလင်"

"ဒါဆိုရင်လဲ စွန်ပဲချီချီ၊ ခွေးပဲစားစား လျစ်လျူရှုလိုက်ပေတော့ မိန်းမရေ"

ဒါရိုက်တာကြီးနှင့် ချစ်ဇနီးတို့၏နှလုံးသား ဖြစ်/ပျက်

**"ဒါဆိုရင်လဲ စွန်ပဲချီချီ၊**
**ခွေးပဲစားစား**
**လျစ်လျူရှုလိုက်ပေတော့**
**မိန်းမရေ"**

www.burmeseclassic.com





တရားခွေးနွေးခန်းမှာ ဤတွင် နို့ငြိတံပြီးမြောက်ခဲ့ရလေသည်။

တကယ်ဆိုတော့ ငှက်ကလေးစင်ရော် ဆိုသကဲ့သို့ ဒေါ်တင့်တင့်စန်းသည် လင်ချစ်စိတ်လွှမ်းမိုးမှုကြောင့် ရရှိခဲ့သော စိတ္တဇဝေဒနာရှင်တစ်ဦး ဖြစ်မှန်းမသိဖြစ်နေသူ ဖြစ်ပေသည်။

(၃)

ဤနေ့ ရိုက်ကွင်းမှာ Night Secence ညပိုင်းရိုက်ကွင်း ဖြစ်သည်။ ရွှေဗဟို (KTV)မှ အခန်းကြီးတစ်ခန်းကိုငှားပြီး ရိုက်ရခြင်းဖြစ်သည်။ ဇာတ်ဝင်ခန်းမှာ မင်းသမီးရုပကလျာက KTV သီချင်းသည်မလေး ဖြစ်သည်။ အဘိုးကြီးတစ်ဦးကလည်းလာပြီး ငယ်မူပြန်နေသော အခန်းဖြစ်သည်။ ဇာတ်ပို့ဦးတိန်ညိုရောက်မလာသောကြောင့် အခက်ကြုံနေရသည်။ ဒါရိုက်တာကြီး အကြံအိုက်နေသည်။ မန်နေဂျာကိုပြောပြပြီး အချိန်နောက်ထပ် (၁)နာရီ တိုးပေးရန် မေတ္တာရပ်ခံရသည်။ မန်နေဂျာက တစ်ဖက်အခန်းမှာ စာရေးဆရာအဖွဲ့တွေရှိကြောင်း ပြောသဖြင့်သွားရောက်ကြည့်ရှုလိုက်သည်။

"ဟာ ဆရာမောင်မောင်စိန်လင်း ကူညီပါဦးဆရာရယ်၊ ကူညီပါ၊ ဆရာ မကူညီရင် ဒီညရိုက်ကွင်းဟာ ပြီးမှာမဟုတ်ဘူး ကူညီပါဆရာ"

"ဒါရိုက်တာကြီး ကျုပ်က ဘာကူညီရမလဲ ပြောစမ်းပါဦး ဒါရိုက်တာကြီးရယ်"

"ဒါလိုပါ ဆရာရယ် ဇာတ်ဝင်ခန်းတစ်ခန်းအတွက် ဦးတိန်ညိုကို အကူအညီတောင်းထားတယ်။ သူရောက်မလာလို့ သူ့အခန်းလေးကို ဆရာဝင်လုပ်ပေးပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒါရိုက်တာကြီး မင်းသမီးကို ပွေ့လား ဖက်လား နမ်းလား ရှုပ်လားအခန်းဆို အခ မဲ့ကူညီပါမယ် ဆရာ၊ အကယ်၍ မင်းသမီးကိုငိုပြရမယ့် လွမ်းရမယ့် အခန်းဆိုရင် တစ်ပုံးပေးရမယ်"

"KTV မှာ အဘိုးကြီး က ကောင်မလေးကို ဘာညာ သာတကာအခန်းပါဆရာ"

"စိန်လိုက်"

"စိန်လိုက်"

အခက်ကြုံနေသော ဒါ ရိုက်တာကြီးနှင့် အရက်ကြို သောက်နေသော စာရေးဆရာ မောင်မောင်စိန်လင်းတို့ ဈေး တည့်သွားသောကြောင့် ရိုက် ကွင်းစလိုက်ကြသည်။

"ငြိမ်"

"ကတ်"

"မနိုတ်ဘူး ပြန်ရိုက် မယ်"

ထမင်းမိန်မိန် စုံတွဲ သီ ချင်းဆိုပြီး အဘိုးကြီးက ကောင် မလေးကို ပွေ့လိုက်၊ ဖက်လိုက်၊ နမ်းလိုက်၊ ရှုပ်လိုက်လုပ်မည့်အ ခန်းမှာ မောင်မောင်စိန်လင်း သည် မင်းသမီးချောလေး ရှုပက လျာကို မပွေ့ရဲ မဖက်ရဲ မနမ်းရဲ ဖြစ်နေသည်။ သဘာဝမကျဖြစ် နေသောကြောင့် ပြန်ရိုက်ရမည် ဖြစ်သည်။

**"ဒါ ရိုက်ကွင်းလား**
**မိုက်ကွင်းလား ဒါလင်၊**
**ဒီလောက်**
**မိုက်တွင်းနက်နေသလား"**

"ဆရာ မောင်မောင်စိန် လင်း အားလဲနာတယ်၊ ခင်လဲခင် တယ်၊ ချစ်လဲချစ်ပါတယ်၊ ကျွန် တော်နမူနာ သရုပ်ဆောင်ပြမယ်၊ ကျွန်တော်လုပ်သလို ရဲရဲတင်း တင်းပွေ့ပါ၊ ဖက်ပါ၊ နမ်းပါ၊ ရှုပ် ပါ၊ မင်းသမီးကို ဒီဇာတ်ကားအ တွက် သိန်း(၅၀)ပေးထားရတာ ပါ။ အားမနာပါနဲ့ဆရာ ကျွန် တော်လုပ်ပြမယ်"

ဒါရိုက်တာ မောင်မောင် မင်းရွှေသည် ထမင်းမိန်မိန်သီ ချင်းကို ပြန်ဖွင့်စေသည်။ မင်း သမီးချောလေးကလည်း အ လိုက်သင့်သဘောတူမနောတူ သဘာဝကျကျ ဆိုကြ၊ သရုပ် ဆောင်ကြ ပြုလုပ်နေသည်မှာ ကား လက်ရဲဖက်ရဲဖြစ်နေကြ သည်။

"ဖြောင်း ဖြောင်း ဖြန်း ဖြန်း"

"ဒါ ရိုက်ကွင်းလား မိုက်ကွင်းလား ဒါလင်၊ ဒီ လောက် မိုက်တွင်းနက်နေသ လား"



www.burmeseclassic.com

www.burmeseclassic.com



"ဖြောင်း ဖြန်း"

"မင်း ယုတ်မာလှချည်လား၊ ရိုင်းလှချည်လား၊ မင်း ထွက်သွား အခု ထွက်သွား"

ဒါရိုက်တာ ကတော် ဒေါ်တင့်တင့်စန်း ရုတ်တရက် ရိုက်ကွင်းသို့ရောက်ရှိလာပြီး အသင့်ပါလာသော ထီးဖြင့် ဒါရိုက်တာကြီးနှင့် ရှပကလျာတို့ကို ရိုက်လိုက်သည်။ ဒါရိုက်တာကြီးကလည်း ဇနီးဖြစ်သူအား ပါးပြင်သို့တယ်ပြန်ညာပြန်ရိုက်ပြီး ထွက်သွားရန်မောင်းထုတ်သည်။ တပည့်များက ဒါရိုက်တာကတော်ကြီးကို အိမ်သို့ပြန်ပို့လိုက်ကြသည်။ သရုပ်ဆောင်မြင်ကွင်းမှ တကယ့်ဖြစ်ရပ်မြင်ကွင်း ဖြစ်သွားခဲ့သည်။

"မောင့်ကိုသာအချစ်ဆုံး"ဗီဒီယိုဇာတ်ကား၏ ညရိုက်ကွင်းတွင်ကား မပြီးပြတ်သေးဘဲ ရပ်နားလိုက်ကြရလေသည်။

(၄)

ဒေါ်တင့်တင့်စန်းသည် အိမ်ရောက်ချိန်တွင် သတိလစ်သွားသည်။ ခြေ၊ လက်မသယ်နိုင်ဖြစ်သွားသည်။ စိတ်မချသောကြောင့် သမားတော်ကြီးများက ကုသပေးသည်။ ရှာဖွေပေးသည်။

ရောဂါမှာ မှတ်ချက်ချလိုက်သောအခါတွင် ဒေါ်တင့်တင့်စန်းမှာ–

(၁) EMOTION (စိတ်လှုပ်ရှားခြင်း)

(၂) WORRY (စိုးရိမ်ပူပန်ခြင်း)

(၃) ANIEXTY (စိုးရိမ်ကြီးခြင်း)

(၄) DEPRESS (စိတ်ကျခြင်း)

(၅) SCHIZOPRENIA (စိတ်ကစဥ့်ကလျားဖြစ်ခြင်း)

(၆) SENILEDEMENTIA (ဦးနှောက်ယိုယွင်းခြင်း)

စသည့် စသည့် ရောဂါဝေဒနာများ ခံစားနေရသော ဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း သိကြရလေသည်။

"ဂျာနယ်တွေလာပြီ မနေ့ကဂျာနယ်၊ ဒီနေ့ဂျာနယ်တွေရပြီ"





www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကျော် မင်းသမီး လေးကို နာမည်ကျော်ဒါရိုက်တာ ရဲ့ ဇနီးက ထိုးနဲ့ရိုက်လို့ ပါးရောင်သွားသတဲ့ သိချင်ရင်ဖတ်ကြည့်"

"မင်းသမီးလေးက အမှုဖွင့်တိုင်ကြားထားသတဲ့"

မနေ့ကထုတ်ဂျာနယ်၊ ယနေ့ထုတ်ဂျာနယ်အပြင် နောက်ထပ်ဂျာနယ်တွေကလည်း စိတ်ဝင်စားစရာ ရိုက်ကွင်း သတင်းများကို အရှိန်ရှိရေးကြလေသည်။

"ကူညီပါရစေ .. ကူညီပါရစေခင်ဗျာ"

ကျောက်တံတားရဲစခန်း အဝင်ဝရှိ ဆိုင်းဘုတ်အောက်တွင် ဂျာနယ်လစ်ကြီး (၄/၅)ဦးရောက်ရှိလာကြသည်။ တာဝန်မှူးမှတစ်ဆင့် စခန်းမှူးထံသို့ ပြူးလို ကြောင်းခွင့်တောင်းကြသည်။

"ဗိုလ်ကြီး မင်းသမီးစိုးမိုး သူစံက အမှုဖွင့်ထားတယ်လို့ သတင်းရလို့ ဟုတ်ပါသလားဗိုလ်ကြီး"

"ဟုတ်ပါတယ်ခင်ဗျာ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့အနေနဲ့ ဘယ်သူပဲဖြစ်ဖြစ် အမှုလာဖွင့်ရင် ဖြစ်မှုအတိုင်းအတာ၊ အတိမ်အနက်ပေါ်မူတည်ပြီး အမှုဖွင့်ဆောင်ရွက်ပေးရပါတယ်"

"ဘာပုဒ်မနဲ့ အမှုဖွင့်ထားပါသလဲ ဗိုလ်ကြီး"

"ဟုတ်ကဲ့ ပုဒ်မ(၃၂၃) (၃၂၄) နာကျင်စေမှုနဲ့ ပုဒ်မ (၅၀၀)အသရေဖျက်မှုနဲ့ပါ"

"စုံစမ်းဆဲပါ ခင်ဗျာ"

ဂျာနယ်လစ်ကြီးတို့သည် မင်းသမီးအိမ်သို့ သွားရောက်ပြီးဖျူးရန် တစ်စုတစ်ဝေးသွားခဲ့ကြပြန်သည်။ မင်းသမီး၏ မိခင်ကြီးက မတွေ့လိုသေးကြောင်းပြောသည်။ ဂျာနယ်လစ်ကြီးများက သတင်းအချက်အလက်ကို တိတိကျကျဖြစ်စေချင်လို့ပါ၊ တွေ့ခွင့်ပေးရန် တင်ပြတောင်းဆိုကြသည်။ မင်းသမီးက တံခါးဖွင့်ပေးပါ ခေါ်ခဲ့ပါအမေ လို့ပြောသောကြောင့် ဂျာနယ်လစ်ကြီးများ အိမ်တွင်းဧည့်ခန်းသို့ ဖျူးရန်ရောက်ရှိလာကြသည်။

(၅)

"မင်းသမီး ဘယ်မှာဒဏ်ရာရသွားသလဲ"

"ခေါင်းမှာပါ"

"ဘာဖြစ်သွားလဲ"

"ဖူးရောင်သွားပါတယ်ရှင့်"

"မင်းသမီးကို အရင်ရိုက်တာလား၊ ဒါရိုက်တာကြီးကို အရင်ရိုက်တာလား"

"သမီးကို အရင်ရိုက်တာပါ၊ ဝင်ပေါက်နဲ့နီးတော့ သမီးကို အရင်ရိုက်တာပါ၊ ဒါရိုက်တာကြီးကိုလဲ ရိုက်ပါတယ်၊ ဒါပေမဲ့ ဒါရိုက်တာက လက်နဲ့ကာလိုက်ပါတယ်"

"အမှုကို ရေဆုံးမီးဆုံးသွားမှာလား"

"ဒါတော့ မပြောနိုင်သေးပါဘူး၊ ဒါရိုက်တာကတော်ကလဲ ဆေးရုံတက် ဆေးကုသခံနေရလို့ သမီးဆီလာပြီး တောင်းပန်ကြပါတယ်"

"အခုလို သတင်းအမှန်၊ ဖြစ်ရပ်အမှန်ကိုသိရတော့ ကျွန်တော်တို့ဂျာနယ်တွေအတွက်လဲ သတင်းမှန်ရပြီး ကာယကံရှင်တွေအတွက်လဲ အမှန်အတိုင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားတာပေါ့ ကျေးဇူးတင်ပါတယ် မင်းသမီး''

သတင်းသည် ဂျာနယ်သစ်များ၏ သတင်းခွင်လုပ်ငန်းတစ်ခု၊ စုစည်းနိုင်ခဲ့ပြီဖြစ်၍ ဝမ်းသာပီတိဖြစ်ကြရလေ၏။

''ဟာလို မင်းသမီးစိုးမိုးသူစံပါလားခင်ဗျာ ကျွန်တော်တို့စိန်ဘရားသားဥပဒေ အကျိုးဆောင်အဖွဲ့က ဒါရိုင်တာကြီးမောင်မောင်မင်းရွှေရဲ့ တာဝန်ပေးချက်အရ ဆွေးနွေးချင်လို့ပါ၊ တနင်္ဂနွေနေ့ မင်းသမီးနဲ့လာတွေ့ချင်ပါတယ် မင်းသမီး''

စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့မှ ရှေ့နေကြီးများသည် လူ့ပြည်မှာအမှုမပေ့ါကြဖို့အတွက် ငြိမ်းချမ်းရေးကမ်းလှမ်းရန် မင်းသမီးချောလေး စိုးမိုးသူစံ၏နေအိမ်သို့ သွားရောက်ခဲ့ကြလေသည်။

''ထိုင်ပါရှင့် ထိုင်ကြပါ''

''သမီးရယ် လာရင်းအကြောင်းကို တင်ပြလိုပါတယ်။ ဒါရိုက်တာကြီးရဲ့ ဇနီးဟာ စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာ ခံစားနေရလို့ ဆေးကုသခံနေရပါတယ်။ ဒါရိုက်တာကြီးလဲ စိတ်ထိခိုက်ပြီး ရိုက်လက်စကားတွေ ဆက်မရိုက်နိုင် ဖြစ်နေရပါတယ်။ ဒါကြောင့် အမှုရုပ်သိမ်းပေးဖို့ ဦးတို့ကလာပြီး မေတ္တာရပ်ခံကြတာဖြစ်ပါတယ်''

''သမီးလဲ ကြားပြီးပါပြီ ဆရာ''

''အမှုကျေအေး ရုပ်သိမ်းဖို့အတွက် ဆရာတို့ပဲစီစဉ်လိုက်ပါ''

(၅)

စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့မှ ရှေ့နေကြီးများစီစဉ်ပေးမှုဖြင့် မင်းသမီးစိုးမိုးသူစံ၏ အမှုကျေအေးရုပ်သိမ်းလွှာကို ရဲစခန်းသို့သွားရောက်တင်သွင်းကြသည်။ ရဲစခန်းမှ အမှုသည်တို့၏ ကျေအေးရုပ်သိမ်းလွှာနှင့်အတူ တရားရုံးသို့ တင်ပို့ပေးလိုက်သည်။

အမှုကိုင်တရားသူကြီးက မြို့နယ်ဥပဒေရုံး၏ သဘောထားမှတ်ချက်ရယူပြီး ခရိုင်တရားရုံးသို့ ဆက်လက်တင်ပို့ပြီး လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အကြောင်းကြားပေးမည်ဖြစ်ကြောင်း ပြေကြားလိုက်လေသည်။

(နှိမ်နင်းရန်ခဲယဉ်း၊ အဖြစ်အပျက်အလွန်မြန်၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို ချင့်တွက်မရှိ တွေ့မိတွေ့ရာ ကာမဂုဏ်၌ ကျရောက်လေ့ရှိသော စိတ်ကိုဆုံးမခြင်းသည် အလွန်ကောင်းမြတ်၏။ ဆုံးမ၍ယဉ်ကျေးသောစိတ်သည် ချမ်းသာကိုဆောင်တတ်၏။)

(ဓမ္မပဒ)

**''စိတ်အလိုလိုက်စား မိုက်မှားခြင်းကင်းကြပါစေ''**

**မောင်မောင်စိန်လင်း**

**(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာရဟတ် တစ်ပတ်လည်ခဲ့သော်

ဇော်လွင်ဦး(ကမ်းသာယာ)





www.burmeseclassic.com

www.burmeseclassic.com



## ကြမ္မာရဟတ်တစ်ပတ်လည်ခဲ့သော်

**ဇော်ထွန်း(ထစ်းသာထာ)**

**(၁)**

သားကောင်အား ပစ်ခတ်ရန် အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ကြသည်မှာ အချိန်အားဖြင့် နှစ်နာရီကျော်ခဲ့လေပြီ။ သားကောင်ကတော့ ပစ်ကွင်းဆီ ရောက်မလာသေး။ သားကောင်၏ ခြေရာ၊ သွားလာလှုပ်ရှားတတ်သော နေရာတို့ကို ရက်အတော်ကြာ လေ့လာ၍ သေချာမှ ယခုကဲ့သို့ အသင့်ပစ်ခတ်ရန် စီစဉ်နေကြခြင်း ဖြစ်သည်။ အသက်ရှူသံမှ လွဲ၍ လှုပ်ရှား ခွင့်မရသောအခါ အဖော်အဖြစ် လိုက်ပါလာသူ ကျော်မိုးခိုင်က စိတ်မရှည်ချင်တော့။ သူကတောတောင်အနံ့ ခြေဆန့်၍ သွားလာ လှုပ်ရှားမှုကို ပို၍ သဘောကျတာ မုဆိုးကြီး ဆလိုင်းအောင်ဘ၏ တပည့်သစ်၊ လက်သင် မုဆိုးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်း ဖြစ်သည်။ ယခုကဲ့သို့ ငြိမ်သက်၊ တိတ်ဆိတ်စွာ နေရသည့်အခါ စိတ်က မွန်းကျပ်လာ၏။ သို့တိုင် နှုတ်ကတော့ တစ်စုံတစ်ရာ ထုတ်ဖော်မပြောရဲ။ စိတ်မြန် လက်မြန်ရှိလှသော မုဆိုးကြီး ဆလိုင်းအောင်ဘကို ကြောက်၍ကတစ်ကြောင်း၊ တပည့်အဖြစ် နောက်နောင်မခေါ်တော့မည်ကို စိုးရိမ်၍ နှုတ်ဆိတ်၍သာ နေခဲ့ရသည်။ မုဆိုးကြီး ဆလိုင်းအောင်ဘ၏ တပည့်ရင်းဖြစ်သူ စောဖေသည်ပင် သူကဲ့သို့ ခံစားရမည်ဖြစ်ကြောင်း ကျော်မိုးခိုင်တွေးမိသည်။ အဘယ်ကြောင့်ဆိုသော် စောဖေ၏ မျက်နှာသည်လည်း အလိုမကျမှုအသွင်ကို ဆောင်လျက်ရှိ၏။

ပူပြင်းခြောက်သွေ့စပြုလာပြီဖြစ်သော ယခုလို ရာသီတွင် တောတောင်အတွင်း လှည့်လည် ကျက်စားတတ်သော သားကောင်ကြီးငယ်တို့က ရေသောက်ရန် ရေအိုင် ရှိရာသို့ ရောက်လာတတ်ကြသည်။ ယခုရေအိုင်သည် ငါးပြေမကျော၏ အကောင်းဆုံး ရေအိုင်ဖြစ်သည်။ တပေါင်း၊ တန်ခူးထိ မခန်းခြောက်ဘဲ ရေရှိနေတတ်သည်။ ငါးပြေမကျောပေါ်တွင် နေထိုင်သော တောသတ္တဝါ မှန်သမျှ အနေးနှင့်အမြန် ထိုရေအိုင်သို့ ရေသောက်ရန် ဆင်းလာတတ်သောကြောင့် အိုင်၏ ပတ်ဝန်းကျင်တွင် တွေ့ရှိရသော ခြေရာတို့က သက်သေခံနေလေပြီ။ မုဆိုးကြီး ဆလိုင်းအောင်ဘက ရေသောက်ရန် ဆင်းလာတတ်သော သတ္တဝါတို့၏ ခြေရာတို့ကို စနစ်တကျ လေ့လာ၍ ယခုကဲ့သို့ အသင့်ပစ်ခတ်ရန် စောင့်ဆိုင်းနေခဲ့ကြခြင်းဖြစ်၏။ နှစ်နာရီကျော်၍ သုံးနာရီထိုးစတွင် စောဖေက စိတ်မရှည်တော့။ ထို့ကြောင့် –

"ဆရာ ဒီနေ့ သားကောင်က လာဦးမှာလား။ ဒီအတိုင်း ကျွန်တော်စောင့်နေရတာစိတ်မရှည်တော့ဘူးဆရာ"

"မင်းဝါးစဝ် ဝိတ်ထားစမ်း စောဖေ၊ မင်းထက်ပိုပြီး သိနားလည်လို့ မင်းဆရာ ငါလုပ်နေတာ။ ငါ့ဘဝတစ်လျှောက်လုံး မုဆိုးအလုပ်ပဲ လုပ်ခဲ့တယ်ဆိုတာ မင်းသိတယ် မဟုတ်လား။ ကြည့်နေ ဒီသတ္တဝါတွေ ဒီအိုင်ကို မလွဲမသွေ ရောက်လာမှာပဲ"

ပြောပြီး မုဆိုးကြီး ဆလိုင်းအောင်ဘက တစ်စုံတစ်ခုကို စူးစိုက်သလို နားစွင့်ကာ နားထောင်လိုက်သည်။ အားလုံး ငြိမ်သက်စွာနေကြရန် လက်ဟန် ခြေဟန်ဖြင့် သတိပေးလိုက်၏။ (၂၂)ဗို့ ရိုင်ဖယ်ကို အသင့်အနေအထားဖြစ်အောင် ပြင်သည်။ လက်စွဲတော် (၃၇၅) မက်နမ်ရိုင်ဖယ်ကို ဘေးတွင်



www.burmeseclassic.com

www.burmeseclassic.com



ချထားလိုက်၏။ မကြာလိုက်ပါ။ ချေအဖို၊ အမ နှစ်ကောင်၊ ငါးပြေမကျောမှ ရေအိုင်ဆီသို့ ဆင်းသက်လာသည်ကို လှမ်းတွေ့ရ၏။ ချေသည် သတ္တဝါထဲတွင် လွန်စွာပါးနပ်၍ လျင်မြန်သွက်လက်သော သတ္တဝါဖြစ်သည်။ ချေ(ဂျီ)တို့သည် မုဆိုးတို့၏ ပရိယာယ်ကို မသိရှာ၍ အေးဆေးစွာ ရေသောက်ဆင်းလာသည်။ အသက်ရှူသံကို တောင်းစွာ ကြားနိုင်လောက်သည်အထိ ရိုးမက တိတ်ဆိတ်နေသည်။ ဆလိုင်းအောင်ဘက တပည့်ဖြစ်သူ စောဖေကို ဂျီအမအား ပစ်ခတ်ရန် ညွှန်ကြားပြီး သူက ဂျီအဖိုကို ပစ်ခတ်ရန်ဖြစ်သည်။ ကျော်မိုးခိုင်၊ ခွက်ကြီးနှင့် ညီပုတို့က သားကောင်နှင့် မုဆိုးတို့ကို တစ်လှည့်စီ အကဲခတ်နေ၏။ ဂျီနှစ်ကောင်က ရေ သောက်ပြီး ကျောပေါ်သို့ ပြန်တက်မည်အပြု ဆလိုင်းအောင်ဘက တပည့်ဖြစ်သူ စောဖေကို ခေါင်းညိတ်ပြ၏။ သေနတ်သံနှစ်ချက်က ဆက်တိုက်ထွက်ပေါ်လာသည်။ လက်ဖြောင့်သော မုဆိုးများမို့ ချေ (ဂျီ)နှစ်ကောင်ထိကာ အသက်ငင်နေ၏။ သေနတ်သံကြောင့် သစ်ပင်တို့တွင် နားခိုနေသော တောကြက်၊ ငှက်၊ ရှဉ့်သတ္တဝါသို့ ကြောက်လန့်တကြား ထွက်ပြေးတုန်၏။

"ဆရာကြီးရော ကိုစောဖေပါ ပစ်လိုက်တာ နှစ်ကောင်စလုံး ချက်ကောင်းထိလို့ တစ်ချက်တည်းနဲ့ ပွဲသိမ်းပဲဗျာ"

ကျော်မိုးခိုင်က ချေ(ဂျီ) အသေနှစ်ကောင်ကို ကြည့်ကာ အားပါးတရ ပြော၏။

"ဲတ .. စောဖေ ဒီနှစ် တောင်တို့ရွာအမြန်သယ်ဖို့လုပ်၊ ဒီနေ့ရောင်းချိန်မီသေးတယ်။ အစိမ်းရောင်းတာ ပိုပြီး တွက်ခြေကိုက်တယ်ကွ"

"ဟုတ်ကဲ့ဆရာ"

စောဖေက ကျော်မိုးခိုင်ကို ထမ်းပိုး ခုတ်ရန် ခိုင်းသည်။ ကျော်မိုးခိုင်က မြူးထူး ပျော်ရွှင်စွာ ထမ်းပိုးခုတ်ရန် ထွက်သွားသည်။ သားကောင်ကို စောင့်



www.burmeseclassic.com



စားခဲ့ရ၍ စိတ်ကျဉ်းကျပ်ခဲ့လေသမျှ ခုတော့ ပျော်ရွှင်မှုတို့သာ နေရာယူခဲ့ပြီ ဟုတ်ပါလား။ ရွာအပြန် မျက်နှာဝန်းလှ တော့မည် မဟုတ်ပါလား။

(၂)

"ဟာ ... ဆရာ ရှေ့က တော မီးလောင်နေတယ်ထင်တယ် မီးညွန့်တွေ အအားတက်နေတယ်"

စောဖေစကားကြောင့် မုဆိုးကြီး ဆလိုင်းအောင်ဘာက မီးခိုးများ ထွက်ရှိရာ တောဘက်ဆီသို့ ဝေ့ကာ ကြည့်သည်။ တောမီးက အရှိန်ပြင်းစွာ လောင်နေ၏။

"ဟုတ်တယ် စောဖေ၊ ဒါ တော မီးလောင်တာပဲ။ ဒီအချိန် တောမီး မ လောင်တတ်ပါဘူး။ တောင်ယာသမား တွေလဲ ဒီအချိန် ဒီရာသီမျိုး မီးမရှို့သေး ဘူးကွ။ ဒီ မီးဟာ တစ်ယောက်ယောက် ထမင်ရှို့တာဖြစ်ရမယ်"

ချေ (ဂျီ)တို့၏ အလေးချိန်၊ ထမ်းခဲ့ရသော ခရီးအကွာအဝေးကြောင့် ခွတ်ကြီး၊ ညီပု၊ ကျော်မိုးခိုင်နှင့် စောဖေ တို့၏ ခြေလှမ်းတို့က သွက်လက်မှု မရှိ တော့။ လောဘတို့ကြောင့် ဝမ်းပန်းတသာ ထမ်းခဲ့သော်လည်း တောတောင်တို့ကို ဖြတ်ကျော်ရ၍ ခြေထောက်တို့က ညောင်း ညာကိုက်ခဲ့လာလေပြီ။ စောဖေနှင့် ကျော် မိုးခိုင်တ ကျင့်သားရနေပြီဖြစ်သော် လည်း ခွတ်ကြီးနှင့် ညီပုတို့က ပုံပျက် လာသည်။ အခြေအနေကို သဘော ပေါက်သော ဆလိုင်းအောင်ဘာက-

"တဲ ဒီတောင်ကုန်းလေး ကျော် အောင်တော့ ကြိုတ်လိုက်ကြပါဦးကွာ။ ဟိုရှေ့နားက ရေခန်းစပြုနေတဲ့ ချောက် ကုတင်နားမှာ နားကြမယ်"

"ဟုတ်ကဲ့ပါဆရာ"

လျှိုမြောင်ကို ဖြတ်သည်။ မိုး တွင်းကာလတွင် ချောင်းရေလျှံတတ် တတ်သော စမ်းတွင် ခုတော့ ရေရှိရုံသာ သာ။

"ရှေ့နားက သစ်ပင်ရိပ်မှာ ချ ကွာ"

သစ်ပင်အောက် မရောက်မီ သူတို့ ရွာသားတချို့ကို တွေ့ရ၏။

"ဟာ .. ကိုကြီးစောဖေတို့မှာ ချေ(ဂျီ)နှစ်ကောင်တောင် ရခဲ့ပါလား"

"အေးကွ၊ ဒီနေ့တော့ အိမ် က မိန်းမတို့ အပြန် မျက်နှာဝန်းလှပြီပေါ့ ကွာ။ ဒါနဲ့ မင်းတို့သမီး ယောက်ဖတွေ ဘာလုပ်နေကြတာလဲ"

သန်းထွန်း၊ ရဲစိုး၊ ငတိုးတို့ကို ကြည့်၍ စောဖေက မေးသည်။

"ကျွန်တော်တို့ တောလယ် ထွက်လာကြတာပါ ကိုကြီးစောဖေ"

"အံမယ်၊ မင်းတို့က အဟုတ် သားပါလားကွာ။ လေးခွလောက်နဲ့တင် လိပ်တွေ၊ သင်းခွေ ချပ်တွေ ရလို့ပါလား"

မုဆိုးကြီး ဆလိုင်းအောင် ဘာက သန်းထွန်းယောက်ဖ ငတိုး လက်တွင် ကိုင်ထားသော လိပ်နှစ်လုံး၊ သင်းခွေချပ် တစ်ကောင်တို့ကို တွေ့၍ ပြော၏။ သန်း ထွန်းကတော့ ပြုံး၍နေသည်။

"ဒါနဲ့ မင်းတို့က တောလယ် ထွက်ကြတာဆိုပြီး ဒီမှာ ဘာထိုင်လုပ် နေကြတာလဲ။ အမောဖြေနေတာလား"

"အမောဖြေနေတာမဟုတ်ပါ ဘူး။ တောလယ်ခနေတာ"

"ဟေ"

စမ်းချောင်းထဲတွင် ငုတ်တုတ် ထိုင်ပြီး တောလယ်နေသည် ဟူသော သန်းထွန်း၏ စကားကို စောဖေက အံ့ဩ သလို ဖြစ်သွားသည်။

"တ .. မင်းတို့ဟာက အဆန်း



www.burmeseclassic.com

www.burmeseclassic.com



ပါလားကွ။ စမ်းချောင်းထဲ ငုတ်တုတ်ထိုင်ပြီး တောလယ်တယ်ဆိုတာ ခုမှ တွေ့ဖူးတယ်"

"ဒါက ဉာဏ်ထစားရတာပေါ့ ဆရာကြီးရယ်။ ခုတိုဘက် တောတနေ မျိုးဦးတို့ ညီအစ်ကို နှစ်ယောက်က တောကို မီးနဲ့တို့ပေးတယ်။ ကျွန်တော်တို့က ဒီစမ်းချောင်းထဲက ထိုင်စောင့်နေကြရုံပဲ ဘာမှ ဝင်ပန်းစရာမလိုဘူး"

"ဘာ .. ဒါဆို ခု တောမီး လောင်တာ မင်းတို့လက်ချက်ပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

"ဘာဖြစ်လို့ မီးတို့ရတာလဲ သန်းထွန်းရာ"

"တိုဘက်တောတနေ မီးတို့ပေးလိုက်ရင် ဒီတောထဲမှာ ရှိတဲ့ သတ္တဝါတွေက အပူဒဏ်ကို မခံနိုင်လို့ ရေရှိရာကို အပြေးလာကြမယ်။ အဲဒီအခါမျိုးမှာ ဒီဘက်က အဆင်သင့် စောင့်ဖမ်းရုံပေါ့။ ဘာမှ ပင်ပင်ပန်းပန်း ပြေးပြေးလွှားလွှား လုပ်စရာမလိုဘဲ သားကောင်ရတာ"

"ဟာ .. မင်းတို့က မဟုတ်သေးပါဘူးကွ။ မုဆိုးတစ်သက် တောမီးတစ်စက်တဲ့။ တောမီးတစ်စက်တို့တဲ့ လူဟာ တစ်သက်လုံး မုဆိုးလုပ်တဲ့လူရဲ့ အဖြစ်နဲ့ အတူတူ ပဲ။ မင်းတို့ မီးရှို့လိုက်လို့ ပြေးနိုင်တဲ့ သတ္တဝါပြေးကြမှာပေါ့ကွာ။ မပြေးနိုင်ကြတဲ့ တွင်းအောင်းသတ္တဝါတွေဆိုရင် မီးလောင်တိုက်သွင်းသလို ဖြစ်နေမှာပေါ့။ ဒါကို စဉ်းစားမိရဲ့လား။ ပုရွက်ဆိတ်၊ ခြ၊ အဲဒီလို အကောင်တွေဆိုရင် အစုလိုက် အပြုံလိုက် သေမှာပဲ။ မင်းတို့ သားကောင် ရှာတဲ့နည်းလမ်းက နည်းလမ်းမှန် မဟုတ်သေးပါဘူးကွ"

"နည်းလမ်း မှန်တာ မမှန်တာထက် အဓိကက သားကောင်ရဖို့ပဲ လိုတယ်။ ဆရာကြီးတို့က သားကောင်နောက်ကို အပင်ပန်းခံပြီး လိုက်တယ်၊ သေနတ်နဲ့ပစ်တယ်၊ ကျွန်တော်တို့က ဉာဏ်နဲ့ကစားပြီး သားကောင်ရှာတယ်။ သားကောင်ကို ဘယ်လိုရှာရှာ ရဖို့ပဲလိုတယ်"

မုဆိုးကြီး ဆလိုင်းအောင်ဘက သန်းထွန်းတို့ အဖြစ်ကို ကြည့်ပြီး စိတ်မသက်မသာဖြင့် ပြောလိုက်သည်။

"နည်းလမ်း မှန်တာ မမှန်တာထက် အဓိကက သားကောင်ရဖို့ပဲ လိုတယ်။ ဆရာကြီးတို့က သားကောင်နောက်ကို အပင်ပန်းခံပြီး လိုက်တယ်၊ သေနတ်နဲ့ပစ်တယ်၊ ကျွန်တော်တို့က ဉာဏ်နဲ့ကစားပြီး သားကောင်ရှာတယ်။ သားကောင်ကို ဘယ်လိုရှာရှာ ရဖို့ပဲ လိုတယ်"

"သားကောင်ရဖို့ဆိုတာထက် တရားတဲ့နည်းလမ်းနဲ့ရဖို့ လိုတာပေါ့ကွ။ သားကောင်ကို ဘယ်တော့မှ မတရားတဲ့

www.burmeseclassic.com



နည်းနဲ့ မရှာနဲ့။ နောက်ပြီး လိမ်ညာလှည့်ဖြားပြီး သားထောင်ကို ဘယ်တော့မှ ဝစ်ဖို့ မကြိုးစားနဲ့ တစ်နေ့ ဘေးတွေ့တတ်တယ်"

"ဆရာကြီးရာ မုဆိုးအချင်းချင်း တရားမချပါနဲ့တော့။ ဆရာကြီးလဲ ထိုယ့်လမ်းကိုယ်သွားပါတော့၊ ကျွန်တော်တို့ကို ဆက်ပြီး တရားမဟောပါနဲ့"

"တော့ကောင် သန်းထွန်း၊ ဆရာက မင်းတို့ကို စေတနာနဲ့ ပြောတာ။ မင်းတို့ဘာသာ နားထောင်ချင်နားထောင် နားမထောင်ချင်နေ ဆရာကြီး ကျွန်တော်တို့သွားမယ်။ တော့ကောင်တွေ သွားမယ်"

"ဟုတ်ကဲ့ ကိုစောဖေ"

မုဆိုးကြီး ဆလိုင်းအောင်ဘ က ရှေ့မှ ဦးဆောင်၍သွားသည်။ စောဖေ၊ ကျော်မိုးခိုင်၊ ခွတ်ကြီး၊ ညီဝုတို့က ချေ(ဂျီ)ကို ထမ်းကာ နောက်မှ လိုက်သည်။ ထိုမြင်ကွင်းကိုကြည့်၍ သန်းထွန်းက ...

"တား .. ဟား .. တား .. လူတွေ လူတွေ တယ်လဲ တရားကျဖို့ ကောင်းပါလား။ ကိုယ်ကိုယ်တိုင်က အတုသိုလ်အလုပ်ကိုလုပ်ပြီး သူများကို မလုပ်ဖို့လာတားရတယ်လို့ မုဆိုးချင်း အတူတူ တစ်မူးသာတာယ်ဆိုတာ ဒါမျိုးဝေါ့ကွာ"

စေတနာစကားသည် ဝေဒနာဖြစ်သွားရသည်ကို စောဖေက မကျေနပ်၍ သန်းထွန်းအား ပြန်လည်၍ တုံ့ပြန်ပြောဆိုမည်အပြု ဆလိုင်းအောင်ဘက–

"နေပါစေ၊ စောဖေရာ ငါတို့စေတနာကို သူတို့ နားမလည်ကြပေမဲ့ တစ်နေ့နေ့တော့ နားလည်လာပါလိမ့်မယ်"

ဆလိုင်း အောင်ဘတို့ ရိုးမက ဆင်းသောအခါ နေမွန်းတည့်ချိန်မို့ ပူလောင်မှုက ပြင်းထန်လှသည်။ နေ့၏ နေမို့ ပို၍ ပူပြင်း၏။ ပူပြင်းသည့်နေရောင်အောက်တွင် ဝင်ပန်းခဲ့သမျှ အမောတို့က ပြေပျောက်ခဲ့လေပြီ။

(၃)

ရွာသို့ရောက်သောအခါ ချေ(ဂျီ) တစ်ကောင်၏ အသားကို အသားပွဲစား အောင်စိန်က အပြတ်ဝယ်သည်။ ကျန်ချေ(ဂျီ)တစ်ကောင်၏ အသားကို အနည်းငယ်သာရောင်းပြီး အားလုံးကို အညီအမျှ ခွဲဝေပေးလိုက်၏။ ကျော်မိုးခိုင်ကတော့ ရိုးမပေါ်တွင် အမဲပစ်ခဲ့ကြပုံကို အာဝေါင်အာရင်းသန်သန်ဖြင့် ပြောဆိုကာ တြွားလုံးထုတ်နေတော့သည်။ ဆလိုင်း အောင်ဘက ဇနီးဖြစ်သူ ဒေါ်မယ်ငွေအား ...

"မယ်ငွေရေ အသား ကောင်းကောင်းလေး တစ်အိုး သီးသန့်ချက်ထားလိုက်ပါကွာ။ မနက် အရုဏ်တက်မှာ ရွာဦးဆရာတော် ကျောင်းကို ပို့မလို့"

"စိတ်ချပါ ကိုအောင်ဘရယ်"

"ခင်ဗျားတတော့ မုဆိုးထဲမှာ ရှားပါးမုဆိုးလို့ ပြောရမှာပဲ ကိုအောင်ဘ"

ရေနွေးကြမ်း အတူ သောက်နေသော ဆယ်အိမ်ခေါင်း မောင်ကြီးက ဆလိုင်းအောင်ဘကိုကြည့်၍ ပြောသည်။

"ဘာဖြစ်လို့လဲ ကိုမောင်ကြီး"

"ဩော် .. ရွာက တခြား မုဆိုးတွေဆိုရင် သတ်မယ်၊ ဖြတ်မယ်နဲ့။ သတ္တဝါဆိုတာ လူ့ချုတ်မှ ကျွတ်တယ်လို့ ပြောနေကြတယ်။ ကိုအောင်ဘက တခြား မုဆိုးတွေလို မဟုတ်ဘူး"

"ဒါကတော့ ကိုမောင်ကြီး ရယ်၊ မုဆိုးဆိုတာ မုဆိုး စည်းကမ်းတော့ နားလည်ရမှာပေါ့။ ကျွန်တော်တို့က အစဉ်အဆက် မုဆိုး လုပ်လာခဲ့တာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ သားကောင်တိုင်းကို ရလိုတဲ့ ဆန္ဒနဲ့ မပစ်ဘူး။ ပစ်သင့်မှ ပစ်တာ။ မပစ်သင့်ရင် လုံးဝမပစ်ဘူး။ နောက်လှည့်ပြန်တယ်။ ဒါ ကျွန်တော့်အကျင့်ပဲ။ မုဆိုးစည်းကမ်းနဲ့ မုဆိုးဥပဒေကို ကျွန်တော် ဘယ်တော့မှ မချိုးဖောက်ဘူး"

"ကဲ ကိုအောင်ဘရေ .. စကား ပြောလို့လဲ ကောင်းတယ်။ ရေနွေးကြမ်းနဲ့ အမြည်းကလဲ ကောင်းပါတယ်။ ဒါပေမဲ့ ရပ်ရေးရွာရေး ကိစ္စလေးတွေရှိနေတော့ ခွင့်ပြုပါဦး"

"ကောင်းပြီ ကိုမောင်ကြီး၊ နောက်လဲ မကြာခဏ လာခဲ့ပေါ့ဗျာ"

ဆယ်အိမ်ခေါင်း မောင်ကြီး ပြန် သွားသည့်အခါ အကြမ်းအိုးထဲမှ ရေနွေး ကြမ်းတစ်ခွက်ငှဲ့သောက်ရင်း မီးဖိုချောင် ဘက်ဆီ ငေးကြည့်မိသည်။

"မယ်ငွေရေ ခုထိ မကျက် သေးဘူးလားကွာ။ ဗိုက်ထဲဆာလှပြီ။ မနက်က စားသွားတာကလဲ တောထဲမှာ တင် အစာကြေသွားပြီ"

"ကျက်တော့မှာပါတော်။ ခဏ လေးပါ။ အရည်သောက်အိုးလေး ကျက် ရင် စားလို့ ရပါပြီ။ တကတည်းမှာပဲ တလေးလေးကျနေတာပဲ"

ဇနီးဖြစ်သူ မယ်ငွေ၏ မျက် စောင်းအထိုးကို ဆလိုင်းအောင်ဘက ပြုံးပြုံးကြီးကြည့်ကာနေ၏။ သားသမီး မထွန်းကားသောကြောင့် နှစ်ပေါင်းများ စွာ ချစ်ချစ်ခင်ခင် ပေါင်းသင်းလာခဲ့ကြ သော နှစ်တွေပင် ငွေရတုကျော်လွန်ခဲ့ လေပြီ။

"ဆရာ .. ဆရာ"

အပြေးအလွှား ဝင်ရောက်လာ သော စောဖေကိုကြည့်၍ ဆလိုင်း အောင် ဘ စိုးရိမ်သွားခဲ့သည်။ စောဖေနောက်က ကျော်မိုးခိုင်ပါ ကြောက်လန့်တကြားဖြင့် ထက်ကြပ်မကွာ လိုက်ပါလာ၏။

"ဘာ .. ဘာဖြစ်တာလဲ စောဖေ၊ မင်းတို့ ပုံစံတွေက ရေးကြီးသုတ်ပျာနဲ့ ဘာ ဖြစ်လာတယ်ဆိုတာ ငါ့ကို ပြောစမ်း စောဖေ"

"ကျွန်တော်နဲ့ ကျော်မိုးခိုင် ချေ (ဂျီ)သား အမြည်းလေးနဲ့ တစ်ခွက်၊ တစ် ဖလားချဖို့ ရွာထိပ်က မစန်းယုံ အရက် ဆိုင်ထဲသို့ သွားခဲ့ကြတယ် ဆရာ"

"ဟေ့ကောင် စောဖေ၊ ငါ မင်း ကို မေးနေတာ။ ခု မင်းတို့ ဘာ ဖြစ်လာ တာလဲလို့ မေးနေတာ။ မင်းတို့ အရက် သောက်တာကို မေးတာမဟုတ်ဘူး"

"ခု ဆရာဆီ လာတဲ့အကြောင်း လဲ အစအဆုံးပြောမှ ဆရာ ပိုပြီး နား လည်မှာမို့ပါ"

"ဒါဆိုလဲ မြန်မြန်ပြောကွာ"

"ဟုတ်ကဲ့ဆရာ။ ကျွန်တော်တို့ နှစ်ယောက် မစန်းယုံအရက် ဆိုင်ထဲဝင်ဖို့ အလုပ်မှာ သန်းထွန်းတစ်ယောက် မျက် နာကို အုပ်ပြီး အား ပူတယ် .. ပူတယ်လို့ အော်ဟစ်ပြီး ဆိုင်အပြင်ဘက်ထွက်ပြေး လာတယ်။ ဟံငွေကိုလဲ ရွာလူကြီး မောင် ငယ်နဲ့ ဆယ်အိမ်ခေါင်းတွေ ဝိုင်းဖမ်းနေ ကြတယ်။ ကျွန်တော်တို့ နှစ်ယောက် ပြဿနာရဲ့ အကြောင်းရင်းကို မေးကြည့် တော့ မစန်းယုံက ရှင်းပြပါတယ်ဆရာ"

●●●

"ဒီလိုစောဖေရေ၊ သန်းထွန်းနဲ့ ငတိုးတို့ သမီးယောက်ဖနှစ်ယောက် ဒီနေ့ တော်တော် ငွေပေါလာတယ်ထင်ပါရဲ့။ အရင်ကြွေးတွေလဲဆပ်၊ ခုလဲ လက်ငင်း သောက်တယ်။ အဲ နည်းနည်းလဲ မူး လာရော သန်းထွန်းက တစ်ဖက်ဝိုင်းက ဟံငွေကို ပြဿနာရှာတော့တယ်။ တော့



www.burmeseclassic.com

www.burmeseclassic.com



ောင် ဟံငွေ မင်းတက်ဆက်လောက် ော့ အိမ်က ငါ့သားအတူး ကစားဖို့ ောင် မလိုချင်ဘူး။ ဘာညာနဲ့ စပြောပြီး ြောနာရှုတာ ဟိုက ဟံငွေကလဲ တက် ဆက်ထိ စားကြည့်ဆိုတဲ့ လူမျိုး၊ မယားနဲ့ တက်ဆက်ကိုတောင် မယားကို သိပ်ဝရ ိုက်တာ မဟုတ်ဘူး။ တက်ဆက်ကိုပဲ ာန်ဖိုးထားတာ။ သူ့တက်ဆက်ကို ဒီလို ပြောရ မလားဆိုပြီး ရန်ထဖြစ်ကြရော၊ ဆွဲ ရ လွဲမရ။ နောက်ဆုံး ဟံငွေက အက် စ် ပုလင်းနဲ့ သန်းထွန်းခေါင်း ကို ရိုက်ခွဲ ိုက်တာ ပုလင်းကွဲပြီး အက်စစ်ရေတွေ က မျက်နှာကို ထိရော"

"ဟေ"

"အက်စစ်ပုလင်းနဲ့ ဟုတ်လား"

"ဟုတ်တယ် သန်းထွန်း မျက်နှာ အကောင်းပြန်ရဖို့ မလွယ်ဘူး"

●●●

"အဲဒါပဲ ဆရာ။ ခု သန်းထွန်း ဖြစ်ပျက်သွားတဲ့ကိစ္စတာ မနက်က သူ ပြုတဲ့ကံကြောင့်လို့ ဆရာထင်မှာလား"

စောဖေက ဆလိုင်းအောင်ဘ၏ မျက်နှာကို အကဲခတ်သလို ကြည့်ကာ မေး၏။

"ဟုတ်တယ် စောဖေ။ လူတွေ အမြင်မှာတော့ အရက်ဆိုင်မှာ ရန်ဖြစ်ပြီး မျက်နှာကို အက်စစ်ထိတယ်လို့ထင်မှာပဲ။ ဒါဟာ တကယ်တော့ သန်းထွန်းဖန်တီးတဲ့ ကြမ္မာပဲလေ။ ဘာကြောင့်လဲဆို သားကောင်တွေကို တရားတဲ့နည်းနဲ့ မရှာဘဲ အတောက်ဉာဏ်၊ မသမာတဲ့နည်းနဲ့ ရှာဖွေသတ်ဖြတ်ခဲ့တဲ့အတွက် လောကကြီးက သန်းထွန်းကို ဒဏ်ခတ်လိုက်တာ။ ဘယ်သူမပြု မိမိမှုမို့ သူပြုတဲ့ကံ သူသာ ခံရမှာပေါ့ကွာ"

"သံဝေဂ ရစရာပဲနော် ဆရာကြီး"

ကျော်မိုးခိုင်က ဆိုသည်။ ဆလိုင်း အောင်ဘက ...

"အေး မင်းတို့လဲ တစ်သက်လုံး မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုချင်ရင်တော့ မုဆိုးကောင်းတွေဖြစ်အောင် ကြိုးစားကြ။ သားကောင်ဝစ်တဲ့ နေရာမှာ တရားမျှတဖို့ ဘက်မျှတဖို့ အရေးကြီးတယ်။ သတ္တဝါနဲ့ လက်နက် မျှတမှုကို ပိုပြီး အရေးပေးရမယ်။ မုဆိုးဆိုတာ အတုသိုလ်အလုပ်ကို ဝါသနာအရ လုပ်နေရပေမဲ့ သတ္တဝါတွေရဲ့ လွတ်လပ်မှုတွေ၊ တရားမျှတမှုတွေကို အခွင့်အရေး ပေးရစမြဲပဲကွ။ သားကောင်ကို ဘယ်တော့မှ မသမာတဲ့နည်းနဲ့ ပစ်ခတ်ဖို့ မကြိုးစားနဲ့ .. အဲဒီ မုဆိုးဟာ အန္တရာယ်နဲ့ သေချာပေါက် ပြန်ရင်ဆိုင်ရမှာပဲ။ ဒါ ငါ ဖြတ်သန်းခဲ့တဲ့ မုဆိုးဘဝရဲ့ အတွေ့အကြုံတွေကို ယှဉ်ပြီးပြောတာ"

"စိတ်ချပါ ဆရာ။ ဆရာ ဖြစ်စေချင်တဲ့ မုဆိုးကောင်းတွေဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပါ့မယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ဆရာ"

"ကောင်းပြီ"

မုဆိုးကြီး ဆလိုင်းအောင်ဘ တစ်ယောက် ကျော့ခိုင်း လှည့်ထွက်သွားသော တပည့်နှစ်ယောက်ကို ကြည့်ကာ ကြည်နူးကျေနပ်သည့် အပြုံးတို့ဖြင့် ပြုံးနေလေတော့သည်။

●●●

**ဇော်ထွန်း (ထမ်းဘာထာ)**

www.burmeseclassic.com



# ဒေါသတကာ

လှမြင့်အေး



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သမာယာ"

လှမြင့်အေး

ပင်လယ်ကမ်းခြေတစ် ာဖြစ်သည်။ အနီရောင်အမိုး ခေတ်နှင့်အမီဆောက်လုပ် သော ဘင်ဂလိုအဆောက် အုံတစ်ခုသည် လရောင် ာက်တွင် ငြိမ်သက်စွာရှိနေ ည်။ ခပ်မှိန်မှိန်မီးရောင်များက င်ဂလို ပြတင်းပေါက်မှန်များအ သို့ ကျရောက်နေသည်။ ပင် ယ်လေတဟူးဟူး တိုက်လျက် သည်။

ပတ်ဝန်းကျင်တွင် တိုး မ်သောဂီတသံနှင့် တစ်ခါတစ် ဘယ်ကမှန်းမသိ ပျံ့လွင်လာ ာရယ်မောသံကိုသာ ကြား သည်။ တိတ်တိတ်ဆိတ်ဆိတ် င်။ မကြာလှပါ။ တုန်လှုပ် ာက်ချားဖွယ် အဖြစ်အပျက် စ်ခု ပေါ်ပေါက်လာပါတော့ ည်။ အနက်ရောင်စလွန်းကား စ်စီး ဘင်ဂလို ရှေ့သို့ ဝေါခနဲ ာင်းနှင်လာပြီး ပေါ်တီကို ာက်မှာရပ်လိုက်သည်။ ဝေါ ခဲမောင်းလာပြီး တုံ့ခနဲရပ်လိုက် သဖြင့် ထူးခြားမှုတစ်ခုဖြစ်နေ သည်။

လူသုံးယောက် ကားထဲ မှ ထွက်လာကြသည်။ ဒုစရိုက် ဂိုဏ်းတစ်ဂိုဏ်းက ဂိုဏ်းဝင်လူ ဆိုးများနှင့်တူနေသည်။ သူတို့ သည် ပတ်ဝန်းကျင်ကိုဂရုမစိုက်၊ သူတို့လုပ်စရာရှိသော အလုပ်ကို သာ ဆက်လုပ်နေဟန်ရှိသည်။ သို့နှင့် အဆောက်အအုံ အတွင်း သို့ ယှဉ်ပြိုင်လျှောက်လှမ်း၍ ဝင် သွားကြသည်။ ထိုအချိန်၌ ဘင်ဂ လို၏အခန်းတစ်ခန်းတွင် အ သက်(၃၀)တွင်း အမျိုးသားတစ် ဦးနှင့် အမျိုးသမီးတစ်ဦး ရှိနေ ကြသည်။ သူတို့သည် ခုတင်ပေါ် တွင် လဲလျောင်းလျက် စကား ပြောနေသည့်အခိုက် ခပ်ပြင်းပြင်း တံခါးခေါက်သံ ပေါ်ထွက်၍လာ သည်။ အမျိုးသားနှင့်အမျိုးသမီး ခုတင်အောက်ဆင်း၍ ရပ်လိုက် စဉ်မှာပဲ တံခါးသော့ချက်ကို ပစ္စ တိုဖြင့်ပစ်၍ တံခါးကိုဖွင့်လိုက်ပြီ ဖြစ်သည်။ အခြေအနေမှာ လှုပ် ရှားယိမ်းထိုး၍လာ၏။

ထိုအချိန်တွင် အခန်း တွင်းမှာရှိနေသော အမျိုးသားနှင့် အမျိုးသမီးသည် ကျရောက်လာ သောအခြေအနေကို သိသည်။ အမျိုးသားသည် ပစ္စတိုကို တစ် နေရာမှ ဖျတ်ခနဲကောက်ယူပြီး ရန်သူများနှင့် ရင်ဆိုင်တိုက်ခိုက် ရန် နေရာယူလိုက်သည်။ သည် ပွဲမှာ အတော်ကြမ်းတမ်းလာနိုင် သည်။ တံခါးဖျက်ဆီး၍ဝင်လာ သော လူဆိုးများအား အခန်း တွင်းမှာရှိနေသော အမျိုးသားက သူ့ပစ္စတိုကိုထိုးချိန်၍ စတင်ပစ် သည်။ ရှေ့ဆုံးကလူဆိုး ကျည် ထိမှန်ပြီး လဲကျသွားသည်။

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ပစ်သော သေနတ် သံများ ပွက်ပွက်ညံသွားလေ သည်။ ယမ်းငွေ့များကြားတွင် ခုန်ပျံကျော်လွှားကာ နေရာယူနေ ကြသည်။ သေနတ်သံများကြား က အမျိုးသားနှင့် အမျိုးသမီးက လူဆိုးများအား အနိုင်တိုက် ခိုက်ပြီး ဖောက်ထွက်နိုင်ခဲ့သည်။

"ကတ် ..."

ရုပ်ရှင် ဒါရိုက်တာက "ကတ်" ဟုအော်လိုက်သည့်



www.burmeseclassic.com

www.burmeseclassic.com



နောက် ရုပ်ရှင်ရိုက်ကွင်း၏ လှုပ်ရှားမှုများရပ်တန့်သွားလေသည်။ အသံပလံတွေ တိတ်သွားပြီ။ ဆလိုက်မီးမောင်းများလည်း မှိန်ကျသွားလေသည်။ ပုံမှန်မီးများ ပြန်လည်လင်း၍လာသည်။ မင်းသား သော်မဆင်သည် ဒါရိုက်တာရှိရာ နေရာသို့ ဆလိုက်မီးမောင်းတံတွေ ကေဗယ်ကြိုးတွေကို ဖြတ်ကျော်သွားပြီး အခြေအနေမေးသည်။ ဒါရိုက်တာက အလုပ်ရှုပ်နေသည့် ကြားက

"အဆင်ပြေပါတယ်"

ဟုပြောလေသည်။ ထို့နောက်

"ခင်ဗျားအတွက် စိတ်မကောင်းစရာ သတင်းတစ်ခု ပြောရဦးမယ်"

ဟုပြောပြီး စကားဖြတ်ကာ သက်ပြင်းတစ်ချက်ချလိုက်သည်။ သော်မဆင်အငေးသား ကြည့်နေသည်ကို မြင်ခါမှ

"ခင်ဗျားအမျိုးသမီး ကွယ်လွန်သွားပြီလို့ သတင်းရတယ်"

ဟု ပြောလိုက်လေသည်။ သော်မဆင်သည် သူမမျှော်လင့်သောစကားကို ကြားလိုက်ရသဖြင့် မှင်တက်မိ၍သွားလေသည်။ ခုမှဒါရိုက်တာလည်း သူမဆင်မခြင် ပြောလိုက်မိသည့်အတွက် စိတ်မကောင်းဖြစ်၍သွားလေသည်။

"သူဘာကြောင့် ကွယ်လွန်သွားတယ်ဆိုတာ မသိရပေမယ့် ကွယ်လွန်သွားရတဲ့အတွက် စိတ်မကောင်းပါဘူးဗျာ။ ကျွန်တော်လဲ မပြောမဖြစ်လို့ ပြောရတာပါ"

ခုမှသော်မဆင်သည် လှုပ်လှုပ်ရှားရှား ဖြစ်၍လာကာ

"ဘယ်လိုဖြစ်တာလဲ မသိပါဘူး"

ဟု အသံ ခပ်ကျယ်ကျယ် ပြောလိုက်လေသည်။ ထို့နောက် သော်မဆင်ထံသို့ ဖုန်းများဆက်တိုက်ဝင်လာသည်။ သည်တော့မှ သော်မဆင်လည်း သူ့ဇနီးကွယ်လွန်သည်မှာ တစ်စုံတစ်ယောက်က မည်သို့သောရန်ငြိုးကြောင့်မှန်းမသိ လာရောက်၍ သေနတ်ဖြင့် ပစ်သတ်သွားသည့် အကြောင်းသိရသည်။ သူ၏ဇနီး မာဂရက်ဆွစ်တီမှာ တက်သစ်စ အဆိုတော်တစ်ဦး ဖြစ်လေရာ သတင်းမီဒီယာသမားများက ထိုသတင်းကို ချက်ချင်းပင်ထုတ်ပြန်ကြပါတော့သည်။

✿ ✿ ✿

အဆိုတော် မာဂရက်ဆွစ်တီ အသတ်ခံရသည့်အမှုကို တာဝန်ယူထားသော စုံထောက်ဘရစ်ကင်းသည် အလျင်ဆုံး သော်မဆင်နှင့် မေးမြန်းခဲ့သည်။ ရေခဲတိုက်တွင်ဆုံပြီး မာဂရက်ဆွစ်တီ၏ရုပ်အလောင်းကို ကြည့်ကြသည်။ ဘရစ်ကင်းက ပလတ်စတစ်အိတ်ဇစ်ကို ဆွဲဖွင့်ပြသည်။ မျက်နှာကိုပဲ အဓိကထား၍ကြည့်သည်။

သော်မဆင်သည် သူ့ဇနီးမာဂရက်ဆွစ်တီ မျက်နှာကို အတန်ကြာ စူးစူးစိုက်စိုက် ကြည့်နေသည်။ စိတ်မကောင်းဖြစ်နေ ဟန်ရှိသည်။ မှန်ပါသည်။ ဘဝ ခရီးတစ်ခုကို အချိန်အတော်ကြာ အတူလျှောက်လှမ်းခဲ့ကြသူများ မဟုတ်ပါလား။ အခုအချိန်မျိုး



www.burmeseclassic.com

www.burmeseclassic.com



တွင် သော်မဆင်၏ စိတ်ကူးအာရုံတွင် အတိတ်နှောင်းက အရိပ်ယောင်းတွေ တစ်ခုပြီးတစ်ခု ပေါ်ဆင်လာမည်မှာ အမှန်ပါပေ။

ခုတော့လည်း မာဂရက်ဆွစ်တီမျက်နှာသည် ဖြူဖွေးမနေဘဲ ပြာနှမ်းနှမ်းရှိနေပြီ။ ဖော်မဆင်အနံ့တွေလည်း ပျံ့၍နေသည်။ ဘရစ်ကင်းလည်း သော်ဆင်မျက်နှာလွှဲလိုက်တော့မှ မာဂရက်ဆွစ်တီရုပ်အလောင်း ပသတ်စတစ်အိတ်ကို ပြန်ပိတ်လိုက်သည်။ ရေခဲတိုက်မှ ပြန်ထွက်လာပြီး စားသောက်ဆိုင်တစ်ဆိုင်မှာ ထိုင်စကားပြောကြသည်။ ဘီယာသောက်ရင်း စကားပြောကြသည်။

"ခင်ဗျားမိန်းမ မာဂရက်ဆွစ်တီ အသတ်ခံရတာကို တစ်ရက်ကြာပြီးမှသိရတာ သူ့အလုပ်သမားမိန်းမကြီးက အရင်သိသိချင်း ရဲကိုဖုန်းဆက် အသိပေးလိုက်တာပါ။ လူသတ်သမားက သေနတ်ကိုအသံထိန်းတပ်ပြီး ပစ်သတ်သွားတာလို့ ရဲကမှတ်ချက်ပေးထားပါတယ် ...

"ကျွန်တော် သူ့အလုပ်သမားမိန်းမကြီးကို စစ်ဆေးကြည့်တဲ့အခါမှာ သူမာဂရက်ဆွစ်တီအခန်းက အပြန်မှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ အီတာလျံလူမျိုးတစ်ယောက် အခန်းရှေ့မှာတွေ့ခဲ့တယ်လို့ ပြောပါတယ်"

ဘရစ်ကင်းပြောသမျှကို သော်မဆင်က ဘီယာသောက်ရင်း နားထောင်နေသည်။

"ရဲက မာဂရက်ဆွစ်တီကို သတ်သွားတဲ့ လူသတ်သမားဟာ အဲဒီ အီတာလျံလူဖြစ်မယ်လို့ ရဲကမှတ်ချက်ပေးထားတယ်။ ခင်ဗျားတို့ မိတ်ဆွေတွေထဲမှာ အီတာလျံလူမျိုး မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနဲ့ရှိလား"

ဟုမေးလိုက်သည်။ သော်မဆင်က ခေါင်းယမ်းရင်း

"မရှိပါဘူးဗျာ ...."

ဟုပြောလေသည်။

"မာဂရက်ဆွစ်တီတို့ ဂီတသမားတွေထဲကရော ဖြစ်နိုင်မလား"

သော်မဆင်က သက်ပြင်းချသည်။

"ဖြစ်ချင်လဲ ဖြစ်မှာပေါ့။ သူတို့ဂီတလောကထဲက လူတွေအကုန် ကျွန်တော်မသိပါဘူး"

ဟုပြောပြီး ဘီယာတစ်ကျိုက် မော့သောက်လိုက်လေသည်။

"ခင်ဗျားတို့ လင်မယား မသင့်မြတ်ကြဘူးနော်"

သည်မေးခွန်းကိုတော့ သော်မဆင်အဖြေရခက်နေသည်။

✿ ✿ ✿

စုံထောက်ဘရစ်ကင်းသည် အဆိုတော်မာဂရက်ဆွစ်တီ အသတ်ခံရသည့် အမှုသဲလွန်စမရဖြစ်နေ၍ သူ့ကိုယ်သူ မကျေမနပ်ဖြစ်နေသည်။ ဘရစ်ကင်းသည် ခုလိုလူသတ်မှုမျိုးကို တရားခံဖော်ထုတ်ရာတွင် သဲလွန်စကိုပဲ မရမကရှာခဲ့သည်ချည်းပင်။ အမှုမှန်ကို ဖော်ထုတ်ရာတွင် သဲလွန်စသည် အကောင်းဆုံးသော သက်သေအထောက်အထားဖြစ်သည်ဟု သူယုံကြည်၍ထားသည်။

www.burmeseclassic.com



ရဲမှူးက သော်မဆင်တို့ လင်မယား မသင့်မြတ်သည့်အကြောင်းကို ပြောလျှင်ပြောချင်း။ ဤသည်မှာ ဤအမှု၏ အကောင်းဆုံးသော သဲလွန်စဟု ဘရစ်ကင်းမှတ်ယူလိုက်သည်။ သည်တော့မှ မာဂရက်ဆွစ်တီနှင့် အဆိုတော် ဆယ်လီဘောတို့ ဟိုဝက်အချစ်သစ်ဇာတ်လမ်းကို ဘရစ်ကင်းသိရှိလာသည်။

"ဒါဆိုရင် ဘောက မာဂရက်ဆွစ်တီကို သတ်နိုင်သလား၊ မဖြစ်နိုင်ဘူး။ ဒါဆိုရင် ဘယ်သူဖြစ်မလဲ"

"သော်မဆင်ကလဲ ပင်လယ်ကမ်းခြေ ရိုက်ကွင်းရောက်နေတာပဲ။ အီတာလျံတစ်ယောက် .. အီတာလျံတစ်ယောက်"

သည်လိုတွေးလိုက်မိလျှင် ဘရစ်ကင်းသည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်လေသည်။ ထို့နောက် သူ၏အတွင်းရေးမှူး ဂျိုစီကို

"လာဟေ့ ဂျိုစီ တို့မာဂရက်ဆွစ်တီကိုသတ်တဲ့ တရားခံကို သွားဖမ်းကြမယ်"

ဟု ပြောလိုက်လေသည်။

မကြာလှပါ။ ဘရစ်ကင်းသည် မင်းသားသော်မဆင်အား ဖမ်းချုပ်လိုက်လေသည်။ သော်မဆင်က

"ကျုပ်က ကျုပ်ချစ်တဲ့ ဇနီးကို ဘာကြောင့်သတ်ရမှာလဲ"

ဟုပြန်မေးသည်။

"ဟုတ်ပါတယ်။ ခင်ဗျားဟာ ခင်ဗျားဇနီးကို အလွန်ချစ်လွန်းလို့ သတ်လိုက်တာပဲ"

"ဘာသက်သေရှိလို့လဲ"

သည်တွင် ဘရင်းကင်းက မှတ်ဆိတ်အတု ပမြိုင်းမွေးအတုများကို ထုတ်ပြကာ

"ဒီပစ္စည်းတွေဟာ ရက်စ်တားဒေး ရုပ်ရှင်ကားမှာ အီတာလျံလူမျိုး ဆရာဝန်အဖြစ် သရုပ်ဆောင်တုန်းက ပစ္စည်းတွေ မဟုတ်လား"

သော်မဆင်သည် ဘရစ်ကင်း မေးလိုက်သောမေးခွန်းကိုဖြေဖို့ရန် ခက်သွားပြီဖြစ်သည်။

"ဒီပစ္စည်းတွေကို ခင်ဗျားမနေ့က သွားဖျောက်ခဲ့တယ် မဟုတ်လား။ ခင်ဗျားက အလွယ်တကူလမ်းဘေးလွှင့်ပစ်ခဲ့တာကို ... ဒီလိုပါပဲ ဒါမျိုးဖြစ်တတ်ပါတယ်"

သော်မဆင်သည် နောက်ထပ်ငြင်းဆန်သောစကား ဆိုဖို့ တစ်လုံးမျှ မပြောတော့ပါ။ သူမှာအပြစ်ရှိနေသည့်အကြောင်းကိုသာ ဝန်ခံဖြောင့်ချက်ပေးလိုက်ပါလေတော့၏။

လှမြင့်အေး

**Ref -Crame Short Stori**

ကိုပြန်သည်



www.burmeseclassic.com

www.burmeseclassic.com



# တာဝန်ကျေသော အက္ခရာများ

မောင်ဆွေ (တောင်ငူ)

တကယ်တော့ ဒီဇာတ်လမ်းကို ကျွန်တော် မရေးချင်ပါ။ ရေးရန်လည်း ရည်ရွယ်ချက် မရှိခဲ့ပါ။ သို့ရာတွင် ခလုတ်အတိုက်ခံရပါများသော သစ်ငုတ်တို တစ်ခုပင်လျှင် အတိုက်ခံရပါများတော့ နဲ့လာတတ်သည့် ဆိုရိုးစကားရှိသည့်အတိုင်း ခံစားတတ်သောနှလုံးသား၊ တွေးခေါ်ဆင်ခြင်တတ်သော ဦးနှောက်၊ ခံယူချက်တို့ရှိသည့် လူသားတစ်ဦးဖြစ်လေသော ကျွန်တော့်မှာလည်း ကိုယ့်“ဥ” မှကိုယ်“ဥ”ဟု တစ်ဖက်စောင်းနင်း မိန်းမကောင်းရန်တွေ့ သဘောရှိကြသည့် အမျိုးသမီးနှစ်ဦးကို အကြောင်းပြု၍ အများပြည်သူတို့ သင်ခန်းစာ ရယူဖွယ်ရာကောင်းသော ဖြစ်ရပ်မှန်လူမှုဇာတ်လမ်းတစ်ခုအား ဝတ္ထုဇာတ်အိမ်တည်ဆောက်၍ ရေးသားရန် စိတ်ကူးပေါ်လာသည်ဖြစ်၍ ဤဝတ္ထုအားနေရာဒေသ အမည်နာမတို့ကို လွှဲပြောင်း၍ ရေးသားလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းသာယာမြို့"

မြို့အမည် လှပသလို မြို့၏ အကွက်ရိုက်ဖွဲ့စည်းတည်ဆောက်ထားသည့် မြို့ကွက်ဖွဲ့စည်းပုံမှာလည်း မြို့ကြီးပြကြီး ဆန်လှ၏။

မြန်မာပြည် အလယ်ပိုင်း မိုးမခေါင်ရေမရှား၊ ရုံးများ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၊ ဆေးရုံများ စသည်တို့ဖြင့် စည်စည်ကားကား ရှိလှသောမြို့တစ်မြို့ပေမို့ မြို့လယ်လမ်းများပေါ်၌ အစိုးရဘဏ်ကြီးသာမက ပုဂ္ဂလိကနာမည်ကြီး ထိတ်ထိတ်ကြဲ ဘဏ်ကြီးများ၊ စတိုးဆိုင်ကြီးများ၊ လူငယ်တို့ အကြိုက် ဖန်စီဆိုင်များနှင့် နပျိုလန်းဆန်းသော ခေတ်ရေစီးပြေးနေကြသည့် ရောင်စုံ သားပျိုသမီးပျိုတို့ဖြင့် နေ့စဉ် နေ့တိုင်း မရိုးနိုင်အောင် အမြဲသစ်လွင်တောက်ပနေသည့် မြို့ဖြစ်သည်။

ကျွန်တော်က ကုသိုလ်ကံထူးလှစွာဖြင့် ထိုမြို့၌ လူလာဖြစ်ခွင့်ရကာ ကျွန်တော် မွေ့လျော်သက်ဝင် ယုံကြည်သော စာပေ ခရီးလမ်း၌ ကလောင်တစ်ချောင်း၊ ကင်မရာတစ်လက်ကို ကိုင်ဆောင်၍ အများပြည်သူတို့အတွက် အကျိုးပြုရာပြုရာပြုကြောင်း သတင်းအကြောင်းအရာများ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းစသည်တို့ကို ရေးခွင့်ကြုံသလို ရေးသားတင်ပြနေသော ကလောင် အမည် မောင်ဆွေ(တောင်ငူ) အမည်ဖြင့် မီဒီယာသမားတစ်ဦးအဖြစ် ခရီးမဆုံးမခြင်း လျှောက်လှမ်းနေသူဖြစ်ပေသည်။

တစ်နေ့–

"ကိုဆွေရေ ဥဂ္ဂ အမှုတစ်ခုရှိတယ်ဗျ။ နည်းနည်းတော့ရှုပ်တယ်။ လူမှုရေးအဖွဲ့အစည်းတွေရော၊ ပါတီတွေရော ◌ါနေတာပါပဲဗျာ––

"တာဝန်ရှိတဲ့ အကြီးအကဲတွေကတော့ ပြေရာပြေကြောင်း ရှင်းပြ နားချပါသေးတယ်။ နောက်ဆုံးတော့လဲ အမှုဖွင့်ခိုင်းရတာပါပဲ––

"အမှု မဖွင့်ပေးပြန်ရင်လဲ ရဲက သိတဲ့အတိုင်း အတိုင်ခံရဦးမှာလေ။ လုပ်ရကိုင်ရတာခက်ပါတယ် ကိုဆွေရာ"

အမှုစစ်အရာရှိ ဒုရဲအုပ်ကလေးတစ်ဦးမှ ၎င်းဆောင်ရွက်နေရသော ဗလက္ကာရ အမှုတစ်ခုနှင့် ပတ်သက်၍ ကျွန်တော့်အား ရှင်းလင်းပြောပြနေသဖြင့် ကျွန်တော်က နားထောင်နေရင်း ၎င်းထံမှ အမှုနှင့် ပတ်သက်သော တရားလို၏ တိုင်ချက်အား လေ့လာဖတ်ရှုနေမိ၏။

တိုင်ချက်က ရိုးရှင်းပါသည်။ ပုဂ္ဂလိက ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်နေသော ဝန် ထမ်းမိန်းကလေးတစ်ဦးမှာ ၎င်း အားချစ်ကြောင်းကြိုက်ကြောင်းပြောဖူးသည့် အမျိုးသား မိတ်ဆွေတစ်ဦးက အလုပ်မှပြန်ချိန်ညအချိန်၌ လမ်းတွင် တွေ့ခိုက်အအေးတိုက်မည်ပြောပြီး ဖိတ်ခေါ်၍ ၎င်းခေါ်ရာ နောက်သို့ဆိုင်ကယ်ဖြင့် လိုက်သွားမိခဲ့ပြီးဆိုင်တစ်ဆိုင်၌ အအေးအအေး သောက်ခဲ့ကြပြီး အအေးဆိုင်မှပြန်လာ၍ စက်ဘီးအား ဝင်ယူစဉ် စက်ဘီးသော့အား ဖွင့်မရတော့၍ ခင်မင်သူ အအေးလိုက်တိုက်သည့် အမျိုးသား မိတ်ဆွေက အိမ်သို့ ၎င်း၏ဆိုင်ကယ်ဖြင့် လိုက်ပို့မည်ပြောပြီး တင်ခေါ်လာ၍ လိုက်သွားမိခဲ့ရာမှ ဇာတ်လမ်းက စလေသည်။

အမျိုးသား မိတ်ဆွေက ကုမ္ပဏီဝန်ထမ်း မိန်းကလေးအား ဆိုင်ကယ်ဖြင့် တင်ခေါ်လာပြီး လမ်းဆုံတစ်ခုအရောက်၌ လိုက်မပို့တော့ဘူး မိုးချုပ်နေပြီ။ ငါ့သူငယ်ချင်း အိမ်ကိုလိုက်ခဲ့၊ မလိုက်ခဲ့ရင် ဆိုင်ကယ်နဲ့

www.burmeseclassic.com



တိုက်ပြီး သတ်မယ်ဟု ခြိမ်းခြောက် ပြောဆိုသဖြင့် မိန်းကလေးမှာ ကြောက်လန့်ပြီး ၎င်းခေါ်ရာသို့ လိုက်သွားခဲ့ရသည်ဟု ဆိုလေသည်။

ထိုနောက် မြို့စွန်ရပ်ကွက် တစ်ခုလည်းဖြစ် ကွက်သစ်တစ်ခုလည်းဖြစ်သော နေရာသို့ ရောက်ပြီး အမျိုးသားမိတ်ဆွေက ၎င်း၏ သူငယ်ချင်း လင်မယားနေသော အိမ်တစ်အိမ်၌ ကုမ္ပဏီဝန်ထမ်း မိန်းကလေးအား အိမ်ခန်းတံခါးကို ပိတ်လှောင်ကာ အမျိုးမျိုး ခြိမ်းခြောက် ပြောဆိုမှုကြောင့် မိန်းကလေးမှာ အမျိုးသား မိတ်ဆွေ၏ ပြုသမျှကို ခံခဲ့ရသည်ဟု ဆိုလေသည်။

ထိုအိမ်၌ တစ်ရက်ပြီး တစ်ရက် အချိန်တို့ ကုန်လွန်ပြီး (၃)ရက်ပြည့် မြောက်သော ညတွင် မိတ်ဆွေယောကျ်ားလေးမှာ ၎င်း၏ သူငယ်ချင်းအိမ်ရှင် လင်မယားနှင့် အပြင်သို့ ခေတ္တထွက်သွားပြီး တစ်ယောက်တည်း ပြန်လာခဲ့ကြောင်း။ အိမ်ပေါ် ရောက်သောအခါ ကုမ္ပဏီ ဝန်ထမ်း မိန်းကလေးအား အိမ်ခန်းထဲ အတင်းဝင် အိပ်ခိုင်းကြောင်း၊ မိန်းကလေးမှ ၎င်းခိုင်းသည့်အတိုင်း ကြောက်ကြောက်နှင့် အိပ်ရကာ အိပ်နေသော မိန်းကလေး၏ ဒူးပေါ်သို့ အမျိုးသားမိတ်ဆွေက တက်ထိုင်ကာ ဆံပင်ကိုဆွဲကာ ပါးနားများကို ရိုက်ပြီး “ဘယ်သူနဲ့မှားခဲ့သလဲ” “ဘယ်နှစ်ခါ မှားခဲ့သလဲ”ဟု မေးမြန်းပြီး အနီးရှိ သံတူရွင်းကိုဆွဲယူ၍ ဗိုက်ကို ဆောင့်ထိုးခြင်း၊ ၃" × ၂" သစ်သားချောင်းဖြင့် ဆောင့်ထိုးခြင်းများ ပြု၍ နှိပ်စက်ခဲ့ပြီး နင့်ကို သတ်မယ်ဟုပြောကာ ဓားကို ရှာစဉ် မိန်းကလေးမှ ကြောက်လန့်ပြီး အားကုန်ဆောင့်ထွန်းရုန်း၍ အိမ်ပေါ်မှ ညကြီး မင်းကြီး ဆင်း၍ ထွက်ပြေးခဲ့ရပြီး တွေ့သည့် အိမ်ထဲသို့ အတင်းဝင်ကာ အိမ်ရှင်များထံတွင် အကူအညီတောင်း၍ ၎င်းအိမ်၌ ပုန်းအောင်းနေခဲ့ရကြောင်း–

နာရီဝက်ခန့် အကြာ၌ ၎င်းအား ရိုက်နှက်နှိပ်စက်ခဲ့သူ မိတ်ဆွေ အမျိုးသားမှာ ၎င်းတို့ တည်းခိုခဲ့သည့် အိမ်ရှင် လင်မယားနှင့်အတူ မိန်းကလေးပုန်းခိုနေသော နေအိမ်သို့ရောက်ရှိလာ၍ မိန်းကလေးအား အကူအညီပေး လက်ခံပုန်းခိုစေခဲ့သည့် အိမ်ရှင်များကအကြောင်း





www.burmeseclassic.com

www.burmeseclassic.com



စုံ ပြောပြချက်အရ မိန်းကလေးအား ကုမ္ပဏီပိုင်ရှင် အိမ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့၍ မိန်းကလေးမှာ ကုမ္ပဏီပိုင်ရှင် အိမ်သို့ ပြန်ရောက်သွားခဲ့ရကြောင်း–

မိန်းကလေးမှာ ၎င်း၏ ယောကျ်ားလေး မိတ်ဆွေက ရိုက်နှက်နှိပ်စက်ထားမှုကြောင့် ဒဏ်ရာများ နာကျင်လာ၍ ဆေးရုံသို့ သုံးရက်တက်ရောက် ဆေးကုသခံခဲ့ရကြောင်း–

ဆေးရုံတွင် ယောကျ်ားလေးမိတ်ဆွေက ငါညက ဆေးခြောက်နဲ့ အရက်နှစ်ပင်လိမ်သွားလို့ ဖြစ်သွားရတာ တောင်းပန်ပါတယ်ဟု လာပြောကြောင်း မိန်းကလေးက ၎င်းအား မမြင်ချင်ဘူးဟု ပြောလွှတ်ခဲ့ကြောင်း သို့ပါ၍ မိမိအား အနိုင်အထက်ပြုခဲ့သော တရုတ်ကုလားကပြား မိတ်ဆွေယောကျ်ားလေး ကိုမျိုးကျော်ဆိုသူအား ဥပဒေနှင့်အညီ အရေးယူပေးပါရန် မိန်းကလေးမှ တိုင်တန်းစာဖြင့် တိုင်ကြားခဲ့၍ ကျွန်းသာယာရဲစခန်းမှ ဗလက္ကာရ ပြုလုပ်ကျူးလွန်မှု နာကျင်စေမှု ပုဒ်မများ တပ်၍ အမှုဖွင့်အရေးယူခဲ့လေသည်။

တိုင်ချက် မိတ္တူအား ဖတ်ရှုလိုက်ပြီး ကျွန်တော်က စိတ်မသက်မသာစွာနှင့် သက်ပြင်းချလိုက်မိပါသည်။

ကမ္ဘာနှင့် ချီ၍ပြောရပါမူ ယနေ့ခေတ် ကမ္ဘာပေါ်၌ မိန်းကလေး အတော်များများမှာ လုံခြုံမှု ကင်းမဲ့နေကြရရှာလေသည်။ အိန္ဒိယနိုင်ငံ၌ မိန်းကလေး တစ်ယောက်အား ဝိုင်း၍ ဗလက္ကာရ ပြုကျင့်ခဲ့ကြပြီး ကားပေါ်မှ ပစ်ချထားခြင်းခံခဲ့ရကာ ထိုမိန်းကလေးမှာ နာရီ အချိန်အတန်ကြာသည်အထိ အကူအညီ မရနိုင်ရှာဘဲ နောက်ဆုံး ဆေးရုံတစ်ရုံ၌ ဆေးကုသမှု ခံယူနေရင်း သေဆုံးသွားခဲ့ရသည့် ဖြစ်စဉ်၌ အိန္ဒိယနိုင်ငံအမျိုးသမီးထု တစ်ရပ်လုံးက ဒေါသပေါက်ကွဲကာ ဆန္ဒပြပွဲကြီးဖြစ်ပေါ်လာခဲ့ရသည့် ဖြစ်စဉ်မှာ မကြာသေးမီကပင် ဖြစ်ပွားခဲ့သည်။

ထို့အတူ မြန်မာပြည်သို့ အလည်အပတ် ရောက်လာသော နိုင်ငံခြားခရီးသည် ဂျပန်နိုင်ငံသူ မိန်းကလေးအား ပုဂံနယ်မြေ၌ ဆိုင်ကယ် ကယ်ရီသမားတစ်ဦးက ဗလက္ကာရ ပြုကျင့် သတ်ဖြတ်မှုဖြစ်စဉ်တစ်ရပ် အရုပ်ဆိုးစွာဖြစ်ပွားခဲ့ရာ ဂျပန်နိုင်ငံနှင့် သံခင်းတမန်ခင်းအရ နိုင်ငံတော်အစိုးရမှ အဖုအထစ် မရှိခဲ့၍ တော်ပေသေးတော့သည်။

ယနေ့ ခေတ်ကာလသည် နည်းပညာများ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာနေသည်နှင့်အမျှ လူတို့၏ အကျင့်စာရိတ္တများသည်လည်း ဟင်းလျာ၌ ခပ်သော ဆားသဖွယ် လိုတိုးပိုလျှော့ နည်းဖြင့် အကြိုက် တစ်မျိုးစီလိုက်၍ လွတ်လပ် ကွဲပြားစွာ ခြားနားလာကြကုန်၏။ ယဉ်ကျေးမှုဟူသည် အဝေး၌ ကျန်ခဲ့လေပြီ။ လောကုတ္တရာ အကျိုးစီးပွားအတွက် အပင်စိုက်လိုသူများကလည်း လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတလုပ်ငန်းများအား စူးစိုက်စွာ ပြုလုပ်လာကြပြီး သေရည်သေရက် သောက်စားဖက်ကာ အပျော်ကျူးလိုသူများကလည်း K.T.V၊ နိုက်ကလပ်၊ အနှိပ်ခန်းစသည်တို့ဘက်၌ ခြေရာချင်းထပ်ကာ ရှုပ်ထွေးပွေလီသော လူမှုဇာတ်ရုပ်ကို ဇာတ်ထုပ်တစ်ခုသဖွယ် အဖန်တလဲလဲ ကိုယ်တိုင် ပါဝင်ကပြကြကုန်လေ၏။

ယင်းတို့မှ အရောင်ကူးစက်ခံရသော လူငယ်လူရွယ်တို့မှာ အင်တာနက်များ ကွန်ပျူတာဆိုင်များမှ မကြည့်ချင်တင်ဆုံးဆိုရမည်။ အပြာဇာတ်ကား များ၊ ဖော်ချွတ်ဇာတ်လမ်းတွဲ



www.burmeseclassic.com

www.burmeseclassic.com



များအား အရွယ်မရောက်သေး မီကပင် အလိုရှိတိုင်း ကြည့်ရှု နိုင်နေကြပြီဖြစ်၍ ကာမရာဂ စိတ်တို့မှာ နုနယ်ပျိုမြစ်သော အရွယ်၌ပင် အမြစ်တွယ် လွှမ်း မိုး ခံနေရပြီဖြစ်၏။

ထိုစိတ်ရိုင်းများအား မီး လောင်ရာပင့်သော လေပမာ အလုံပိတ် အခန်းများနှင့် ကော် ဖီရှော့ဆိုင်များကလည်း မြို့ပြ ကျေးလက်နေရာအနှံ့၌ မိုးတွင်း အခါတွင်ပေါက်သော မှိုများသ ဖွယ် အသင့်ရှိနေကြပြီဖြစ်ရာ အပျံသင်စအရွယ် မိန်းကလေး တို့အတွက် ရတက်ပွား ရေတိမ် နစ်ရသော အန္တရာယ်များသည် တစ်နေ့ထက်တစ်နေ့ စိုးရိမ်ရေ မှတ်အထိ ရောက်ရှိနေလေပြီ။

ယခု ကျွန်တော် ဖတ်ရှု လေ့လာနေသော ထိုအမှုတွဲ သည် လူငယ်ချင်း မြင်တွေ့ဖန် များရာမှ ချစ်တင်းနှောရန် အ ကြံပေါက်သည့် အဆင့်မှပင် မိန်းကလေးသည် အမှန် တ ကယ် ကြောက်ရွံ့ရ၍လိုက်သွား ရခြင်းလည်းဖြစ်ကောင်း ဖြစ်နိုင် ပေ၏။ နှစ်ကိုယ်တူကြည်ဖြူ၍ လည်း ဖြစ်ကောင်းဖြစ်နိုင်ပေ၏။ သို့တစ်စေ သုံးရက်မြောက်သော ညှ၌ ယောက်ျားလေးက ရမည် ရှာကာ ရိုက်နှက်နှိပ်စက်ခြင်း သည်ကပင် ယောက်ျားလေး၏ ဇာတ်ရုပ် ပေါ်လာခြင်းဖြစ်၏။

မည်သို့ပင်ဆိုစေ လူ ငယ် လူရွယ်တို့အတွက် လူကြီး မိဘများအား ဖွင့်ဟမတိုင်ပင်ဘဲ ခုမြင်၊ ခုကြိုက်၊ ခုလိုက်ပြေး၊ ခုကွဲပြဲဆိုသည့် မဆန်းတော့ပြီ ဖြစ်သော ချစ်ကြိုက်ကွဲ ဇာတ် လမ်းတွင် နစ်မွန်းကြရသူအများ စုမှာမိန်းကလေးများဖြစ်ကြောင်း သင်ခန်းစာရယူနိုင်ရန် အတွက် လည်းကောင်း၊ ယောက်ျားလေး အနေဖြင့်လည်း မိန်းကလေးများ အား စိတ်မရှင်ပျစေဘဲ စိတ် ညစ်ညူးအောင် အနိုင်အထက် ပြုမိပါက ဥပဒေ၏ သားကောင် ဘဝ ရောက်တတ်နိုင်ကြောင်း သင်ခန်းစာ ရယူနိုင်စေရန်အ တွက်လည်းကောင်း အမှုစစ်ထံ ခွင့်ပန်၍ တရားခံအား မှတ်တမ်း ဓာတ်ပုံရိုက်ကာ အိမ်သို့ပြန်လာ ခဲ့ပါတော့သည်။

❦ ❦ ❦

"ဆရာ ဦးမောင်ဆွေ နဲ့ တွေ့ချင်လို့"

တစ်နေ့သော နံနက် ခင်း၌ အသက် ၃၀ ကျော်အ ရွယ် အမျိုးသမီးတစ်ဦး ကျွန် တော့် အိမ်သို့ ရောက်ချလာ၏။ ကောင်းသော လာခြင်းတော့ မဟုတ်ပေ။ ထိုအမျိုးသမီး ကျွန် တော့်ထံသို့လာရှာသွားသည်မှာ နှစ်ကြိမ် ရှိပြီဖြစ်ကြောင်း၊ ယခု တစ်ကြိမ်နှင့်ဆို သုံးကြိမ်ရှိပြီဖြစ် ကြောင်း၊ ဇနီးဖြစ်သူက ကြို တင် ပြောပြထားပြီးဖြစ်သည်။

"ကျွန်တော်ပါပဲဗျာ မောင်ဆွေဆိုတာ၊ ကဲ ပြော ကျွန်တော် ဘာကူညီခွင့်ရမလဲ"

"ကျွန်မ ပြဿနာဖြစ် တဲ့ မောင်မျိုးကျော်ရဲ့ အစ်မပါ။ မောင်မျိုးကျော်ကို မနေ့က အစ် ကို ဓာတ်ပုံလာရိုက်သွားတယ် ကြားလို့ အဲဒီသတင်း အစ်ကို ရေးမှာလား၊ ပြဿနာကိုရော အမှန်အတိုင်းသိရဲ့လား။ ကျွန်မ မောင်လေးက မတရားစွပ်စွဲခံရ တာ။ ကျေအေးပေးမယ်ဆိုလို့ ဆေးရုံပေါ်မှာ ငွေ ၁၂ သိန်း လျော်ပေးပြီးပြီ။ ကျွန်မတို့က ကုန်သည်တွေဆိုတော့ သတင်း ထဲမပါစေချင်ဘူး။ မိတ်ဆွေတွေ က တော့ပြောပါတယ်။ သတင်း ကို မမှန်ဘဲရေးရင် သတင်း ထောက်ကို တရားစွဲလို့ရတယ် တဲ့"

ပြေလည်အောင် နား ဝင်အောင် လာရောက်ဆွေးနွေး ခြင်းမဟုတ်ဘဲ ခြိမ်းခြောက်မှုဖြင့် အဆုံးသတ်သော ထိုအမျိုးသမီး ၏ စကားကြောင့် ပုထုဇဉ်ပီပီ အမျက်ထွက်သွားမိပြီး အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးစွာပင် တုံ့ပြန်လိုက်မိသည်။

"စွဲလိုက်ပါ ခင်ဗျား။ ကိုယ့်အကြံပြုတဲ့ လူတွေကို မောင်ဆွေက ပြောတယ်လို့ တရားစွဲနိုင်ပါတယ်။ စွဲလိုက်ပါလို့"

လာရောက် ဆွေးနွေးရင်း ဥပါယ်တစ်မျှဦ မဟုတ်ဘဲ ဖြောင်ကျကျ ခြိမ်းခြောက်စကားဆိုလာသော "မစန်း" အမည်ရှိ အမျိုးသမီးအား ထိုသို့ထိုနှယ် တုံ့ပြန်လိုက်မိ၏။

မှုခင်းသတင်းထောက်တို့၏ ဘဝသည် တစ်ဖက်တွင် တရားဥပဒေနှင့် တစ်ဖက်တွင် ဒုစရိုက်သမားဟူသော ချောက်တွင်းနက်ကြီး နှစ်ခု အလယ်တည့်တည့် ကြိုးတန်းပေါ်တွင် ကလောင်တစ်ချောင်း၊ ကင်မရာတစ်လက်ဖြင့် အရဲစွန့်ဖြတ်သန်းကာ အများပြည်သူတို့ မှုခင်းများနှင့် ပတ်သက်သော ဆောင်ရန်ရှောင်ရန် သင်ခန်းစာ ဗဟုသုတများရရှိစေရန် စေတနာ၊ ဝါသနာ၊ နစ်နာမှုများစွာတို့ကို ရင်းနှီးမြှုပ်နှံ၍ လျှောက်လှမ်းနေကြသော ကြိုးတန်း လမ်းလျှောက်သမားများဖြစ်၏။ ထို့အတွက် မလိုသူဒုစရိုက်သမားတို့က မှုခင်းသတင်းထောက်များအား အမြဲတစ်စေ ခြိမ်းခြောက် ကြိမ်းမောင်းခြင်း ပြုကြ၏။ မတတ်နိုင်ပါချေ။ ဖြစ်ပွားပြီးသော ရာဇဝတ်မှုခင်းများ ချုပ်ငြိမ်းစေရေးနှင့် မဖြစ်ပွားသေးသော ရာဇဝတ် ဖြစ်မှုများအား ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် မှုခင်းသတင်းထောက်ပီပီ အများပြည်သူဘက်မှရပ်တည်ကာ ဒုစရိုက်စိတ်ဓာတ်ရှိသူ မှန်သမျှကို ရဲဝံ့စွာဖော်ထုတ်တင်ပြရပေမည်။

❦ ❦ ❦

"အစ်ကို ဂျာနယ်ထဲကို ထည့်လိုက်တာလား၊ တရားရုံးက အမှုမစစ်ဆေးရသေးဘဲနဲ့ ဒီလိုမျိုးရေးလို့ ရသလား"

ထုံးစံအတိုင်း ဂျာနယ်ထဲ သတင်းပါလာပြီဆိုတော့ ကက်ကက်လန် ရန်မတွေ့ရုံ တမည်ပင်။ မစန်းဆိုသူ အမျိုးသမီးမှာ ကျွန်တော့်အိမ်သို့ ဒုတိယ တစ်ခေါက်ရောက်လာပြီး သတင်းရေးသားသူအား စုံစမ်းပါလေတော့သည်။ ကျွန်တော့်မှာလည်း ထိုသို့ ရင်ဆိုင်ကြုံတွေ့ရမည်ကို သိလျှက်နှင့်ပင် ဖြစ်ရပ်မှန်ပေါ် အခြေခံ၍ အများပြည်သူတို့ သင်ခန်းစာယူ၍ သတိပြု ဆင်ခြင်တွေးတောရှောင်ရှားနိုင်ကြစေရန် ပညာပေး သတင်းထုတ်ပြန်ခဲ့သည် မဟုတ်ပါလော။

မိန်းကလေးတို့ အနေဖြင့် မြင်မြင်လေရာ ယောကျ်ားသားတို့အပေါ် ကိမ်းလွယ်၊ ညွှတ်လွယ်၊ မပြုမိစေရေး မြင်မြင်သမျှကို မကြောက်မလန့်စေရေး ဆင်ခြင်သတိပြုသင့်သည့်အတွက်လည်းကောင်း၊ ယောကျ်ားသားတို့ အနေဖြင့်လည်း တစ်အူတုံ့ဆင်း မိဘများမှ ပေါက်ဖွားသော မိမိ၏ ညီမများ အစ်မများ ထိုမိန်းကလေးနေရာ၌ တွေ့ကြုံခံစားရလျှင် မည်သို့ရှိမည်နည်းဟု ကိုယ်ချင်းစာနာစိတ် ထားတတ်စေရန်လည်းကောင်း၊ ယခုဖြစ်ရပ်၌ ညအမှောင်တွင် အသက်အေးနှင့်ယှဉ်သော ထိတ်လန့်ကြောက်ရွံ့ဖွယ်၊ သွေးပျက်မတတ် ရင်ဆိုင်ကြုံတွေ့ရသည့် မိန်းကလေးတစ်ယောက်အတွက် ဘဝနှင့် ရင်းကာ ပေးဆပ်လိုက်ရသည့် ကြီးမားသောသင်ခန်းစာအဖြစ်အပျက်သည် ကွင်းကွင်းကွက်ကွက် သိသာလွန်းနေ၏။

"မီဒီယာတွေ ဝင်ပါလာတော့ ကျွန်မတို့ အတွက် ဆောင်ရွက်ရတာ အဆင်မပြေဘူးပေါ့"

မစန်းက မီဒီယာတွေ



www.burmeseclassic.com

www.burmeseclassic.com



…ပါအပြစ်ဖို့ စကားဆိုလာပြန် …

အမှန်တော့ မီဒီယာ …သည် သတင်းထုတ်ပြန်ရုံမျှ …ဖြစ်ပြီး အများပြည်သူတို့ကို …သိပညာ ဖြန့်ဝေရုံသာဖြစ် …ကြောင်း၊ တရားစီရင်ရေးနယ် …ယ်အား ဝင်ရောက် စွက်ဖက် …ခွင့်မရှိကြောင်း မစန်း တစ် …ယောက် သိပင်သိသော်ငြား …သည်း မိမိ၏မောင်က တစ်ဖက် …သား မိန်းကလေးအပေါ် ညကြီး …င်းကြီး အနိုင်အထက်ပြု နှိပ် …က်ခဲ့၍ ဆေးရုံပေါ်ရောက်ခဲ့ရ …သည်ကို ကိုယ်တိုင်သွားရောက် …တွေ့ဆုံသိမြင်ခဲ့သော်လည်း ထို …စ်စွကို အမှောင်ချထားလိုမှု …ကြောင့် မီဒီယာသမားများဖြစ် …သော ကျွန်တော်တို့ အပေါ် …ချောကာတစ်လုည့် ခြောက်ကာ …တစ်မျိုး မာယာသုံး၍ ဟန့်တား …ခြင်းသာဖြစ်ပေသည်။

မစန်းကား ထိုမျှနှင့်ရပ် …သွားပါချေ။ မြို့ပေါ် အာဏာ …ပိုင်အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ ထံ …လူကိုယ်တိုင်ဝင်ရောက်တွေ့ဆုံ …တိုင်ကြားခြင်း၊ ရန်ကုန်မြို့ရှိ မှူ …ခင်းဂျာနယ်တိုက်နှင့် စာပေအဖွဲ့ …အစည်းများ အပါအဝင် နိုင်ငံ …တော်အကြီးအကဲများ အထိပါ …တိုင်ကြားခြင်းများ မိမိစွမ်းသမျှ မီးကုန်ယမ်းကုန်တိုင်ကြား တိုက်ခိုက်မှုပြုခဲ့ပါလေ၏။

ရန်ကုန်မြို့ပေါ်ရှိ မှုခင်းဂျာနယ်တိုက်ကလည်း ကျွန်တော့်ထံသို့အကြောင်းပြန်ပါလေ၏။ မင်းကို ဒီလိုပဲ တိုင်စာပို့တယ်ကွ။ ငါတို့ဖြေရှင်းလိုက်ပါတယ်။

ကိုယ့်ဥမှ ကိုယ့်ဥဟု အထင်ရှိကြသော အနီမိန်းမသားတို့မှာ တစ်နေ့သောအခါ တယ်လီဖုန်းဖြင့် ကျွန်တော့်ထံဆက်သွယ် ရန်တွေ့ပြန်ပါ၏။

ကျွန်မ ရန်ကုန်က ကုမ္ပဏီပိုင်ရှင်ပါ။ အဲဒီကလေးကို မျိုးကျော်ဟာ ကျွန်မရဲ့ ကုမ္ပဏီမှာ အလုပ်လာလုပ်သွားတာပါ။ အဲဒီကလေး အကြောင်း ဘယ်လောက်သိလို့ ဒီလိုရေးရတာလဲ အဲဒီကလေးအကြောင်း ကျွန်မတို့ အသိဆုံးပါ။

ကိုယ့်''ဥ''မှ ကိုယ့်''ဥ''ဆိုသော အမျိုးသမီးတစ်ယောက် ထပ်တိုးပြန်ပါလေပြီ။ ကျွန်တော်ကလည်း စိတ်အချဉ်ပေါက်လာသဖြင့် –

''ခင်ဗျားနဲ့ မောင်မျိုးကျော် ဘာတော်သလဲ၊ ဘယ်လို တော်သလဲ''

''ဘာမှတော့ မတော်ပါဘူး''

''ဘာမှမတော်ရင် ဘာမှ မပြောနဲ့၊ ခင်ဗျားမိန်းမသားတစ်ယောက်အနေနဲ့ မိန်းမချင်းကိုယ်ချင်းစာပြီး အဲဒီနေ့ ညဖြစ်ပျက်ခဲ့တဲ့ မိန်းကလေး နေရာမှာ ခင်ဗျားကိုယ်တိုင်ဖြစ်နေပြီး ခင်ဗျားကို အခြား ယောကျာ်းတစ်ယောက်က အဲဒီလိုပြုမူမယ်ဆိုရင် ခင်ဗျား ဘယ်လိုခံစားရမလဲ။ ခင်ဗျားစဉ်းစား– ဒါပဲ''

ကျွန်တော် စိတ်ဆိုးမာန်ဆိုးနှင့် ဖုန်းကို တစ်ဖက်သတ် ပိတ်ပစ်လိုက်၏။

''သမီး နောက်တစ်ခါ ဖေဖေ့နာမည်နဲ့ ဖုန်းတွေလာရင် ဘယ်သူခေါ်ခေါ် ဖုန်းမှားနေပါတယ် ပြောလိုက်''

အနာပေါ် တုတ်ကျခြင်းထက် တုတ်က အနာပေါ်မကျရဘဲ တုတ်ပေါ်သို့ အနာများ ကျကျလာသည့် အဖြစ်အပျက်ကား ဤလူ့လောက၌ ကိုယ့်''ဥ''မှ ကိုယ့်''ဥ''ဟူသော လူစားများအတွက် ရှိနေဦးမည်သာတည်း။

မောင်ဆွေ(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com



# စိုးရိမ်မှုဆွေးရသောအချစ်

## ကျော်သန်းစံ

ချစ်ခြင်းတို့ မဖွဲ့ရာ၊ ချစ်ခြင်းမှ စိုးရိမ်ခြင်းဖြစ်ပေါ်၏။ ချစ်ခြင်းမှ ကြောက်ခြင်းဖြစ်ပေါ်၏။ ချစ်ခြင်းမှ ကင်းလွတ်သောသူအား အဘယ်မှာလျှင် စိုးရိမ်ခြင်းကြောက်ခြင်းသည်ရှိတော့ အံ့နည်းဟု ဓမ္မပဒ၌လာရှိသည်။

ခွေးဟောင်သံကြားတိုင်း ထရံပေါက်မှ မြသီချောင်း ချောင်းကြည့်ရတာအမော။ ယခုလည်း အိမ်ရှေ့က ခွေးဟောင်သံကြားနေရပြန်ပြီ။ အခုတော့ မြသီ ရွာကို ပြန်ရောက်လာရပြန်ပြီ။ အခုလို ရောက်လာရခြင်းကို မြသီမတွေးမနှပ်ဖြစ်နေသည်။ ရန်ကုန်မှ လူဖမ်းလိုက်လာမည်ကို ကြိုတင်သိနေသည်။ ရွာကို ပြန်ရောက်လာရခြင်းသည်။ ကောင်းသောအမှုကို ပြုပြီး ပြန်လာသည် မဟုတ်။ တရားဥပဒေအရ ခွင့်မလွှတ်နိုင်သော ဖြစ်မှုကို ပြုမိ၍ ခေတ္တ တိမ်းရှောင်လာခြင်းသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အကြောင်းကို အသိမ ခံရပေ။ အဖေနှင့်အမေ ညီအစ်ကိုမောင်နှမများကိုလည်း ယောကျ်ားနှင့် စကားများထားသည်ဟုသာ ပြောထားသည်။ လူသည် တစ်ခါတစ်ရံ အမှန်တရားကို ထုတ်ဖော်ပြရန် ဝန်လေးနေတတ်သည်။ တရားဥပဒေနှင့် ဝတ်သက်နေသဖြင့် ပို၍ ဝန်လေးနေသည်။

ယခုလည်း မြသီသည် အိမ်ထဲမှ အပြင်မထွက်ဘဲ အိမ်ထဲမှာအောင်းနေခဲ့သည်မှာ ရွာကိုရောက်တတည်းကသုံးရက်ရှိ နေပြီဖြစ်သည်။ သူငယ်ချင်းများ ရောက်လာလျှင်လည်း နေမကောင်းဟုသာ အကြောင်းပြကာ အတွေ့မခံဘဲ ရှောင်နေခဲ့ရသည်။ မြသီသည် လုံးဝအပြင်ဘက်သို့ ထွက်ခြေသွားချင် စိတ်ပေါက်နေသည်။ မြသီသည် စိတ်၏ ကျဉ်းကျပ်မှုနှင့်အတူ အတွေးများက သူနှင့်တွေ့ဆုံခဲ့ရသော အဖြစ်အပျက်များဆီသို့ ရောက်သွားလေတော့သည်။

❀❀❀❀❀

တစ်နေ့တွင် လှည်းတူး ဖောင်ကြီးကားပေါ်မှာ သူ့ကို စတင် တွေ့ခဲ့ရသည်။ သူဆိုသည်မှာ ကိုကျော်စွာဝင် ဖြစ်သည်။ မြသီသည် ကားပေါ်၌ နာခေါင်းသွေးထျံ နေသည်။ မြသီ အတို့နှင့်ထဘီမှာ သွေးတွေ မြင်မကောင်းဖြစ်နေသည်။ ဘေးက လူများ လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။

သူငယ်ချင်း လုမနေနှင့် ဘုတ်ဆုံ မတို့က သွားမထွက်အောင် ပြုလုပ်ကြသော်လည်း အချည်းနှီးပင်ဖြစ်သည်။

ထိုအချိန်၌ ကားခေါင်းခန်းတွင် ထိုင်နေသော ကိုကျော်စွာ ရောက်ချလာသည်။

"ဘာဖြစ်ကြလို့လဲဗျာ"

"နာခေါင်းက သွေးလျှံလို့ပါ"

"ဪ . . . ဒီလိုဆို ကျွန်တော့် ရေခဲဘူးထဲမှာ ရေခဲတွေပါတယ်။ နည်းနည်းယူပြီး ခေါင်းပေါ်တင်လိုက်ပါလား"

ပြောပြောဆိုဆို သူ ရေခဲဘူး ယူလာပြီး လက်ကိုင်ပဝါထဲထည့်ကာ ခေါင်းပေါ်မှာ တင်ပေးသည်။ အကြင်နာက စ တယ်ဆိုတာ ဒါပဲဖြစ်မှာပါ။ ခင်မင်မှုကို အခွင့်ကောင်းယူတတ်သော ကိုကျော်စွာက မြသီတို့ ရွာကို မကြာခဏရောက်လာတတ်သည်။

သူက အစိုးရအရာရှိ တစ်ဦးဖြစ်တဲ့ အကြောင်း အခု အလုပ်ကိစ္စနဲ့ ဒီရွာကို လာခဲ့ရကြောင်း ပြောပြသည်။ မြသီက ရုပ်ရည်ချောမော၍ အကြင်နာ ပိုသည့် အရာရှိကလေး ကိုကျော်စွာကို စိတ်ဝင်စားနေမိသည်။

မျှော်လေတိုင်း မောရတဲ့ အလုပ်ကို ဘာလို့များ၊ မိန်းမတွေရဲ့ အလုပ်ရယ်လို့ သတ်မှတ်ကြသလဲ မသိဘူးနော်။ အခုတော့ မြသီမျှော်ရလေပြီမဟုတ်လား။ မျှော်ရမှန်းများလာတော့ဝင်ပန်းလာရပြီလေ။

တစ်နေ့တွင် သူနှင့်လူကြီးနှစ်ယောက် ရောက်လာကြပါသည်။ အဖေနှင့်အမေကို မြသီအား သူ နှစ်သက်နေပါတယ်။ မိသားဖသားစီစီ တောင်းရမ်းယူလိုပါကြောင်း သူတို့နှစ်ယောက် ကို တစ်ခါတည်းပေးစားပါရန် စီကာစဉ်ကာ ဖွင့်ပြောပါသည်။ မြသီက မဆွတ်ခင်က ညွတ်ချင်နေပြီ။ အလိုလိုခေါင်းညိတ်ပြီးသားဖြစ်နေသည်။

သူတို့ နှစ်ယောက်ကို စေ့စပ်ပေးစားပြီး နှစ်ရက်လောက်ကြာတော့ ရန်ကုန်ကိုပြောင်းရမယ်ဟု ပြောလာသည်။ မြသီကိုလည်း ဆွေမျိုးမျိုးဖြေခေါ်သွား ချင်တယ်ဟု အဖေနှင့်အမေတို့ထံ ဝန်ကြီးပြောဆိုလာပါတော့သည်။

လူကြီးဆန်ပြီး ရည်မွန်လှသော ကိုကျော်စွာကို အကြွင်းမဲ့ ယုံကြည်နေပါသည်။ မြသီ အလုပ်လုပ်၍ ရထားသော ရွှေဆွဲကြိုးနှင့် လက်စွပ်တလေးအပြင် အမေ အရိုးဘဝက ဝတ်ဆင်ခဲ့သော ရွှေနင်းဆီ လက်ကောက်ကလေးတစ်ရန်ကိုပါ အမေ့ ဧည့်ခံအကျီထဲမှ ထုတ်ပေးပါသည်။

အမေက မျက်ရည်လေးတစမ်းစမ်းဖြင့် လိမ်လိမ်မာမာနေရန် မှာကြားနေပြန်သည်။ ယောကျ်ားတန်မဲ့ မျက်ရည်ကျနေသော ဖခင်ကို မြင်ရပြန်တော့လည်း မြသီ ရင်မှာမချိတင်ကဲ ဖြစ်ရပြန်တော့သည်။ ချစ်သူမျက်နှာတစ်ဝက်ထွာ ထင်မိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော မြသီသည် မိဘမေတ္တာကြားမှ ကိုကျော်စွာ၏ မေတ္တာရိပ်၌ ခိုလှုံရတော့မည်ဟု စိတ်ကူးယဉ်ခဲ့သည်။ ရောက်လာပြီး မိသားစု (၄)ယောက်ရှိသည့် အိမ်ကျဉ်းကျဉ်းကလေးထဲမှာ နေရတော့သည်။ ရောက်စတော့ မိသားစု အားလုံးက ဝမ်းဝမ်းတသာ ကြိုဆိုကြပါသည်။ သုံးလလောက် ကြာတော့ မကြည်ဖြူကြတော့ပေ။

ဘာကြောင့်လဲဆိုတော့ မြသီဆီမှာပါလာသည့် လက်ဝတ်လက်စား ရွှေငွေတွေ ကုန်သွားပြီလေ။ ကိုယ်တော်ချောကလည်း ရုံးက အပြစ်ပေးခံရသဖြင့် ရုံးမတက်ရတော့ဘူးဟုပြောသည်။ ကြာတော့ သူတို့အကြောင်းတွေကို အတုန်သိလာရသည်။ ကိုယ်တောချောက ဘာမှ အလုပ်မရှိဘူး။ ရှိချင်ယောင်ဆောင်ကာ မြသီရဲ့ မေတ္တာကို မဟိမ့်တပတ်နဲ့ အရယူခဲ့ခြင်းပင်။

သူ့အိမ်နှင့် အဆင်မပြေသည့်ကြားထဲမှာ ကိုကျော်စွာက ညနေအိမ်ပြန်လာတိုင်း မူးလာတတ်သေးသည်။ အခုတလော မိန်းမတစ်ယောက်နှင့်ခြေရှုပ်နေသည့် အကြောင်းကြားနေရပြန်သည်။ မပတ်ပါစေနဲ့။ အရက်ပဲ သောက်တတ်တာပဲလို့ မြသီ ဆုတောင်းနေမိသည်။

မြသီ ဆုတောင်းမပြည့်ခဲ့ပါ။ တစ်နေ့တွင် ကိုကျော်စွာနှင့် အမျိုးသမီး တစ်ယောက် အိမ်ပေါ်သို့ တက်လာကြသည်။ မြသီတို့ သူညီမဟုဆိုကာ မိတ်ဆက်ပေးနေသည်။

မုန့်သာ ဝေစားမယ်။ လင်ကိုတော့ ဝေမစားနိုင်ဘူးဆိုတဲ့အတိုင်း စိတ်မကောင်း ဖြစ်ရပါသည်။ ကိုကျော်စွာကို ဒေါသဖြစ်နေမိသည်။ ကိုကျော်စွာကို ရုပ်ကလေးသနားကမားနဲ့ မိန်းကလေးတွေ ဘယ်လောက်များလိမ်ဦးမည် မသိဟု စိတ်ထဲမှာ တွေးနေမိပါသည်။

သည်အတိုင်းသာ ဆိုလျှင် ခက်ရချေတော့မယ်။ မြသီမှာ ပစ္စည်းလည်းဆုံး လူလည်းဆုံးနဲ့ အရှုံးကြီးရှုံးခဲ့ရလေပြီဟု ငိုခဲ့ရလေသည်။ ဒါကြောင့် မြသီ စိတ်ဒုံးဒုံးချ ဆုံးဖြတ်လိုက်ပါသည်။ ကိုကျော်စွာကို ပြတ်စဲရန် ဆုံးဖြတ်ချက်ချနေမိသည်။

သည်နေ့ မြသီ တစ်သက်မမေ့ပါ။ ကိုကျော်စွာက အမျိုးသမီးတစ်ယောက် ခေါ်လာသည်၊ အို မပြောချင်ပါဘူး။ သူတို့ နှစ်ယောက် အိပ်ခန်းထဲမှာ နှစ်ပါးသွား နေလိုက်ကြတာ ကိုယ့်မယား တစ်ယောက်လုံးကိုတောင် ဂရုမစိုက်နိုင်လောက်အောင် အပျော်ကျူးနေကြသည်။ လူ့ဘီလူးကို မြသီခွင့်မလွှတ်နိုင်တော့ပါ။ ကိုကျော်စွာကို သတ်ပြီး ပစ္စည်းအနည်းအကျဉ်း ယူကာ မြသီရွာသို့ တစ်ချိုးတည်း ထွက်ပြေးလာခဲ့ပါတော့သည်။

●●●●●

မြသီ၏ အတိတ်မှ အတွေးတို့သည် ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာသည်။ ရုပ်ကချောသလောက် မိန်းကလေးတွေကို လှည့်စားလိမ်ညာတတ်သောသူကို လူပြည်၌ အရှင်မထားခဲ့သည်ကို မြသီ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေမိသည်။

သို့သော်လည်း တရား ဥပဒေအရ ခွင့်မလွှတ်နိုင်သော ပြုမှုချက်ကြောင့်သာ မြသီ ရှောင်တိမ်းနေရသည်။ ပြေး၍ လွတ်ရိုးထုံးစံမရှိသော ရာဇဝတ်သားအား မြသီ ကြောက်နေမိသည်။

ခွေးဟောင်သံကြားတိုင်း ထရံပေါက်မှ မြသီ ချောင်း ချောင်းကြည့်ရတာ အမော။ အခုလည်း အိမ်ရှေ့မှ ခွေးဟောင်သံများ ကြားနေရပါသည်။ မြသီ ထရံပေါက်မှ ချောင်းကြည့်လိုက်သည်။ မျက်လုံးများပြာဝေသွားသည်။ ရင်ထဲကလည်း တဒိတ်ဒိတ်နဲ့ ရင်ခုန်နေသည်။

သူမြင်တွေ့နေရသော မြင်ကွင်းသည် သူ့အတွက် အန္တရာယ်ချောက် နှုတ်ခမ်းရောက် မည့် အခြေအနေဖြစ်သည်။ အကြောက်ကြီးသော စိတ်နှင့် "နောင်တ" သည် သူ့အား ဝါးမျိုမည့်အခြေအနေပင် ဖြစ်သည်။ သူ့မျက်ဝန်းဆီမှ မျက်ရည်တို့သည်လည်း တွေတွေကျနေသည်။

မည်သည့်အတွက်ကြောင့် ဆိုလျှင် ရပ်ရွာလူကြီးများနှင့်အတူ ရဲတပ်ဝင်များသည် သူ့အိမ်သို့ တန်းဘန်း မတ်ဆလာနေသည့် မြင်ကွင်းကို တွေ့လိုက်ရ ဖြစ်လေတော့သတည်း။

**ကျော်သန်း**



www.burmeseclassic.com

www.burmeseclassic.com



# ဒေါ်သကုမာရ လှနောင်

**ကိုကိုလှ -ကမာမြေ**

**အမေ စနေနေ့ နောက် ဆုံးထားပြီး အမြန် ရောက်အောင်လာပါ၊ အရေးကြီး၊ မိန်းကလေး မိဘနှင့် စကားပြောရမည်၊ အဖေ့ကို မခေါ်ခဲ့နဲ့ ..**

လှနောင်

သားဆီက တစ်ချက်လွတ်အမိန့်ရောက်လာသည်။ စာမရေးဘဲကြေးနန်းပို့သည်၊ စာရေးလျှင် အမေမှ မဖတ်တတ်တာ။ သည်တော့ ဘယ်တော့မှ စာရေးလေ့မရှိဘဲ သားအမိတွေ့လျှင် မျိုးလင်းက စကား ထိုင်ပြောသည်။ အမေ့မှာ သားသမီးလေးယောက်ရှိသည်။ အလတ်သမီး နှစ်ယောက်၊ အကြီးဆုံးနှင့် အငယ်ဆုံးက သားလေးတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ ငယ်ငယ်က
ကျောင်းမနေသည်မှာ ဆရာက
ိုက်သဖြင့် စိတ်ဆိုးသောကြောင့်
ဖြစ်သည်။ ဆရာက ပြန်ချော့၍
ရဘဲ ဆရာ့ကိုမခေါ်ဘူးဟု
ယတိပြတ်ပြောခဲ့သည်။ သည်
ဆရာအောင်မြင့်က ပြိုင်ဘက်
ကင်းသည်။ စိန့်ပေါလ်ကျောင်းထွက်
ကုပ်ဆင်ကောလိပ်နေတုန်း စစ်
ဖြစ်၍ တော်လှန်ရေးထဲပါခဲ့
သည်။ နောက်တပ်က ထွက်၍
ကျောင်းဆရာလုပ်တော့ မြို့မ
အထက်တန်းကျောင်းအုပ် တာ
န် ပေးပေမယ့်၊ မလိုချင်ဘူး။
လတန်းပြပဲ လုပ်မယ်၊ ငါ့ရွာက
ငယ်တွေပဲ စာတတ်အောင် ငါ
သင်ပေးမယ်ဟု ဆိုသည်။

ဆရာအောင်မြင့် ဆို
ှင် အုပ်ချုပ်ရေးအရာရှိတွေက
င် ကြောက်ပြီး မြေအောက်
တော်လှန်ရေးခေါင်းဆောင်တွေ
လေးစားသည်။ အလယ်တန်း
ကျောင်းသွားတက်ပြီး အထက်
န်းကျောင်း ပန်းတနော်မှာ
သွားသင်ရသည်။ မကြာခင် ရွာ
အထက်တန်းကျောင်း ဖြစ်
သည်။ အားလုံး အင်္ဂလိပ်
ထူးချွန်အောင် သင်ပေးသည်။

ဆရာ ကျောင်းအုပ်ဘဝက
အငြိမ်းစားယူတော့ ဘုန်းကြီးဝတ်
ပြီး ရွာထဲက ကလေးတိုင်း
ကျောင်းမတက်၍မရ၊ တစ်ရွာလုံး
မှာ စာမတတ်သူဆို၍ အမေတစ်
ယောက်တည်း၊ လူချစ်လူခင်များ
သော ဆရာ့ကို မုန်းသူ အမေ
တစ်ယောက်တည်း။

"စာတတ်မှ မဟုတ်ဘူး
ချမ်းသာအောင် လုပ်ပြမယ်"

အမေ အရွယ်ရောက်
တော့ ပန်းတနော်မှာ ဖျာတက်
ရောင်းရင်း ရန်ကုန်မှာ အခြေချ
သည်။ အိမ်ထောင်ကျတော့
ရန်ကုန်မှာနေသော စက်ဆရာ
ပုသိမ်သား၊ ရန်ကုန်ရောက်က
တည်းက ဟံသာဝတီကနေ
မြောက်ဥက္ကလာမှာ အိမ်ဝယ်ပြီး
ဈေးပဲရောင်းသည်။ ဖျာရောင်း
ရာမှ ပလတ်စတစ်ဆိုင်ဖွင့်၊ အ
ထည်အလိပ်ဆိုင်ဖွင့်၊ ဈေးထဲမှာ
ဆိုင်ခန်း ရရှိခဲ့သည်။

အလုပ်ထဲမှာ ရုံးမှာ
အလုပ်လုပ်သူတို့နှင့် ဆက်နွယ်
ကာ အထည်လပေး ကြွေးစနစ်
နှင့် ရောင်းသည်။ စာမတတ်
သဖြင့် စာရင်းမမှတ်၊ ခေါင်းကို
ကွန်ပျူတာလို အသုံးပြု၊ ဘဝ
နှင့် ပတ်သက်သော အချက် အ
လက်တွေစုဆောင်းသည်၊ တွက်
ကိန်း မများစေရ။

'ငါစာမတတ်လို့ မျက်
လုံးကန်းတယ်၊ ငါ့သားသမီးတွေ
သူတကာထက် မျက်လုံးကျယ်
စေရမယ်'

ကလေးတွေ စာမေးပွဲ
ကျလျှင် အမေငိုပွဲဆင်သည်။
သားတို့ သမီးတို့ လိုတာပြော၊
ပျော်ပျော်နေကြ၊ ပညာတော်
အောင်ကြိုးစား၊ အကုန်ဘွဲ့ရမှ
ကျေနပ်နိုင်မယ် ဆိုတာက အမေ့
အာသီသ၊ ယောကျ်ားက အ
သောက်အစားမက်၊ အပေါင်း
အသင်းများတော့ ...

"မင်းလခ အိမ်မပေးနဲ့
ငါမှာတဲ့ ပစ္စည်းလဲ တစ်ပြားမှ
မဖြုန်းနဲ့၊ ငါ့သားသမီးတွေ သင်
ဖို့"

ဟု အတိအလင်းပြော
သည်။

သားကြီး ဆယ်တန်း
ရောက်တော့ လင်မယားရန်ဖြစ်
ပြီး၊ မပေါင်းဟု ယတိပြတ် ကွာ
ရှင်းသော် ..

"မပေါင်းရင် နေပါ၊
အိမ်မှာပဲ မောင်နှမလို နေပါ့မယ်



www.burmeseclassic.com

www.burmeseclassic.com



ငါပျော်သလို နေပါရစေ၊ သား သမီးကို မခွဲပါစေနဲ့''

ဟု ဆိုသည်။

ဖခင်အနေဖြင့် သားသမီးကို အချစ်ပိုမည်။ ဒါပေမယ့် စက်ဆရာလခ အငယ်တန်းစာရေးထက်ပင် များကာ ဖိုမင်လစာ၊ ရုံးအုပ်လစာထက် များသည်။ ရုံးပိတ်ရက် ဟိုက လာခေါ် သည်ကလာခေါ် တစ်ရက်နှစ်ရက်နှင့် သုံးလေးရာရသည်။ ရသမျှ အကုန်ဖြုန်းတာ အရပ်သိသည်။

''ငါမနေနိုင်လို့ လင်ယူတာ၊ ဒါပေမယ့် ငါ့သားသမီး ငါ လုပ်ကျွေးနိုင်တယ်။ လင်လုပ်စာ မှီခိုနေတဲ့ မိန်းမစား မဟုတ်ဘူး''

ဟု အတိအလင်း ပြောသည်။

လင်စိတ်သာ မရှိပေမယ့် လင်ကို အစ်ကိုလိုပဲ ကျွေးသည်။ နေမကောင်းတိုင်း ပြုစုပေးသည်။ အကုန်အကျခံ မပြုစုလျှင် ဒုက္ခဖြစ်သွားနိုင်သည်။

အရက်ဆက်သောက်ပါဆိုတော့ မသောက်ဘဲနေသည်။ ငါဆက်ဆက် သောက်ရင် မြန်မြန်သေမယ်ဟု ဆိုသည်။ ကျန်းမာရေး၊ မကောင်း အရက်မသောက်တော့ အပေါင်းအသင်းတွေ ရှားပါးသွားသည်။ ခေတ်ဟောင်းအငြိမ်းစား လစာသုံးရာ။

ခုတော့ သားသမီးလေးယောက်၊ အကြီးတွေ ဘွဲ့ရသည်။ အငယ်ကောင် ဂျစ်တူးက ဆိုင်ထိုင်၊ ပညာစုံရုံမက ကြင်ယာပါ ရှာပေးသည်။ မြေးတွေပါ လုပ်ကျွေးနိုင်သည်။ လေးယောက်အနက် သုံးယောက်က အိမ်ထောင်ကျပြီး အတူနေ မြေးတွေကိုပဲ ချစ်နေရသည်။ အကြီးကောင် ခုနစ်ပဲ ဘွဲ့ရမှ ဆက်ကျောင်းတက်ပြီး ဒုရဲအုပ်စလုပ်ရတော့ မကျေမနပ်ဖြစ်ပြီး အလုပ်ထဲတွင် စိတ်တိုခက်ထန်မာန်ကြီးသမျှ ဆိုင်ရာက သဘောကျသည်။

ဆယ့်ငါးနှစ်အတွင်း ရဲမှူး ရာထူးတိုးသည်။ အမေတို့ခေတ် အခေါ်အဝေါ်ဆိုင်ရာ ရဲဝန်းရာထူးသာဖြင့်ပြီး မိန်းမမယူသဖြင့် တပူပူတဆူဆူ လုပ်ရသည်။ လွတ်လပ်ပျော်ရွှင်တယ်၊ ကလပ်မှာပဲ နေမယ်၊ သောက်မယ်၊ စားမယ်၊ ပျော်မယ်၊ ပါးမယ်၊ သီချင်းဆိုတတ်သည်၊ အသက်လေးဆယ် ပြည့်၍ မင်းမိန်းမမယူရင် ငါသားမတော်ချင်ဘူး။ မင်းအတွက် ပူပန်မနေနိုင်ဘူးဟု ရာဇသံပေးသည်။ မိန်းမတွေကို ငါနှင့်မတန်ဟု အထင်သေးတာ မခံနိုင်၊ ပြီးတော့ ပန်ကာ့ထိပ်သီး အလှမယ်လောက်မှ အပျော်မယားထားသည်မှာ ရောဂါရလျှင် ဘယ်နှယ့်လုပ်မတုံး ..

''အမေ စိတ်အေးအောင် အိမ်ထောင်ပြုပါ ကိုကို''

ညီမတွေက ဝိုင်းတောင်ပန်သည်။ ညီမတစ်ယောက်၏ ခင်ပွန်းက လုပ်ငန်းပိုင်ရှင် လူချမ်းသာ၊ အိမ်မှာအတူလာနေတော့

''ဒရိုင်ဘာ မထားနိုင်ဘူး၊ ထွန်းဝင်းမောင်း''

ဟု အငယ်ကောင်ကို မောင်းခိုင်းသည်။

ဈေးထဲမှာ ထိုင်မနေချင်တော့ အငယ်ကောင် အိမ်ကားမောင်းရင်း၊ တစ်နေ့လေးငါးရာ ဈေးသုံးရှာသည်။ တစ်ထောင်လောက်ရလျှင် အပေါင်းအသင်းကို လေးငါးရာ ပေးရသည်။

မိသားစု ဓါးပွားရေး

www.burmeseclassic.com



ကောင်းပြီး ကလေးတွေက ကျန်းမာရေးမကောင်းသော ဘိုးအေကို ပျော်တော်ဆက်ရင်း အရက်သမားမောင်ကို အသက်ရှည်စေသည်။ အမေအသက်ခြောက်ဆယ်ကျော်ပြီ၊ စီးပွားရေးလုပ်ငန်းတွေ ဘရိတ်အုပ်၍မရသည်အထိ ရပ်ရေးရွာရေး၊ ဘာသာရေး၊ လူမှုရေးတွင် နေရာတကာ အမေမြကြည်မပါလျှင်မပြီး။ ဆက်တိုက်နှစ်စဉ် ရှင်ပြု၊ ပဒ္ဓင်းခံပွဲ ဒကာခံသော အမေမြကြည်ဘဝက ပဒ္ဓင်းဒကာ မယ်တော်ကြီး ဖြစ်လာသည်။ တစ်နှစ် သုံးသောင်းကစ၍ လှူခဲ့သည်မှာ နှစ်နှစ်ကျော်တော့ နှစ်စဉ် သုံးသိန်းလောက် ဖြစ်လာသည်။ တောက ဆွေမျိုးမိတ်သင်္ဂဟတွေ ဆေးရုံတက်လိုလျှင် မြောက်ဥက္ကလာပဆေးရုံ တပ်ပေးသည်။ ဆေးဖိုးစရိတ် တာဝန်ယူပေးသည်။ တတ်နိုင်သူများအား နှုတ်ဖြင့်ဆောင်မခြင်းသာ လက်ခံသည်။ ဒက္ခပေးသလို မလုပ်ဘဲ ကျေးဇူးတင်သည်။

မိသားဟု စားဝတ်နေရေးအတွက် ပူပန်စရာမလို၊ ပြည့်စုံတော့ လှူသင့်သမျှ လှူပစ်သည်။ သေသွားလျှင် ကိုယ့်နောက်ပါမှာမှမဟုတ်တာ၊ ဘယ်ဘက်က တစ်ဆုပ်ကျဲလျှင် ညာဘက်က နှစ်ဆုပ်ဝင်သည်။ သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ နှစ်တိုင်း ပိဋကတ်သုံးပုံလှူသည်။ နောက်ဘဝ စာတတ်သူဖြစ်ရပါလို၏ဟု ဆုတောင်းသည်။ အမေ မယ်တော်ကြီး စာမတတ်၊ စာပေဗဟုသုတက မကြွယ်၊ သို့သော် ပြောထိုက်တာပြော၍ လုပ်ထိုက်တာလုပ်သည်။ အနုံညာတ ခပ်အအဟု မထင်လေနှင့်။ လူမစွမ်းနတ်မ အမျိုးအစားလာပြီး ကလိမ်ကကျစ်လုပ်မည် မကြံနှင့်၊ သူတစ်ပါးပေါ် မတရားသဖြင့် အမှားတစ်စိမျှမရှိ။ မဟုတ်တာမလုပ်။ မိမိအပေါ် မမှန်ကန်လျှင် သည်းခံသင့်မှ ခံသည်။ ပေါင်းသင်းသူကိုသာ ပေါင်း၍ ခင်မင်သင့်သူကို ခင်မင်သည်။

ဥက္ကလာ တည်စကပင် ရောက်ရာ ဝင်ငွေနှင့် တင့်တယ်စွာနေသည်။ စီးပွားဖြစ်လာတော့ တစ်ထပ်အိမ်ကို နှစ်ထပ်အိမ် ပြင်ဆောက်တာကလွဲ၍ သမီးနှင့် သမက်တို့အား အိမ်ရှေ့မှာထားသည်ပင်၊

“ငါ့ဟာ မဟုတ်ဘူး”

အမြဲ ရှင်းတမ်း ထုတ်နေရသည်။ ဂုဏ်တက်ရမှာတော့ ရှက်သည်။ ဘဝကို မေ့ပစ်ပါ၊ သမီးအငယ်က ဆရာဝန်ချင်း ညားပြီး နယ်မှာသာနေရသည်။ မန္တလေးမှာ မောင်နှမလည်း ပြန်ဆုံရော ...

“ကိုကို မိန်းမ ယူရမယ်”

ဖြစ်တော့သည်။ ပညာတတ် အရာရှိ လူချမ်းသာထဲက မိန်းမချော အလိမ္မာ အိမ်ပါ ရွှေမန်းသူကို ခရိုင်ရဲဝန်မင်း ငြင်းချက်ထုတ်၍ မရဖြစ်လာသည်။

အမေပေးစားရင် ယူမည်ဆိုတော့ အမေ့ဆီ ရွှေပေလွှာ စာချွန်တော် မဟုတ်ဘဲ ရာဇာသံပို့သည်။ အမေက လာမကြည့်၊ မပေးစားလျှင် မယူဟု ယတိပြတ် ပြောသည်။ သားသမီးချင်းပင် ဗျိုရိုကရက် ဆန်ချင်သော သားသမီးအလိမ္မာ တုံးကြီးထံ ချက်ချင်းမန္တလေး ထသွားမည်ပြုမှ ရွာက ဆရာဘုန်းကြီးအောင်မြင့် ဘွဲ့အမည် ဦးပဏ္ဏဝ မြောက်ဥက္ကလာဆေးရုံ ရောက်လာကာ ခေါ်တွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမြကြည် ဆရာဘုန်းကြီးကို စိတ်ဆိုးတုန်းပဲလား"

"မေးရက်လိုက်တာ ဘုန်းဘုန်းရယ်၊ ဘုန်းဘုန်းကြောင့် သမီးချမ်းသာလာပြီး သားသမီးတွေ ပညာတတ်အောင် သင်ပေးနိုင်ခဲ့တာ ဘုန်းဘုန်းသာ သမီးရဲ့ ကျေးဇူးရှင်အဖြစ် မှတ်သားထားပြီးသားတွေ့ရမှာ ကြောက်လို့သာ မတွေ့ တာပါဘုရား ခွင့်လွှတ်ပါ"

"အိမ်း . . သိတယ်၊ လူမရောက်ပေမယ့် နှစ်စဉ် ဝါဆိုသင်္ကန်းနဲ့ ကထိန်သင်္ကန်းရောက်နေတယ်၊ လှူဖွယ်ဝတ္ထုအစုလိုက်အပုံလိုက် ရောက်နေတာ ငါသင်ပေးလို့ မဟာပညာကျော်ဝင်းထွေး ဘာဖြစ်နေလဲ၊ လင်မယားကွဲ ကလေးတွေဆင်းရဲ၊ သူလဲ အရာရှိလုပ်ပြီး ရုံးအိပ်ရုံးစားကလေကဝလုပ်နေတာ၊ မယားနဲ့ သားသမီးကို တိုက်တစ်လုံးဆောက်ပေးရုံနဲ့ တာဝန်ကျေပြီသဘောထားတဲ့လူမိုက်၊ လက်ဝဲသမား ဆရာတင်ပြီး ဆင်းရဲလို့မလှူဒါန်းနိုင်ဖြစ်နေတာ ကောင်းသေးလား"

မယ်တော်ကြီးနှင့် မောင်နမဝမ်းကွဲ ပညာတော်ပြီး မာနခဲသူကြီးသမီးနှင့် ညားပြီး နိုင်ငံခြားသွားရကတည်းက ပစ်ထားသည်။ မယားနှင့် မျက်နှာချင်း မဆိုင်ဘဲ အရက်သာ သောက်နေသည်။ သူကြီးသမီး မာနကို အပြီးစီးခဝါမချနိုင်တော့ ကိုယ်ပဲ လက်မှိုင်ချရသည်။

"ငါဒီမှာပဲ သေမယ်၊ သမီးပဲ သင်္ဂြိုဟ်ပစ်၊ ဆင်းရဲရတဲ့ ရွာသားတွေ ဘုန်းကြီးသေမှ ရွာကျေမှ မျိုးမဖြတ်စေချင်လို့ တမင်သမီးဆီ ထွက်လာတာ"

"သမီးကို ဘုန်းဘုန်းအချစ်ဆုံး၊ သမီးအတော်ဆုံးလို့ ဘုန်းဘုန်း သတ်မှတ်တာ သိပါတယ်။ နောက်ဆုံးသမီးအစွမ်းကုန် ပြုစုပါရစေ ဘုန်းဘုန်းမသေစေရပါဘူး"

"ငါ့ကို ကြည်ညိုရင် ဆေးမကုနဲ့၊ ငြီးငွေ့ရတဲ့ ဘဝမှာ ငါ့အသက်မရှည်ချင်ဘူး။ ကျေးလက်က ဆင်းရဲသားတွေ ဖြစ်ပုံငါမမြင်ချင်လို့ မြန်မြန်သေချင်တယ်၊ ငါ့စကားနားထောင်၊ ငါ့သမီး မျက်စိအောက် နက်ဖြန်ခါ ဝိဉာဉ်ချုပ်မယ်"

တားမရ၊ စိတ်နိုင်သော ဘုန်းတော်ကြီး၊ ကမ္ဘာ့ဒွန်းအော သော ဘုန်းတော်ကြီး တကယ် အသက်ရှည်သွားသည်။ သုံးရ နှင့် သင်္ဂြိုဟ်မည့်ကိစ္စ ရွာက လ ကန်တော့ရုံမဟုတ်၊ ဘုန်းကြ ပျံပွဲပြုခွင့်တောင်းသည်။ မြို့န ကလည်း

"ဘာမဟုတ်တာ၊ မ တော်ကြီး၊ ခမည်းတော်ကို ဒီ သာမန်ကာလျှံကာ ဘယ်ပြီး မလဲ"

ဟု ဆိုသည်။

အခမ်းအနားနှင့် အန္တိမသဘင် ဆင်ယင်တော့ မေ ပစ်ထား၍ မရ၍ ပရိသတ မက အရာရှိကြီးတွေ၊ တော် ရေး၊ ရဲဘော်ဟောင်း ကျောင်းနေဖက်တွေအားလုံး လာကန်တော့သည်။ ည ယဉ်ကျေး ညှော်ခံပွဲလုပ်သည အငြိမ့်၊ ရုပ်ရှင်၊ ဗီဒီ ခွေ ညလုံးပေါက်ဖြေဖျော် လုပ်၍ ညှော်ခံရုံ၊ စျေးတန်းကြီး မယ်လမုဘုရားပွဲနှင့် နင်ငါလား ဖြစ်ရတော့သည်။ သဖြင့် ရပ်ရွာမြို့နယ်၊ ကော်

www.burmeseclassic.com



အစီအစဉ်နှင့် ကစားဝိုင်းတွေ ခွင့်ပေးရာ ပျော်လိုက်ရွှင်လိုက် ကြသည်မှာ ဝက်ဝက်ကွဲ မယ်တော်ကြီး ဖခမည်းတော် ပျံလွန်မှ ပျော်ကြရသည်။

ဘုန်းကြီး ပရိသတ်၊ လူပရိသတ်ကို မယ်တော်ကြီး ကိုယ်တိုင်ကြီးကြပ် ညှော်ခံရသည်။ ပြီးတော့ ပိုက်ဆံတစ်ပြားမှ အထုတ်မခံ၊ ရှာပနကော်မတီ တာဝန်ယူသလို မြို့နယ်ဈေးသူဈေးသားတွေက တာဝန်ယူ ကုသိုလ်ပြုသည်။ အမေမရှိ၍ မရှု ရှာပနပြာမကျမချင်း အမေ့တာဝန် ..

ဤတွင် ဒေါသကုမ္ဘာရချူရိကရက် လက်သစ်သားမောင်က

“သား မတော်ချင်ရင် အမွေပြတ် စွန့်လွှတ်ကြောင်းမိန်းမယူပါဆိုတော့ အမေတို့စကားလာပြောဖို့ကျတော့ ကျုပ်တိုအရှက်ခွဲတယ်၊ နာမည်ပျက်စကားမတည့်အောင် လုပ်တယ်၊ မကျေနပ်ဘူး လှနောင်တဲ့ တစ်နောင်တည်း ရှိတယ်” အော်ပြီး သမ်းထဲ ဝင်လာသည်။

အမေက

“လူပါးမဝနဲ့၊ အရမ်းပြောရမလား”

ဟု အိမ်ထဲ မဝင်ခင် တုတ်လှမ်းဆွဲသည်။ ပြီးတော့ ရပ်ကွက်လူကြီးတွေ လက်ထဲအပ်ပြီး မကြာခင် သားပြုံးစိပြုံးစိနှင့် ပြေးလာကာ ...

“အမေ ဘယ်မှာ အိပ်နေလဲ ၊ မကျေနပ်ဘူး၊ စောစော ဘာလို့ မခေါ်လဲ၊ ဘိုးဘိုး ဘုန်းတော်ကြီး ဖတော်ပျံမနွဲရတာ မဟာလာဘ်ကြီးနဲ့ လွဲတာ နာတာပေါ့ဗျာ အမေ .. အမေ”

ခြေကုန်လက်ပန်းကျနစ်မြိုက်စွာ အိပ်နေသော အမေကို ဝင်ဖက်ပြီးနှိုးတော့ ...

“သားရယ် ... သားကြီး”

ဟူ၍သာ ထူးပြီး ပြန်ဖက်ထားသည်။ မျက်လုံးမဖွင့်နိုင် မထနိုင်၊ စကားပြောဆိုဖို့ ဝေးပါရော၊ သည်တော့ အဖေကပြော၏။

“မနှိုးပါနဲ့ကွာ၊ အိပ်ပါစေ၊ ဆယ့်ရက်ကျော် အိပ်ပျက်ခဲ့တာ သနားရမှန်း မသိဘူးလား၊ မင်းဘာ အရေးကြီးလဲ ဘာပြောမလဲ”

“ပွဲတော်ကြီးနဲ့ လွဲသွားရတာ မကျေနပ်ဘူး၊ ဘာလို့ ကြေးနန်းရိုက် မခေါ်တာလဲ၊ ဒီလောက် စည်ကားတဲ့ပွဲတော် နောက်ကြုံမလား၊ ဒီတော့ ဆွေမျိုးဘုန်းကြီးရှိသေးရင် ထပ်ပြီး ပျံတော်မူပါလို့ ပြောမလို့”

ထိုအခါမှ ကြုံကြုံ ဖန်ဖန် ပြောသော သားအရာရှိကြီးကို အဖေဖြစ်သူက ကတ်တီးကတ်ဖဲ့ အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးလိုက်ပုံမှာ

“ဆွေမျိုးတော့ မရှိဘူးကွာ၊ မင်း ပျော်ပွဲနွဲချင်ရင် ငါ ဘုန်းကြီး ဝတ်ပြီး၊ သေပေးမယ် ဟုတ်လား၊ မင်း မင်္ဂလာပွဲပြီးရင် ငါ ပဉ္စင်းတက်မယ်”

ဟု ဆိုလိုက်တော့သည်။

ကိုကိုလှ(ကမာမြေ)



www.burmeseclassic.com

www.burmeseclassic.com





# ရှင်လူဆိုးကြီးပဲ

ခင်ဦး -ပုတီးကုန်း



စိုးထွန်းဆိုသော လူ ငယ် တစ်ဦး၊ မိဘမဲ့၊ မေတ္တာ ငတ်သူ၊ ဖော်မဲ့ငှက်ငယ်၊အသက် နှစ်ဆယ်ခန့် ကောင်လေးဖြစ် သည်။ ငယ်စဉ်ကတည်းက မိကွဲ ဖကွဲနေခဲ့ရသည်။ ဖခင်ကနောက် အိမ်ထောင်ပြုသဖြင့် မိခင်နှင့်နေ ရသည်။ မိခင်က နောက်အိမ် ထောင်ပြုသဖြင့် ပထွေးနှင့်နေ သည်။ ပထွေး၏ နှိပ်စက်ညှဉ်း ပန်းမှုကို နုနုငယ်ငယ်လေးနှင့် ခံ စည်းခံခဲ့ရသည်။ ဖခင်ထံ ပြေး သည်။ ဖခင်ကား ကင်ဆာရော ဂါဖြင့်ဆုံးသွားသောကြောင့် မိခ ထံ ပြန်ပြေးလာရသည်။ ပညာ ပင် ကောင်းကောင်း မသင်ရ ပေ။ ရရာကျပန်း အလုပ်ကလေ လုပ်ရင်း မိခင်ကို ကူညီရှာပေး သည်။ မိခင်မှာလည်း နာမကျ ဖြစ်ရာ အရွယ်ရောက်စပြုလ သော ‘စိုးထွန်း’မှာ ပထွေးနှ လုံးဝမနေနိုင်တော့ဘဲ ပြင်ပလေ ကကြီးထဲသို့ ဝင်ကာ မိမိ ထောက်ပေါ် မိမိရပ်တည်ခဲ့ရ တော့သည်။ ပြင်ပဝန်းကျင်ကြ ထဲ၌ ကျင်လည်ရင်း မိခင်ကြီး ပါးခဲ့သော သတင်းကြောင့် အ ကိုးရာမဲ့ ဘဝဖြင့် အားငယ်စိ တို့ ဖိစီးကာ တစ်ကောင်ကြွ ဘဝကို အနိုင်နိုင် ရုန်းကန်နေ ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာလမ်းကြီးမှာ ရှည်များကွေ့ကောက် လွန်းလှသည်။ လျှောက်ရင်းခြေညောင်းသူ 'စိုးထွန်း'မှာ အရိပ်ခိုစရာရှာသည်။ မြို့လယ်လမ်းမကြီးဖြစ်၍ ခိုနားစရာမတွေ့ ဗိုက်ကည်းဆာသည်။ လက်အတွင်းမှစောင်များက မကုန်သေး။ ကြား။ အန္တရာယ်ကြားမှ ကူးသန်းသွားလာကာ ဂျာနယ် စာဆောင်ရောင်းရသည်။ တစ်နေ့တွင် ကားတစ်စီးနှင့်တိုက်မိသည်။ ပွန်းပဲ့သွားရုံသာဖြစ်၍ အသက်မသေ။ ဆေးဖိုးဝါးခလေးရလိုက်သည်။ ဆေးရုံ၌ ခေတ္တာက်နေရစဉ် အမေ့ကို သတိရမိသည်။ အမေသာရှိခဲ့လျှင် မည်မျှရှုစိုက်မည်။ အဖေသာရှိခဲ့လျှင် ည်မျှသောက ဖြစ်မည်တို့ကို တွေး၍ မျက်ရည်ကျမိသည်။ ဆေးရုံ၌ ငါးရက်သာနေပြီး ပြန်ဆင်းလာရာ မိမိကို ကျေအေးခ သုံးသိန်းပေးလိုက်၍ ဝမ်းသာနေမိသည်။ ထိုငွေထဲမှ အကျီလေးများ ဝယ်မိသည်။ အခန်းစုတ်လေး တစ်ခန်း ငှားဖြစ်သည်။ ကျောတစ်နေရာချစရာ နေရာလေးပင်ဖြစ်သည်။ ယင်းနောက် အပိုငွေလေးကို စုကာ အလုပ်သစ်ရှာရပြန်သည်။

ရန်ကုန်မြို့၊ ဒေသစိတ်တစ်ခုမှ ရပ်ကွက်ငယ်လေး အတွင်းရှိ လက်ဖက်ရည်ဆိုင်၌ စိုးထွန်းမှာထိုင်၍ ငိုင်နေမိသည်။

"ဒီမှာ ထိုင်မယ်နော်"

မိမိစားပွဲရှိ ရှေ့မှထိုင်ခုံလေးသို့ လူတစ်ဦးလာထိုင်သည်။ အသက် ၄၅ နှစ်ခန့်ရှိမည်။ ရုပ်ရည်မှာ ရည်မွန်ပြီး သဘောကောင်းပုံပေါ်သော အသွင်အနေအထားတွေ့ရသည်။ ထို့ကြောင့် 'စိုးထွန်း'က စကားစတင်ကာ မိတ်ဆက်လိုက်သည်။

"ဦးလေးက ဒီရပ်ကွက်ထဲကပဲလား ခင်ဗျာ"

"အေးကွ– ငါက ဒီရပ်ကွက်ထဲကပဲ၊ မင်းကရော"

"ကျွန်တော့်နာမည် စိုးထွန်းပါ။ အခုမှလာပြီး ငှားနေတာပါ။ အလုပ် မရှိသေးလို့ အလုပ် လုပ်ချင်နေပါတယ်"

"ဟေ– မိဘတွေရော"

"မရှိတော့ပါဘူး။ တစ်ကောင်ကြွက်ပါ"

စိုးထွန်း၏ နုနယ်လှသော မျက်နှာလေးပေါ်တွင် အားငယ်မှုအပြည့်ရှိနေကြောင်း ဦးလေးကြီးက ရိပ်မိလိုက်သည်။

"အင်း မင်း အလုပ်လိုချင်ရင် ပန်းရန်အလုပ်တော့ ရှိတယ်။ ဦးက ပန်းရန်ဆရာ၊ အိမ်တွေ လိုက်ဆောက်တယ်"

"ဗျာ ကျွန်တော် လုပ်ချင်ပါတယ်။ လုပ်တော့ မလုပ်ဖူးသေးဘူး"

"မင်းကို မဆလာသယ်တာတို့၊ နံရံဖျက်တာတို့၊ အုတ်၊ သဲ သယ်တာတို့တော့ရပါတယ်"

"ဟာ လုပ်နိုင်ပါတယ်။ ဘာလုပ်ရ လုပ်ရ ထမင်းတစ်နပ်အတွက် စိတ်အေးရရင် တော်ပါပြီခင်ဗျာ"

လူငယ်လေး၏ မျက်နှာလေးမှာ ဝင်းပကြည်လင်သွားသည်။ သနားစရာ ရုပ်ရည်သွင်ပြင်နှင့် ရိုးသားဟန်ရှိသော လူငယ်လေးအား ဦးဖေတင်က ကူညီရန် ဆုံးဖြတ်လိုက်သည်။

"ဦး လက်ဖက်ရည်ဖိုး ပေးလိုက်ပါမယ်"

"ဟာ မလုပ်နဲ့ ငါ ပေးလိုက်မယ်"

"နေ နေပါစေဦးရယ်"

ကောင်လေးမှာ အလျှင် အမြန်ပင် လက်ဖက်ရည်ဖိုးနှစ်ခွက်စာ ရှင်းပေးလိုက်သည်။

နောက်နှစ်ရက်ခန့် အကြာတွင် မြို့ထဲရှိ ဆောက်လုပ်ရေး လုပ်ငန်းထဲ၌ အလုပ်သမားတစ်ဦးအဖြစ် စိုးထွန်းမှာ ဝင်၍ လုပ်ရတော့သည်။ ဆေးကုသမှုမှ ပိုငွေလေးကို မသုံးရက်ဘဲ စုဆောင်းထားသည်။ နေ့စဉ်လုပ်ခ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြင့် စားသည်။ အလုပ်ဆင်းချိန်အနားရလျှင် လုလုပပ သားသားနားနားဝတ်ကာ လည်ပတ်လေ့ရှိသည်။ လူငယ်ဆိုသည် စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့ပါးပါး နေလိုကြသည်။

တစ်နေ့တွင် လုပ်ခွင်ထဲမှ အလုပ်သမားတစ်ဦးက စိုးထွန်းအားဖိုလ်ကျလေတော့သည်။ စိုးထွန်း၏ စိတ်သည် ပုံမှန်အနေအထားဆိုလျှင် အလွန်ကောင်းသည်။ သူ့အား ဒေါသဖြစ်ရန်၊ ဝမ်းနည်းရန် တစ်ခုခုဖန်တီးလာလျှင် စိတ်က ဖောက်လာသည်။ သည်းခံနိုင်မှု မရှိဘဲ ပေါက်ကွဲတတ်သည်။ သူ၏ ဘဝ၊ ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်၏ စိတ်ဖိစီးမှုဒဏ်တို့က တစ်စတစ်စ ထိုးနှက်လာခြင်းဖြစ်သည်။ မြင့်သစ် ဆိုသော အလုပ်သမားက စိုးထွန်းအား တစ်ဖက်စောင်းနင်း ဆက်ဆံရုံသာမက ငွေကြေးကိုပင် ညစ်ပတ်လာရာ မြင့်သစ်အား အုတ်ခဲကျိုးဖြင့် ထုလိုက်တော့သည်။

"ဟာ လုပ်သားချင်း သည်းခံမှာပေါ့ စိုးထွန်းရာ"

စိုးထွန်းမှာ မျက်လုံးကြီးပြူးကာ လဲကျသွားသော မြင့်သစ်အား စိုက်ကြည့်ရင်း တွေတွေကြီး ရပ်ကြည့်နေသည်။ ဦးဖေတင်မှာ စိုးထွန်း၏ အမူအရာ ဖြစ်ရပ်ကိုလေ့လာမိရင်း စိုးထွန်းကို နားလည် သုံးသပ်မိသွားသည်။

"ငါ့ညီ စိတ်ကို လျှော့ကွာ၊ သည်းခံနိုင်စွမ်းရှိအောင် ကြိုးစားကွာ။ ဘယ်သူမှားတယ် မှန်တယ်ဆိုတာ ဦး သိပါတယ်။ ဒါပေမယ့် လက်မလွန်ပါစေနဲ့ကွာ"

ဦးဖေတင်က ထိုသို့ဆုံးမပြီး အလုပ်ကန်ထရိုက်က စိုးထွန်းအား အလုပ်ထုတ်လိုက်သည်။ ဦးဖေတင်မှာ စိုးထွန်းအတွက် စိတ်မကောင်းချေ။ အားပေးကာ နောက်အလုပ်သစ်ကို ရှာကြပြန်သည်။ စိုးထွန်းမှာ မျက်ရည်ကျ၍ ငိုနေရှာသည်။

"ယောက်ျားပဲ ငါ့ညီရ မငိုနဲ့ကွာ၊ အလုပ်ပဲ ရှာရင်ရပါတယ်ကွ"

ထို့နောက် တည်းခိုခန်းတစ်ခန်း၌ ဂိတ်စောင့်ရာထူး အလုပ်ရပြန်သည်။ ထိုအလုပ်သည် မပင်ပန်းလှချေ။ သပ်သပ်ရပ်ရပ် သန့်ရှင်းစွာ ဝတ်စားနေနိုင်၍ စိုးထွန်းမှာ ပျော်နေပြန်သည်။

နေ့တာဝန်ယူရ၍ ညနေပိုင်း အလုပ်ဆင်းကာလျှောက်လည်ခွင့်ရရှာသည်။ တစ်နေ့ ညနေစောင်း စားသောက်ဆိုင်တစ်ဆိုင်၌ မိန်းကလေးနှစ်ဦးနှင့် ဆုံတွေ့ဖြစ်ကြသည်။ ရုပ်ရည်သားနား၍ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နှင့် ယောက်ျားပီသသော စိုးထွန်းကို ကောင်မလေးနှစ်ဦးက မျက်လုံးစားပွဲထိုင်မိကြသည်။

"ချောသားပဲကွ"

"ဒီလူက ဝန်ထမ်းဖြစ်ရမယ်"

"မိတ်ဆက်ကြည့်ရအောင်"

"အိုကေ"

၂၁ ရာစု လူငယ်များ နေထိုင်ပုံ စနစ်အရ ထိုမိန်းမငယ်နှစ်ဦးမှာ ခေတ်မီလှပသော ဝတ်ဆင်မှု၊ အမူအရာ သွက်လက်မှု စကားသံ ဟန်ပန်အနေအထားက ခေတ်အမျိုးသမီးငယ်လေးများ၊ အပျိုစားမလေးများဟုဆိုနိုင်သည်။ စိုးထွန်းမှာ ဤခေတ် ဤလူငယ်ထဲမှ လူငယ်တစ်ဦးပင် ဖြစ်၍ 'အထာ'ကို သိပြီးဖြစ်နေသည်။

"ကိုယ်နာမည်က စိုးထွန်းပါ "

"လုပ်တာကရော'

"ဩော် ဟိုတယ်ဝန်ထမ်းပါ"

"ဒီက ညီမတို့က
ကုန်ကိုအလုပ်လုပ်ဖို့ နယ်ကလာ

www.burmeseclassic.com





ကြတာ၊ လှည်းတန်းမှာ အမျိုးသမီး အဆောင်ငှားထားတယ်"

"သူက မြတ်စန္ဒီ၊ ဒီက လှမျိုးအိမ်ပါ"

"ဟာ လူရော နာမည်ပါ လှကြပါလား။ ညီမတို့ အလုပ်ကရော"

မြစန္ဒီက စက်ချုပ်သမလေးအဖြစ်သမိုင်းက ချည်ထည်စက်ရုံမှာလုပ်တယ်။ လှမျိုးအိမ်က ကွန်ပျူတာ သင်ဖို့၊ ကွန်ပျူတာ တက်ပြီးမှ အလုပ်ဝင်မှာလေ"

"ဩော် -- ကောင်းပါတယ်ဗျာ၊ ကိုယ့်ဒူးကိုယ်ချွန် ကြိုးစားတာ လူငယ်တွေရဲ့စိတ်ဓာတ်ကောင်း တစ်ခုပါ"

"ဟုတ်တယ်လေ။ လှမျိုး အိမ်က မိဘတွေက အမေမရှိတော့ဘူး။ အဖေကြီးနဲ့နေနေရတာ၊ အဖေက သိပ်ချုပ်ချယ်တယ်။ အဖေက လုပ်ငန်းရှင်တစ်ဦးပါပဲ။ ဒါပေမယ့် သမီးပျိုကို အစစအရာရာ စိတ်မချပြီး စည်းကမ်းကြီးတော့ လှမျိုး အိမ်က မနေနိုင်ဘူး။ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်ပြီး လွတ်လွတ်လပ်လပ်နေချင်တာ"

မှန်ပါသည်။ ထိုမိန်းကလေးနှစ်ဦးမှာ သက်တူရွယ်တူချင်း တူညီသော်လည်း စိတ်နေစိတ်ထား ခံယူချက်၊ အသွင်အပြင်မှာ မတူညီကြပေ။ မြစန္ဒီမှာ တည်ငြိမ်အေးဆေးသည်။ ပွင့်ပွင့်လင်းလင်းရှိသည်။ ဆင်းရဲပုံပေါ်သည်။ စိတ်သဘောထား နူးညံ့သိမ်မွေ့ပုံရသည်။ လှမျိုးအိမ်မှာ စကားအရာ ကျွမ်းကျင်ပုံရသည်။ သွက်လက် ထက်မြက်သည်။ ဝတ်စားပုံ ပို၍ခေတ်မီ၏။ ဟန်ဆောင်မှုရှိသည်။ရဲတင်းပုံရသည်။ ချမ်းသာသည်။ အသွင်မတူသော မိန်းကလေးနှစ်ဦး ပေါင်းနေကြသည်။ သို့သော် တည့်သည်။ ခင်မင်မှုကြီးသည်။ သံယောဇဉ်ရှိကြသည်။

ကံ့ကော်တို့ ဖူးသည်။ မကြာမီ ရွက်ကြွေ၍ ပုရစ်ဖူးတို့ စီလာသည်။ ယင်းနောက်မိုးပန်းတို့ ပွင့်ကြပြန်သည်။ နှင်းတို့ကား မိုးကို တိုက်ထုတ်ကာ နေရာယူပြန်သည်။ နှင်းပန်း ဆောင်းရနံ့တို့ လှိုင်ပြန်သည်။ အချိန်ကြာ ညောင်းရွေ့လျားလာသည်နှင့် လောက၏ ပန်းကလေးများ ရနံ့လှိုင်လှိုင်ဖူးပွင့်မြဲ။ ထိုအတူ လှမျိုးအိမ်နှင့်စိုးထွန်းတို့ ခင်မင်မှုကား ရှိုးရိုးမှ ဆန်းဆန်းလေးဖြစ်လာသည်။

ညနေ ဆည်းဆာချိန်တိုင်း ရောင်စုံမီးရောင်များ အ



www.burmeseclassic.com

www.burmeseclassic.com



ကြား စိုးထွန်းနှင့် လှမျိုးအိမ်တို့ အလှမျက်ဝန်းလေးများ ရောင်စုံဖြာနေကြသည်။

"မင်းအနေနဲ့ အချိန်တိုလေးအတွင်းမှာ ကိုယ့်ကို ဘာလို့ အရမ်းခင်တာလဲ"

"ခင်စရာ ကောင်းလို့ ပေါ့ရှင့်"

"မြစ်နှီလဲ ခင်စရာ ကောင်းတယ်"

"ဘာလဲ ရှင်က မြစ်နှီကို ပိုသဘောကျနေတာလား"

"သြော် မင်းက သွက်လက်ချက်ချာတယ်။ မင်းရဲ့အယုအယ အပြုအစုလေးတွေကို ကိုယ် နှစ်သက် ခုံမင်မိတယ်"

သို့ဖြင့် တွဲဖြစ်သည်။ လျှောက်ဖြစ်ကြသည်။ ထိုင်ဖြစ်ကြသည်။ လမ်းတကာ၊ ဆိုင်တကာရောက်ဖြစ်ကြသည်။ ကြာတော့ သံယောဇဉ်လေးတွယ်တာမှု ရှိလာသည်ကို စိုးထွန်းမှာ မိမိကိုယ်ကိုနားလည်လိုက်သည်။

သို့သော် မိမိအထင်ကြီးခဲ့သော လှမျိုးအိမ်မှာ ဟန်ဆောင်နေမှန်း စိုးထွန်းခမျာမသိချေ။ ဟိုတယ်ဝန်ထမ်းအဆင့်ကို သိပြီး ဟိုတယ်ကိုလိုက်လာရာမှ သူဌေးသားတစ်ဦးနှင့် တွေ့ဆုံမိသည်။

သာမန် အဆင့်သာ။ ထို သူဌေးသားက နှုတ်ဆက်ရုံသာ။ ထိုမိန်းကလေးမျိုးကို အထင်မကြီးလှ၊ ဆက်ဆံရေး သဘောလောက်သာ။ သို့သော် လှမျိုးအိမ်က စားကျက်ကောင်းကိုရှာနေသူသာပင်။ ထို့ကြောင့် သူဌေးသား မျိုးအောင်သူဆိုသူကို အတင်းမိတ်ဆက်သည်။ ခင်မင်အောင်လုပ်သည်။ လက်ဖက်ရည် အတူသောက်ခွင့်ရရန် ဖန်တီးသည်။ သို့ရာတွင် မျိုးအောင်သူက ယောကျ်ားပျိုတစ်ဦး၊ ကျား သတ္တဝါပင်၊ သမင်ငယ်မကို စားချင်သာစားမည်။ ယုယုယယ မပိုက်ထွေးနိုင်၊ လှမျိုးအိမ်က သမင်ငယ်။ သို့သော် ကျားကို ထောင်ဖမ်းချင်နေသူ ဖြစ်သည်။

ထို့ကြောင့် ဖန်တီးခွင့်ရသော တစ်နေ့ သူဌေးသားလေးကို မြို့ပြင် တစ်နေရာ၌ ကားကြုံလိုက်စီးသည်။

"ဟာ အစ်ကိုပါလား။ လှမျိုးအိမ်လဲ ကားကြုံလိုက်မယ်နော်"

မြို့နှင့်ဝေးသော ပြင်ပကားလမ်းမကြီး၌ မိန်းမလှလေးတစ်ဦးအတွက် ငဲ့ညှာမိသည်။ ကားတံခါးကို ဖွင့်ပေးကာ အင်းစိန်၊ လှော်ကားဘက်သို့ ယင်းမှ တစ်ဆင့် မှော်ဘီဘက်သို့ ဦးတည်မောင်းလိုက်သည်။

"အစ်ကိုက မှော်ဘီမှာ ဥယျာဉ်ခြံတွေရှိတယ်ကြားတယ်။ အဲဒီကိုလားဟင်"

"မင်းကရော ဒီမှာဘာလာ လုပ်တာလဲ"

"ဟဲ ဟဲ ဟဲ ဒီလိုပါပဲ"

ဦးတည်ချက် မရှိ၊ သူဌေးသား ခရီးလမ်းကြောင်းကို သိနေ၍ တမင် ဖန်တီးခြင်းဖြစ်သည်။ ထို့ပြင် ကားပေါ်၌ ဒရိုင်ဘာခန်းအတွင်း ဝင်စီး၍ မျိုးအောင်သူနှင့် ကပ်၍ ထိုင်သည်။ ညုသံ ခရာသံတို့ဖြင့် ဆွဲဆောင်သည်။ မျိုးအောင်သူကား စိတ်ဒုက္ခရောက်နေမိသည်။

"ဟိုဘက်တိုး ထိုင်ပါ"

"ဟင့် အင်း အစ်ကိုကိုယ်က နွေးတယ်"

"မင်း ဘယ်မှာ ဆင်းမလဲ"

'ဟင် ... မှော်ဘီထိ လိုက်မှာပေါ့"

"ဟာ ... မဖြစ်ဘူး မလိုက်နဲ့"

'ဟို --အစ်ကိုကလဲ၊ ညီမနဲ့ အဖော်လုပ်ရတာ ပျင်းလို့လား။ ကဲ ပျော်အောင် ဘာလုပ်ပေးရမလဲ"

"ဟို နေ နေပါ။ ကိုယ့်ဟာကိုယ်နေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



လှမျိုးအိမ်မှာ နီးနီးကပ်ကပ် ထိုင်ရင်း မျိုးအောင်သူ၏ ခေးစေ့ကို ကိုင်လိုက်။ ပါးကိုပွတ်လိုက် လုပ်နေရာ မျိုးအောင်သူမှာ စိတ်တိုနေမိသည်။

"ဒီမှာ ခင်ဗျား ဆင်းတော့"

"မိန်းကလေး တစ်ယောက်တည်း ပစ်ခဲ့မလို့လား"

"ခင်ဗျားက ဘာကောင်မမို့လဲ၊ ခင်ဗျားလို မိန်းမကို အထင်မကြီးဘူးဗျ။ မနေ့တစ်နေ့ကပဲတွေ့တယ်၊ အတင်းကားလိုက်စီးတယ်။ ဘာမှ မတော်မစပ်တဲ့ လူစိမ်းအမျိုးသားကို ပလူးပလဲလုပ်တယ်၊ ဒါလား မိန်းမကောင်း"

"ဟင် ရှင် ရှင် စော်ကားလှချည်လား"

ကျွန်မ စိတ်ထဲမှာရှင့်ကို စွဲလမ်းမိတယ်။ တန်ဖိုးထားမိတယ်။ ရှင်နဲ့ ဆုံတွေ့ဖို့ ဖန်တီးမိတယ်"

အသားများက တဆတ်ဆတ်တုန်ကာ မျက်ရည်လည်ရွဲ ပြောဆိုနေသော လှမျိုးအိမ်အား မျိုးအောင်သူမှာ ဒေါသအငြိုးမပြေသော မျက်လုံးစိမ်းကြီးဖြင့် ကြည့်ကာ ကားကို ရုတ်တရက် ရပ်လိုက်သည်။

"ဆင်းတော့"

"ဟင် ဒီလူပြတ်တဲ့နေရာမှာ ရှင်မို့ ထားရက်တယ်"

"နင်က ဘာမို့လဲ။ နင့်မှာ သတ္တိတွေရှိပြီး အမျိုးသားကောင်းသမီးလို နေရာရွေးနေစရာ မလိုဘူး"

"ဟင် နင် နင်"

ဒေါသခိုး ပေါက်ကွဲလာသော လှမျိုးအိမ်မှာ မိမိသိက္ခာ၊ မာနကိုစော်ကားလာ၍ မျိုးအောင်သူအား ပုတ်ခတ်လေသည်။ ထိုအခါ မခံမရပ်နိုင်ဖြစ်လာသော သူဌေးသားမှာ လှမျိုးအိမ်အား တွန်းချလိုက်ပြီး ကားတံခါးကို အလျင်အမြန်ပိတ်ကာ 'ဂူးခနဲ'မောင်းထွက်လာခဲ့လေတော့သည်။

'တောက်'

လှမျိုးအိမ်မှာ ကားပေါ်မှ အကျမတော်၍ ဒူးနှင့် တံတောင်ဆစ်၌ စုတ်ပြဲသွားသည်။ ဒဏ်ရာကို ကြည့်ရင်း မျက်ရည်မိုးများ သွန်ချနေမိသည်။

"ငါက နင့်လိုမချမ်းသာလို့ နင့်လိုချမ်းသာတဲ့ကောင်ကို ယူချင်တာပေါ့။ ငါတို့က မချမ်းသာပေမယ့် မိန်းမတွေရဲ့ မာန်၊ ဂုဏ်သိက္ခာဆိုတာ ရှိစမြဲပါ။ ဖယောင်းတိုင်လဲ သူ့အလင်းနဲ့ အဆင်းနဲ့ပါ။ နင် သိပ် ဘဝင်မြင့်လွန်းတယ်။ အေးလေ ငါနဲ့ ငါ့သူငယ်ချင်း မြတ်စန္ဒီတို့ရဲ့ ပြိုင်ပွဲမှာ ငါက ရှုံးသွားပြီပေါ့"

လှမျိုးအိမ်မှာ မိမိအလှ၊ မိမိ သွက်လက် ထက်မြက်မှုက မြစန္ဒီထက်ပို၍ သူဌေးသားကို ဖမ်းပြမည်ဟု အတိအလင်းကြေညာခဲ့သူဖြစ်သည်။ ယခုကား အရှုံးကြီးရှုံး၍ မိမိမာန၊ ဂုဏ်သိက္ခာကို မြေကြီးထဲဝင်ခဲ့ပြီ။ စိုးထွန်း သိလျှင် မိမိမျက်နှာကိုပင် မပြရဲ။ မြစန္ဒီရော စိုးထွန်းကိုပါ တွေ့ရန် ဝန်လေးနေမိသည်။

ထိုအချိန် အဝေးမှ ကားတစ်စီးက မီးမောင်းထိုးကာ လှမျိုးအိမ်အနီးသို့ ရောက်လာသည်။

"ဘယ်လိုလဲ လှမျိုးအိမ် ချောင်းကိုပစ်လို့ မြစ်ကိုရှာရေသားများခဲ့ပြီ မဟုတ်လား"

"ဟင် ကိုစိုးထွန်း ရှင်ရှင်"

"ဟုတ်ပါတယ်၊ ကျွန်တော် အားလုံးမြင်တယ်။ ကားရပ်ပြီးကြည့်နေတာ"

"အို"

"ရှက်လွန်း၍ ထွက်ပြေးသည်။ ငိုယို ထွက်ပြေးသွားသော လှမျိုးအိမ်နောက်သို့ စိုးထွန်းမှာ ပြေးလိုက်သွားသည်။ မီတော့ လက်ကိုဆွဲကာ သူမ၏ ကိုယ်လေးအား ရင်ခွင်ထဲသို့ ပွေ့



www.burmeseclassic.com

www.burmeseclassic.com



ကာ နှစ်သိမ့်လိုက်သည်။

'အို ဖယ်ပါ။ ရှင့်နောက်ကို မလိုက်ဘူး။ ကျွန်မ လမ်းကျွန်မ သွားမယ်''

''မင်းကို ခွင့်လွှတ်ပါတယ်။ ကိုယ်နားလည်ပါတယ်။ မင်းကိုယ့်ကို ချစ်သေးရင်ကိုယ့်စကားနားထောင်မပါ''

''ဘာ ရှင့်လို အောက်တန်းစား ဂိတ်စောင့်ကို ကျွန်မလို မိန်းကလေးက အပျော်ပဲတွဲမယ်။ ချစ်မြတ်နိုးပြီး ဘဝတစ်ခုလုံး ပုံအပ်ဖို့ဆိုတာဝေးသေး။ ဒါကြောင့် ရှင် ဖယ်ပါ''

''ဟင် မင်း မင်း လာလိုက်ခဲ့''

''မဆွဲနဲ့ ဖယ်စမ်း''

စိုးထွန်း လက်ကို ပုတ်ချသည်။ စိုးထွန်းက ပြန်ဆွဲသည်။ လမ်းမကြီးသည် မှောင်စပြုနေပြီ။ လူသားနှစ်ဦး ရှုန်းရင်းဆန်ခတ်၊ ထိုခဏ၌ စိုးထွန်းမှာ မျက်နှာကြီး နီရဲလာသည်။ အသားများ ဆတ်ဆတ်တုန်လာသည်။ ဒေါသမီးတို့ ဟုန်းဟုန်းထလာသည်။ မိမိဒေါသကြောင့် မိမိဦးနှောက်ကို မထိန်းနိုင်တော့။ လှမျိုးအိမ်၏ လည်မျိုကို ၎င်း၏ လက်ကြီးဖြင့် တအားဖြစ်ညှစ်နေမိလိုက်သည်။ သတိရ၍ လက်ကို လျှော့လိုက်ရာ အသက်မရှိတော့သော လှမျိုးအိမ်၏ ခန္ဓာကိုယ်လေးမှာ မြေပေါ်သို့ ပျော့ခွေကျသွားရှာသည်။

''ဟင် ဘုရား ဘုရား ငါမှားပြီ။ ငါမှားပြီ ပြေးမှ ပြေးမှ''

စိုးထွန်းမှာ မိမိငှားလာသော ကားကို ဂူးခနဲ ပြန်ချိုးကွေ့ကာ လှမျိုးအိမ်အနီးမှ အဝေးသို့ ပြေးထွက်ခဲ့ပေတော့သည်။

●●●●●

''သမီးရယ် အဖေမှားခဲ့ပါတယ်။ အဖေ အလာနောက်ကျခဲ့တယ်။ သမီးဆီကို လာပြီး ပြန်ခေါ်မလိုလုပ်တုန်း အခုသေရပြီ''

ဖခင်ကြီးမှာ မိမိအလိုလိုက်ခဲ့မှု အိမ်၌ မနေဘဲ ဘဝကို တိုးတက်ချင်ပါသည်ဟု အိမ်မှ ပြေးသွားသူ သမီးလေးအတွက် ရင်ပွင့်မတတ်ခံစားနေရရှာသည်။ ''ငါ ထိန်းသိမ်းမှုညံ့လို့၊ ငါလိုလို့''ဟုသာ မိမိကိုယ်ကို အပြစ်တင်ရင်း ယူကျုံးမရ ဖြစ်နေရှာသည်။

မြစန္ဒီမှာလည်း မိမိ သူငယ်ချင်း၏ ချစ်သူ ကစားပွဲ၌ အရှုံးထွက်သွား၍ ဘဝပင်ဆုံးရှုံးသွားရသောအဖြစ်ကို ရင်ထုမနာဖြစ်လှသည်။ အဖော်မဲ့တစ်ဦးတည်းဖြစ်၍ လူရှင်းသော စားသောက်ဆိုင် ကစ်ဆိုင်အတွင်း ဝင်လိုက်မိသည်။ ထိုအချိန်





www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ယောက်ျားတစ်ဦး အမီ ထင်လိုက်လာပြီး မြစန္ဒီ၏ လက်ကိုဆွဲကာ ၎င်း၏ ကားလေးထဲသို့ သွင်းလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရယ်"

"နောက်မှပြောမယ်။ အခု လိုက်ခဲ့ပါ"

မြစန္ဒီမှာ အားငယ်ညှိုးနွမ်းနေသော စိုးထွန်းအားကြည့်ကာ တစ်စုံတစ်ရာ ခံစားနေရသည်ကို သိ၍ အသာပင်လိုက်သွားရသည်။ လူပြတ်သော နေရာတစ်နေရာတွင် သစ်ပင်အောက်၌ ထိုင်လိုက်သည်။

"အစ်ကို အရမ်း စိတ်ဆင်းရဲနေတယ်"

"မြစန္ဒီသိပါတယ်။ အစ်ကိုရဲ့ ချစ်သူ လှမျိုးအိမ်အတွက် ညီမလဲ သောကရောက်ရတယ်။ အစ်ကို"

"မြစန္ဒီရယ် အစ်ကို့ဘေးမှာ အားပေးနေပေးပါ"

"ရပါတယ် အစ်ကို"

အစ်ကို ဒုက္ခက ညီမဒုက္ခလို့ပဲ သိထားတယ်။ အစ်ကို ပျော်ရင် ညီမပျော်တယ်"

'အဲ လှမျိုးအိမ်သာ မင်းလိုစိတ်မျိုးထားခဲ့ရင် ကောင်းမှာပဲ"

မြစန္ဒီမှာ မိမိသူငယ်ချင်းမ အကြောင်းကို သိပြီးဖြစ်၍ အလှည့်စားခံလိုက်ရသော စိုးထွန်းကို သနားမိသည်။ ယခင်ကပင် အပြိုင်ချစ်ခဲ့ရာမှ လက်မြန် ခြေမြန် သွက်လက်သော လှမျိုးအိမ်က စိုးထွန်းကို ရရှိခဲ့သည်။ ယခုမှ နှလုံးသား ဒဏ်ရာကြီးနှင့် ရင်အုံကွဲနေသော စိုးထွန်းအတွက် မြစန္ဒီမှာအဖြည့်ခံ။ မည်သို့ပင်ဖြစ်စေ ချစ်ခဲ့ဖူးသော မေတ္တာကြောင့် အစ်ကိုစိုးထွန်းကို မြစန္ဒီကြည်ဖြူလှပါသည်။

"မြစန္ဒီ"

"ရှင်"

"အစ်ကိုတို့ အမေရဲ့ရွာလေးမှာ ခဏ သွားနေချင်တယ်။ စိတ်ဖြေရင်းပေါ့ကွာ"

"မြစန္ဒီ လိုက်ပေးရမှာလား"

"အင်း"

မြစန္ဒီ တွေးနေပြန်သည်။ စိုးထွန်း၏ မျက်ဝန်းထဲမှ ကြေကွဲမှု အရိပ်အရောင်များ မိမိကိုအကြည့် ချစ်ခြင်းသင်္ကေတ ပုံရိပ်များတွေ့၍ ခေါင်းလေး မသိမသာ ညိတ်ပေးလိုက်သည်။

"ကျေးဇူးပဲ မြစန္ဒီရယ်"

စိုးထွန်းမှာ စားစရာ၊ ရေဘူးများ ဝယ်၍ ရန်ကုန်နှင့် မိုင် (၆၀)မျှ ဝေးသော မိမိတို့ ဇာတိရွာလေးဆီသို့ ဦးတည်ခဲ့ပေတော့သည်။

●●●●●

"သတ်သူက စိုးထွန်း"

'သေသူက လှမျိုးအိမ်'

"ချစ်သူတွေ အငြိုးနဲ့ သတ်ပုံရတယ်"

ကားလဲ ယူသွားတယ်။ ကားပိုင်ရှင်လဲ ဟိုတယ်မှာ ခဏထားရင်း ယူသုံးသွားတာ။ သူလဲ တိုင်ချက် ဖွင့်ထားတယ်။

"ဆရာ သူဌေးသားမျိုးသူအောင်ကို စစ်တော့ သူက မသတ်ဘူး။ ကားပေါ်က တွန်းချခဲ့တာလို့ စစ်ချက်ရတယ်"

"ဟုတ်တယ်။ သတ်တာ စိုးထွန်းပဲ။ သူက ဟိုတယ်က ပျောက်နေတယ်။ မြစန္ဒီလဲ ပျောက်နေတယ်။ ကားလဲ ပျောက်နေတယ်"

"မြစန္ဒီနဲ့ လှမျိုးအိမ်က သူငယ်ချင်း နှစ်ဦး အတူနေနေတာ၊ ဒီအကြောင်း အရာတွေ ဆက်စပ်ရင် လူငယ်တွေ အချစ်ကြောင့် ပြဿနာတွေ တက်ရတယ်ဆိုတာ အဖြေရလာတယ်"

"ဟုတ်တယ် ဆရာ၊ စိုးထွန်းဟာ စိတ်မတည်ငြိမ်ဘဲ (Problem child) သဘောပေါ့။ ပြဿနာကလေးလို့ဆိုရမှာ မယ်၊ သူ့ဒေါသတွေ၊ ဝမ်းနည်းမှုတွေက စိတ်ကိုမထိန်းနိုင်ဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



ပန်းရန်ဆရာဦးတင်ဖေဆိုတဲ့လူက ပြောပြတယ် ဆရာ"

"ဟုတ်ပြီ၊ ငါ တဖြည်းဖြည်းရိပ်မိပြီ စိုးထွန်းက စိတ်မထိန်းနိုင်ဘဲ သတ်လိုက်တာဖြစ်မယ်ကွ"

"ကျွန်တော်လဲ ဒီလိုပဲ မြင်မိတယ်"

စခန်းမှူးနှင့် အမှုစစ်အရာရှိတို့ နှစ်ဦးသည် ဆွေးနွေးပွဲလေးကိုရပ်ပြီး စိုးထွန်း၊ မြစန္ဒီနှင့် ကားပျောက်ကိုရှာရန် မှခင်းတစ်ဖွဲ့ဝင်အချို့ကို ဒေသအသီးသီးသို့ စေလွှတ်လိုက်သည်။

●●●●●

"အစ်ကို ... နေကောင်းတယ်နော်"

"ကောင်းပါတယ် မြစန္ဒီ၊ မြစန္ဒီကို သနားတယ်"

"ရပါတယ်အစ်ကို၊ အစကတည်းက မြစန္ဒီက အစ်ကိုရဲ့ ပါရမီကို ဖြည့်ဖို့ အဆင်သင့်ပါ။ ခုလို အစ်ကို စိတ်ဆင်းရဲတဲ့အခါ အနားမှာ အားပေးဖော် ဖြစ်ရတာ ဝမ်းသာပါတယ်"

"ဩော် ... သိပ်ချစ်ရပါတယ် မြစန္ဒီ၊ မင်းရဲ့စိတ်ထားလေးဟာ နူးညံ့သိမ်မွေ့လှတယ်။ အစ်ကိုလေ ချစ်သူရွေး မှားသွားတယ်"

"မမှားပါဘူး၊ အခုရပြီလေ၊အစ်ကိုလဲ ချစ်တယ်မဟုတ်လား"

"သိပ်ချစ်ပါတယ် မြစန္ဒီလေးရယ်"

မြစန္ဒီ၏ ကိုယ်လေးအား နွေးထွေးစွာ ပွေ့ဖက်ရင်း အနမ်းမိုးများ ရွာချလိုက်သည်။

"အစ်ကို ... ဟင်"

"မြစန္ဒီတို့ တစ်ပတ်ကြာပြီ "

"အင်းလေ – မြစန္ဒီ ခွဲသွားမလို့လား"

"ဟင့်အင်း ဘာမှအဆင်သင့်မဖြစ်သေးဘူး။ နယ်က မမတို့ စိတ်ပူလောက်ပြီ "

"အင်း – ဘာလုပ်မလို့လဲ "

"ဖုန်း သွားဆက်ပြီး စိတ်မပူဖို့ ပြောရဦးမယ်လေ၊ နောက်ပြီး အဝတ်ရယ်၊ အစားအသောက်တွေ ဝယ်လာဦးမယ် "

"မသွားပါနဲ့လား ကွယ်"

"မမနဲ့ ညီမ နှစ်ဦးတည်းရှိတာ၊ နယ်မှာ မြစန္ဒီ ပျောက်ကြောင်း သတင်းကြားရင် မမက နှလုံးရောဂါရှိတယ်။ စိုးရိမ်တယ် အစ်ကို"

"ကောင်းပြီလေ၊ မြစန္ဒီသွားရင် ပုန်းပုန်းလျှိုလျှိုသွား၊ လူမမြင်အောင်နေပါ "

"ရှင်–ဘာ–ဘယ်လို"

မြစန္ဒီမှာ စိုးထွန်း၏ စကားကြောင့် အံ့ဩနေမိသည်။ ထိုအချိန်တွင် စိုးထွန်းက သူ့အိတ်ထဲမှ ငွေအချို့ကိုထုတ်ကာ ပေးသည်။

"လုမျိုးအိမ်ဟာ ကိုယ့်ကိုလာဖို့ ချိန်းခဲ့ရင် ကိုယ်သွားပြီး ကိုယ်ပြန်ရင် သူ့ကိုငွေပေးတယ်။ အခုလဲ မြစန္ဒီပြန်ရင် ငွေယူသွားပါ။ မင်းသုံးဖို့ပါ"

"ရှင် – ဘာ – ဘာသဘောလဲ အစ်ကို "

မြစန္ဒီ ရင်မှာ ကြေကွဲဆို့နစ်သွားရှာသည်။ သူချစ်လွန်း၍ ဘဝကို ပုံအပ်ပြီးပါပြီ။ ယခုလို လုမျိုးအိမ်နှင့်ယှဉ်၍ အပျော်ဘဝမျိုး ငွေထုတ်ပေးခြင်းလားဟု ထင်ကာ ငိုပါတော့သည်။

"မြစန္ဒီရယ် အဲလိုသဘော မဟုတ်ပါဘူး။ မင်းလွယ်ကူချောမွေ့ဖို့ပါ"

မြစန္ဒီမှာ ၎င်းအားအမှန်တကယ်ချစ်ကြောင်း စိုးထွန်းမှာ သိ၍ မြစန္ဒီ၏ မျက်ရည်လေးများကို တယုတယ သုတ်ပေးရှာသည်။

"ကဲ တိတ်ပါကွာ။ အစ်ကိုက ချစ်လို့ပေးတာမျိုးပါ။ မင်းအထင်လွဲနေပြီ"

"အစ်ကိုရယ် ငွေတစ်



www.burmeseclassic.com

www.burmeseclassic.com



မှ မပေးလဲ မြစန္ဒီက အစ်ကို ဒုက္ခဆင်းရဲမှုကို မျှဝေခံစားရဲ တယ်။ ချစ်ရတာပဲ ဝမ်းသာလှ နော် အစ်ကို''

''ဟာ သိပ်ချစ်တတ်တဲ့ မြစန္ဒီရယ်။ မင်းကိုသာ အရင် ထမ ချစ်ခဲ့ရရင် အစ်ကို ခုလို ဒုက္ခကြုံရမှာ မဟုတ်ဘူး''

စိုးထွန်းမှာ ၎င်း၏ ဒုက္ခ ကိုရင်ဖွင့်ပြောပြရန် သင့်ကြောင်း တွေးတောမိ၍ မြစန္ဒီ၏ မျက်နှာ လေးအား စေ့စေ့ကြည့်ကာ တစ် လုံးချင်း ဆွေးမြည့်စွာ ပြောပြ လိုက်သည်။

''အစ်ကိုက လူသတ် သမားဖြစ်နေပြီ။ မင်းကို အရမ်း လဲ ချစ်မိပြီ။ ကိုယ်လေ အမှတ် မထင် လူမျိုးအိမ်ကို သတ်မိခဲ့ တယ်''

''ရှင် ဖြစ်ရလေ အစ် ကိုရယ်''

''ကိုယ့်ကို ခွင့်မလွှတ် ပါနဲ့ကွာ။ မင်းကို ကိုယ်တကယ့် မေတ္တာစစ်မေတ္တာမှန်နဲ့ ချစ်ရပါ တယ်။ အစ်ကို မခွဲနိုင်တော့ဘူး။ အခုလဲ လူသတ်သမားကို ချစ်တဲ့ မြစန္ဒီအတွက် ရင်ကွဲပက်လက် ဖြစ်ရပြီ''

စိုးထွန်းမှာ ပြောရင်း ငို ပြန်သည်။ ယောကျ်ားတန်မဲ့ ဟီး ချ ငိုယိုနေသော စိုးထွန်းအား ဖက်ကာ အားပေးနေသော မြစန္ဒီ မှာလည်း မျက်ရည်အပြည့်နှင့် ပင်။

''အစ်ကို ညီမ ညနေ ချက်ချင်းပြန်လာမယ်။ အရာရာ သတိထားမယ်။ အစ်ကို့ကို မခွဲ ဘူး စိတ်ချအစ်ကို။ ဖုန်းဆက်ပြီး ပြန်ခဲ့မယ်''

စိုးထွန်းမှာ ခေါင်းညိတ် လိုက်သည်။ မြစန္ဒီကို ယုံမိသည်။ မြစန္ဒီ ချစ်သည်ကိုလည်း ယုံ သည်။ ထို့ကြောင့် နှစ်ဦးသား တိုင်ပင်ပြီး မြစန္ဒီမှာ သူမ၏ အ ဆောင်သို့ ပြေးလာခဲ့သည်။

ရဲတပ်ဖွဲ့က မျက်ခြည်မ ပြတ် ထောက်လှမ်းနေမှုကြောင့် မြစန္ဒီနောက်မှ အရိပ်လို ကပ်ပါ လာသည်ကို မြစန္ဒီမှာမသိရှာချေ။ မြစန္ဒီ၏ အစ်မကလည်း စိတ်ပူ၍ ရဲစခန်း၌တိုင်ထားသည်။ ရဲတို့က မြစန္ဒီကို လွှတ်ကာ သူ့လမ်း ကြောင်းကို တောက်လျှောက် ကြည့်နေသည်။ မြစန္ဒီမှာ စိတ်လုံ လုံခြုံခြုံပင် လုပ်စရာရှိသည်ကို ပြုလုပ်သည်။

မြစန္ဒီမှာ အဆောင်မှ ခြင်းလေးဆွဲကာအထွက် အစ်မ လုပ်သူနှင့် ပက်ပင်း ဆုံပါတော့ သည်။

''ညည်းကို စောင့် ကြည့်နေတာ၊ ဘာလုပ်ပြီး ဘယ် သွားမှာလဲ ''

''ဟို – အစ်မရယ်၊ ကျွန်မ သူ့ကို ချစ်တယ်။ ကျွန်မ ဘဝကိုလဲ ပုံအပ်ပြီးပြီမို့၊ ကျွန်မ တို့ ချစ်ချင်းကိုမခွဲပါနဲ့''

'' ဟင် ဒီလူ လူသတ် သမား၊ စိတ္တဇသမားလို့ ငါသိ ထားတာ၊ အဲဒီလူမျိုးကို နင်ယူ ရမှာလား။ လူမျိုးအိမ်ကိုလဲ သတ်ပြီးပြီ။ နောက် နင့်ပါသတ် မှာ မကြောက်ဘူးလား ''

''အို – အစ်မရယ်၊ သူ့ အချစ်ကို ယုံတယ်။ သူက လူ သတ်တာ လူမျိုးအိမ်လဲ ကောင်း မှ မကောင်းဘဲ၊ တစ်ခုခုလုပ်လို့ သတ်မိတာပါ။ လူကောင်းပါ အစ်မရယ် ''

''ဘာ လူကောင်းလဲ၊ တရားခံ လူသတ်သမားကို ဘဝ ပုံအပ်ရတယ်လို့။ ငါ သေများ သေချင်တော့တယ်''

''မတားပါနဲ့ အစ်မရယ်၊ သူ့ကို ကျွန်မ ဖျောင်းဖျပြီး လူ ကောင်းဖြစ်အောင် ပြုပြင်မှာပါ။ သူ့အမှားကို ဝန်ချပြီးရင် သူနဲ့ လက်ထပ်မယ်။ အဲဒီအကြောင်း သွားပြောခွင့်ပြုပါ ''

အစ်မ လုပ်သူမှာ ရဲမှ မှုခင်းထောက်လှမ်းရေးများနှင့် တိုင်ပင်ပြီးပြီမို့ ခပ်မဆိပ်ပင်နေ လိုက်သည်။ မြစန္ဒီလေးသည်



www.burmeseclassic.com

www.burmeseclassic.com



လူသတ်တရားခံကိုမိရန် လမ်းကြောင်းပင်ဖြစ်သည်။ ထို့အတွက် ညီမလေးအား ခွင့်ပြုဟန်ပြလိုက်သည်။ မြစန္ဒီမှာ ကားတစ်စီးငှားကာ ချစ်သူထံ အပြေးတစ်ပိုင်း သွားလေတော့သည်။ သူ့နောက်မှ ကားတစ်စီး မလှမ်းမကမ်းမှ လိုက်ပါနေသည်ကိုကား မြစန္ဒီ မသိရှာပေ။

"အစ်ကို အစ်ကို "

"ဟင် မင်းလေး ပြန်လာပြီ "

"အစ်ကို အစ်ကို့ဖို့ အကျီလဲဝယ်လာတယ်၊ အစားအစာတွေလဲ ပါတယ် "

"မင်းဖို့ရော "

"ဩော် – အစ်ကိုရယ်၊ မြစန္ဒီ ပြောပါရစေ။ အစ်ကို ညီမကိုမခွဲချင်ရင် အစ်ကို အဖမ်းခံလိုက်ပါ "

"ဘာ ဘာပြောတယ်"

စိုးထွန်းမှာ ရုတ်တရက် မတ်တတ်ရပ်ကာ မျက်လုံးကြီးများ နီရဲသွားသည်။

"ဒီလိုပါ အစ်ကို ထောင်က ထွက်လာရင် ညီမနဲ့ တစ်အိုးတစ်အိမ်ထူပြီး ဘဝကို သာယာချမ်းမြေ့စွာ နေကြမယ်လေ"

"ဟင့်အင်း မင်း လိမ်တာ၊ မင်းလိမ်နေတာ ငါမယုံဘူး။ မင်းနဲ့လဲ မခွဲဘူး။ တစ်နေရာရာမှာ ပုန်းပြီး ရှောင်နေမယ်။ အဝေးကို ထွက်ပြေးမယ်ကွာ "

"အစ်ကိုရယ် အစ်ကို့ကို မခွဲချင်လို့ ပြောတာပါ။ အတူနေရအောင် ကြံတာပါ။ ခဏပဲ ခွဲရမှာ တစ်သက်လုံး နေရမှာလေ"

"ဩော် မလုပ်နိုင်ဘူး။ အခုပဲ ပြေးကြစို့ မင်းနောက်ကို ရဲတွေလိုက်လာရင် မိနေမယ် "

"အစ်ကိုရယ်၊ ရာဇဝတ်ဘေးဆိုတာ ပြေးစရာ မြေမရှိပါဘူး "

"ဒါဆို မင်းက ထောင်ထဲ ထည့်မလို့လား"

ထိုသို့ပြောနေစဉ် ခြံ၏ ပတ်ပတ်လည်၌ ရဲများ ဝိုင်းထားလေပြီ။

"ဟေ့ လူသတ်သမား စိုးထွန်း ထွက်ခဲ့ဟေ့"

ထိုအော်သံကြောင့် စိုးထွန်းမှာ မြစန္ဒီထံ ပြေးပြီးဖက်လိုက်သည်။

"ဟင် မင်း မင်း ငါ့ကို ညာရက်တယ်။ ကဲ ကဲ ညာဦးကွာ။ မိန်းမယုတ်တွေ သေစမ်း"

"ဟင်း ဟင်း ဟီး ဟီး အစ် အစ်"

မြစန္ဒီအား လှဲချကာ လည်ပင်းအား ဖျစ်ညှစ်သတ်ပါတော့သည်။ ဒေါသမျက်ဝန်းနီကြီးကာ ရဲရဲတောက်လျက်။

"ဟေ့ မထွက်ဘူးလား။ မထွက်ရင် တို့လာပြီ။ ဝင်ဟေ့။ ဖမ်းဟာ"

ရဲများ အဘက်ဘက်မှ ပြေးဝင်လာပြီး မြစန္ဒီအား လည်ညှစ်သတ်နေသော စိုးထွန်းအား ဝင်လုံးကာ လက်ထိတ်ခတ်လိုက်တော့သည်။

"မြစန္ဒီ မြစန္ဒီ"

"ညီမလေး ညီမလေး"

"အင်း အင်း"

မြစန္ဒီ သတိ ရလာ၍ တော်ပါသေးသည်။ စိတ္တဇချစ်သူ၏ ရက်စက်မှုကို မျက်ဝါးထင်ထင်ကိုယ်တိုင် ကြုံတွေ့ခံစားလိုက်ရပြီး စိုးထွန်းကို ကြောက်ရွံ့သော မျက်ဝန်းလေးဖြင့် လှမ်းကြည့်နေသည်။

"ဒါ လူကောင်းလား ညီမရဲ့။ ညီမကို ဒီနေ့ မသတ်လဲ နောက်နေ့ သတ်မှာပဲ"

မြစန္ဒီမှာ အစ်မ၏ ရင်ခွင်ထဲဝင်ကာ တအားအော်၍ ငိုချလိုက်တော့သည်။ ပါးစပ်မှ အော်ငိုနေသည်မှာ "ရှင်လူဆိုးကြီး"ပဲ ဟူသတည်း။

ခင်ဦး(ပုတီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# နာရေးကြော်ငြာမှပြောသော ဖောက်ထွင်းမှုတစ်မှု

မောင်မောင်မြင့် (ဥသျှောမြို့သစ်)

(၁)

ကြာတော့လည်း ကြာခဲ့ပါပြီ။ ဒါပေမယ့် မကြာခင် လပိုင်းလေးကမှ မြန်မာ့အလင်းသတင်းစာ နာရေးကြော်ငြာတွင် ဖတ်လိုက်ရသော နာရေးသတင်းတစ်ပုဒ်ကြောင့် ကျွန်တော် ရဲစခန်းမှူးတာဝန် ထမ်းဆောင်နေရစဉ် အချိန်က စစ်ဆေးဖော်ထုတ်ခဲ့ရသော အမှုတစ်မှုမှ တရားလို ဒေါ်တင်ကြည်က တိုင်ကြားခဲ့သော "ဖောက်ထွင်းမှု"တစ်ခုအား ပညာပေးမှုခင်းအဖြစ် ဖန်တီး တင်ပြလိုက်ရပါသည်။

မှုခင်းအစကတော့ ကျွန်တော် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်းမြို့နယ်၊ မိုးညှင်း ရဲစခန်းတွင် စခန်းမှူး တာဝန်ထမ်းဆောင်နေစဉ်အချိန်က ဖြစ်ပါသည်။ တစ်နေ့ နံနက်(၆)နာရီခွဲခန့်အချိန်တွင် အိပ်ရာထ ဘုရားရှိခိုးပြီး ရဲစခန်းသွားရန် အဆာပြေစားနေစဉ် ရဲအုပ်တပ်ကြပ် သိန်းအောင်က အိမ်ရောက်လာပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဆရာ"

ဟု ခေါ်သံကြားလိုက်ရသဖြင့်–

"ဘာလဲဟေ့"

ဟု ပြန်ထူးလိုက်ရာ–

"မြို့နယ် ရဲတပ်ဖွဲ့မှူးစခန်းမှာရောက်နေတယ်။ ဆရာ့ကို ခေါ်ခိုင်းလိုက်တယ်"

ပြောသဖြင့် ကျွန်တော်လည်း အဆာပြေ စားနေသည်ကို အပြီးသတ်လိုက်ပြီး–

'အေး ငါ အခုလိုက်ခဲ့မယ်"

ပြော၍ လက်ဆေးပြီး ချက်ချင်းပင် ရဲစခန်းသို့ လိုက်သွားခဲ့ပါသည်။

ရဲစခန်းသို့ ရောက်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အတူ အသိမိတ်ဆွေ အမျိုးသမီးဖြစ်သူ ဒေါ်တင်ကြည်ကိုပါ တွေ့လိုက်ရ၍ ကျွန်တော်လည်း အလေးပြုလိုက်စဉ် မြို့နယ်ရဲတပ်ဖွဲ့မှူး က–

"ကဲ စခန်းမှူးရေ မိုးလင်းလင်းချင်းပဲ အမှုကတော့ ရဲစခန်းကို ရောက်လာပြီ။ ဒီမှာ တရားလိုကတော့ မင်းသိနေတဲ့ မိတ်ဆွေ မတင်ကြည်ပဲ။ ဒီနေ့ နံနက် ၅ နာရီလောက်က သူတို့ ညီအစ်မနှစ်ယောက် အိမ်ပိတ်ပြီး မိုးညှင်းဈေးမှာ အထည်ဆိုင်သွားဖွင့်ပြီး အထည်ကျန်နေလို့ အိမ်ပြန်အယူမှာ အိမ်အဖောက်ခံရပြီး အထည်တွေရော ငွေတွေပါ ခိုးသွားလို့အမှုလာတိုင်တယ်။ ဆက်လုပ်ပေးလိုက်ပါဦး"

ပြောသဖြင့် ကျွန်တော်လည်း

"ဟုတ်ကဲ့ပါ"

ဟုပြောကာ မြို့နယ်ရဲတပ်ဖွဲ့မှူးကို အလေးပြုလိုက်ပြီး တရားလို ဒေါ်တင်ကြည်အား မှုခင်းရဲတပ် ကြပ်ကြီး၊ စာရေး အေးဟန်၏ စာရေးစားပွဲရှေ့တွင် မှုခင်းဖြစ်ရပ်အား မေး၍ အမှုဖွင့်ခိုင်းလိုက်ပါသည်။

ဒေါ်တင်ကြည် အသက် ၃၅ နှစ် (ဘ) ဦးမောင်မောင်ကြည် အထည်ရောင်း၊ အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့နေသူက အမှုဖွင့်တိုင်ကြားသည်မှာ ယနေ့ နံနက် ၅ နာရီခန့်အချိန် ၎င်းနှင့်အတူ မအုန်းကြည်တို့ အိမ်တံခါးများ ပိတ်ပြီး မိုးညှင်းဈေးအတွင်းရှိ အထည်ဆိုင်သို့ အထည်များ ရောင်းရန်အတွက် သွားခဲ့ရာ ဆိုင်ရောက်ပြီး ဆိုင်ကို ဖွင့်၍ ရောင်းရန် အဝတ်အထည်များကိုစီနေစဉ် ရောင်းရန် အထည်များ အိမ်တွင် ကျန်နေသဖြင့် အစ်မဖြစ်သူကို ဆိုင်တွင် ထားခဲ့ပြီး ကျွန်မတစ်ယောက်တည်း အိမ်ပြန်၍ ကျန်ခဲ့သော အထည်များကို ပြန်ယူစဉ် အိမ် ခြံတံခါး အရောက်တွင် ခြံခတ်ထားသော သော့မှာ ပွင့်နေသဖြင့် အိမ်ထဲဝင်ပြီး အိမ်တံခါးသော့ကို ကြည့်ရာတွင် သော့ပျက်ပြီး ပွင့်နေသည်ကိုတွေ့ရ၍ အိမ်ထဲရှိ ပိုက်ဆံနှင့် အဝတ်အထည်များထားသော ဗီရိုသော့မှာလည်း ပျက်နေပြီး၊ ဗီရိုထဲထည့်ထားသော ငွေကျပ် ၅၀၀၀ဝိ/–(ငါးသောင်းဖိုး)ခန့် ပျောက်ဆုံးသွားသဖြင့် အမှုဖွင့်အရေးယူပေးရန် လာရောက် တိုင်ကြားရခြင်း ဖြစ်ကြောင်း၊ တိုင်ကြားသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အရ အမှုဖွင့်ပြီး ကျွန်တော်ကိုယ်တိုင်ပင် စစ်ဆေးခဲ့ရသော အမှုဖြစ်ပါသည်။

ပြစ်မှု ကျူးလွန်သည့် အချိန်သည် တရားလို၏ တိုင်ကြားချက်အရ နံနက် ၅ နာရီခန့်အချိန်၊ အိမ်နှင့်ခြံကို သေချာစွာ သော့များခတ်ပြီး မိုးညှင်းဈေးသို့ အထည်ရောင်းရန် ညီအစ်မနှစ်ယောက် ထွက်သွားခဲ့ကြောင်း၊ တိုင်ကြားချက်အရ ယင်းအချိန်သည် နေဝင်ပြီး နေမထွက်မီ ကျူးလွန်သော ပြစ်မှု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၍ ထောင်ဒဏ်ထိုက်သည့် ပြစ်မှုကိုကျူးလွန်ရန် ညဥ့်အချိန် အိမ်ကျော်နင်းမှု (သို့မဟုတ်) အိမ်ဖောက်ထွင်းမှုဖြစ်နေသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇အရ အမှုဖွင့်အရေးယူခဲ့ခြင်းဖြစ်ပါသည်။

OOOOO

(၂)

အမှုဖွင့်ပြီးသည်နှင့် ရဲစခန်းတွင် အသင့်ရှိနေကြသော နယ်ထိန်းအဖွဲ့ ခေါင်းဆောင် တပ်ကြပ်မြခင်နှင့်အတူ ဒုတပ်ကြပ် သန်းအောင်၊ သန်းအေး၊ ချစ်မောင်နှင့်ရဲတပ်ဖွဲ့ဝင်ဘုမောင်တို့ကိုခေါ်ကာ အမှုအခြေအနေပြောပြပြီး ရဲတပ်ကြပ် မြခင်နှင့် တပ်ဖွဲ့ဝင် ဘုမောင်တို့ကို အဖွဲ့ (၁)အဖြစ်လည်းကောင်း၊ ဒုတပ်ကြပ်သန်းအောင်၊ သန်းအေးနှင့် ချစ်မောင်တို့ကို အဖွဲ့(၂)အဖြစ်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးပြီး တရားခံများ ဝင်နိုင်ထွက်နိုင်မည့် မြို့ဝင်မြို့ထွက်နေရာများကို ရပ်ကွက်လူကြီးများနှင့် ပိတ်ဆို့ရှာဖွေရန် တာဝန်ပေးခဲ့ပါသည်။

ကျွန်တော်လည်း နယ်ထိန်းအဖွဲ့(၂)ဖွဲ့ ထွက်သွားပြီး ရဲစခန်းမှ အရှေ့စုရပ်ကွက်ရှိ တရားလို ဒေါ်တင်ကြည်၏အိမ်သို့ရောက်ပြီး သက်သေလူကြီး ဦးတင့်၊ ဦးဘိုးတင်တို့နှင့်အတူ စစ်ဆေးခဲ့ရာ တရားလို၏ အိမ်မှာ ပေ ၆၀၊ ပေ၄၀ ခြံအကျယ်ရှိပြီး၊ ၃ ပင် ၂ ခန်း၊ ပျဉ်ခင်းပျဉ်ကာ၊ သွပ်မိုးခန်းပွင့် ၈ ပေ နှစ်ခန်းဖြစ်ပါသည်။ ခြံကို ၂" _၁" သစ်သားချောင်းများနှင့် ပတ်လည်ကာထားပြီး ခြံတံခါးကိုလည်း သစ်သားချောင်းများဖြင့် တံခါးနှစ်ချပ်လုပ်၍ သော့ခတ်ထားရာ သော့ခလောက်ကို ကလန့်ဖွင့်ထားသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အိမ်တံခါးမကို ခတ်ထားသောသော့ကိုလည်းကလန့်ဖွင့်ထားပြီး အိမ်ထဲဝင်ရောက်ကာ သစ်သား ဗီရိုတံခါးသော့ကိုလည်း ကလန့်ဖွင့်၍ ဗီရိုထဲမှ ငွေငါးသောင်းကျပ်နှင့် အဝတ်အထည်မျိုးစုံ ငါးသောင်းကျပ်ဖိုးကို ခိုးယူသွားသည်ကို စစ်ဆေး တွေ့ရှိရပါသည်။

သက်သေများ ရှေ့၌ပင် အခင်းဖြစ်အရပ်ရှိ ခြံတံခါးသော့ အပျက်(၁)ခု၊ အိမ်မတံခါးသော့အပျက် တစ်ခုနှင့် ဗီရိုတံခါးသော့ အပျက်တစ်ခုတို့ကို တရားလို ဒေါ်တင်ကြည်က သက်သေခံ ပစ္စည်းများအဖြစ် အပ်ပေးသဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းပါသည်။

အခင်းဖြစ်အရပ် နေအိမ်သည် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်တွင်ရှိပြီး အိမ်ရှေ့တွင် မင်းလမ်းမ၊ အိမ်ညာဘက်တွင် အရှေ့စုလမ်းမ ရှိပါသည်။ အိမ်ဘယ်ဘက်ဘေး ခြံစည်းရိုးကပ်လျက် ဦးအုန်းအိမ်၊ အိမ်နောက်ဘက်တွင် ဦးမုန်းအိမ်တို့ရှိနေကြပြီး တရားလို ဒေါ်တင်ကြည်နှင့် အစ်မဖြစ်သူ ဒေါ်အုန်းကြည်တို့ အပျိုကြီး ညီအစ်မနှစ်ယောက်တည်းသာနေသော နေအိမ်ဖြစ်ပါသည်။ အခင်းဖြစ်နေအိမ်ကို လိုအပ်သော အနေအထားများအတိုင်း ဓာတ်ပုံဆရာဦးမျိုးအောင်ကိုခေါ်ယူ၍ ဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းပြုလုပ်ပြီး၍ တရားခံ အမြန် ဖမ်းမိရေးအတွက် အဖွဲ့(၂)ဖွဲ့ခွဲ၍ လွှတ်ပေးလိုက်သော နယ်ထိန်းအဖွဲ့နောက်သို့ ကျွန်တော်လိုက်သွားခဲ့ပါသည်။

မိုးညှင်းမြို့သည် မန္တလေး၊ မြစ်ကြီးနားသွား မီးရ

www.burmeseclassic.com



ထားလမ်းဘေးတွင် တည်ရှိနေ၍ ယင်းအချိန်က မီးရထားလမ်း တစ်ခုတည်းကိုသာ အားထား သွားလာနေရသော အချိန်ဖြစ် သဖြင့်၊ ကျွန်တော်လည်း မိုးညှင်း ဘူတာသို့ရောက်ရှိပြီး မိုးညှင်းဘူတာမှ အရှေ့ဘက် အထွက်တွင် ညောင်ကုန်းရွာ၊ အနောက်ဘက်အထွက်တွင် ကာဒူရွာတို့ရှိရာ နံနက်(၉)နာရီခန့်အချိန်ဖြစ်နေသဖြင့် ပြစ်မှု ကျူးလွန်သူသည် မိုးညှင်းမြို့မှ ညောင်တုန်းကျေးရွာသို့ သွားရောက်ပြီး မီးရထားစောင့်စီးနိုင်ကြောင်း စဉ်းစားမိ၍ ကျွန်တော်တစ်ယောက်တည်းပင် မိုးညှင်းမှ (၅)မိုင်ဝေးသော ညောင်ကုန်းဘူတာသို့ စက်ဘီးနှင့်လိုက်သွားပြီး ညောင်ကုန်းရွာသို့ ရောက်ရှိရာ ကျေးရွာလူကြီးများနှင့် အမာခံများကို အမှုအခြေအနေ ပြောပြကာမသင်္ကာသူတွေ့ရှိကရှာဖွေစစ်ဆေးပေးရန်နှင့်ထူးခြားမှုရှိက ချက်ချင်းအကြောင်းကြားပေးရန် မှာကြားခဲ့ပြီး နံနက် ၁၀ နာရီကျော်ခန့် အချိန်တွင် ညောင်ကုန်းရွာမှ မီးရထားလမ်းအတိုင်း စက်ဘီးစီး၍ မိုးညှင်းမြို့သို့ ပြန်လာခဲ့ပါသည်။

မိုးညှင်းမြို့အဝင် သာစည်ရပ်ကွက်ထိပ်ရှိ မီးရထားလမ်း တံတားအရောက်၌ တံတားသို့ လာနေသော တစ်ခါမျှ မမြင်ဖူးသည့် လူငယ် တစ်ယောက်ကို လှမ်းမြင်နေရ၍ ကျွန်တော်လည်း သတိထားကြည့်ပြီး တံတားပေါ်အရောက်၌ စက်ဘီးကို တွန်းသွား၍ တံတားတစ်ဖက်ထိပ်အရောက်တွင် လူငယ်လည်း ကျွန်တော့်ရှေ့နားအရောက်၌ သေချာစွာ ကြည့်လိုက်ရာ ဝတ်ထားသော အင်္ကျီအတွင်းဘက် ဗိုက်ထဲ၌ ဖောင်းနေသည်ကို တွေ့လိုက်ရသဖြင့် စက်ဘီးကို မီးရထားလမ်းပေါ် ပစ်ချလိုက်ပြီး လွယ်အိတ်အတွင်းမှ ခြောက်လုံးပြူးသေနတ်ဖြင့်ထုတ်ချိန်လိုက်ပြီး အသင့်ပါလာသော လက်ထိတ်ကိုပါထုတ်ကာ၊ လူငယ်၏ ညာဘက်လက်ကို လက်ထိတ်ခတ် လိုက်ပါသည်။ လူငယ်လည်းမမျှော်လင့်ဘဲ ပြုန်းစားကြီးဖြစ်သွားသဖြင့် ကြောင်အမ်းအမ်း ဖြစ်နေစဉ် ကျွန်တော်လည်း ပေးလာသည့် အခွင့်အရေးကို နှုတ် လက်မနှေးတော့ဘဲ–

“မင်း လုပ်လာတာတွေ အကုန်သိပြီးပြီ၊ မင်းဗိုက်ထဲက အထုပ်က ခိုးလာတာတွေ မဟုတ်လား”

ဟုမေးကာ အင်္ကျီကြယ်သီးဖြုတ်ပြီး ဗိုက်ထဲက အထုပ်ကို ကြည့်လိုက်ရာ ငွေထုပ်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် လက်တစ်ဖက်က လူငယ်ကို ခတ်ထားသော လက်ထိတ်ကို ကိုင်ထားပြီး ကျန်လက်တစ်ဖက်ဖြင့် စက်ဘီးကို မယူကာ စက်ဘီးလက်ကိုင်နှင့်လက်ထိတ်ကို တွဲခတ်ထားလိုက်ပါသည်။ ဘယ်လိုမှ ထွက်မပြေးနိုင်သည့် အခြေအနေရှိမှ လူငယ်ကို–

“မင်းခိုးယူလာတဲ့ ငွေတွေ မဟုတ်လား”

ဟု မေးရာ–

လူငယ်လည်း မိုးညှင်းမြို့ရှိ အိမ်တစ်အိမ်မှ ခိုးယူလာသောငွေများ ဖြစ်ကြောင်း ဝန်ခံပြောဆိုလာသဖြင့် ကျန်ပစ္စည်းတွေရောဟု မေးလိုက်ရာ–

‘ကျန်ခိုးယူလာတဲ့ အဝတ် အ[illegible]ည်တွေကိုတော့၊ မိုးညှင်းဘူတ[illegible]ရှေ့က လယ်ကွက် စပါးခင်းမျ[illegible]ဲ ပစ်ချထား ကြောင်း”



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုခဲ့ပါသည်။

ကျွန်တော်လည်း လူ
ယ်၏ ညာဘက်လက်ကို
က်ထိတ်ခတ်ထားရာမှ ကျန်
က်တစ်ဖက်နှင့်ပါ စက်ဘီးကို
ိုင်ပြီး လူငယ်၏ အကျႌ
က်လံကို ဆွဲထားကာ မိုးညှင်း
ဘက်သို့ ပြန်သွားစေပြီး မြို့
ယ်သာစည်ရပ်ကွက်အရောက်
ွင် ရပ်ကွက်လူကြီးများဖြစ်
ကြသော ဦးအေးနှင့် ဦးရွှေတို့
ိမ်သို့ခေါ်သွားကာ အမှုအခြေ
အနေကိုရှင်းပြပါသည်။ လူငယ်
ို သက်သေများရှေ့ စစ်ဆေး
ာ ၎င်း၏ နာမည်မှာ အောင်ပု
သက် ၂၅နှစ်(ဘ)ဦးကုလား
ကျလုပ်သူဖြစ်ကြောင်း၊ မန္တ
လေး–မြစ်ကြီးနား မီးရထားကို
ခါက်တုံ့ခေါက်ပြန် မီးရထား
က်မှတ်ခိုးစီး၍ လိုက်လာပြီး၊
ိုးမည့်မြို့များ အရောက်တွင်
ဆင်းလျက် မြို့အတွင်း၊ ရပ်
ကွက်အတွင်း ခေါက်တုံ့ခေါက်
ပြန် နေ့/ညလှေ့လာကာ ဘူတာ
ရုံနှင့်ကြုံရာနေရာများတွင် အိပ်
ခဲ့ကြောင်း၊ ခိုးမည့်အိမ်ကို လူ
မရှိသည့် အချိန်များတွင် ဝင်
ရောက်ခိုးယူပြီး မီးရထားကြုံရာ
နှင့် ပြန်လိုက်ကြောင်း၊ ယခု ငွေ
နှင့်အဝတ်အထည်များ ခိုးယူခဲ့
သော အိမ်ကိုလည်း၊ သုံးရက်
လှေ့လာပြီး နံနက် လူမရှိသည့်
အချိန်တွင် ဝင်ရောက်ခိုးယူခဲ့
ကာ ညောင်ကုန်းရွာ ဘူတာရုံမှ
မီးရထားစောင့်စီးရန် သွားစဉ်အ
ဖမ်းခံရခြင်းဖြစ်ကြောင်း ထွက်
ဆိုအစစ်ခံပါသည်။

ငွေနှင့် ပစ္စည်းများ
ဖောက်ထွင်း ခိုးယူသော အောင်
ပု၏ ထွက်ဆိုအစစ်ခံချက်အရ
သက်သေလူကြီး ဦးအေးနှင့် ဦး
ရွှေတို့ရှေ့၌ပင် ခိုးရာပါပစ္စည်း
ဖြစ်သော ပလတ်စတစ်အိတ်ဖြင့်
ထည့်ထားသည့်ငွေရောရာ ကျပ်
ငါးသောင်းတိတိကို အောင်ပု
ကသက်သေခံပစ္စည်းများအဖြစ်
အပ်ပေးသဖြင့် ရှာဖွေပုံစံဖြင့်
သိမ်းဆည်းပါသည်။

ဆက်လက်၍ အောင်ပု
၏ အစစ်ခံချက်အရပင် သက်
သေလူကြီးများပါခေါ်ကာ၊ မိုး
ညှင်း ဘူတာရုံရှေ့မှ မီးရထား
လမ်းဘေးရှိ လယ်ကွက် စပါး
ခင်းအတွင်း အောင်ပုကို လွှင့်
ပစ်ခဲ့သော အထည်ပစ္စည်းကို
သက်သေခံပစ္စည်းများအဖြစ် ပြ
သ ပေးအပ်သဖြင့် သက်သေ
များရှေ့တွင် ကချင်ပုဆိုး ၅
ထည် အင်္ကျီပိတ်စ ၅ စ၊ မိန်းမ
ဝတ်ထဘီ ၅ ထည်၊ မိန်းမဝတ်
အင်္ကျီ ၅ ထည်၊ မိန်းမဝတ်အ
နွေးထည် ၃ ထည် ပိတ်စမျိုးစုံ
၅ ထည် စုစုပေါင်း တန်ဖိုး
ငါးသောင်းကျပ်ဖိုးခန့်ကိုလည်း
သက်သေခံ ပစ္စည်းများအဖြစ်
သိမ်းဆည်းခဲ့ပါသည်။

၀၀၀၀၀

(၃)

သက်သေခံ ပစ္စည်း
များ သိမ်းဆည်းရာသို့ ရောက်
ရှိလာသော နယ်ထိန်းအဖွဲ့နှင့်
အတူ တရားခံနှင့် ပစ္စည်းများပါ
ယူကာ သက်သေလူကြီးများကို
ကျေးဇူးတင်ကြောင်းနှုတ်ဆက်
ကာ နေ့လယ် ၁၂ နာရီကျော်
ခန့်အချိန် ရဲစခန်းသို့ ပြန်လာရာ
၁၂ နာရီခွဲခန့် အချိန်တွင်
ရောက်ရှိပြီး အောင်ပုကို ထပ်မံ
စစ်ဆေးရာတွင်လည်း ယခင်အ
တိုင်း ထွက်ဆိုနေသဖြင့် အိမ်
ဖောက်ထွင်းစဉ်အချိန်က သော့
ခလောက်များကို

"ဘာနဲ့ဖျက်သလဲ"

ဟုမေးရာ ၎င်းတွင်ပါ
လာသော အရှည် (၁ ပေ) သာ
သာခန့်၊ လုံးပတ် လက်ညှိုးလုံး
ခန့်ရှိ သံချောင်းဖြင့် ကလန့်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ၎င်းပစ္စည်းများကို ၎င်းတွင်ပါလာသော လွယ်အိတ် အဟောင်း တစ်လုံးတွင်ထည့် ကာ ဖောက်ထွင်းခိုးယူမည့် အိမ် ဘေးရှိ လမ်းတစ်ဖက်မြက်တော ထဲ ဝှက်ထားခဲ့ကြောင်းကိုပါ အ စစ်ခံသဖြင့် အခင်းဖြစ်အရပ်သို့ ထပ်မံသွားရောက်ပြီး သက်သေ လူကြီးများ ခေါ်ကာ အောင်ပုပြ ပေးသော အခင်းဖြစ်အိမ်၏ ညာဘက်ဘေးရှိ ၁၀ ပေ မြေနီ လမ်း၏ ညာဘက်ဘေးရှိ မြက် တောထဲမှ လွယ်အိတ်အနီစင်း အဟောင်းအတွင်း ထည့်ထား သော "လုံးပတ်လက်ညှိုးလုံး ခန့်ရှိပြီ၊ အရှည် ၁၄ လက်မ ခန့်ရှိ သံချောင်း ၁ချောင်း၊ သစ် သားရိုးတပ်ထားသော တူအ သေး (၁)ချောင်းတို့ကို အောင်ပု ထံမှ ရှာဖွေပုံစံဖြင့် သက်သေခံ ပစ္စည်းများအဖြစ် သိမ်းဆည်းခဲ့ ပါသည်။ သက်သေခံပစ္စည်းများ သိမ်းဆည်းပြီးနေ့လယ် ၂ နာရီ ခန့်အချိန်တွင် အရှေ့စုရပ်ကွက် မှ ရဲစခန်းသို့ပြန်လာရာ ၂ နာရီ ခန့်အချိန်တွင်ပြန်လည်ရောက်ရှိပါ သည်။

အမှုမှ တရားလို တိုင် ချက်အတိုင်း သက်သေခံပစ္စည်း များအားလုံး သိမ်းဆည်းနိုင်ပြီး၊ တရားခံကိုပါ ဖမ်းမိနေပြီဖြစ် သဖြင့်၊ အမှုလိုအပ်ချက်များကို ဆက်လက် ဆောင်ရွက်ရန်နှင့် တရားခံကို တရားရုံးတွင် ချုပ် ရက် တောင်းခံရန်ကိုအား စီစဉ် ထားရှိပြီး အမှုကို ဆက်လက် ဆောင်ရွက်ရန် အချိန်မရှိတော့ သဖြင့် နောက်ရက်မှ ဆက် လက်ဆောင်ရွက်ရန် စီစဉ်ထား ကာ ရပ်နားခဲ့ပါသည်။

ဤနေရာတွင် ရဲတပ်ဖွဲ့ ဝင်များအတွက် သင်ခန်းစာ တစ်ခု ရရှိလိုက်ပါသည်။

"လက်မြန် ခြေမြန် စိတ်ကူးမှန်လျှင် အမှုမြန်မြန် ပေါ်မည်"

"လက်နှေး ခြေနှေး၊ စိတ်ကူးဝေးလျှင် အမှုဆွေးသွား မည်"

ဟူသော သင်ခန်းစာ ပင်ဖြစ်ပါသည်။

**ooooo**

(၄)

နောက်တစ်နေ့ နံနက် တွင် တရားခံ အောင်ပုနေထိုင် သောမြို့ရှိ အပိုင်ရဲစခန်းသို့ လည်း ပုံစံ(ရ၁)ပေးပို့စုံစမ်းခဲ့ပါ သည်။ တရားခံ အောင်ပုကို တရားရုံးတွင် ချုပ်ရီမန် တောင်း ခံရန် စီစဉ်ကာ တရားရုံးသို့ပို့ ပေးခဲ့ပါသည်။

အမှုမှ တရားလို ဒေါ် တင်ကြည်ကိုလည်း အခိုးခံ သော သက်သေခံပစ္စည်း အ ဝတ်အထည်များကို မှတ် ကြောင်း အစစ်ခံထားသဖြ ပစ္စည်းများ ရောနှောပြသရန် အ တွက် ခေါ်ထားရာမှ အစ်မဖြ သူ ဒေါ်အုန်းကြည်နှင့်အတူ စခန်းသို့ ရောက်လာကြသဖြ ပစ္စည်းများ ရောနှောပြသရ တရားသူကြီး မရောက်သေ သဖြင့် တရားလို၏ အစ်မဖြ သူ ဒေါ်အုန်းကြည် အသက် ၃ နှစ်(ဘ) ဦးမောင်မောင်ကြည် အထည်ရောင်း၊အရှေ့စုရပ်ကွ မိုးညှင်းမြို့နေသူကို စစ်ဆေ ရာတွင်လည်း ညီမဖြစ်သူ ဒေ တင်ကြည်ကဲ့သို့ပင် အစစ်ခံ ပါသည်။

နံနက် ၁၀ နာရီခ အချိန်တွင် မြို့နယ်တရားသူကြ ကို အမှုမှ သက်သေခံပစ္စည မျာနှင့် အလားတူပစ္စည်းမျ ရောနှောပြသရန်အတွက် ရဲ ခန်းသို့ ကြွရောက်ပေးရန်ခေ ထားရာမှ ရောက်ရှိလာသဖြ



www.burmeseclassic.com

www.burmeseclassic.com



ငွေကျပ်ငါးသောင်းမှာ အလား တူ ပစ္စည်းများ ဖြစ်နေသဖြင့် ရောနှောပြသခြင်းမပြုဘဲ သက် သေခံပစ္စည်းများဖြစ်သည့် က ချင်ပုဆိုးများ၊ အင်္ကျီပိတ်စများ နှီးမဝတ်ထဘီများ၊ အင်္ကျီများ၊ အနွေးထည်များ၊ ပိတ်စမျိုးစုံ ၅ တို့ကို အလားတူ ပစ္စည်းများ နှင့်အတူ လုပ်ထုံးလုပ်နည်းများ နှင့်အညီ (၃)ကြိမ်တိုင်တိုင် ရော နှောပြသရာတွင် တရားလိုက (၃) ကြိမ်စလုံးပင် ၎င်း၏ ပစ္စည်း များကို မှန်ကန်စွာပြသနိုင်ခဲ့ပါ သည်။ ပစ္စည်းများရောနှော ပြသပြီးသည်နှင့် နေ့လယ် ၁ နာရီခန့်အချိန်တွင် တရားခံ အောင်ပုကိုလည်း တရားရုံးတွင် ချုပ်ရီမန် တောင်းခံရာမှ ပြန် လည်ရောက်ရှိလာသဖြင့် ရဲစ ခန်းအချုပ်တွင် ပြန်လည်ရှာဖွေ ချုပ်ထားခဲ့ပါသည်။

ooooo

(၅)

အမှုတွဲကို ပြီးပြည့်စုံစွာ စစ်ဆေးဆောင်ရွက်ပြီးဖြစ်သဖြင့် အမှုတွဲ စာရွက်စာတမ်းများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာ နှင့် တရားခံ အောင်ပုအား မူလ ဖွင့်ထားသော ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇အရပင် တရား စွဲတင်နိုင်ရန်အတွက် မြို့နယ် မှုခင်းမှတ်တမ်း တာဝန်ခံ မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က တစ်ဆင့် မြို့ နယ် ဥပဒေဝန်ထမ်းထံ တင်ပြခဲ့ ရာ မြို့နယ်ဥပဒေဝန်ထမ်းက လည်း တရားခံ အောင်ပုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇ အရပင် တရားစွဲတင်ရန် ပြန် လည် ညွှန်ကြားခဲ့ပါသည်။

မြို့နယ်ဥပဒေ ဝန်ထမ်း ၏ ညွှန်ကြားချက်နှင့်အညီအမှု တွဲကို ပြီးပြည့်စုံအောင်ဆောင် ရွက်ပြီး အချိန်နှင့်တပြေးညီ မြို့ နယ် တရားရုံးသို့ သက်သေခံ ပစ္စည်းများ ပြည့်စုံစွာဖြင့် တရား ခံ အောင်ပုကို တရားစွဲတင်ပို့ခဲ့ ရာတွင် မြို့နယ်တရားရုံးကလည်း တရားခံအောင်ပု၏ အမှုကို မှန် မှန်နှင့်မြန်မြန် စစ်ဆေး ဆောင် ရွက်ပြီး တရားခံ အောင်ပုက လည်း ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံ ထွက်ဆိုထားသဖြင့် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၄၅၇အရပင် တရားခံ အောင်ပုအပေါ် အလုပ် ကြမ်းနှင့် ထောင်ဒဏ် (၃)နှစ် အပြစ်ပေးခဲ့သော အမှုဖြစ်ပါ သည်။

ရဲစခန်းအပိုင်များတွင် ပြစ်မှုတစ်ခုကျူးလွန်မိပါက မိမိ ရဲစခန်းအပိုင်ရှိ ရာဇဝတ်မှု ကျူး လွန်တတ်သူများအပြင်၊ အခြား သော မြို့နယ်များမှ လာရောက် ပြစ်မှု ကျူးလွန်တတ်သူများ ကိုလည်း အထူးသတိထားရ မည်ဖြစ်ပါသည်။ ဤတကယ့် ဖြစ်ရပ်မှန်မှုခင်းမှ တရားလို ဒေါ် တင်ကြည်၏ မကြာခင်လပိုင်း ကမှ နာရေးကြော်ငြာကို သ တင်းစာတွင် ဖတ်မိလိုက်ရာမှ ဒေါ်တင်ကြည် အသက်ရှိစဉ်က တိုင်ကြားခဲ့သော အမှုကို သတိ ရလိုက်သဖြင့် "နာရေးကြော်ငြာ မှပြောသော ဖောက်ထွင်းမှု ပုံ ပြင်"အဖြစ် အမှတ်တရတင်ပြ လိုက်ရခြင်းဖြစ်ပါသည်။

ကွယ်လွန်သွားကြပြီး ဖြစ်သော တစ်ချိန်က ဆရာ မိဘလို ရှိသေလေးစားခဲ့ရသော မြို့နယ်ရဲတပ်ဖွဲ့မှူးကြီး ဦး အောင်ခင်နှင့် ခင်မင်ခဲ့ရသော တရားလို မိတ်ဆွေကြီး ဒေါ်တင် ကြည်တို့ ကောင်းရာဘုံဘဝသို့ ရောက်ရှိစေရန် ဆုတောင်း လျက်-

မောင်မောင်မြင့်
(ဥဿာမြို့သစ်)



www.burmeseclassic.com

www.burmeseclassic.com



# လူလေးယောက်နှင့် သိန်းလေးဆယ်

မြဦးမောင်(ဒါးပိန်)



www.burmeseclassic.com

www.burmeseclassic.com



## လူလေးယောက်နှင့်သိန်းလေးဆယ်

မောင်မောင်မြင့်သည် ငယ်စဉ်အရွယ်ကတည်းက တစ်စွတ်ထိုးတဇောက်ကန်း ဖွတ်တရွတ်နိုင်လွန်းသူဖြစ်သည်။ လိုချင်စရာရှိလျှင် ရအောင်ယူတတ်သည်။ ပြောချင်လာလျှင်လည်း ရိုက်ချင်ရိုက် ပြောလေ့ရှိသည်။ သူ့အကြောင်း သိသူများမှာ တော်တော်များများသိကြသည်။

မောင်မောင်မြင့်က မဟုတ်မခံလုပ်တတ်သည်။ လုပ်ရဲခံရဲပြုတတ်သည်။ သတ္တိလည်းကောင်းသည်။ ငယ်စဉ်ကစရိုက်သည် ကြီးအထိပါလာသည်။ မောင်မောင်မြင့်အဖေ သေပြီးနောက် သူ၏မိဘကုန်စုံဆိုင်တွင် ဦးစီး၍ အမေအိုကြီးကို လုပ်ကိုင်ကျွေးသည်။ ရန်ကုန်မှ ကုန်သွားဝယ်ရင်း မကျင်လှနှင့်တွေ့ဆုံပြီး ချစ်ကြိုက်လာခဲ့သည်။

မကျင်လှတို့မှာ အစ်မတစ်ယောက်၊ ညီမတစ်ယောက်ရှိသည်။ အဖေမရှိ၍ အမေနှင့် လုပ်ကိုင်စားသောက်ကြသည်။ တောင်ဥက္ကလာတွင် နေထိုင်ပြီး စတိုးဆိုင်နှင့် ကုန်စုံဆိုင်ဖွင့်ထားသည်။ မြို့ထဲသွားရင်းနှင့် တွေ့ဆုံကာ တစ်ယောက်နှင့်တစ်ယောက် မေတ္တာသက်ဝင်ပြီး ချစ်သွားကြသည်။ သူတို့နှစ်ယောက် စိတ်တူကိုယ်တူနှင့် အိမ်ထောင်ပြုကြသည်။

မကျင်လှ၏အမေ ဒေါ်အေးကြည်သည် အိမ်ထောင်သည်သမီးနှစ်ယောက်ဖြစ်သော မခင်လှ၊ မကျင်လှတို့ကို အမွေခွဲ၍ တစ်ယောက်ကို သိန်းနှစ်ရာစီခွဲဝေပေးသည်။ မယဉ်မြသည် အမေနှင့်နေပြီး အမေ့ကိုလုပ်ကျွေးကာ အပျိုကြီးဘဝနှင့် ပျော်နေသည်။

မောင်မောင်မြင့်သည် မိဘပေးသော အမွေနှင့် ရင်းနှီးပြီး ဒါးပိန်တွင်စားသောက်ဆိုင်ဖွင့်သဖြင့် စည်ကားတိုးတက်ပြီး စီးပွားတဟုန်ထိုး တိုးတက်လာသည်။ တိုးပွားလာသည်နှင့်အမျှ အိမ်နှင့်ခြံများကိုဝယ်၍ တစ်ခြံမှာ အုန်းပင်များရှိသည်။ တစ်ခြံကတော့ အိမ်နှင့်ခြံကိုပြုပြင်ပြီး အိမ်ကိုဖြတ်၍ တိုက်ပုလေးဆောက်ကာ အမေကိုထားသည်။ အမေဒေါ်အေးချစ်သည် သီလရှင်ဝတ်ပြီး သာသနာပြု၍ မောင်မောင်မြင့်အိမ်တွင်နေသည်။ အိမ်မှာ မည်သူမျှမနေဘဲ ကျောင်းအဖြစ်ပေးထားကာ သီတင်းသုံး၍နေသည်။

မောင်မောင်မြင့်သည် သားနှင့်သမီး နှစ်ယောက်မွေးသည်။ သားနှင့်သမီး ဆယ်နှစ်တဆယ့်နှစ်နှစ်အတွင်း မကျင်လှ၏အမေဆုံးသွားသည်။ သားအကြီးက တစ်ဆယ့်နှစ်နှစ်၊ သမီးငယ်က ဆယ်နှစ်အရွယ်တွင် ညီမဖြစ်သူ မယဉ်မြအဖော်မရှိ၍ မကျင်လှ၏ သားသမီးများကို အဒေါ်နှင့်သွားပို့ထားသည်။ မယဉ်မြသည် တူနှင့်တူမကို သားသမီးများသကဲ့သို့ ဂရုစိုက်သည်။ တာဝန်ကျေသည်။ လိုလေသေးမရှိ ပံ့ပိုးပေးသည်။ အရာရာကိုလည်း ဖြည့်ဆည်းပေးတတ်သည်။

မကျင်လှတို့ အိမ်ထောင်ကွဲဆိုပေမဲ့ ညီမသုံးယောက်တအားချစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ကြင်နာသည်။ ကူညီဖေးမကြသည်။ တိုင်ပင်ကြသည်။ အကူအညီပေးတတ်ကြသည်။ ချစ်လည်းချစ်ကြသည်။ ဒါပေမဲ့ မကျင်လှသည့် မောင်မောင်မြင့်ကို အလွန်ကြောက်ရသည်။ မောင်မောင်မြင့်စကားဆို မလွန်ဆန်ရဲသဖြင့် နိုင်းတာ လုပ်ရသည်။ သားသမီးတွေမှာလည်း ဖအေကို ကြောက်ရသည်။ သားဖြစ်သူ ဆယ်တန်းအောင်၊ သမီး ရှစ်တန်းအောင်ပြီး ကျောင်းပိတ်သည့်အချိန်တွင် ပြဿနာစ၍ လာပါတော့သည်။

မောင်မောင်မြင့်နှင့် ၎င်း၏ခယ်မဖြစ်သူ မယဉ်မြတို့ စားသောက်ဆိုင်ကိစ္စ စကားများကာ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရသဖြင့် မောင်မောင်မြင့် ရှုံးမည်မှာ သေချာ နေသဖြင့် ခယ်မဖြစ်သူကို သတ်ရန် အကြံထုတ်၍စဉ်းစားလေသည်။ မောင်မောင်မြင့်သည်ဆင်းရဲသည်လည်းမဟုတ်။ ခြံတွေ၊ အိမ်တွေ စားသောက်ဆိုင်နှစ်ဆိုင်၊ စူပါရှမင် အငှားကား ယာဉ်တစ်စီးလည်းရှိသည်။ လောဘလို့ပဲ ခေါ်ရမည်လား။ ဒါမှမဟုတ် ငယ်စဉ်က အကျင့်စရိုက်လား။ ကျေးဇူးမသိတတ်တာလား။ ကျေးဇူးကန်းတာလား။ မောင်မောင်မြင့်မှာ ခယ်မ၏ ကူညီမှုကို ယူ၍ စီးပွား ဖြစ်သည်လည်း မှန်သည်။ မောင်မောင်မြင့်၏ စားသောက်ဆိုင် တစ်ဆိုင်ကိုလည်း မယဉ်မြ ဝယ်ပေးထားသည်။ ဘာကြောင့် အငြိုးကြီးတာလဲ။

မောင်မောင်မြင့်သည် ညနေစောင်းတွင် မြောက်ပိုင်းသို့သွားကာ အစ်ကိုဝမ်းကွဲ လှမောင်ဆီ သွားပြီး အကူအညီ တောင်းလေသည်။ လှမောင်သည် တစ်ချိန်က ကောင်စီဥက္ကဋ္ဌ လုပ်ခဲ့ဖူးသည်။ လှမောင်က ဥပဒေအကြောင်းကို နားလည်သဖြင့် အကူအညီသွားတောင်းသည်။ လှမောင်တို့ အိမ်ရှေ့သို့ ရောက်သောအခါ လှမောင်၏ဇနီးဖြစ်သူကို မြင်လိုက်ရသဖြင့် အားပျက်သွားသည်။ မောင်မောင်မြင့်သည် ဣန္ဒြေမပျက် လှမောင် ဇနီးကို လှမ်း၍ မေးလိုက်သည်။

"အစ်မ တင့်မြေ အစ်

**မောင်မောင်မြင့်နှင့် ၎င်း၏ခယ်မဖြစ်သူ မယဉ်မြတို့ စားသောက်ဆိုင်ကိစ္စ စကားများကာ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရသဖြင့် မောင်မောင်မြင့် ရှုံးမည်မှာ သေချာနေသဖြင့် ခယ်မဖြစ်သူကို သတ်ရန် အကြံထုတ်၍ စဉ်းစားလေသည်--**



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သွားလဲ ရှိလား"

"အေး .. ရှိတယ်။ အခု ဟိုခြံထဲမှာ နွားသွားကြည့်တယ်။ တွေ့ချင်ရင်ခြံထဲလိုက်သွား"

မောင်မောင်မြင့် ခြံထဲသို့လိုက်သွားသည်။ ခြံထဲတွင် လှမောင်ကိုတွေ့သဖြင့် သူပြောချင်သောစကားများကို သိလိုသဖြင့် အနားကပ်၍ မေးလိုက်သည်။

"အစ်ကို ကျွန်တော့်ကိစ္စအခြေအနေ ဘယ်လိုလဲ"

"သူ့ဘက်က မှန်နေတယ်။ မင်းရှုံးဖို့များသွားပြီ"

"ဒါဆို ဘယ်လိုလုပ်မလဲ ကျွန်တော်သူ့ကို သတ်ပစ်မယ်။ ကျွန်တော့်ကို လူငှားပေး သတ်ပေးတဲ့သူကို သိန်းလေး ဆယ်ပေးမယ်။ အစ်ကို့ကို ဆယ်သိန်းပေးမယ် ဖြစ်မလား"

"ဖြစ်တာပေါ့၊ ငါလူငှားပေးမယ်။ မင်းဘက်က သေချာတယ်နော်"

"သေချာပါတယ်။ အစ်ကိုရယ်"

မောင်မောင်မြင့်သည် အလုပ်ကိစ္စအတွက် လှမောင်ကို လမ်းစရိတ်တစ်သိန်းပေး၍ လှမောင်ကို လမ်းစရိတ်တစ်သိန်းပေး၍ အိမ်သို့ပြန်လာခဲ့သည်။ အိမ်တွင် စဉ်းစားနေသည်။ မောင်မောင်မြင့်က သားဖြစ်သူ ကျော်ထက်ကိုလှမ်းခေါ်၍ ပြောပြနေသည်။ ကျော်ထက်သည် ဖအေကိုကြောက်သဖြင့် ဖအေပြောသမျှကို နားထောင်၍နေသည်။

"မနက်ဖြန်ကြရင် မင်းအဘလှမောင်လာလိမ့်မယ်။ မင်းသူနဲ့လိုက်သွား၊ သူခိုင်းတာကို လိုက်လုပ်ကြားလား"

"ဟုတ်ကဲ့ပါ အဖေ"

လှမောင်သည် ကြေးစားလူသတ်သမားနေတတ်သော ထောက်ကြံ့လမ်းဆုံသို့ မရောက်ခင် ကားကိုတဖြည်းဖြည်းမောင်းနိုင်သည်။ မမျှော်လင့်ဘဲ ကြေးစားလူသတ်သမားဟုထင်ရသော လူတစ်ယောက်ကို တွေ့သဖြင့် ကားကိုရပ်၍ ကားပေါ်မှဆင်းကာ သွားမေးလိုက်သည်။

"ညီလေး မင်းနာမည် မြင့်အေးလား"

"ဟုတ်ပါတယ်။ ကျွန်တော့်နာမည် မြင့်အေးပါ။ အစ်ကိုဘာကိစ္စရှိလို့လဲ"

**"ဒါဆို ဘယ်လိုလုပ်မလဲ ကျွန်တော် သူ့ကို သတ်ပစ်မယ်။ ကျွန်တော့်ကို လူငှားပေး သတ်ပေးတဲ့သူကို သိန်းလေးဆယ်ပေးမယ်။ အစ်ကို့ကို ဆယ်သိန်းပေးမယ် ဖြစ်မလား"**



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးနဲ့ အစ်ကိုနဲ့ စကားသွားပြောရအောင် ခဏ ဟိုကားနား စကားသွားပြောကြရအောင်"

လှမောင်နှင့် မြင့်အေးတို့နှစ်ယောက် လက်ဖက်ရည်ဆိုင်မှ ကားဆီသို့ ထသွားကြ၍ ကားဘေးတွင်ရပ်ကာ စကားပြောကြရင်း လှမောင်က စ၍ ပြောလိုက်သည်။ မြင့်အေးတွေနေသည်။

"ညီလေး ကြေးစားဆိုတာလုပ်လား။ အလုပ်တစ်ခုလုပ်ချင်လို့၊ လုပ်ပေးနိုင်မှာလား။ တောင်ဥက္ကလာပမှာ အမျိုးသမီးတစ်ဦးကို ရှော့ခိုင်းမလို့ လုပ်နိုင်ရင်လုပ်ပေးပါလား"

"အစ်ကို ဘယ်လောက်ပေးမှာလဲ ပြောလေ။ ကျွန်တော်လုပ်နိုင်ရင် လုပ်ပေးမှာပေါ့"

"ဒီအမျိုးသမီးသေသွားရင် သိန်းလေးဆယ်ပေးမယ်။ လုပ်နိုင်ရင် အခု သိန်းနှစ်ဆယ် ပေးထားမယ်။ ဖြစ်တဲ့နေ့ကျရင် ဒါးပိန်ကိုလာခဲ့။ မင်းကို ဘယ်မှာ တွေ့ရမလဲ"

လှမောင်သည် ပြောဆိုပြီး စရန်အဖြစ် လေးသိန်းကိုပေးရန် မပေးဘဲ နှစ်သိန်းသာပေး

"ဒီအမျိုးသမီးသေသွားရင်
သိန်းလေးဆယ်ပေးမယ်။
လုပ်နိုင်ရင် အခု သိန်းနှစ်ဆယ်ပေးထားမယ်။
ဖြစ်တဲ့နေ့ကျရင် ဒါးပိန်ကိုလာခဲ့။
မင်းကို ဘယ်မှာတွေ့ရမလဲ"

သည်။ လှမောင်သည် ကားကို ထောက်ကြံလမ်းဆုံမှ ဒါးပိန်သို့ ပြန်လာခဲ့သည်။ မောင်မောင်မြင့် ဆိုင်ရှေ့တွင်ရပ်၍ အဆင်ပြေ သည်ဟုပြော၍ အိမ်သို့ပြန်သွား သည်။

ကျော်ထက်သည် အ ဖေကို ကြောက်လို့သာ လုပ် သည်။ တစ်လမ်းလုံး စိတ် ကောင်းဖြစ်နေသည်။ ကားကို သာ သတိထားကာ မောင်းနေ သဖြင့် စိတ်ကိုတင်း၍ မောင်း နေသော်လည်း မျက်ရည်တွေ ကျနေ၏။ သူ၏ အမေဆိုလည်း ဟုတ်၏။ အဒေါ်ဆိုလည်း ဟုတ် ၏။ ပညာသင်ပေးပြီး ကျွေးမွေး ထားသော အဒေါ်ဖြစ်သဖြင့် စိတ်ကတော့မကောင်း။ အဖေနှင့် အဒေါ်တို့ အမှုဖြစ်မှ ကျော်ထက် တို့ မောင်နှမ နှစ်ယောက်ကို ဒါးပိန်ကို ပြန်ခေါ်လာတာဖြစ်သ ဖြင့် အဒေါ်အပေါ် သံယောဇဉ် ရှိသည်။

ဝ ်တူမတို့မှာ အဒေါ် ၏ သံယောဇဉ်တော့ မကုန်ပ ဘူး။ အဒေါ်နှင့် ဖေကြား မည်

www.burmeseclassic.com



သို့လုပ်ရမည်နည်း တွေးတော၍ နေနိုင်သည်။ မယဉ်မြအပေါ်တွင် တွေးမွေးထားသော သံယောဇဉ် တွယ်နေသော မေတ္တာနှင့် အဖေ ပေါ်တွင် ကြီးမားသောမေတ္တာ ကြီးစိုးသွားသည်။ အဖေ့ကို မ လွန်ဆန်နိုင်သဖြင့် အဖေ့စကား ကို နားထောင်နေရသဖြင့် တစ် ကြောင်း၊ ကြောက်ရသည်တစ် ကြောင်းဖြစ်နေသဖြင့် အဖေနှင့် ပြန်မနေချင်ပေမဲ့ ကြောက်၍ပြန် နေရသည်။

မောင်မောင်မြင့်သည် အိမ်သားများအပေါ်တွင် ကြမ်း တမ်းဆဲဆို ကြိမ်းမောင်းလေ့ရှိ သည်။ ကျော်ထက်နှင့် မစုစုတို့ မှာ အဖေလာလျှင် ဘယ်နေရာ နေရမှန်းမသိ ဖြစ်နေကြသည်။ မယားဖြစ်သူ မကျင်လှမှာလည်း ယောက်ျားကိုလည်းကြောက်ရ၊ ကလေးနှစ်ယောက်ကိုလည်း သနားကာ နလုံးရောဂါ ပိုဖြစ်စိုး ရွားလာသည်။ တစ်ရက်ခြား နှစ် ရက်ခြား ဆေးသွင်းဆေးထိုးလုပ် နေရသည်။ မောင်မောင်မြင့် မည် သူ့ကိုမှ အလေးမထား။ သူလုပ် ချင်ရာကိုသာ လုပ်ကိုင်လေ့ရှိ သည်။

မနက် ခြောက်နာရီခွဲအ ချိန်တွင် လှမောင်လိုက်လာ၍ မောင်မောင်မြင့်နှင့် ကျော်ထက် တို့သားအဖနှစ်ယောက်ကိုခေါ်၍ ရန်ကုန်သွားမည်ဟု ခေါ်သည်။ ကျော်ထက်သည် ရုပ်ရှင် အ ငှားကားကို စက်နှိုး၍ မောင် မောင်မြင့်နှင့် လှမောင်တို့ရောက် လာပြီး ကားပေါ်တက်၍ ရန်ကုန် သို့ထွက်လာခဲ့ကြသည်။ တောင် ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ရှေးရှေ့ သုမင်္ဂလာလမ်းပေါ်တွင် မြင့်အေး ကိုသွားရောက်ခေါ်ဆောင်ခဲ့သည်။ စတိုးဆိုင်တွင် လူမရှင်းသဖြင့် ကားကိုခေါက်တုံ့ခေါက်ပြန်မောင်း နေကာ အခြေအနေကြည့်ကာ မ လွတ်လပ်သဖြင့် ဒါးပိန်သို့ပြန် လာခဲ့သည်။

မောင်မောင်မြင့်သည် ညနေစောင်းအချိန်တွင် မိခင် ကြီးနေသောတိုက်သို့ ရန်ကုန်မှ ဝယ်လာသော မုန့်ဘူးကိုယူ၍ သွားပေးသည်။ အမေ့ကို မုန့်ဘူး နှင့်ကန်တော့လေသည်။ ကန် တော့ခံရင်း အမေက သတိပေး လိုက်သည်။

"သား လုပ်မယ့်အလုပ် ကို ရပ်တန်းက ရပ်လိုက်ပါသား ရယ်။ ယခုဘဝမှာလဲ မကောင်း ဘူး။ နောင်ဘဝမှာလည်း အကျိုး မရှိပါဘူး သားရယ်။ သားလုပ် နေတာ အမေကြားနေပါတယ်။ မလုပ်ပါနဲ့ ရပ်လိုက်ပါ"

"အမေ့အလုပ် အမေ လုပ်ပါ။ သားအလုပ်ကို ဝင်မရှုပ် ပါနဲ့။ ကိုယ့်ဘာသာကိုယ် တရား အလုပ်ကိုလုပ်"

"ဘယ်လိုပြောလိုက် တာလဲ။ မင်းလူမိုက်ကြီးဖြစ်နေပြီ၊ သူများကိုလုပ်ရင် ကိုယ်လည်း ပြန်ခံရတယ်။ ကိုယ့်မှာလည်း တစ်သက်မကုန်ပါဘူး"

မောင်မောင်မြင့်သည် အမေဆူနေသဖြင့် နားမထောင် တော့ဘဲ အိမ်သို့ပြန်လာခဲ့သည်။ အိမ်တွင် ထမင်းဝိုင်းပြင်ထား သော စားပွဲပေါ်တွင်ဝင်ထိုင်၍ တစ်ယောက်တည်းစားပြီး အိပ် ရာထဲတွင်အကြံထုတ်နေသည်။ ရှုံးချိန်းမရောက်ခင် ဒီပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်းမှကောင်းမည်ဟု ခေါင်းပေါ် လက်တင်ကာ စဉ်းစားရင်း အိပ်ပျော်သွားသည်။

နောက်တစ်နေ့တွင် လှမောင်သည် ထုံးစံအတိုင်း မောင်မောင်မြင့်ကို လာခေါ်ပြန်သည်။ အိမ်ရှေ့တွင် လှမောင်ရပ်၍နေသည်။ မောင်မောင်မြင့်သည် အိမ်ရှေ့သို့ထွက်လာပြီး ပြောလိုက်သည်။

''အစ်ကိုရေ ကျွန်တော်တော့ မလိုက်နိုင်တော့ဘူး။ အလုပ်အရေးကြီးလို့ပါ။ အစ်ကို့တူနှင့်ပဲ သွားပေတော့။ ဝီပြင်အောင်လဲ လုပ်ခဲ့နော်''

လှမောင်နှင့် ကျော်ထက်တို့နှစ်ယောက် ရန်ကုန်သို့ မောင်းသွားကြသည်။ သင်္ဃန်းကျွန်းမှ တောင်ဥက္ကလာပမြို့သို့ မောင်းသွားကြသည်။ မြင့်အေးကိုတွေ့ရန် နန္ဒဝန်ဈေးရှေ့သို့ မောင်းသွားသည်။ မြင့်အေးကို တွေ့သဖြင့် ရပ်၍ မြင့်အေးနှင့်အတူ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်ရှိ စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် အသက်(၅၀)ကျော်ခန့် ဒေါ်ယဉ်မြကိုတွေ့ရသဖြင့် ကျော်ထက်သည် စတိုးဆိုင်အလွန်တွင် မြင့်အေးကိုရပ်ပေးလိုက်သည်။

မြင့်အေးသည် စတိုးဆိုင်ထဲဝင်၍ ကြည့်လိုက်ရာ ညီအစ်မနှစ်ယောက် ရှိနေသဖြင့် ဉာဏ်ဆင်၍ အချိုရည်နှစ်ဘူးပေးပါရန် အကြံထုတ်လိုက်သည်။ မြင့်အေးထင်သလို ဖြစ်လာပါစေဟု တွေးနေစဉ် ဒေါ်ယဉ်မြက လှမ်း၍မေးလိုက်သည်။

''မောင်လေး ဘာယူမ ပို့လဲ''

''ကျွန်တော် အချိုရည်ဘူးနှစ်ဘူး လိုချင်လို့ပါ အစ်မ''

''ရပါတယ်။ အစ်မရေ အချိုရည်ဘူးနှစ်ဘူး သွားယူပေးပါ''

မခင်လှသည် သူ၏ညီမလှမ်းပြောလိုက်သော စကားသံကြောင့် ထ၍နောက်အခန်းမှ ရေခဲသေတ္တာထဲသို့ သွားယူစဉ် မြင့်အေးအကွက်ဖြစ်သွားသည်။ မြင့်အေးသည် လူရှင်းနေသဖြင့် ဒေါ်ယဉ်လှကို ဓားဖြင့်သုံးချက်ထိုး၍ ထွက်ပြေးသွားသည်။ (၁၀)ရပ်ကွက်သို့ ရောက်သောအ





www.burmeseclassic.com

www.burmeseclassic.com





ခါ ကားနံပါတ်ကို တိပ်များဖြင့် ထပ် မောင်းပြေးပြီး ကားနံပါတ်ကိုဖုံးထားသော တိပ်များကိုခွာ၍ မြင့်အေး၊ လှမောင်နှင့် ကျော်ထက်တို့ လမ်းခွဲ၍ ဒါးပိန်သို့ပြန်လာခဲ့သည်။

ဒေါ်ခင်လှသည် အချိုရည်ဘူး ရွေးနေသဖြင့် တစ်အောင့်ကြာသွားသည်။ ဆိုင်ရှေ့သို့ထွက်လာသောအခါ ညီမဖြစ်သူ ဒေါ်ယဉ်မြ ခွေခွေလေးလဲကျနေသဖြင့် အော်၍ပြောလိုက်သည်။

"လာကြပါဦးရှင် ကျွန်မ ညီမကိုတစ်နဲ့ထိုးသွားလို့ ကယ်ကြပါဦးရှင်"

ဒေါ်ခင်လှ အော်သံကြောင့် အနီးအနားမှ ခရီးသည်များနှင့် အိမ်နီးနားချင်းများထွက်လာ၍ ဆေးရုံသို့ပို့သည့်သူကပို့၊ ရဲစခန်းသွားတိုင်သည့်သူကတိုင်၊ ဖုန်းဖြင့်ဆက်၍ တိုင်သည့်သူကတိုင် အလုပ်ရှုပ်နေကြသည်။ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး --- အလုပ်များပြီး ဦးနှောက်ခြောက်သွားသည်။ တပည့်များကိုခေါ်၍ ရှာဖွေစုံစမ်းခိုင်းလိုက်သည်။

နှစ်ရက် သုံးရက်အတွင်း ဒုရဲအုပ် လှဌေးနှင့် နယ်ထိန်းများ ရှာဖွေစုံစမ်းနေသောအခါ တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေးရှေ့ သုမင်္ဂလာလမ်းတွင် မြင့်အေးကိုတွေ့သဖြင့် အရိပ်အခြေကိုကြည့်နေရင်း ကိုလှစိုးကိုတွေ့သဖြင့် နယ်ထိန်းလှမင်းက လှမ်းခေါ်လိုက်သည်။

"ကိုစိုး ခဏလာပါဦး"

နယ်ထိန်း လှမင်းခေါ်သံကြောင့် သွားသည်။ ကိုလှစိုးနှင့် လှမင်းမှာ သူငယ်ချင်းဖြစ်နေသဖြင့် လှစိုးကို ကိုစိုးလို့ပဲခေါ်နေကြသည်။ လှမင်းသည် လှစိုးကို မေးကြည့်သည်။

"ကိုလှစိုး ဟိုလူကိုသိ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဟိုအကျီအပြာနဲ့လူ''

"သိတာပေါ့။ ဒီကောင်က နေရာအတည်အကျ ရှိတာမဟုတ်ဘူး။ ထောက်ကြံ့မှာလဲနေတယ်။ တောင်ဥက္ကလာ နန္ဒဝန်ဈေးနားမှာလဲနေတယ်။ သူဘယ်အိမ်မှာ နေလဲဆိုတာ ငါမသိပါဘူး။ ဘာကိစ္စရှိလို့လဲ''

''တောင်ဥက္ကလာပ (၁၂)ရပ်ကွက်မှာ လူသတ်မှုနဲ့ ပတ်သက်နေလို့ သူ့ကိုမသင်္ကာလို့ လူစိမ်းမို့မေးကြည့်တာပါ ကိုစိုး''

"ဟုတ်တယ်။ ဒီကောင့်ကို တစ်ခါတလေမှ တွေ့ရတာ ဖြစ်တော့ ဖြစ်နိုင်လိမ့်မယ်''

ဒုရဲအုပ်လှဌေးနှင့် နယ်ထိန်း လှမင်းတို့ သုမင်္ဂလာလမ်းထဲသို့ဝင်သွားပြီး စားသောက်ဆိုင်တွင်ထိုင်နေသော မြင့်အေးအား သွားခေါ်ရာ မြင့်အေးက ကလန်ကဆန်ပြန်လုပ်သဖြင့် မြင့်အေးနောက်မှရောက်နေသော ဒုရဲအုပ်လှဌေးက နောက်မှ နားရင်းကိုတစ်ချက်အုပ်လိုက်သည်။ အလစ်တွင် လက်ထိတ်ခတ်လိုက်သည်။ မြင့်အေးအား လက်ထိတ်ခတ်၍ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးသို့ ခေါ်ဆောင်သွားသည်။ စားသောက်ဆိုင်တွင်ထိုင်နေကြသော လူများနှင့် ဆိုင်ရှင်ကပါ ကြောင်၍ကြည့်နေကြသည်။ ရဲတပ်ဖွဲ့မှူးရုံးတွင် မြင့်အေးအားစစ်ဆေးသဖြင့် မြင့်အေးက ဖော်ထုတ်ကာဝန်ခံလိုက်သည်။ ရဲတပ်ဖွဲ့မှူးအား ခိုင်းစေသောလူများကို ဖော်ထုတ်လိုက်သည်။

''ကျွန်တော့်ကို ဒါးပိန်မြို့မှ ကိုမောင်မောင်မြင့်က ကိုလှမောင်ကို ငွေပေးပြီးခိုင်းလိုက်လို့ ကျွန်တော်လုပ်မိပါတယ်။ တောင်ဥက္ကလာပ (၁၂)ရပ်ကွက် မေတ္တာလမ်းနေ ဒေါ်ယဉ်မြနဲ့ နေအိမ်စတိုးဆိုင်တွင် အမျိုးသမီးတစ်ဦးကို သတ်ပေးပါ။ သိန်းလေးဆယ်ပေးမယ်ဟု ပြောသဖြင့် ကျွန်တော်လက်ခံပြီး စရန်ငွေနှစ်သိန်း ပေးခဲ့ပါတယ်။ နောက်တစ်ခေါက်ကျမှ နှစ်သိန်းထပ်ပေးမယ်လို့ ကိုလှမောင်က ပြောလို့ ကျွန်တော်လက်ခံခဲ့မိပါတယ် ဆရာ''

ဒုရဲအုပ် လှဌေးနှင့် နယ်ထိန်းတပ်ကြပ် ဌေးအောင်နှင့် မြင့်အေးတို့ တပ်ဖွဲ့မှူးရုံးမှ ကားနှင့်ဒါးပိန်မြို့သို့သွားကြသည်။ ဒါးပိန်မြို့ လမ်းဆုံအနီးတွင်ရှိသော ရဲစခန်းသို့ဝင်သွားသည်။ ဒုရဲအုပ်လှဌေးက မာဇီနှင့်ဝင်သွားသဖြင့် စခန်းမှူးကြောင်၍ကြည့်နေသည်။ ဒုရဲအုပ် လှဌေးက သူ၏လွယ်အိတ်ထဲမှ ဝရမ်းစာကိုပြ၍ လှမ်း၍ပေးလိုက်သည်။ စခန်းမှူးက စာကိုဖတ်ပြီး နယ်ထိန်း ကိုဌေးအောင်ကို တပ်သား မြင့်အောင်အားသွားခေါ်ခိုင်းလိုက်သည်။

''ဟေ့ မြင့်အောင် ကိုဌေးအောင်ကိုသွားခေါ်စမ်း''

တပ်သားမြင့်အောင်သည် တပ်ကြပ် ကိုဌေးအောင်ကို လိုင်းခန်းထဲသို့သွား၍ ကိုဌေးအောင်တို့အိမ်ရှေ့မှ လှမ်း၍ခေါ်လိုက်သည်။

''ဆရာ ကိုဌေးအောင် စခန်းမှူးခေါ်နေတယ်''

နယ်ထိန်း ဌေးအောင်သည် အိပ်ရာမှထကာ ခမူးက



www.burmeseclassic.com

www.burmeseclassic.com



[..]င့် ယူနီဖောင်းဝတ်၍ တပ်[..]းမြင့်အောင်နှင့် စခန်းထဲသို့ [..]ယောက်သားဝင်ကာ စခန်း[..]ကို အလေးပြု၍ တပ်ကြပ်[..]ွေအောင်က ဆရာကိစ္စရှိလို့[..]ားဟု မေးမည်အပြုတွင် စခန်း[..]ကပြောလိုက်သည်။

“ဆရာ ကိုဌေးအောင်[..]ယ်လေးနဲ့ မြောက်ပိုင်းက ကိုလှ[..]မောင်ကိုခေါ်ခဲ့။ အပြန်ကြရင်[..]မောင်မောင်မြင့်နဲ့ သူ့သား ကျော်[..]ထက်ကိုပါ ခေါ်ခဲ့”

“ဟုတ်ကဲ့”

ဒုရဲအုပ် လှဌေးနှင့် နယ်[..]ထိန်းများနှင့် တပ်ကြပ်ကြီး ဌေးအောင်ပါ မြောက်ပိုင်းသို့သွား[..]ကာ လှမောင်ကိုသွားခေါ်သည်။ လှမောင် အိမ်ရှေ့သို့ထွက်လာသည်။ ဒုရဲအုပ် လှဌေးက လှမောင်ကို လက်ထိတ်ခတ်လိုက်သည်။ လှမောင်၏ မိန်းမနှင့် သမီးများက ဘာမှန်းမသိဖြစ်၍ ကြောင်နေကြသည်။ လှမောင်၏ မိန်းမနှင့်သမီးများက သတိရ၍ ဒုရဲအုပ် လှဌေး၏ ခြေသလုံးကိုဖက်၍ ငိုကြွေးရင်းတောင်းပန်နေသည်။

“မခေါ်သွားပါနဲ့ ဆရာရယ်။ ဘာအပြစ်ရှိလို့လဲ”

“မပူပါနဲ့ ကျွန်တော်စစ်ဆေးပြီး ပြန်လွှတ်ပေးလိုက်မှာပါ။ မသင်္ကာမှုလေးပါ”

မြောက်ပိုင်းမှ တောင်ပိုင်းရှိ စားသောက်ဆိုင်တွင်နေသော မောင်မောင်မြင့်တို့ အိမ်သို့ဝင်လာကာ မောင်မောင်မြင့်နှင့် ကျော်ထက်ပါခေါ်၍ လက်ထိတ်ခတ်ကာ စခန်းသို့ခေါ်ဆောင်လာပြီး စခန်းမှ တောင်ဥက္ကလာပ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးသို့ ခေါ်သွားလေသည်။ မြင့်အေးနှင့် သက်သေခံပစ္စည်းများကို ဖမ်းထားသဖြင့် မောင်မောင်မြင့်၊ လှမောင်နှင့် ကျော်ထက်တို့ ငြင်းလို့မရတော့ချေ။

ဒါးပိန်မြို့တွင်နေ မောင်မောင်မြင့်သည် ငွေပေးသဖြင့် လှမောင်သည် စီစဉ်သူဖြစ်သည်။ ကျော်ထက်သည် ကြံရာပါ ပို့ဆောင်သူ၊ မြင့်အေးသည် ကြေးစားလုပ်ကိုင်စားသူများဖြစ်ကြပြီး ၎င်းတို့လေးယောက်နှင့် ကျူးလွန်သည့်နေ့က အသုံးပြုခဲ့သော စူပါရှမင်အငှားကားယာဉ်နှင့် သက်သေခံဓား ပစ္စည်းများအား သိမ်းဆည်းလိုက်သည်။ အသတ်ခံရသော ဒေါ်ယဉ်မြသည် ရင်အုပ်အောက်တွင် တစ်ချက်၊ ဂျိုင်းအောက်တွင် တစ်ချက်၊ နံဘေးတွင် တစ်ချက် ကြောက်ကြောက်ဖြင့်ထိုးခဲ့သဖြင့် ရုပ်ထိကာ ဒဏ်ရာရခဲ့ပြီး ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ထားခဲ့ရသည်။ အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့သို့ လူတစ်ယောက်၏ လောဘရမ္မက်သည် ကြောက်စရာအလွန်ကောင်းလှသည်။


မြဦးမောင်(ဒါးပိန်)



www.burmeseclassic.com

# အရှုပ်ထုပ်ရဲ့ဇာတ်သိမ်း

ဟောင်ဟောင်
(ဝိုင်တာတ်ဖြိုင်)





www.burmeseclassic.com

www.burmeseclassic.com



အရှုပ်ထုပ်ရဲ့ဇာတ်သိမ်း
ဆောင်မောင် (ဗိုလ်တထောင်မြို့)

"မျိုး စာရေးဆရာကြီး၊
သစ်ပင်ရိပ်အောက်မှာ ယာယီတဲ
ငး ရေချွေးချမ်းနဲ့ ညိမ့်နေပါ
ဘား"

အသံလာရာသို့ လှည့်
ကြည့်လိုက်ရာ ပြုံးစစဖြင့် ဆရာ
မြင့်ကို တွေ့လိုက်ရသည်။

"ဟုတ်တယ် ဆရာလှ
မြင့်ရေ၊ ရာသီဥတုက ပြင်းလာ
တော့ အိမ်ထဲမှာ မနေနိုင်တော့
ဘူး ကြံမိကြံရာ သစ်ပင်ရိပ်
အောက်မှာ တာလပတ်မိုးပြီး နေ
လိုက်တာ သက်သာသလိုတော့
သွားပါတယ်"

"ဒါပေါ့ ဆရာမောင်
ရယ် နေတတ်ရင် ကြေနပ်စရာပဲ
ဟုတ်လား"

သူ့အဘိဓမ္မ စကား
အားကလည်း မှတ်သားစရာ
ကောင်းလှပါသည်။

"လာဗျာ ဆရာလှမြင့်
ဆက်တုန်း အေးအေးဆေး
ဆေးပေါ့ အကြောင်းထူးရှိလား
ဘာကူညီရမလဲ"

"ထွေထွေထူးထူး
တော့ မရှိပါဘူး ဆရာမောင်ရယ်
ဆရာ့ကို သတိရတာရယ် ကုန်
ကြမ်းလေးတစ်ခု ပေးချင်တာ
ရယ်ကြောင့် လှည့်လာခဲ့တာပါ"

"ကောင်းတယ်ဗျာ၊
ကျွန်တော်လဲ ကုန်ကြမ်းပြတ်နေ
တာအတော်ပဲ အခုအခါမှာ စာ
ပေစိစစ်ဆေးမရှိတော့ မဂ္ဂဇင်း
တွေလဲ အထွက်သွက်လာတယ်။
ကျွန်တော်တို့ စာမူတွေလဲ လစဉ်
လိုလို သုံးစွဲလာကြတယ်ဗျ၊ အ
မေကြီးရေ လက်ဖက်ထပ်သုတ်
လိုက်ပါဦး၊ ဒီမှာ ဆရာလှမြင့်
ရောက်လာတယ်"

မိမိက ဇနီးသည်ကိုပါ
တစ်ဆက်တည်း လှမ်းအော်ပြော
လိုက်သည်။ ဆရာလှမြင့်က ကု
လားထိုင်လွတ်တစ်ခုတွင် ဝင်
ထိုင်လိုက်သည်။ ဆရာလှမြင့်က
အငြိမ်းစား ရဲအုပ်ဖြစ်သည်။ ရဲ
စခန်းမှူးတာဝန်ကို အချိန်အ
တိုင်းအတိုင်းအတာ တစ်ခုအဖြစ်
နှိမ်နင်းဆောင်ရွက်ခဲ့သူဖြစ်သည်။
အထူးသဖြင့် မှုခင်းအတွေ့အကြုံ
များသည် လက်တွေ့နှင့်စာတွေ့
တထပ်ကြအောင် ဆောင်ရွက်
တတ်သူဖြစ်သည်။ သူ့ထံမှ တိ
ကျမှန်ကန်သော ကုန်ကြမ်း
ကောင်းများ အတော်များများ ရ
ရှိခဲ့ဖူးပြီဖြစ်သည်။

*****

ဇနီးသည်က ရေနွေး
ဓာတ်ဘူးနှင့် လက်ဖက်ခွက်လာ
ချပေးသည်။ နှစ်ယောက်သား
စားရင်းသောက်ရင်း ဘဝအတွေ့
အကြုံများ ပြောဖြစ်ကြသည်။
ဤသည်မှာလည်း စိတ်၏အပန်း
ဖြေရာတစ်ခုဟု ဆိုရမည်ဖြစ်ပါ
သည်။

ဆရာလှမြင့်၏ ထူးခြား
ချက်မှာ သူ့ဘဝအတွေ့အကြုံ
များကို ပြန်ပြောင်းပြောပြရာတွင်
တိကျသည်။ ရှင်းလင်းသည်။ အ
ရှိကိုအရှိအတိုင်း ပြောတတ်
သည်။ မိမိအတွက် မှတ်သားရ
သည်မှာလည်း လွယ်ကူသည်။
ရှင်းလင်းသည်။ ဆရာလှမြင့်က
လက်ဖက်တစ်ဖွန်းကို ဝါးလိုက်
သည်။ အနေတော်ဖြစ်နေသော
ရေနွေးကြမ်းကို အပြီးသတ်မော့



www.burmeseclassic.com

ချလိုက်သည်။ ပြီးတော့ သူ့စကားကိုစသည်။

"ဆရာမောင်ရေ ကျွန်တော်အခုပြောမဲ့ ကုန်ကြမ်းကလဲ လူသတ်မှုပါပဲ၊ ဒီလူသတ်မှုတွေအကြောင်း ပြန်ပြောရတာလဲ မဟန်ပါဘူးဗျာ။ ကျွန်တော်စခန်းမှူးတာဝန်ယူခဲ့ရသော ကာလအတွင်းမှာ ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ်အတွင်း လူသတ်မှုက စံတင်လောက်တယ် ဆရာမောင်ရယ်"

"အခုပြောမဲ့ လူသတ်မှုက ရိုးရိုးလေးပါပဲ၊ တရားခံကိုလဲ ခဲရခဲဆစ်လိုက်ရတာ မရှိပါဘူး။ သက်သေ အထောက်အထားတွေကလဲ အဆင်သင့်ပါပဲ။ ဒါပေမဲ့ ဒီအမှုကို စစ်ဆေးခဲ့ရတုန်းကလဲ စိတ်မချမ်းမသာ ဖြစ်ခဲ့ရာတယ်။ အခု ပြန်ပြောင်းပြောရပြန်တော့လည်း စိတ်မကောင်းတော့ ဖြစ်မိသေးတယ်ဗျာ၊ တကယ်တော့ "ရှုပ်လာသည်ကို မရှင်းနိုင်လို့ ပိုရှုပ်သွားသည်"လို့ ပဲဆိုရမှာပဲ"

ဆရာလှမြင့်က သူ့စကားကို ခေတ္တရပ်လိုက်သည်။ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းကိုငှဲ၍ သောက်လိုက်သည်။ မိမိကတော့ ဆရာလှမြင့်၏ နိဒါန်းစကားနှင့်ပင် ဤအမှုကို စိတ်ဝင်စားနေမိသည်။ ဆရာလှမြင့်က သူ့စကားကို ပြန်ဆက်သည်။

ဒီလို ဆရာမောင်ရေ

အမှုက ညီအချင်းချင်း လက်လွ

ခြေလွန်ဖြစ်သွားတဲ့ လူသတ်မှု

(တရားရုံးတော်ကတော့ လူသေ

မှုနဲ့ အပြစ်ပေးချင်ပေးမှာပေါ့ဗျ

ထားပါတော့လေ။ ပေါက်ခေါ

မြို့ ---ရပ်ကွက်မှာ ဒေါ်ဖွ



www.burmeseclassic.com



င်ဆိုတဲ့ မုဆိုးမကြီးတစ်ယောက်ရှိတယ်။ ခင်ပွန်းဖြစ်သူ ယ်လွန်သွားတော့ လူမမယ် သားလေးနှစ်ယောက်ကျန်ခဲ့တယ်။ စ်ယောက်က ရှစ်နှစ်၊ တစ်ယောက်က ငါးနှစ်ဖြစ်တယ်၊ ခင် န်း ရှိစဉ်ကပင် လက်လုပ်လက် း ဆင်းဆင်းရဲရဲ ရှိခဲ့တာဆို တော့ မုဆိုးမဘဝမှာ ပိုဆိုးနေ တာပေါ့ဗျာ။

ဒါပေမဲ့ ဒေါ်ဖွားတင်က သတ္တိလည်းကောင်း၊ ဖွဲလည်း ကောင်းဆိုပဲ၊ သားလေး နှစ်ယောက်ကို မျက်နှာမငယ်ရအောင် ဈေးဗန်းကိုခေါင်းပေါ်က ချောဲ ရှာကျွေးသတဲ့၊ သားနှစ်ယောက်ကို ချစ်လိုက်တာလဲ တုံလို့တဲ့၊ ကျောင်းလဲထားပေးတယ်။ သူ့မှာတော့ မိုးဆိုမိုးအလျှောက် နွေဆိုနွေအလျှောက် ရှုန်းကန်နေခဲ့ရတယ်။ ဈေးဗန်းခေါင်းပေါ်တင်ပြီး မနားတမ်းလုပ်ရှာပေမဲ့လဲ ရင်းနှီးမှုအားကနည်းတော့ မနက်စာ ညစာ မနည်းရုန်းကန်နေရတာပေါ့။

ဒီဘဝမျိုးနဲ့ သားလေးနှစ်ယောက် ကျောင်းထားပေးရတာကလဲ ဘယ်လောက် တိုးတက်နိုင်မှာလဲဗျာ၊ ဒီခေတ်ကလဲ သိတဲ့အတိုင်းပဲ ကလေးကျောင်းအပ်ပြီဆိုတာနဲ့ ကျူရှင်ဆိုတာကြီးက ကပ်ပါလာပြီလေ၊ ဒီကြားထဲ ကျောင်းကလဲ ဘာကြေးညာကြေးဆိုတာ ရှိသေးတယ်။ သူများက ပေးနိုင်ပြီး ကိုယ်က မပေးနိုင်တော့ ကလေးတွေက ကျောင်းသွားရမှာ ဝန်လေးလာကြတယ်။ ကျူရှင် မတက်နိုင်တော့ စာကမလိုက်နိုင်၊ နောက်ဆုံး ကျောင်းပြေးသည့်အဆင့် ရောက်သွားကြသည်။ ကျောင်းမတက်ချင်သည့်အထိ ဖြစ်သွားတော့တယ်။ ကလေးတွေရဲ့ ဘဝအခြေအနေကို ဖြည့်ဆည်းမပေးနိုင်တဲ့ ဒေါ်ဖွားတင်တစ်ယောက် သားနှစ်ယောက်၏ ကျောင်းမတက်လိုသည့်ဆန္ဒကို ရင်နာနာနဲ့ လိုက်လျောခဲ့ရသည်ပေါ့။

နောက်ဆုံးတော့ဗျာ ဒီကလေး နှစ်ယောက် အရွယ်မတိုင်ခင်မှာပဲ ကျောင်းထွက်ခဲ့ရတယ်။ အရွယ်မတိုင်ခင်မှာပဲ နွားကျောင်း ဆိတ်ကျောင်းဘဝရောက်ခဲ့ကြရတယ်။ အရွယ်လေးတွေရလာတော့ သူများအိမ်မှာ လယ်ယာကူလီ(စာရင်းငှား)

ကလေးတွေရဲ့ ဘဝအခြေအနေကို ဖြည့်ဆည်းမပေးနိုင်တဲ့ ဒေါ်ဖွားတင်တစ်ယောက် သားနှစ်ယောက်၏ ကျောင်းမတက်လိုသည့်ဆန္ဒကို ရင်နာနာနဲ့ လိုက်လျောခဲ့ရသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘဝရောက်ရတာပေါ့ဗျာ။ လယ်ယာကိုင်းကျွန်းလုပ်ငန်းတွေ ရာသီကုန်ပြန်တော့ သစ်ခုတ်ဝါးခုတ်ဘက် ရောက်ကြရပြန်တယ်။ ဘဝဝမ်းရေးအတွက် အမျိုးမျိုး ရုန်းကန်ကြရတာပေါ့။

သီးချိန်တန် ပွင့်ချိန်တန် ရောက်ပြန်တော့လဲ ဖနီးမယားတွေနဲ့ ဖြစ်လာပြန်တယ်။ ဒီကောင်နှစ်ကောင် အိမ်ထောင်ရေးကံမကောင်းကြဘူးလို့ပဲ ဆိုရမှာပဲ၊ သူတို့ရတဲ့ကောင်မလေးတွေက လိမ္မာရေးခြား မရှိဘူး။ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်းထဲက ဖြစ်ကြတယ်။ ဒါပဲ ပညာအခြေခံနည်းလို့ပဲ ဆိုရမှာပဲ။

တစ်ခုတော့ ချီးကျူးစရာကောင်းပါတယ်။ ဒီကောင်လေးနှစ်ယောက်ဟာ အကျင့်စာရိတ္တတော့ ကောင်းကြတယ်၊ သူများပစ္စည်း မတရားယူတာ၊ ခိုးတာဝှက်တာ၊ လိမ်တာလောက်တောင်မရှိဘူးဗျ။ အဲ ... အရက်ကြတော့ ညီအစ်ကိုနှစ်ယောက်စလုံး သောက်တတ်ကြတယ်။

ဒါလဲ လုပ်ငန်းသဘာဝတွေက ကြမ်းတမ်းတော့ ဘဝအပန်းဖြေသဘော လွှဲမှားစွာခံယူကြတာလဲ ဖြစ်နိုင်ပါတယ်။ ဒီကောင်တွေ မူးလာပေမဲ့ ယော့ယော့ဒိုင်းဒိုင်းတော့ မရှိကြဘူး။

ဒေါ်ဖွားတင်ကတော့ သားနှစ်ယောက် အိမ်ထောင်ကျသွားပေမဲ့ ချစ်နေတုန်းပဲ၊ ကလေးတွေလိုပဲ မြင်နေတုန်းပဲ၊ ချွေးမနှစ်ယောက်ကိုလဲ သမီးရင်းပမာ ချစ်ရှာပါတယ်။ တစ်ခြားခွဲမသွားစေရန် သူ့ခြံဝိုင်းလေးထဲမှာပဲ အိမ်လေးနှစ်လုံးဆောက်လျက်နေစေသည်။ သားအကြီးကောင် စောမောင်က တစ်အိမ်၊ သားအငယ် ယောမောင်အိမ်တွင် ဒေါ်ဖွားတင်နေသည်။

သူတို့ မိသားစု အသိုက်အမြုံလေးမှာ မရှိအတူ ရှိအတူနဲ့ အေးချမ်းလှပါတယ်။ အခုတော့ မမျှော်လင့်ဘဲ ဒီလိုရာဇဝတ်မှုကြီးဖြစ်လာတော့ စိတ်မကောင်းဖြစ်ရပါတယ် ဆရာမောင်ရယ်။ အငယ်ကောင် ယောမောင်က သေဆုံးသူ၊ အကြီးကောင် စောမောင်က တရား

ခံ၊ မမျှော်လင့်ဘဲ လက်လွန်သွားတဲ့အတွက် စောမောင်လဲ မှုကြီးမရဖြစ်ခဲ့ရတယ်။ မိခင် ဒေါ်ဖွားတင်လဲ အရပ်ကြီးပြုတ်ဖြုတ်သွားခဲ့ရတယ်။ ကျွန်တော်က တော့ တာဝန်အရ စောမောင်အပေါ် လူသတ်မှုနဲ့ အမှုဖွင့်ခဲ့တယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (လူသတ်မှု)ဖြင့် တရားစွဲတင်ခဲ့ရပါတယ်။

*****

စခန်းမှူး ရဲအုပ်လှမြင့်နယ်မြေအတွင်း ခင်းလှည့်ရာမှအပြန် အမောမဖြေနိုင်၊ လူသတ်မှုတရားခံ စောမောင်အား အချုပ်ခန်းမှထုတ်၍ စစ်ဆေးခဲ့သည်။

"ကဲ ... မောင်စောမောင် ဘယ်လိုကဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ ပြောပါဦးကွာ"

"ကျွန်တော် မှားပါတယ် ဦးလေးရယ်၊ ကျွန်တော့်ကို တစ်ခါတည်းသာ ကြိုးစင်တင်ပေးလိုက်ပါတော့"

စောမောင်က ငိုသံပါကြီးနှင့်ပြောသည်။ မျက်ရည်တွေ

www.burmeseclassic.com





ဘ ဖြိုင်ဖြိုင်ကျနေသည်။

"ဒါတွေ ပြောမနေပါနဲ့တော့ စောမောင်ရာ၊ ငါလဲ မင်းကို ကြိုးစင်တပ်ပေးနိုင်တဲ့ သူမဟုတ်ပါဘူး။ မင်းမှားခဲ့တဲ့အမှားတွေကလဲ ပြင်လို့မရတော့ပါဘူး။ အဖြစ်မှန်ကိုသာပြောပါ။ တို့လဲ ဥပဒေဘောင်အတွင်းက ကူညီနိုင်တာ ကူညီမှာပေါ့ကွာ"

"ဒီလိုပါ ဦးလေးရယ်၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အိမ်သာကျင်းတူးကြတယ်။ နဲနဲလေးပင်ပန်းလာတော့ အရက်ကလေးတော့ သောက်မိကြပါတယ်။ မြေကျင်းတူးပြီးတော့ ဝါးနီးခွေချဖို့ လုပ်ကြတယ်။ အစကတော့ တိုင်းလုပ်တာပါပဲ။ လက်တွေ့ချကြည့်တော့ ဝါးနီးခွေကနည်းနည်းကြီးသွားတယ်။ ကျင်းထဲထည့်လို့ မရဖြစ်သွားတယ်။ အဲဒီမှာ အငယ်ကောင်ယောမောင်က ကျွန်တော့်ကို မကျေနပ်ဘဲ စပြောတော့တာပါဘဲ"

"ခင်ဗျား လုပ်လိုက်မှဖြင့် သောက်သုံးကိုမကျဘူး။ အစထဲက သေချာအောင် လုပ်ရတယ်ဗျ၊ ပြန်ဖျက်ရတာ လွယ်တာမဟုတ်ဘူး၊ အချိန်လဲကုန်တယ်၊ လူလဲပင်ပန်းတယ်၊ ကဲကွာ ... ကဲကွာဆိုပြီး နီးချက်တွေကို ဓားနဲ့ စိတ်ဆိုး၊ မာန်ဆိုးခုတ်တော့တာပဲ၊ ကျွန်တော်ကတော့ ညီလေးမူးလို့ ပြောတာပဲဆိုပြီး သည်းခံနေလိုက်တယ်။ အဲဒီမှာ ကျွန်တော့် မိန်းမက ပါလာတယ်"

"ဟဲ့ .. အငယ်ကောင်နင်ကဘာအချိုးချိုးတာလဲ နင်မိုက်ရိုင်းလှချည်လား ကိုယ့်ထက်ကြီးတဲ့အစ်ကိုကို ဒီလိုပြောရသလား ဒီလိုလုပ်ရသလား၊ အစ်ကိုကြီး အဖရာဆိုတာ နင် နားမလည်ဘူးလား တိရစ္ဆာန်တွေ"

"ခင်ဗျား ကျုပ်ကိုတိရစ္ဆာန်နဲ့ မနိူင်းနဲ့၊ ကျုပ်တို့ညီအစ်ကိုကြားမှာလဲ ခင်ဗျားပါစရာမလိုဘူး"

"လိုတယ်ဟဲ့ လိုတယ်။ ငါက နင့်အစ်ကိုမယား၊ အစ်မကြီးတော့ အမိရာဆိုတာ နင်နားမလည်ဘူးလား"

"တော်စမ်းပါဗျာ၊ ခွေးဖင်က ... "

စောမောင်ရဲ့ဇနီး မိနီကသူ့ကို ခွေးနဲ့ အနှိုင်းခံလိုက်ရ



www.burmeseclassic.com

တော့ အကြီးအကျယ်ဒေါသူပုန် ထပြီး ခုနစ်အိမ်ကြား ရှစ်အိမ် ကြား အော်ဟစ်ဆဲဆို ကြိမ်း မောင်းသည်။ အဲဒီမှာ အငယ် ကောင်ဇနီး မိတုတ်က မခံမရပ် နိုင်ဖြစ်ပြီး ဝင်ပြောပြန်သည်။

အကြီးမမိနီက သူ့ကို ပြန်ပြောရမလားဆိုပြီး အငယ်မ မိတုတ်ကို ပါးလှမ်းရိုက်သည်။ အငယ်ကောင် ယောမောင်က လက်လှမ်းဆွဲလိုက်သဖြင့် မိ တုတ်ကိုမထိ ဖြစ်သွားသည်။ သို့ သော်လည်း ယောမောင်က မိနီ ကိုအားနှင့်တွန်းထည့်လိုက်ရာ "အား"ဆိုသောအသံနှင့်အတူ မိ နီလဲကျသွားသည်။ စောမောင်က ဇနီးအော်သံကြောင့် စိုးရိမ်စိတ် ဖြင့် အနီးရှိ ရဲတင်းကောက်ကိုင် လျက် ယောမောင်ခေါင်းကို တစ် ချက်တည်း ထုချလိုက်သည်။ ယောမောင် ပွဲချင်းပြီး သေဆုံး သွားခဲ့ခြင်းဖြစ်သည်။

*****

ဆရာမောင်ရေ အမှု ဖြစ်စဉ်ကတော့ အဲဒါပါပဲ အရက် ရယ်၊ ပတ်ဝန်းကျင်ရယ်ပါလာ တော့ ရှုပ်ထွေးသွားတာပေါ့။ အဲ ဒီအရှုပ်အထွေးကို မရှင်းနိုင်တော့ ပိုရှုပ်ကုန်တာပေါ့။ နောက်ဆုံးရာ ဇဝတ်မှုထဲ ရောက်သွားခဲ့ရတယ်။ မသေသင့်သူလဲ အချိန်မတန်ဘဲ သေခဲ့ရတယ်။ ထောင်ထဲရောက် သူလဲ ရောက်သွားခဲ့ရတယ်"

"ကျွန်တော် ဒီနေ့အထိ မျက်စိထဲက မထွက်နိုင်သေးတဲ့ စိတ်မကောင်းစရာမြင်ကွင်းကို ပြောပြချင်သေးတယ်။ မြင်ကွင်း က ရင်နင့်စရာပါ။ စောမောင်ကို သက်ဆိုင်ရာ တရားရုံးက အ လုပ်ကြမ်းနှင့် ထောင်ဒဏ်ခုနှ နှစ်ချမှတ်လိုက်တယ်ဗျ"

"အချုပ်သားတွေ ထောင်ပို့ရန် အချုပ်ကားပေါ် တက်နေပြီဖြစ်တယ်။ မကြာသေး မီ ရက်အတွင်းကမှ သေဆုံးသွာ ရရှာတဲ့ ယောမောင်ဇနီး မိတုတ် က ယောမောင်ကိုတစ္ဆေ ချုံးပွဲချ ငိုတယ်။ ထောင်ပို့လိုက်ပါရန် အ ချုပ်ကားပေါ်ရောက်နေတဲ့ စော မောင်ကိုတလျက် ဇနီးမိနီက အ

## "အခုတော့လဲ လင်ညီမနှစ်ယောက် မပဒါမြေလူးဘဝမျိုး မြင်တွေ့ရတော့ စိတ်မကောင်းစရာ ဖြစ်ရတာပေါ့ဗျာ"

www.burmeseclassic.com



သံကုန်အော်ဟာစ်ငိုသည်။ အခုတော့လဲ လင်ညီမနှစ်ယောက်မပဒါမြေလူးဘဝမျိုး မြင်တွေ့ရတော့ စိတ်မကောင်းစရာ ဖြစ်ရတာပေါ့ဗျာ''

''အသက်အရွယ် ကြီးရင့်နေပြီဖြစ်တဲ့ ဒေါ်ဖွားတင်အဖြစ်ကလဲ ရင်နင့်စရာကောင်းပါသည်။ မကြာသေးခင်ကပဲ သားအကြီးလက်ချက်နဲ့ သားအငယ်အသက်ဆုံးရှုံးခဲ့ရတယ်။ အခုလဲ သားအကြီးကောင်က ထောင်ထဲသွားရန် အချုပ်ကားပေါ်သို့ ရောက်နေပြီဖြစ်တယ်။ ဒေါ်ဖွားတင် အချုပ်ကားကြီးကို တွေတွေကြီးစိုက်ကြည့်နေတယ်။ သူ့ထံက ငိုသံလဲမကြားရ၊ မျက်ရည်များလည်းမကျ မျက်စိကြီးကိုသာပြူးလျက် အသက်မဲ့နေသောကျောက်ရုပ်ကြီးပမာ ဖြစ်နေတယ်ဗျ''

အဖော် လိုက်လာသူများက–

''အမေ အဒေါ်ကြိတ်မခံနေနဲ့ ငိုစရာရှိရင်ငိုချလိုက်၊ ငိုချလိုက် ...''

လို့ ဝိုင်းပြောကြသည်။ ဒေါ်ဖွားတင်ကတော့ တုတ်တုတ်မျှမလှုပ်၊ အချုပ်ကားကြီးက တရွေ့ရွေ့ ထွက်ခွာသွားပါပြီ။ တဖြည်းဖြည်းဝေး၍ဝေး၍ သွားခဲ့ပြီဖြစ်သည်။ ဒေါ်ဖွားတင်လဲ အရုပ်ကြိုး ပြတ်လဲကျသွားခဲ့တယ် ဆရာမောင်ရယ်။

ဆရာလှမြင့်က သူ့စကားကို အဆုံးသတ် လိုက်သည်။ ရေနွေးကြမ်းတစ်ခွက်ကို မော့ချလိုက်သည်။ ပြီးနောက် မိမိအား နှုတ်ဆက်လျက် မိမိ ယာယီတဲနန်းလေးမှ ပြန်ထွက်သွားပါသည်။

ဆရာလှမြင့် ပြန်သွားပြီဖြစ်သည်။ မိမိရင်မှာတော့ အတွေးစလေးများ ကျန်ခဲ့ပါသည်။ ဤအမှုမှာ ပထမတော့ ညီအစ်ကိုချင်း ဖြစ်ကြသည်။ နောက်တော့ ဇနီးမယားတွေ ပါလာသည်။ မယားထိတော့ ဓားကြည့်ဆိုတာမျိုး ဖြစ်လာသည်။ ဒီအရှုပ်ကို အချိန်မီတားနိုင်မည့်သူမရှိ။ ဒီကြားထဲ အရက်ဆိုတဲ့ မကောင်းဆိုးဝါးက ပါလာပြန်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြသည်။

မူလတရားခံက အရက်ကစခဲ့ခြင်းဖြစ်သည်။ ဒီမကောင်းဆိုးဝါးအရက်ကလည်း လူသားတွေကို စိုးမိုးလွှမ်းလှသည်။ စိတ်ညစ်တော့လည်း သောက်သည်။ စိတ်ပျော်တော့လည်းသောက်သည်။ လူမှုရေးနယ်ပယ်မှာ သူမပါတဲ့နေရာ ခပ်ရှားရှားဖြစ်သည်။

ဒီကမ္ဘာ လောကကြီးမှာ လူသားတွေရှိနေသရွေ့ အရက်ဆိုတာလည်း ရှိနေမည်သာဖြစ်သည်။ သူသားအတော်များများကလည်း ဒီအရက်ကို မက်မောနေကြဦးမည်သာဖြစ်သည်။


အရက်နဲ့လူသား၊ လူသားနဲ့အရက် ဘယ်သောအခါများ လမ်းခွဲနိုင်ကြပါ့မလဲလို့ တွေးတောနေမိတော့သည်။

သုရာမေရိယကံနှင့်
ကင်းဝေးကြပါစေ။
မောင်မောင်(ပိတောက်မြိုင်)



www.burmeseclassic.com

www.burmeseclassic.com



# လိမ်လည်လှည့်ဖြားမုသားစကား

နေအုန်းမော်





www.burmeseclassic.com

www.burmeseclassic.com



"လိမ်ညာလှည့်ဖြား မုသား စကား ယုံမှားမိသော်"

နေအုန်းမော်

သည်မိန်းမကို စတွေ့တတည်းက မရိုးသားဟု ဒေါ်တင်မြ တွေးတင်ထားသည်။ ထိုမိန်းမက တာချီလိတ်က ပြန်ရောက်လာပြီး ငွေသိန်း(၅၀)ခန့် ပါလာသည်ဟုဆိုသည်။ သူမ၏ အမည်မှာ မသန်းကြည်ဟု သိရ၍ ရုပ်ရည်မှာ ရွက်ကြမ်းရေကျို သာသာ ဖြစ်သော်လည်း လုံးကြီးပေါက်လှ ကိုယ်ခန္ဓာကိုယ်တောင့်တင်းသည်။ အသက်ကား သုံးဆယ်ကျော်၊ ကံပေါ်၍ ငွေထုပ်ပိုက်လာနိုင်သည်လား၊ လင်မယားလည်း ကွဲခဲ့ပြီးဖြစ်၍ တစ်ခုလပ် တစ်လင်ကွာဆိုလား။

အိမ်ကပဟာကြီးက သူမကို အိမ်ခေါ်လာပြီး မတင်မြနှင့် မိတ်ဆက်ပေးဖြစ်သည်။

"မတင်မြရေ ဟောဒီက မသန်းကြည်က သူစုဆောင်းထားတဲ့ ငွေသိန်းငါးဆယ်ကို ပျောက်ပျက်ကုန်မှာစိုးလို့ တို့ဆီမှာအပ်ထားပြီး တိုးပွားအောင်လုပ်ပေးပါတဲ့။ အဲဒါ မင်းဘယ်လိုသဘောရသလဲ"

ဦးကြည်ခင်နှင့် ဒေါ်တင်မြတို့က (---)မြို့ပေါ်မှာ ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချ၍ တစ်ဖက်တွင် ငွေတိုးပေးစားသူများ ဖြစ်ကြသည်။ သားသမီး လုံးဝမထွန်းကားဘဲ လင်ကိုယ်မယား နှစ်ယောက်တည်း လုပ်ကိုင်စားသောက်ကြသည်။

"ကောင်းတာပေါ့ ကိုကြည်ခင်ရယ်၊ ကျွန်မတို့လဲ အရင်းအနှီးတိုးသလို သူ့အတွက်လည်း အဆင်ပြေတာပေါ့။ ဒါနဲ့ ဟောဒီက မသန်းကြည်နဲ့ ဘယ်လိုလုပ်သိကြတာလဲ၊ သူက ဒီမြို့ပေါ်က မဟုတ်ဘူးထင်တယ်"

"အေးကွ သူတို့က ---ရွာမှာ နေကြတာ။ သူ့အစ်ကို မြင့်ဦးနဲ့ ငါတို့က ကျောင်းနေဖက် သူငယ်ချင်းတွေလေ။ ဟိုတလောက သူတို့ရွာကို အလည်အပတ်ရောက်သွားရင်း မြင့်ဦးက မိတ်ဆက်ပေးခဲ့တာ၊ မြင့်ဦးလဲ လယ်ယာလုပ်ငန်းနဲ့ မအားမလပ်ဖြစ်နေလို့ သူ့ညီမကိုလွှတ်ပြီး အကူအညီပေးပါတဲ့"

"ဟုတ်ပါတယ် အစ်မကြီး၊ ရွာမှာက လက်လုပ်လက်စားတွေများတော့ အတိုးပေးစားလို့မရဘူး။ ကြာရင် ကျွန်မလက်ထဲက ပိုက်ဆံတွေ ယုတ်လျော့သွားမှာရယ်၊ သူခိုးခိုးမှာကြောက်လို့ရယ်၊ ဒီအတိုင်း ထားခဲ့မယ့်အစား အစ်ကိုကြီးအစ်မကြီးတို့ဆီအပ်နှံထားရင် လုံခြုံစိတ်ချ တိုးပွားရမယ်လို့ အစ်ကိုက အကြံပေးလို့ပါ"

"အေးပါကွယ်၊ ဒီက ညီမရဲ့အစ်ကို ပေးတဲ့ အကြံကောင်းပါတယ်၊ ဘာပဲဖြစ်ဖြစ် တို့လင်မယားက ကူညီရမယ့်တာဝန်ရှိပါတယ်၊ မိတ်ဆွေဆိုတာ အရင်းအနှီးပါပဲ၊ အစ်မကြီးတို့ဆီမှာ ယုံယုံကြည်ကြည်နဲ့သာအပ်ပါ၊ ထိုက်သင့်တဲ့ အတိုးလဲ မျှဝေခံစားရမှာပေါ့။ ညီမလဲ ဒီကို ခဏခဏလာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ အစ်မကြီး၊ ကျေးဇူးတင်ပါတယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"စကားနောက် တရားပါ"ဆိုသည့်အတိုင်း မသန်းကြည်ကို အိမ်သို့ ခဏခဏလာ ခိုင်းလိုက်သည်မှာ ဒေါ်တင်မြအ မှားကြီးမှားလေပြီ။ အဘယ် ကြောင့်ဆိုသော် ဒေါ်တင်မြက အသက်(၄၅)နှစ် သားအိမ်ကင် ဆာကြောင့် သားအိမ်ထုတ်ထား ခဲ့သည်မှာ လွန်ခဲ့သော (၅)နှစ်က တည်းကဖြစ်သည်။ သူမထက် (၅)နှစ်ကြီးသော ဦးကြည်ခင်နှင့် ငယ်ရွယ်စဉ်ကလည်း မိဘပေး စား၍ လင်မယားဖြစ်ခဲ့သည်မှာ မှန်သော်လည်း ယောကျ်ားများ သည် ကွယ်ရာမှာ ဖောက်ပြား တတ်သည်ကို မိန်းမသားတိုင်း သိရှိသည်။ ခုလည်းကြည့် မ သန်းကြည်မြို့တက်လာတိုင်း ဦး ကြည်ခင်၏မျက်လုံးများ ပြူး ကျယ်တောက်ပလာတတ်သလို မသန်းကြည်၏ အကြည့်များက လည်း ဆန့်ကျင်ဘက်လိင်ကို ဖိတ်ခေါ်နေသလိုနှင့် သင်းတို့နှစ် ယောက် မျက်လုံးချင်း စကား ပြောနေသည်ကို ဒေါ်တင်မြ သတိထားမိသည်။ ပြီးတော့ ဦး ကြည်ခင်သည် မသန်းကြည်တို့ ရွာသို့ မကြာမကြာ သွားရောက် လည်ပတ်ရင်း ကိုမြင့်ဦးဆိုသူနှင့် စီးပွားရေးကိစ္စ တိုင်ပင်နိုးနေရာ သည်ဟု ဆိုသည်။ တစ်ခါတစ် ရံ (---)မြို့သို့ သူငယ်ချင်းနှစ် ယောက် အတူသွားရောက်ကြ သတဲ့။ များအကြာမီမှာပင် လူ သတင်း လူချင်းဆောင်၍ ဦး ကြည်ခင်နှင့် (---)မြို့တက် သည်မှာ ဦးမြင့်ဦးနှင့် မဟုတ်မူပဲ မသန်းကြည်နှင့်အတူဖြစ်ကြောင်း မကောင်းသတင်း ထွက်ပေါ်လာ သည်။ နောက်ဆုံး သည်းမခံနိုင် တော့သည့် ဒေါ်တင်မြက–

"ကဲ ကိုကြည်ခင် ရှင် မသန်းကြည်နဲ့ ဖြစ်နေတယ် မ ဟုတ်လား။ မှန်မှန်ပြောနော်၊ ရှင် ကျွန်မကို ညာဖို့ လုံးဝစိတ်မကူး နဲ့၊ ကျွန်မသိတယ်၊ တစ်နေ့ဒီလို ဖြစ်လာမယ်ဆိုတာ တွေးပြီးသား ဘာပြောဦးမလဲ"

"ဘာ ငါနဲ့ မသန်း ကြည်နဲ့ဟုတ်လား။ မဖြစ်နိုင်တာ ကွာ ငါတို့ နှစ်ယောက်က ရိုးရိုး သားသားပါ၊ ငါနဲ့ သူနဲ့ဖြစ်နေပြီ လို့ မင်းကို ဘယ်သူပြောလဲ ဘေးစကားတွေ မယုံစမ်းပါနဲ့ မိန်းမရာ၊ မင်းကို မလိုတဲ့သူတွေ က တမင်ချောက်တွန်းတာပါ"

"ကဲ ကိုကြည်ခင် ရှင် မသန်းကြည်နဲ့ ဖြစ်နေတယ် မဟုတ်လား၊ မှန်မှန်ပြောနော်၊ ရှင် ကျွန်မကို ညာဖို့ လုံးဝစိတ်မကူးနဲ့၊ ကျွန်မသိတယ်၊ တစ်နေ့ဒီလိုဖြစ်လာမယ်ဆိုတာ တွေးပြီးသား၊ ဘာပြောဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် ရိုးရိုးသားသား ရိုး .. ရိုး .. သား .. သားတဲ့လား။ ဒီမယ် ကိုကြည်ခင်၊ ရှင်တို့နှစ်ယောက် ဘာမှမဖြစ်ဘူးဆိုတာကို လုံးဝ မယုံကြည်ဘူး သိလား။ ကြောင်ခံတွင်းပျက်ကြီးရဲ့”

“မိန်းမရာ အဲဒီလိုကြီး စွပ်စွဲပါနဲ့ကွာ၊ တကယ်ပြောတာပါ သူနဲ့ငါနဲ့က ဘာမှမဟုတ်ရပါဘူး၊ တကယ်လို့ ငါနဲ့သူနဲ့ဖြစ်တယ်ဆိုရင် ပြောတဲ့သူ သက်သေပြလေ၊ ဘယ်နေ့က ဘယ်အချိန် ဘယ်နေရာမှာ တွေ့ကြသလဲဆိုတာလေ ဒါမျိုးဆိုတာ မျက်မြင်တွေ့မှ ယိုးစွပ်ရတာကွ”

“ဟုတ်ပါရဲ့တော် ရှင်နဲ့ဟို ဆက်ရက်တောင်ပံကျိုးမတို့နှစ်ယောက် ထပ်ရက်သားတွေ့မှ စိတ်ချယုံရမတဲ့လား။ ဒီမှာ ကိုကြည်ခင်ရဲ့ မှတ်ထား ဟုတ်လို့ကျော် ပုပ်လို့ပေါ်ဆိုတဲ့ စကားရှိတယ်။ ရှင် ဟိုကောင်မတို့ရွာကို မကြာမကြာ သွားတာတွေ၊ (---)မြို့ကို တစ်ခါတစ်ခါ တက်သွားတာတွေက ရှင့်ဘက်က မှုမမှန်လို့ပဲ၊ အင်းပေါ့လေ၊ ကျွန်မကလဲ အသက်ကြီးလာပြီ မဟုတ်လား ရှင်စိတ်ကုန်သွားပြီပေါ့ .. ဟီး .. ဟီး”

ဒေါ်တင်မြ ငိုတော့ ဦးကြည်ခင် ချော့ပါသည်။ သို့သော် ဒေါ်တင်မြ၏ စိတ်က မပျော့ပါ။ ငေါ်တော့တော့ အမူအရာနှင့်သာ စိတ်ထဲကြိတ်မှိတ်ခံစားရင်း သင်းတို့ကို စက်ဆုပ်ရွံရှာမိပါသည်။ မိန်းမသားဖြစ်စေ၊ ယောက်ျားသားဖြစ်စေ အချစ်ကြီးလျှင် အမျက်ကြီးတတ်ပါချေသည်။ ဟိုအလျင်တုန်းက နှစ်နှစ်ကာကာ ချစ်လာခဲ့သမျှ ပစ်ပစ်ခါခါ မုန်းတတ်ပါသည်။ မနာလို ဝန်တိုမိစ္ဆာ၊ အဘိဇ္ဈာပွား၍ စိတ်ထဲမှာ နာကြည်းတတ်စမြဲ ဖြစ်ပါသည်။

“ရှင် ဟိုကောင်မတို့ရွာကို မကြာမကြာသွားတာတွေ၊ (---)မြို့ကို တစ်ခါတစ်ခါ တက်သွားတာတွေက ရှင့်ဘက်က မှုမမှန်လို့ပဲ၊ အင်းပေါ့လေ၊ ကျွန်မကလဲ အသက်ကြီးလာပြီ မဟုတ်လား ရှင်စိတ်ကုန်သွားပြီပေါ့ .. ဟီး .. ဟီး”

ထိုရောအခါ ...။

✿ ✿ ✿

တစ်နေ့ ... ။

“ကိုကြည်ခင်ရေ၊ ကျွန်မ မန္တလေးက ဖေဖေမေမေတို့ဆီ ခဏ သွားလိုက်ဦးမယ်၊ အဖေ နည်းနည်း နေမကောင်းဖြစ်နေတယ်တဲ့။ အဲဒါ ရှင်ပါလိုက်ခဲ့ရင် ကောင်းမယ် ထင်တယ်”

“လိုက်မယ်လေ တို့ ကုန်စုံဆိုင်ကိုတော့ ခဏပိတ်ထားရမှာပေါ့။ ဒါပေမဲ့ နွေပြန်တိုးလာပေးတဲ့ သူတွေကျတော့ ဘယ်လိုလုပ်ရပါ့မလဲ”

“အင်း ဒါလဲဟုတ်တာပဲ၊ ဒါဖြင့် ရှင်မလိုက်ရင် မလိုက်နဲ့လေ၊ အဖေ့ အခြေအနေက



www.burmeseclassic.com

www.burmeseclassic.com



သိပ်မစိုးရိမ်ရပါဘူး၊ ကျွန်မလဲ တစ်ရက်နှစ်ရက်နေပြီး ပြန်လာမှာပဲဟာ''

''အင်းပါ ကျွန်မတစ်ယောက်တည်း သွားပါတော့မယ်၊ ဒါနဲ့ ရှင်ကျွန်မ မရှိတုန်းဟိုကောင်မကို အိမ်မခေါ်နဲ့နော်၊ ကျွန်မကြားတာ ဟုတ်မဟုတ်တော့မသိဘူး၊ တာချီလိတ်မှာ သူနဲ့ညားခဲ့တဲ့ ယောကျ်ားက လိုက်လာပြီတဲ့။ ဘာပဲပြောပြော သူတို့နှစ်ယောက် ပြန်ပေါင်းထုပ်ရင် ကျွန်မတို့ဆီအပ်ထားတဲ့ ပိုက်ဆံတွေပြန်တောင်းမှာ သေချာတယ်၊ တကယ်လို့ ရှင်နဲ့အဲဒီကောင်မတို့ ရှုပ်ရှုပ်ရှက်ရှက်ကြားရင် ရှင့်ကို လာရန်ရှာမှာသိလား''

''အေးပါကွာ မင်းစိတ်ချလက်ချသွားပါ၊ ငါနဲ့ မသန်းကြည်က မင်းထင်သလို ဘာမှမဟုတ်ပါဘူး၊ သူ့ယောကျ်ားလိုက်ပါလို့ရှိရင်လဲ သူတို့ဘာသာသူတို့ ပြန်ညားကြပစေပေါ့၊ ငါနဲ့ဘာဆိုင်တာမှတ်လို့''

''ဒါဖြင့်ရင်လဲပြီးရော၊ ပြီးရော''

ဒေါ်တင်မြက မဲ့ပြုံးပြုံးသလို ဦးကြည်ခင်ကလည်း ကျိတ်ပြုံးပြုံး၍ ရင်ထဲမှာဝမ်းသာသွားသည်။ ဇနီးသည် မရှိခိုက်၊ မသန်းကြည်ကို ညဥ့်အိပ်လာခိုင်းပြီး အိမ်ကြီးတစ်လုံးထဲမှာ တစ်ပြုံးပြုံးနှင့် သိမ်းကျုံး၍ဖက်ထားနိုင်တော့မည် မဟုတ်ပါလား။

သို့သော် .... ။

✿ ✿ ✿

နောက်တစ်နေ့ မနက်တွင် ဒေါ်တင်မြဈေးသွားရင်း မသန်းကြည်ကို အမှတ်မထင်တွေ့ဒိုက်ရ၍ သူ့ကိုလှမ်းခေါ်ပြီး

''ဟဲ့ မိသန်းကြည်ရေ ညီမ''

''ဩော် အစ်မကြီးပါလား၊ ဈေးလာဝယ်တာလား၊ ကျွန်မလဲ တူ၊ တူမလေးတွေအတွက် အဝတ်အစားလေး ဘာလေးလာဝယ်မလားလို့''

''အေးကွယ်၊ ညီမနဲ့တွေ့ရတာ ဟန်ကျလိုက်တာ၊ ပြောစရာရှိတာနဲ့ အတော်ပါပဲ ပထမတစ်ချက် ပြောချင်တာက အစ်မကြီးလေ ဒီညနေ ကားနဲ့

မန္တလေးတက်မလို့ နောက်နေ့ တွေမှာ အားရင် ညည်းအစ်ကို ကြီးကို ဝိုင်းပြီးကူစျေးရောင်းပေး လိုက်ဦးနော်''

''အစ်မကြီးက ဘယ် နှစ်ရက်ကြာမှာ မို့လို့လဲ''

''အစ်မကြီးရဲ့ ယောကျ်ားကို တစ်ရက်နှစ်ရက် လို့သာပြောခဲ့တာ အဖေနေ ကောင်းမှ ပြန်လာမှာဆိုတော့ တစ်ပတ်လောက်လဲ ကြာသွား နိုင်တယ်''

''ဩော် အဖေနေ ကောင်းဘူးဆိုတော့ မသွားမဖြ ဘူးပေါ့၊ စိတ်ချပါ အစ်မကြီး နက်ဖြန်ကစပြီး ကျွန်မဝိုင်းကူပြီး ရောင်းပေးပါ့မယ် ဟုတ်လား''

''အင်း နောက်တစ် ပြောချင်သေးတယ်၊ ညည်းအစ် ကိုကြီးကိုတော့ ပြန်မပြောနဲ့နော် ခုတလော ညည်းအစ်ကိုကြီး လေ ဘောလုံးပွဲတွေ တအား နေလို့ လက်ထဲမှာပိုက်ဆံမရှိဘူး ညည်းနေတယ်။ အဲဒါ သူ့ဆီ အတိုးပဲဖြစ်ဖြစ် အရင်းပဲဖြစ် သွားမတောင်းလိုက်နဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလိမ့်မယ် သိလား''

"ဟုတ်၊ ဟုတ်ကဲ့ အစ်ကြီး''

ဟုတ်ကဲ့သာ ပြောက်ရသည်။ မသန်းကြည်နှာတစ်ချက်ပျက်သွားသည် အချိုလိတ်က ခင်ပွန်းဟောင်း ကိုတင်လှက သူမနှင့် အတူနေရစေဟု တောင်းဆိုလာသည်။ ဦးကြည်ခင်တို့ လင်မယားကို အပ်နှံထားသော ငွေသိန်း(၅၀) ကလည်း ကိုတင်လှရှာဖွေပေးခဲ့ခြင်းဖြစ်သည်။ ထိုပိုက်ဆံများ ဘယ်မှာလဲဟုမေးလာလျှင် ... ။

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီည အစ်မကြီး မရှိခိုက်မှာပဲ ဦးကြည်ခင်ဆီက ချော့မော့ပြီး တချို့တစ်ဝက် ပြန်တောင်းရတော့မယ် မရမက ပြန်ယူရမယ်''

သို့နှင့် မသန်းကြည်သည် ရွာသို့မပြန်တော့ဘဲ ညမိုးချုပ်စဉ် ဦးကြည်ခင်တို့အိမ်သို့ သွားရောက်၍ အိပ်စက်လိုက်လေတော့သည်။

✿ ✿ ✿

ည(၁)နာရီခန့်အချိန် ... ။

"အစ်ကိုကြီး''

"ဘာလဲဟင်''

"သန်းကြည်မလေး အစ်ကိုကြီးကို ပြောစရာရှိလို့''

"မနက်မှ ပြောပါလားကွာ၊ အိပ်ချင်သေးလို့''

"မနက်ကျရင် အလုပ်ရှုပ်ပြီး အစ်ကိုကြီး စိတ်ရှုပ်မှာစိုးလို့ပါ''

"ကဲ ပြောပြော ပြောစရာရှိရင်လဲ မြန်မြန်ပြော''

"ဟိုလေ သန်းကြည်မလေ ရွာမှာ နှစ်လုံးသုံးလုံး ထိတွေရှုံးလို့ အဲဒါ ပိုက်ဆံငါးသိန်းလောက် ခဏပြန်ပေးပါလားဟင် အစ်ကိုကြီး''

"ဘာ ပိုက်ဆံငါးသိန်း ပြန်ပေးပါလားဟုတ်လား မင်းရဲ့ ပိုက်ဆံတွေကို ငွေတိုးပေးထားတယ်လေ၊ လကုန်ကျမှ ငွေရင်းတွေပြန်ဝင်လာမှာ အဲဒီအခါကျမှ ယူပေါ့''

"မဟုတ်ဘူး အစ်ကိုကြီးမှာ ကျွန်မလက်ထဲမှာ သုံးစရာလုံးဝမရှိတော့လို့ပါ အစ်ကိုကြီးရဲ့၊ မနက်စောစော ရွာပြန်မှာမို့ တစ်ခါတည်းယူသွားချင်လို့ပါ''

**"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီည အစ်မကြီး မရှိခိုက်မှာပဲ ဦးကြည်ခင်ဆီက ချော့မော့ပြီး တချို့တစ်ဝက် ပြန်တောင်းရတော့မယ် မရမက ပြန်ယူရမယ်''**



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ မပေးနိုင်ဘူး ဒါပဲ ကဲပါ အိပ်ကျရအောင်ပါ"

မသန်းကြည်အိပ်ရာမှ လူးလဲထလိုက်သည်။ ဒေါ်တင်မြမန္တလေးသွားခါနီး ပြောခဲ့သည်မှာ မှန်နေပြီ။ နက်ဖြန်ဆိုလျှင် ကိုတင်လှ ရွာကိုရောက်လာတော့မည်။ ပိုက်ဆံလက်ထဲမှာ များများစားစားမရှိ၍ လုံးဝမဖြစ်။

"ဒီမှာ အစ်ကိုကြီး၊ ကျွန်မ ဒီပိုက်ဆံပါမသွားဘဲ ရွာကိုလုံးဝပြန်လို့မဖြစ်ဘူး။ ဒီတော့ မနက်ကျရင် ရှင်မရရအောင် ထည့်ပေးလိုက်ပါ၊ ဒါ ကျွန်မ ပိုက်ဆံ ကျွန်မပြန်တောင်းနေတာ နော်"

ဦးကြည်ခင်မှာ အိပ်ရေးပျက်ရသည့်ကြားထဲ မသန်းကြည်က လေသံမာမာနှင့် ပမာမခန့် ပြန်ပြောနေလေတော့

"ဩော် မင်းက ဒီလိုလား၊ မင်းနဲ့ကွဲနေတဲ့ ယောကျ်ားက မင်းကိုပြန်ကပ်ပြီဆိုတော့ မင်းရဲ့ငွေတွေ ပြန်လိုချင်ပြီပေါ့လေ၊ အသစ်ဘယ်လိုကောင်းကောင်း အဟောင်းကို တလည်လည်ဆိုတဲ့စကား မှန်တာပေါ့နော်"

"ရှင် အဲဒီအကြောင်း ဘယ်လိုလုပ်သိလဲ ကျွန်မယောကျ်ား ပြန်လာတော့မယ်ဆိုတာ ထားပါလေ၊ ကျွန်မရဲ့ပိုက်ဆံသာ မနက်စောစောရအောင် ရှာပေး၊ ဒါပဲ"

"မပေးနိုင်ဘူးကွာ၊ မင်း ဘာလုပ်ချင်လဲ ပြော"

"ဘယ်ပေးနိုင်မလဲ ရှင် ဘောလုံးပွဲတွေလောင်းပြီး ပိုက်ဆံတွေရှုံးနေတာကို ကျွန်မပိုက်ဆံတွေလဲ ပါသွားပြီမဟုတ်လာ ဒါကြောင့် မပေးနိုင်တာ"

"ဘာ ငါ ဘောလုံး တွေရှုံးနေတယ်လို့ မင်းကို ဘယ် သူကပြောလဲ (--)ကောင်မ တယ်လေ၊ ငါလုပ်လိုက်ရ တောက်!"

"ဘယ်သူပြောပြော ကိစ္စမရှိပါဘူး၊ ကိစ္စရှိတာက ရှ ကျွန်မလက်ထဲကို ပိုက်ဆံထ မပေးလိုက်နိုင်ရင် နက်ဖြန် ကျ မယောကျ်ား ကိုတင်လှကို လ ခေါ်လိုက်ပြီး ရှင့်ကိုတရားစွဲမယ် သူနဲ့ ကျွန်မက လုံးဝတရား





www.burmeseclassic.com

www.burmeseclassic.com



အရှင်းပြတ်စဲသေးတာ မဟုတ်ဘူး ကျွန်မမှာ သူနဲ့လက်ထပ်အချုပ်ခုထိရှိသေးတယ်။ သူက အခြားမိန်းမတစ်ယောက်နဲ့ အောက်ပြန်လို့ ကျွန်မ သူ့အိမ်ပေါ်က ခေတ္တဆင်းလာတာ သိရဲ့လား။ မယားခိုးကြီးရဲ့''

''ဘာ ငါက မယားခိုး ဟုတ်လား။ မင်းကကော သူများလင်နဲ့ တိတ်တဆိတ် ပေါင်းသင်းနေတဲ့ လင်ခိုးမ မဟုတ်ဘူးလား။ တဲ .. ပြော''

ပြောမည်သာ ပြောရသည်။ သည်တစ်ချီတော့ ဦးကြည်ခင် ငိုင်ကျသွားသည်။ သည်မိန်းမ ပိုက်ဆံပြန်မရပါက သူ၏ယောက်ျားကို သွားခေါ်လာပြီး တရားစွဲတော့မည်။ ပြီးတော့ သူမ၏ အကောင်နှင့် ပြန်ပေါင်းထုတ်ကြတော့မည်။ သူမ၏ စွဲမက်ဖွယ်ကောင်းသော ကိုယ်ခန္ဓာမို့မို့ဖောင်းကိုလည်း လက်လွှတ်ရတော့မည်။ ဘာလုပ်ရပါမည်နည်း?

(စဉ်းစားစမ်း၊ စဉ်းစားစမ်း၊ ငါဘာလုပ်ရပါ့မလဲ၊ မသန်းကြည်ရဲ့ ပိုက်ဆံကို ပြန်ပေးလိုက်ရင် ကောင်းမလား? သူမရဲ့ အပြုအစု အယုအယ၊ အထိအတွေ့ ဖောဋ္ဌဗ္ဗအာရုံ၊ ကာမအာရုံကို လင်လက်ထဲပြန်လည်ပေးအပ်ရတော့မလား? ဒါမှမဟုတ် ဘာလုပ်ရင်ကောင်းမလဲ?)

ဦးကြည်ခင်သည် တွေးရင်းတွေးရင်း လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများ ကြီးစိုးလာသည်။ မသန်းကြည်ကိုလည်း သူ့အား စိတ်ရှုပ်စေသူ၊ စိတ်ညစ်စေသူ၊ တရားစွဲဆိုမည့်သူဟူ၍ ရန်သူကြီးတမျှ ထင်မှတ်လာသည်။ သူဘာလုပ်ရမည်ကို တစ်မုဟုတ်ချင်း ဆုံးဖြတ်လိုက်သည်။

''ရှင်ဘာတွေ စဉ်းစားနေတာလဲ၊ ကျွန်မ ပိုက်ဆံတွေ ပြန်ပေးတော့မှာလား။ ခုမနက် မိုးလင်းတော့မယ်၊ ကျွန်မပြန်ရတော့မယ်၊ မြန်မြန်အဖြေပေးတော့လေ''

''အေးပါ၊ ငါ အိမ်သာခဏသွားပြီးရင် မီးခံသေတ္တာထဲမှာ ငွေဘယ်လောက်ရှိသလဲ စစ်ကြည့်လိုက်မယ်လေ။ ရှိတာအကုန်ပေးလိုက်မယ် ဟုတ်လား''

---

**''ဘာ ငါက မယားခိုး ဟုတ်လား၊ မင်းကကော သူများလင်နဲ့ တိတ်တဆိတ် ပေါင်းသင်းနေတဲ့ လင်ခိုးမ မဟုတ်ဘူးလား၊ တဲ .. ပြော''**



www.burmeseclassic.com

www.burmeseclassic.com





မသန်းကြည်က ခေါင်း အသာညိတ်ပြသည်။ ဦးကြည်ခင်က အိမ်သာသွားမည့်ဟန်ပြင်ပြီး မီးဖိုချောင်ထဲ`တန်းဝင်ကာ ဓားဦးချွန်ကြီး တစ်ချောင်းကို ဖွက်ယူလာသည်။ ပြီးတော့ မသန်းကြည် လဲလျောင်းနေသည့် ခုတင်ပေါ် အသာအယာ တက်လိုက်သည်။ ထို့နောက် ... ဦးကြည်ခင်သည် မသန်းကြည်ကို မျက်နှာချိုသွေး၍ သူမ၏ လည်ပင်းလေးကို အသာအယာ ပွတ်သပ်လိုက်ပြီးနောက် ဓားဦးချွန်ဖြင့် တအား ထိုးစိုက်လိုက်တော့သည်။

"အမလေး"

"အား"

✿ ✿ ✿

မန္တလေးရောက် ဒေါ်တင်မြ တစ်ယောက် အပျော်ကြီး ပျော်နေသည်။ သူမ၏ ဖခင်မိခင်တို့ နေကောင်း၍ ကျန်းမာပကတိ၊ ချမ်းသာစွာရှိ၍ မဟုတ်ပေ။ မန္တလေးသို့ ခရီးမထွက်ခွာမီ လွန်ခဲ့သော တစ်ပတ်ခန့်က သူမ၏ ငယ်ချစ်(လူပျိုကြီး)ကိုချစ်ခင်နှင့် မမျှော်လင့်ဘဲ ပြန်လည်ဆုံစည်းရသောကြောင့် ဖြစ်ပါသည်။ ဦးကြည်ခင်မရှိခိုက် ရန်ကုန်မှဦးချစ်ခင်က ဖုန်းဆက်လာသည်။ အ

တိုချုပ်ပြောရလျှင် "မတင်မြ
စဉ်က မိဘပေးစားသူကို (
ထပ်လိုက်၍ သူ့ခမျာ ကျ
ကြီးဖြစ်ခဲ့ရသော်လည်း ယ
ချိန်ထိ သူမကို စွဲလမ်းတမ်း
ဆဲ ဖြစ်ပါကြောင်း၊ သူမကို
သည်းစွဲချစ်ခဲ့ရသည်မို့ ဘယ်
မကိုမှ လက်မထပ်ခဲ့ကြောင်း
ခွင့်အခါသင့်လျှင် သူမထံ
ရောက်လိုကြောင်း၊ အက
အလည်အပတ်လာရောက်
ကို သူမ၏ခင်ပွန်းက မကြ
ပါလျှင် ရပ်ဝေးကပင် တိတ်
ချစ်နေမည်ဖြစ်ပါကြောင်း"
ဆိုသည်။

ဒေါ်တင်မြသည်
တောင်ကြီးမကျမှပင် ငယ်ချ
နှင့် ပြန်လည်စကားပြောရသ
ငယ်မူပြန်၍ ရင်ခုန်သံ နည်းန
မြန်သလို ဖြစ်လာသည်။ ဂ
သီးကလေးများ တဖြန်းဖြန်
မိသည်။ သို့သော် သူမမှာ
ကာမပိုင်လင်ကြီးငုတ်တုတ်
အကယ်၍ ဦးကြည်ခင်မရှိ
ကော? တိုက်တိုက်ဆိုင်ဆိုင်
သူမ၏ ခင်ပွန်းက ခြေပုန်းခ

www.burmeseclassic.com



အသဖြင့် ၎င်းတို့နှစ်ဦးသား အခွင်းများရလေအောင် မုသားစကားလေးများဖြင့် ထင်ယောင်ထင်မှား ဖြစ်စေခဲ့သည်။ ခုတော့ ခေါ်တင်မြ၏ အကြံအစည် အကောင်အထည်ပေါ်ပြီ။ ယနေ့ထုတ်သတင်းစာ ဂျာနယ်တစ်စောင်တွင် ဦးကြည်ခင်နှင့် မသန်းကြည်တို့၏ အရှုပ်ထုတ်လူသတ်မှုခင်းက စာလုံးမည်းကြီးနှင့် ဟိုးလေးတကျော် ပေါ်ထွက်လာပြီ။ အကြောင်းအရာမှာ ဦးကြည်ခင်က မသန်းကြည်ကို ဓားဦးချွန်ဖြင့်ထိုးသတ်၍ လူသေ အလောင်းကြီးကို အစဖျောက်ခဲ့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းပကားဖြင့် တရားခံကို ဖော်ထုတ်နိုင်ပြီ ဟူသောသတင်းပင်ဖြစ်ပါတော့သည်။

✿ ✿ ✿

သို့နှင့် (၆)လခန့်ကြာသော်

"ကလင် .. ကလင် .. ကလင် .. ကလင်"

"ဟုတ်ကဲ့ အမိန့်ရှိပါ"

"ကိုချစ်ခင်၊ ကိုချစ်ခင် မဟုတ်လားဟင်၊ ကျွန်မ မတင်မြပါ"

"ဟုတ်ပါတယ်၊ တင်တင် .. ကို .. အချစ်ပါ တင်တင်ရဲ့ ပြောပါ"

"ဟိုလေ .. ဟို ဟို ကိုကြည်ခင်ရဲ့ လူသတ်မှုသတင်း ဖတ်ပြီးပြီ မဟုတ်လားဟင်"

"အင်း ဖတ်ပြီးပါပြီ တင်တင်ရဲ့ ဘာဖြစ်လို့လဲဟင်? ကို .. ဘာလုပ်ပေးရမလဲ တင်တင်၊ ဘာကူညီပေးရမလဲ ပြောပါ"

"တင်တင်ရဲ့ ယောကျ်ားလေ၊ သူအခု လူသတ်မှုနဲ့ ထောင်တစ်သက်တစ်ကျွန်းကျသွားပြီ။ သူထောင်ထဲမှာ နာမကျန်းဖြစ်ပြီး ဆုံးသွားပြီတဲ့။ ခုလေ တင်တင် တစ်ယောက်တည်း အိမ်ကြီးထဲမှာ ကုန်စုံဆိုင်ကြီးကို ဦးစီးနေရတယ်။ ငွေကြေးလဲပြည့်စုံပါရဲ့။ ဒါပေမဲ့ သားသမီးလည်း မထွန်းကားတော့ အဖော်ပြုစရာလဲမရှိ၊ ကူဖော်လောင်ဖက်လည်းမရှိတော့ တစ်ယောက်တည်း အထီးကျန် ဖြစ်နေရတယ်"

"ဒီတော့"

"ဘာ ဒီတော့လဲ"

"သူ့ပဲ ဟိုတလောက ဖုန်းဆက်ပြီးတော့"

"သိပြီ၊ သိပြီ"

"ဘာသိတာလဲ၊ ရှင် .. ဘာလုပ်မှာလဲ?

"သြော် ... သခင်မကြီးတင်တင်ရယ်၊ ဟောဒီ လူပျိုကြီး 'ကို'က သခင့်ဆီအပြေးပြန်လာရုံကလွဲလို့ ဘာလုပ်ရမှာလဲလို့"

"ဟွန်း၊ သူ့ တော်တော်ဆိုး"

(ဂျောက်)

✿ ✿ ✿

နေအုန်းမော်



www.burmeseclassic.com

www.burmeseclassic.com



# သားကောင်မတွေ့တဲ့မုဆိုး

သန်းထွန်း (ဂျေဂျေ)





www.burmeseclassic.com

www.burmeseclassic.com



သားကောင်မတွေ့တဲ့မုဆိုး

သန်းထွန်း (ဂျေဂျေ)

"မြင့်မောင်ရေ--တော့ မြင့်
[illegible]ခင်---မခင်လေး"

တဲထဲကိုသာ ကြည့်ပြီးခေါ်
[illegible]တဲ့ ဦးလေး ဦးဘမောင်ကို ထားခင်း
[illegible]စ်မှာထိုင်ပြီး ဝေါင်းမြစ်နတ်နေကြ
[illegible] မြင့်မောင်နဲ့ မခင်လေးတို့ ထင်
[illegible]ထား-

"ဦးလေး ဦးဘမောင် တဲ
[illegible] ဝင်ထိုင်လေ လာပြီ"

"မြင့်မောင်ရေ"

"ဗျာ ဦးလေး"

"နွယ်ချိုမြောင်ထဲက
[illegible]တ်တုံးတွေနားမှာ ငါ 'ချေ'အထီး
[illegible] တစ်ကောင်ဝစ်ပြီး တော့တ်တုံး
[illegible] ဆွဲတင်ထားခဲ့တယ်။ အဲဒါ အဖော်
[illegible]လောက်လောက်နဲ့ သွားထမ်းကွာ။
[illegible]ကြာရင် တောခွေးတွေ စားသွားဦး
[illegible]"

"ဟုတ်တဲ့ ဦးလေး"

ဦးလေး ဦးဘမောင်ဟာ မု
[illegible]ကြီးတစ်ယောက် ဖြစ်ပါတယ်။
[illegible]တဲ့အလုပ်ကလည်း မုဆိုးအလုပ်
[illegible] သူ့သားသမီးတွေက သူ့အိုးသူ့အိမ်
[illegible]ခြားရွာတွေမှာ နေကြပါတယ်။

ဦးလေး ဦးဘမောင်ဟာ ဒီ
[illegible] အမဲရလာတဲ့အခါမှာ သူနိုင်ရင် သူ
ထမ်းလာပါတယ်။ သူမနိုင်ရင် ကျွန်
တော်တို့ အခုလို သွားထူနိုင်းလေ့ရှိပါ
တယ်။ ပြီးတော့ ကျွန်တော်တို့ စားချင်
သလောက်စား၊ ယူချင်သလောက် ယူ
ခိုင်းပါတယ်။ ဗိုတာတွေကိုမှ သူ့တူမ
ကျွန်တော့်မိန်းမ မခင်လေးကို ရှာထဲ
ပြန်ပြီး လိုက်ရောင်းခိုင်းပါတယ်။

ကျွန်တော်တို့ တောင်ခြေ
ရွာက မုဆိုးအလုပ်လုပ်တဲ့သူ သိပ်မရှိ
ဘူး။ တောကောင်ထောင်တဲ့သူတော့
ရှိကြပါတယ်။ မုဆိုးဆိုလို့ ဦးလေး ဦး
ဘမောင် တစ်ယောက်တည်းရှိပါတယ်။
သူက ကျွန်တော်တို့ တဲမှာပဲ နေတာ
များပါတယ်။ ရွာမှာ သူ့အိမ်ရှိပေမယ့်
ဘယ်သူမှ မနေကြပါဘူး။ တစ်ခါတစ်
ခါမှ အိမ်ပြန်အိပ်ပါတယ်။

ကျွန်တော်ကတော့ ဦးလေး
ဦးဘမောင် အမဲဝစ်တာကို အားကျမိ
ပါတယ်။ ဒါကြောင့်မို့လည်း တူမီးသေ
နတ်ကို ထမ်းထောင်းပုံထောင်းနည်း၊
ခဲသီးထည့်ပုံထည့်နည်း၊ ငရဲမီးသုံးပုံ
အသုံးပြုနည်းတွေ သင်ထားပါတယ်။
သေနတ်ဝစ်ပုံ ဝစ်နည်းတွေကိုလည်း
သင်ထားပါတယ်။ ပြီးတော့ လက်တွေ့
လေ့ကျင့်တဲ့အနေနဲ့ ဝစ်မှတ်ကိုဝစ်ပြီး
လေ့ကျင့်ပါတယ်။ ကျွန်တော် တူမီး
သေနတ်ကို ထောင်းထောင်းဝစ်တတ်
တော့-

"ဦးလေး ဦးဘမောင် ကျွန်
တော် တူမီးသေနတ်နဲ့ အမဲသွားပစ်
ချင်တယ်"

"တော မပစ်ချင်စမ်းပါနဲ့
ကွာ။ အကုသိုလ်အလုပ်ပါ။ အန္တရာယ်
လဲ များပါတယ်။ အေးအေးဆေးဆေး
တောင်ယာပဲ လုပ်စမ်းပါ မြင့်မောင်ရာ"

ဦးလေး ဦးဘမောင်ဟာ သူ
ကျတော့ အမဲပြစ်သွားနေပြီး ကျွန်
တော်အမဲပစ်သွားမယ်ပြောတော့ အ
ကုသိုလ်အလုပ်ပါတဲ့။ ကျွန်တော်က
တော့ သိပ်ဘဝင်မကျတာ အမှန်ပါပဲ။
ကျွန်တော်အမဲပစ်ရင် ရကိုရစေရမယ်
လို့ ထင်ပါတယ်။ ကျွန်တော်တောထဲ
သွားရင် တွေ့တွေ့နေတာက "ချေ"တို့
"ဆတ်"တို့က မနက်စောစော ဆီးဖြူ
သီးတို့ ဖန်ခါးသီးတို့ကို ကောက်စားနေ
တာ တွေ့ရပါတယ်။ အဲဒီမှာ စောင့်ပစ်
ရင်လည်း ရပါတယ်။ ဒါမှမဟုတ် ဒီ
တောင်တွေက စားပြီးရေဆင်းသောက်
တာမို့ ရေဆိပ်ကစောင့်ပစ်ရင်လည်း ရ
ပါတယ်။ တစ်ခါတစ်ခါ ညောင်သီးတွေ
ကို အောင်ချင်းငှက်တို့ အောင်လောင်
ငှက်တို့ကစားရင်း အောက်ကိုပြုတ်ကျ
တဲ့ အသီးတွေကိုလည်း တောကောင်
တွေက ကောက်စားတတ်ပါတယ်။ အဲ
ဒီမှာ စောင့်ပစ်ရင်လည်း ရပါတယ်။
ကျွန်တော်တောထဲမှာ ဝါးခုတ်လိုက်၊
သစ်သွားခုတ်လိုက်နဲ့ ခဏခဏ တွေ့
နေရတာပဲ။ ကျွန်တော်တောပစ်ရင် ရ



www.burmeseclassic.com

www.burmeseclassic.com



မှာသေချာပါတယ်။

နောက်ပြီး ဦးလေးဦးဘမောင် ပြောပြောနေတာ ကြားနေရတာပဲ။ တောဝက်ဆို ရှေ့တည့်တည့်က မပစ်ရဘူးတဲ့။ သူ့ကိုထိတာနဲ့ ကိုယ့်ဆီကို ရောက်လာပြီး ပက်ပြီးသားပဲ။ နောက်ပြီးတော့ ‘ချေ’ကလေး မလောက်လေးမလောက်စားနဲ့ဆိုပြီး ပစ်ပြီးရင် အသက်မထွက်ခင် သွားမကိုင်နဲ့တဲ့။ ‘ချေ’စွယ်နဲ့နဲ့ ကျားပေါင်ပဲ့ဆိုတာ ကြားဖူးတယ်မဟုတ်လားတဲ့။ အစွယ်နဲ့ ပက်တတ်တယ်တဲ့။

ကျားကိုတောထဲမှာ နာမ်နှိမ်ပြီး ‘ဟင်းကောင်’လို့ခေါ်ကြတယ်တဲ့။ သူက အစာစားချင်ရင် တောကောင်ကို လိုက်ချောင်းဖမ်းတယ်။ စောင့်ပြီးဖမ်းတယ်။ မတွေ့ရင် လိုက်ရှာဖမ်းတယ်တဲ့။ အဲ့ဒါမှမတွေ့ရင် ကျားက ‘ချေ’လို ဟောက်တယ်။ ‘ဆတ်’လိုလည်း တစ်တယ်တဲ့။ ‘ချေ’တို့‘ဆတ်’တို့က ပြန်အော်ရင် အသံကြားတဲ့ဆီ သွားဖမ်းစားတယ်တဲ့။ ‘ချေ’တို့‘ဆတ်’တို့က ပြန်မအော်ရင် ‘ဆတ်’ပေါက်ကလေး‘ချေ’ပေါက်ကလေးတွေကို ကျားကလည်း

“ဖြိး ... ဖြိး ... ဖြိး”

လို့အော်တတ်ပါတယ်။ အဲ့ဒီတော့ ‘ချေ’တွေ‘ဆတ်’တွေ သူတို့ကလေးတွေ အော်သံပဲဆိုပြီး ပြေးလာတတ်တဲ့သဘာဝရှိတယ်တဲ့။ အဲ့ဒီလို



ပြေးရင် စောင့်ဖမ်းပြီး စားတတ်
တဲ့။ အဲ့ဒါကိုမှ မုဆိုးက ဒါကျားက
ပြီး ‘ချေ’နဲ့‘ဆတ်’တို့ကို မြှားခေါ်
တာလား၊ တကယ်ပဲ ‘ချေ’က
‘ဆတ်’ကလေးတွေ အဖော်ကျ
အော်တာလား။ ခွဲခြားသိတတ်
တယ်။ ခွဲခြားမသိဘဲ အော်သံကြ
သွားရင်တော့ ကျားနဲ့ပက်ပင်းတိ
လိမ့်မယ်။ ကိုယ်ကလည်း

“ဖြိ ... ဖြိ ... ဖြိ”

ဆိုပြီး ‘ချေ’တွေ‘ဆ
တွေလာအောင် ဖက်စုပ်တဲ့အခါ
ကပါ ‘ချေ’ကလေး ‘ဆတ်’က
အော်တာပဲဆိုပြီး ပြေးလာရင် ရင်
တွေ့တတ်ပါတယ်တဲ့။ ကျွန်တော်
လောက်သိထားရင် အမဲပစ်လို့
ထင်ပါတယ်။ နောက်ပြီးတော့
တော်က ဘယ်အပင် ဘယ်မှာရှိတ
ဘယ်ရာသီမှာ ဘာသီးတွေသီးတ
ပွင့်တယ်။ အဲဒီအသီးအပွင့်တွေကို
ကောင်တွေက ဘယ်လိုစားတတ်
ဆိုတာ သိနေတာပဲ။

တစ်နေ့တော့ ဦးလေး ဦ
မောင်က–

“မြင့်မောင်ရေ ငါ မ
ဆောင် သွားဦးမယ်။ သုံးညအိပ်
ကြာလိမ့်မယ်။ မင်းတို့ကော
လား”

“ကျွန်တော်တို့ လင်မ



www.burmeseclassic.com

www.burmeseclassic.com



တော့ မသွားတော့ပါဘူး။ မြေပဲတွေ ခါင်းထပ်လိုက်ရဦးမယ်။ ကျွန်တော့် ညီကို မင်္ဂလာဆောင်သွားဖို့ ပြောထားဦးပါပြီ"

"အေးကွာ ဒါဆို ငါ သွားဦး"

❋❋❋❋❋

"မခင်လေးရေ"

"ဘာတုန်းတော့ တော့်ဟာ လန့်သွားတာပဲ။ နှစ်ယောက်တည်း ရှိတဲ့ဟာကို ဘာလုပ်မလို့လဲ--တော် နော်"

"မင်းဟာကလဲ တခြား မ ဆင်စမ်းပါနဲ့ဟာ ငါ မနက် အမဲပစ် သွားမလို့ကွ။ အဲဒါ တောတင်ဖို့ အရက် တစ်ပိုင်းရယ်၊ ဆေးပြင်းလိပ်ရယ်၊ ကြက်ဥနှစ်လုံးရယ်၊ ရွာထဲမှာ အခုက ည်းက သွားဝယ်ထားကွာ"

"ကိုမြင့်မောင်ရယ် တော့ တ ကြည့်လဲလုပ်ပါဦးတော်၊ ဟုတ် ဘာ ဟုတ်ပဲ့မလားရှင်၊ တစ်ခါမှလဲ ထာမပစ်ဘူးဘဲနဲ့ လုပ်ဦးမယ်"

"နင်ကအစ ငါ့ကို အထင် သေးနေပြန်ပါပြီ။ အေး ကြည့်ထားဦး ဟဲ့ကွာ၊ မြင့်မောင်တဲ့---အဲဒါ နင့် ယောကျ်ား၊ ငါ နိုင်းတာသာ လုပ်ထား း"

"ကောင်းပြီလေ၊ ကျုပ် တောတင်ဖို့ ရွာထဲ သွားဝယ်ထားလိုက်ပါ့မယ်တော်။ ရွာထဲလဲ သွားစရာရှိတာနဲ့ အတော်ပဲ"

ဘုန်းကြီးကျောင်းက မနက် တုံးခေါက်တော့ ထမင်းကြမ်း နည်း

---

**တူမီးသေနတ်နဲ့ ချိန်နေတုန်းမှာပါ ဆတ်ကျွဲကြီးဟာ သွားနေရင်းကရပ်ပြီး သဖန်းသီးတွေ ကြွေနေတာကို ကောက်စားပါ တယ်။ အဲဒီတော့ ကျွန်တော်လည်း ဆတ်ကျွဲကြီးရဲ့ ...**

---

နည်း စားပြီး တောတင်မယ့် ပစ္စည်းတွေ ဝလိုင်းထဲထည့်ပါတယ်။ ဓား၊ မီး ခြစ်၊ ဆားနည်းနည်းထုပ်ပြီး တူမီးသေနတ်၊ ယမ်းဘူး၊ ခဲသီး၊ ငရဲမီးယူကာ ကျွန်တော် တောထဲကို အမဲပစ်ထွက်ခဲ့ပါတော့တယ်။

တောထဲရောက်လို့ တောင် ကုန်းတွေဆီ မရောက်ခင် နာရီဝက်သာ သာရောက်တော့ ကျွန်တော်တို့ ငယ် ငယ်ကတည်းက ရှိတဲ့ ကညင်ပင်ကြီး နား ရောက်တဲ့အခါ ဦးလေး ဦးဘ မောင်ပြောထားတဲ့အတိုင်း တောပိုင် တောင်ပိုင်တွေကို ပါလာတဲ့ ကြက်ဥ ပြုတ် နှစ်လုံးကို အခွံနွာသစ်ရွက်လေး တွေခူးကာ ခင်းပြီးတင်၊ အရက်ဦးရည် ကို ပါလာတဲ့ ဝါးဆစ်ခွက်နဲ့ထည့်။ ဆေး ပေါ့လိပ်ကို မီးညှိပြီးဆက်၊ ပြီးတော့ တူမီးသေနတ်ကို သစ်ပင်မှာထောင်ပြီး ကျွန်တော်လည်း ဆောင့်ကြောင့်ထိုင် ကာ လက်အုပ်ချီပါတယ်။ ရိုရိုသေသေ လေးလေးစားစားနဲ့ ပထမဘုရားကို ရည်မှန်းပြီး ဦးချကန်တော့ပါတယ်။ ပြီးတော့မှ----

"တောပိုင်တောင်ပိုင် အ ဘိုး ခင်ဗျာ။ ကျွန်တော်မျိုး တင်ပါ တယ်။ မြှောက်ပါတယ် ခင်ဗျာ သုံး ဆောင်တော်မူပါ။ ကျွန်တော်မျိုးကို လည်း မှားတာရှိရင် ခွင့်လွှတ်ပြီး အန္တ ရာယ်အပေါင်းမှ ကာကွယ်တားဆီးပေး တော်မူပါခင်ဗျာ။ ကျွန်တော်မျိုးကို ချို ကျိုးနားရွက်ပဲ့တစ်ကောင်လောက် ပေး



www.burmeseclassic.com

www.burmeseclassic.com





သနားပါ။ အမြီးရှည်ရှည် အကောင်ကြီးကြီးတွေနဲ့လဲ မတွေ့လိုပါဘူး ခင်ဗျာ။ သားသည်အမေ ကိုယ်ဝန်သည်မတွေနဲ့လဲ လွဲဖယ်ပေးပါ ခင်ဗျာ။ ကျွန်တော် ဦးချထန်တော့ပါတယ်---

"တောထဲမှာ မှီတင်းနေထိုင်ကြတဲ့ မကျွတ်မလွတ်သေးတဲ့သူတွေကိုလည်း မေတ္တာပို့ပါတယ်။ အမျှပေးဝေပါတယ်"

ကျွန်တော် တူမီးသေနတ်ကို ထမ်းထည့်၊ ခဲသီးထည့်ထောင်းပြီးငရဲမီးနောက်တတစ်ကာ ဖျော့တ်ချော ချောင်းဘက်ကို ဦးတည် ထွက်ခဲ့ပါတယ်။ တုန်းတစ်တုန်းဝေါ်တက်ပြီး နောက်တစ်တုန်း ထပ်တက်ပါတယ်။ တုန်းအဆင်းမှာ ကျွန်တော်ဟာ ဂုဒိုးကို ခပ်တိုတိုဖြင့်ပြီး ဝတ်လိုက်ပါတယ်။ ပြီးတော့ ခြေသံလုံလုံနဲ့ အောက်ခြေကို ဂရုစိုက်ကြည့်ကာ ထွက်လာပါတယ်။

သစ်ဝင်ဝေါ်မှာ အောင်လောင်ငှက်တွေ ညောင်သီးတွေ စားလိုက်၊ တစ်ကောင်နဲ့တစ်ကောင် ဆိတ်လိုက်၊ ညောင်သီးတွေ အောက်ကို ဖြုတ်ချလိုက်နဲ့ အသံတွေထွက်နေတော့ နောက်တုန်းတစ်တုန်းကို ထပ်တော့ပြီး ချောင်းစပ်က သဖန်းပင်နားမှာ ထိုင်စောင့်နေပါတယ်။

မကြာပါဘူး။ ကျွန်တော် ထင်ထားတဲ့အတိုင်း ဆတ်ကျွဲမီး တစ်ကောင် ထွက်လာတာတွေ့လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ အင်မတန်ပီတိဖြစ်ပြီးတော့ ဝမ်းသာလိုက်တာက ပြောမနေပါနဲ့။ ဒီတော့ ကျွန်တော် စိတ်ကိုငြိမ်အောင်လုပ်ပြီး သေသေချာချာ သတိထားတာ ဆတ်ကျွဲကြီးကို သေနတ်နဲ့ လိုက်ချိန်ပါတယ်။ ဆတ်ကျွဲကြီးကလည်း တဖြည်းဖြည်း တဖြည်းဖြည်းနဲ့ သွားနေပါတယ်။ တူမီးသေနတ်နဲ့ ချိန်နေတုန်းမှာပဲ ဆတ်ကျွဲကြီးဟာ သွားနေရင်းကရပ်ပြီး သဖန်းသီးတွေ ကြွေနေတာကို ကောက်စားပါတယ်။ အဲဒီတော့ ကျွန်တော်လည်း ဆတ်ကျွဲကြီးရဲ့ လက်ဝတ်တည့်တည့်ဆီကို ဝစ်ထည့်လိုက်ပါတော့တယ်။

"ဒိုင်း"

တစ်တောလုံး တစ်တောင်လုံး သေနတ်သံက ဟိန်းထွက်သွားပြီး ဝဲတင်သံက လျှို့အတိုင်း မြည်နေဆဲမှာ သစ်ဝင်ဝေါ်က ငှက်တွေကထ[...] အဝေးဆီကို ထပျံသွားနေကြတာ[...] ကျွန်တော် သတိမထားနိုင်ပါ[...] ဆတ်ကျွဲကြီးဆီမှာသာ မျက်စိ[...] အာရုံကော ရောက်နေပါတယ်။ ဆ[...] ကျွဲကြီးဟာ သေနတ်ထိပြီး ဖြန်[...] ထွက်ပြေးရာက ပေသုံးဆယ်လော[...] အကွာမှာတော့ ထိုးလဲကျသွားပါ[...] တယ်။

ကျွန်တော်လည်း ဝမ်း[...] ပီတိဖြစ်ပြီး ဆတ်ကျွဲကြီးနား ရော[...] တော့ ကျွန်တော့်ဆီမှာ ပါလာတဲ့ [...] ဖယ်ခုံးဓားနဲ့ ဆတ်ကျွဲကြီးရဲ့ [...] ယောတ် အကြောတွေ၊ လက်အ[...] တွေကို လှီးဖြတ်ပါတယ်။ ပါလာ[...] ဆားကို ဆတ်ကျွဲကြီးကိုယ်ပေါ်မှာ[...] ပါတယ်။ အဲဒါကတော့ ဦးလေး ဦး[...] မောင် ပြောထားတဲ့စကားထဲက [...] ပြီး ထမသွားအောင် လုပ်[...]တယ်

www.burmeseclassic.com



ပြောပါတယ်။ ဆတ်ကျွဲကြီးက ကြီးတော့ ကျွန်တော် တစ်ယောက်တည်းနဲ့ မရဘူး။ အဲဒီတော့ ကျွန်တော့် တဲကို ပြန်ပြီးတော့ လူတွေခေါ်ကာ ဖျတ်ထမ်းရမှာမို့ မပြေးရုံတမည် ယာတဲကို ပြန်ခဲ့ပါတယ်။

ရွာထဲမှာတော့ မခင်လေးတို့ ဖြုံးဖြုံးဖြုံးဖြုံးနဲ့ တောင်းကိုခေါင်းပေါ်မှာ ရွက်ပြီးတော့–

"ဆတ်သား ယူကြဦးမလား ဗျို့"

"မခင်လေး လာပါဦးတဲ့"

"ဘယ်လောက်သားလဲ ပြော၊ ဒါ ကျွန်မယောကျ်ား ကိုယ်တိုင် ပစ်တာလေ"

မခင်လေးတစ်ယောက် ဆတ်သားသာ ကုန်သွားတယ်။ ကျွန်မယောကျ်ားကိုယ်တိုင် ပစ်တာလေဆိုတာ ပါးစပ်က မချပါဘူး။

ကျွန်တော့်ကို အထင်သေးတဲ့အလုပ်ကို ကျွန်တော် အခုလိုလုပ်ပြရတဲ့အတွက် ကျေနပ်နေတာမို့ ကျွန်တော် ဝမ်းသာနေပါတယ်။ ဦးလေး ဦးဘမောင်လည်း ပြန်လာပါပြီ။ ဦးလေး ဦးဘမောင်ကို ကျွန်တော်က–

"ကျွန်တော်လဲ နောက်ဆိုရင် တူမီးသေနတ်တစ်လက် ဝယ်ထားမှရမယ်။ အားရင် တောပစ်သွားမယ်လေ။ ဦးလေး ဦးဘမောင် ကျွန်တော့်ကို ဝယ်ပေးပါဦး"

"အေး––အေး––ဝယ်တာလွယ်ပါတယ်ကွာ။ ပိုက်ဆံရှိရင် အခုသွားဝယ် အခုရပါတယ်ကွာ။ တောပစ်တာသာ မလွယ်တာပါ"

ကျွန်တော် ဆတ်ကျွဲကြီးတစ်ကောင် ပစ်လာတာတောင် ကျွန်တော့်ကို ဦးလေး ဦးဘမောင်က မယုံသေးပါဘူး။ အထင်သေးတဲ့ စကားတွေနဲ့။ ဒါပေမဲ့ ပြန်မပြောရဲလို့သာ နေရတယ်။ အမဲပစ်တာ ဘာခက်လို့လည်းလို့ဆိုပြီး စိတ်ထဲမှာ တွေးမိနေတယ်။

ဦးလေး ဦးဘမောင်ကတော့ ဖြုံးဖြုံးဖြုံးဖြုံးနဲ့ ဆေးတံတစ်လက်နဲ့ပေါ့။ နောက်နေ့ကျတော့ သူလည်း တောလည်ထွက်သွားပါတယ်။ ဒါပေ မဲ့ ဘာမှ မပါခဲ့ပါဘူး။ သူ့ကို မေးတော့–

"ဦးလေး ဦးဘမောင် ဘာကောင်မှ မတွေ့ခဲ့ဘူးလား"

"တွေ့တော့ တွေ့တယ်ကွ။ ဒါပေမဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ အဲဒါကြောင့် မပစ်တော့ဘဲ ပြန်လာတာ ငါ့စိတ်ထဲမှာ အဲဒီလို လေးနေရင် တစ်ခုခုဖြစ်တတ်လို့ မပစ်ဘဲ ပြန်လာတာကွ"

ကျွန်တော့် အထင်တော့ ဦးလေး ဦးဘမောင်က အသက်လည်း ကြီးပြီ။ မျက်စိလည်းမကောင်းတော့ဘူး။ ကောင်းကောင်းလည်း မသွားနိုင်တော့ ဘယ်ရတော့မလဲလို့ တွေးမိပါတယ်။ ငါသာဆို တစ်ကောင်ကတော့ ရမှာပဲလို့ ထင်မိလိုက်ပါသေးတယ်။

ကျွန်တော်ဟာ တောလည်ပြီး ဆတ်ကျွဲကြီးရပြီးကတည်းက အဲဒီဆတ်ကျွဲကြီးကို စတွေ့လိုက်တဲ့ပုံ၊ ပစ်လိုက်တဲ့ပုံ၊ လဲကျသွားတဲ့ပုံ၊ ဒါတွေကိုပဲ မြင်ယောင်နေမိပါတယ်။ မခင်လေးကလည်း ရွာထဲမှာ ဒါ ကျွန်မယောကျ်ားကိုယ်တိုင် ပစ်တာလေလို့ဆိုတဲ့ စကားနဲ့ ကျိတ်ပြီး ကြည်နူးနေရတာတွေကို မကျေနပ်နိုင်တော့ပါဘူး။ မတင်းတိမ်တော့ပါဘူး။ ရွာထဲက တွေ့တဲ့သူတချို့ကလည်း–

"ဟေ့ကောင် မုဆိုးကြီး"

တွေ့တဲ့လူ တစ်ချို့ကလည်း

"မင်း တောလည်မသွားသေးဘူးလား"

ဒါပဲ ပြောပြောနေကြပါတယ်။ ကျွန်တော်လည်း တအားသွားချင်နေတာပါ။ စိတ်ထဲမှာ စွဲလမ်းလွန်းလို့ အိပ်မက်တောင် မက်ပါတယ်။ ဒါကြောင့် တဲမှာ ဦးလေး ဦးဘမောင်နဲ့ အေးအေးဆေးဆေးတွေ့တုန်း တစ်နေ့မှာတော့ မပြောရဲ ပြောရဲနဲ့ အရဲစွန့်ပြီးတော့–

"ဦးလေး ဦးဘမောင်––– ကျွန်တော် တောပစ်သွားချင်တယ်။ တူ

www.burmeseclassic.com



မီးသေနတ် ငှားလိုက်ပါဦး"

"အေး သွားပေါ့ကွာ။ ငါ မှာချင်တာကတော့ သတိလက်လွတ်မဖြစ်စေနဲ့။ အရေးကြီးတာက အရင်ဆုံးလဲ သတိ၊ နောက်ဆုံးလဲ သတိသတိပဲကွ။ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ထိန်း။ မင်း ဘယ်တော့သွားမှာလဲ"

"မနက်သွားမှာပါ"


"အေး--အေး ယူသွား။ ငါလဲ ဒီည ရွာပြန်ဦးမယ်။ စိတ်တွေလေးလို့ကွာ။ မင်းလဲ ငါမှာတာ မမေ့နဲ့ဦး။ စိတ်ချပါရစေကွာ"

ဦးလေး ဦးဘမောင်ဟာ သေနတ်ကို ငှားလေ့ငှားထမရှိပါဘူး။ သူများကိုင်တာလည်း မကြိုက်ပါဘူး။ ဒါပေမယ့် ကိုယ့်တဲမှာ သူကနေလာတာလဲ ကြာတော့ အားနာနာနဲ့ ငှားလိုက်တာပါ။ သူမငှားချင်ပါဘူး။ အားနာလို့ ငှားတာက သေချာပါတယ်။

မနက်ကို တောပစ်ထသွားမှာမို့ ကျွန်တော် တစ်ညလုံး အိပ်လို့မပျော်ပါဘူး။ ဒါ ဦးလေး ဦးဘမောင်ဟာ ကျွန်တော့်ကို အသိအမှတ်ပြုတဲ့ သဘောပါ။ ကျွန်တော်ကတော့ အရင်တစ်ခါ ပစ်လို့ရတဲ့ ဆတ်ကျွဲကြီးကိုပဲ မြင်ယောင်နေပါတယ်။ ဆတ်ကျွဲကြီး လှမ်းလာနေပုံ၊ ကျွန်တော် ပစ်ထည့်လိုက်တဲ့ပုံ၊ လဲကျသွားတဲ့ပုံ၊ ဒါတွေကိုပဲ မြင်ယောင်နေမိပါတယ်။ အိပ်လို့မပျော်ပါဘူး။

ဒါနဲ့ မနက်စောစော ကျွ[...] တော် တောထဲကို ထွက်ခဲ့ပါတယ်[...] ဖောထင်ပါတယ်။ ကျွန်တော့် ခြေလှ[...] တွေက အရင်ဆတ်ကျွဲကြီးကို ပစ်ခဲ့[...] နေရာကိုပဲ အလိုလို ဦးတည်နေ[...] တယ်။ မျက်စိထဲမှာလည်း ဒီဆတ်ကျွ[...] ကြီးကိုပဲ အမြဲမပြတ် မြင်ယောင်နေ[...] ပါတယ်။ ဘယ်ကိုပဲ ကြည့်ကြည့် အဲ[...] ဆတ်ကျွဲကြီးပါပဲ။ မျက်စိထဲက လုံး[...] မထွက်ပါဘူး။

သဖန်းပင်တွေနား ရောက်[...] တော့ ကျွန်တော် ထိုင်လိုက်ပြီး ဟို[...] ဒီဒီ ခထာစောင့်ကြည့်ပါတယ်။ တ[...] ဖက်ကို လှည့်ကြည့်နေတုန်း တစ်ဖ[...] က တောတိုးသံကြားတာကြောင့် [...]





www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ထိတ်ခနဲ ဝမ်းသာပြီး သေနတ်ပြောင်းနဲ့ပါ အသာထိုးချိန်ရင်း ကြည့်တော့ ဖြုန်းဆိုတွေ့လိုက်ရတာက ဆတ်ကျွဲကြီးပါ။ ဒါနဲ့ ကျွန်တော် သေသေချာချာ ချိန်ပြီး ဆတ်ကျွဲကြီးရဲ့ နှလုံးသားဆီကို ပစ်ထည့်လိုက်ပါတော့တယ်။ အရင်တစ်ခါ ကျွန်တော်ပစ်တဲ့ ဆတ်ကျွဲကြီးနဲ့ တစ်ပုံစံတည်းပါ။

"ဒိုင်း"

တူမီးသေနတ်ဆိုတော့ မီးခိုးတွေက မြင်ကွင်းဆီကို မမြင်ရပါဘူး။ ပဲ့တင်သံဟာလည်း လျှိုထဲအတိုင်း တောက်လျှောက်သွားနေပါတယ်။ သစ်ပင်ပေါ်က ငှက်တွေ ထပျံကုန်ပါတယ်။ ကျွန်တော် မတ်တတ်ရပ်ပြီး ဆတ်ကျွဲကြီး ဘယ်နား လဲကျသွားသလဲဆိုတာ ကြည့်တော့---

"ဟာ ထွန်းခင်ကို သေနတ်နဲ့ ဘယ်သူပစ်လိုက်လဲမသိဘူးဟေ့၊ လာပါဦးဟ"

"ဟိုမှာ မြင့်မောင်၊ ဟော့ဟောင် မြင့်မောင်၊ ဘာဖြစ်လို့ ထွန်းခင်ကို သေနတ်နဲ့ ပစ်ရတာလဲကွ။ မင်းကောင်တော် ရက်စက်တယ်ကွာ"

ကျွန်တော် သေနတ်ကို ကိုင်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတော့တယ်။ ကျွန်တော်က သေသေချာချာ ချိန်ပြီးပစ်လိုက်တာကို သူတို့က တမင်တကာ ရန်ငြိုးရှိလို့ ပစ်တယ်လို့ ထင်မှာပါပဲ။ ဒါပေမဲ့ ကျွန်တော် ပစ်တာက ဆတ်ကျွဲကိုပါ။ တကယ် ဆတ်ကျွဲကြီးဆိုတာ သူတို့သိမှာမဟုတ်ပါဘူး။ ကျွန်တော်အရင်တစ်ခါ ရဖူးထားတဲ့ ပထမဦးဆုံး ရဖူးခဲ့တဲ့ ဆတ်ကျွဲကြီးဟာ ကျွန်တော့်မျက်စိထဲက မထွက်ပါဘူး။ အမြဲတမ်း မြင်ယောင်နေသလို တောထဲဝင်ကတည်းက မြင်ယောင်နေတဲ့ ဆတ်ကျွဲကြီးပါ။ ထွန်းခင်ကို အခုလို တောထဲမှာ မမျှော်လင့်ဘဲ ရုတ်တရက် ဖြုန်းဆို တွေ့လိုက်ရတော့လည်း သတိမရှိတော့ ကိုယ် လိုချင်နေတဲ့ ဆတ်ကျွဲကြီးမှတ်ပြီး ပစ်လိုက်တာပါ။ ကိုယ့်ကိုယ်ကိုလည်း အထင်ကြီးတယ်။ သူများတွေကိုလည်း အထင်ကြီးစေချင်တဲ့ ကျွန်တော် သတိမရှိလို့ မှားသွားပါပြီ။ ဥပဒေရဲ့ ပြစ်ဒဏ်ခံရတော့မှာပါ။

"ဦးလေး ဦးဘမောင် ကျွန်တော် မှားသွားပါတယ်။ မှုဆိုးဆိုတာ သားကောင်ပစ်လို့ရလာတိုင်း မှုဆိုးမဟုတ်ပါဘူးဆိုတာ သိရပါပြီ။ မှုဆိုးဆိုတာ သတိရှိရတယ်။ အန္တရာယ်သိရတယ်။ ဖြစ်လေ့ဖြစ်ထရှိတာတွေကို နားလည်ရတယ်။ အသုံးချရတယ်။ လိုက်နာရတယ်။ ကိုယ်က တောထဲမှာ တစ်ယောက်တည်း ကိုယ့်ရှေ့မှာလဲ ကိုယ်ပါပဲ။ နောက်မှာလဲ ကိုယ်ပါပဲ။ လောဘမကြီးရပါဘူး။ မှုဆိုးဆိုတာ သားကောင်ဘဝကို ချက်ချင်းရောက်သွားတတ်ပါတယ်။ သားကောင်တလဲ ချက်ချင်း မှုဆိုးဖြစ်သွားတတ်ပါတယ်။ မှုဆိုးတွေရဲ့အဖြစ်က တွေးသောလက် မဆန့်ခင် ဆန့်သောလက် မကွေးခင် အပြောင်းအလဲ ဖြစ်တတ်ပါတယ်။ စိတ်က စွဲလမ်းတော့ သတိမရှိတော့ဘူး။ အဲဒီတော့ တောခြောက်တယ်လို့ ထင်ကြတယ်။ အမှန်တော့ သတိပါပဲ။ သတိမရှိရင်တော့ သားကောင်မတွေ့တဲ့ မှုဆိုးပါပဲဆိုတာ ကျွန်တော် သိလိုက်ရပါတယ်။

ဒါပေမဲ့ ကျွန်တော် နောင်တက နှောင်းနှောင်းတဖြစ်သွားလို့ ပြစ်မှုကြွေးကို ချွေးနဲ့ ဆပ်ရုံမှတစ်ပါး---။

**သန်းထွန်း (ရေချေ)**



www.burmeseclassic.com

www.burmeseclassic.com

# ဘဝသူခိုး

## စိန်ဝင်းဇော်




'ကယ်ရင်လိုဒရစ်'က ဆန်ဖရန်စစ္စကို ဈေးလမ်းရှိ ဘဏ်ဖွင့်ချိန်ကို ဂနာမငြိမ်စောင့်ရင်းဆိုင်မှ စ… စံရာမှာလိုက်သည်။ သူမက လွန်ခဲ့သော ကာလအတွင်း စိုးရိမ်ပူပန် စိတ်လေလွင့်နေခဲ့သော်လည်း ဆေ… တွင် ရပ်နေသော အဝတ်အစား မသေမသပ်နှင့် စုံတွဲကို သတိမပြုမိဘဲ မနေနိုင်ခဲ့။ အရပ်မြင့်မြင့်လူ… အားကစားအပေါ်ဝတ်အင်္ကျီနှင့်။ အမျိုးသမီးထွားထွားကြီးက ဂျင်းဘောင်းဘီနှင့် ဂုတ်စီနေကာမျက်… တပ်ထားကာ အညိုရောင်သားရေကုတ်အင်္ကျီနှင့် ပရာဒါပိုက်ဆံအိတ်ကို ကိုင်ထားသည်။ ထိုအမျိုးသမီး… ဝိုးတဝါးမြင်ဖူးသယောင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကုတ်အင်္ကျီ။ အသိအာရုံ ...ား စုစည်းမိချိန်တွင် 'ကယ်ရင်' ...က ကြောက်စိတ်ဖြင့် အေးစက်သွား ...သလို ခံစားရသည်။ သိသာသော ...သားမွေးအနားကွပ်ထားကာ သူမ ...ည်းတူ မသေမသပ်။ ထို့နောက် ...လို .. သိပါပြီ။ 'ကယ်ရီ'၏ ...ဆိုကို လွှန်ခဲ့သော ငါးလက အခိုး ...ခဲ့ရသည်။ သူမ၏ ဘဏ်စာရင်း ...မှ ပြောင်ခဲ့ပြီး သူမ၏ ဘဝလည်း ...သိန်းမနိုင် သိမ်းမနိုင် ဖြစ်ခဲ့ရသည်။ ...သူမ ယခုကြည့်နေသော ကုတ် ...အင်္ကျီမှာ ဘဏ်၏လုံခြုံရေးကင်မရာ ...က မှတ်တမ်းတင်ခဲ့သောပုံပါ ကုတ် ...အင်္ကျီနှင့် ထပ်တူပင်။ သူမ၏ပုံရိပ် ...ငြင်း ပုံမှားရိုက်ခဲ့သော အမျိုးသမီး ...ဝတ်ဆင်ခဲ့သည့် ကုတ်အင်္ကျီ။

'ကယ်ရင်'က ဆိုင်အပြင်ရှိ ...လောက်ဖောင်းပေါ်မှ အဖီအောက် ...ပွဲတစ်လုံးတွင် နေရာယူလိုက်ကြ ...သော ထိုစုံတွဲနောက်သို့ လိုက်ခဲ့ ...သည်။ သူမက '၉၁၁'သို့ ဖုန်းခေါ် ...က ရဲအရာရှိတစ်ဦး သူမနှင့် တွေ့ ...ပြောပြီး ကပ်လျက်စားပွဲတွင် ...နေရာယူလိုက်သည်။ သူမက ဤ ...၁၇ ခုနှစ် ဧပြီလ၏ နံနက်ခင်း ...ခင် ကြည့်ရှုရင်း စောင့်ဆိုင်းနေခဲ့ ...

ယမန်နေ့ကပင် 'ကယ်ရင်' ...ဘဏ်က ရုံးဆင်းချိန်တွင် သူမ၏ ယာဉ်မောင်းလိုင်စင်မေ့ကျန်ခဲ့ကြောင်း ဖုန်းဆက်ခဲ့သည်။ သို့သော် 'ကယ်ရင်'က ထိုဘဏ်ခွဲသို့ မရောက်ဖူးခဲ့။ ထို့ပြင် သူမ၏ ယာဉ်မောင်းလိုင်စင်မှာ ပိုက်ဆံအိတ်တွင်း၌ ရှိနေသည်။

လိမ်လည်သူက လိုင်စင်အတုကို ပြန်ယူရန် ရောက်လာခဲ့ဟန်ရှိ၏။ မိတ်ဆွေတစ်ဦးက လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်သဖြင့် သူမ၏ အတွေးအမျှင်တန်း ပြတ်သွားခဲ့သည်။ သူမက ဆိုင်အစွန်း (ထိုစုံတွဲ မကြားနိုင်သည့်နေရာ)သို့ လျှောက်သွားကာ သူမ၏ သံသယများကို ပြောပြလိုက်သည်။

မိန်းမထွားကြီးနှင့် သူမ၏ အဖော်တို့က 'ကယ်ရင်'ကို မကြာခဏ ခိုးကြောင်ခိုးဝှက်ကြည့်နေကြပြီး ဂနာမငြိမ် ဖြစ်လာကြသည်။ ယောကျ်ားက တောင်ဘက်၊ မိန်းမက မြောက်ဘက်သို့ ဦးတည်သွားကြသည်။

"အယ်ဒီ .. ကျွန်မ သွားတော့မယ်"ဟု သူမ၏ မိတ်ဆွေကို ပြောလိုက်သည်။ "ကျွန်မ သူ့နောက်ကို လိုက်ရမယ်"

"သွေးရူးသွေးတန်း မလုပ်ပါနဲ့ ကယ်ရင်၊ သူ့မှာ သေနတ်ပါနိုင်တယ်"

"ကျွန်မ လုပ်မှဖြစ်မယ်" သူမ မလုပ်ရှားလျှင် ပုံမှားရိုက်သော သူခိုးက သူမ၏ အိမ်မက်ဆိုးကို အဆုံးသတ်ရန် မျှော်လင့်ချက်နှင့်အတူ ပျောက်ကွယ်သွားပေမည်။ နောက်ယောင်ခံလိုက်ပွဲက စပေပြီ။

ငါးလကြာမျှ သူခိုးက 'ကယ်ရင်'၏ ငွေစာရင်းကို သူပိုင်စုဘူးပမာ နှိုက်ယူခဲ့သည်။ 'ကယ်ရင်' ၏ အမည်ဖြင့် အကြွေးဝယ်ကတ်ငွေစာရင်းဖွင့်၍လည်း ဒေါ်လာထောင်ပေါင်းများစွာ လိမ်လည်ယူသွားခဲ့သည်။ ဘဏ်များက သူမကို မတားဆီးနိုင်ခဲ့။ ရဲများကလည်း ဘာမျှမတတ်နိုင်။ အကြွေးရှင်များကလည်း သူခိုးထုတ်ယူသွားခဲ့သော ငွေများအတွက် ပြန်လည်ပေးဆပ်ရန် တောင်းခံနေကြပြီ။ 'ကယ်ရင်'က သူမ၏ ငွေစာရင်းများကို ပိတ်သည်။ ဘဏ်စာရင်းအသစ်များမှလည်း သူခိုးက ခိုးထုတ်ယူခဲ့သည်။

ထိုအမျိုးသမီးက ထောင့်ချိုးတစ်ခုကို ကွေ့လိုက်သည်။ 'ကယ်ရင်'၏ ဖုန်းက မြည်လာသည်။ ခေါ်ဆိုသူ ဖော်ပြသောစနစ် (Caller I.D)က 'အမည်မသိခေါ်ဆိုသူ'ဟု ဖော်ပြနေသည်။ 'ကယ်ရင်'က လမ်းတစ်လျှောက်ကြည့်လိုက်ရာ ထိုအမျိုးသမီးက လက်ကိုင်ဖုန်းအား ထုတ်၍ ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်ရသည်။ ထိုသူက 'ကယ်ရင်'အစစ်က သူ့နောက်သို့ လိုက်နေခြင်း ရှိ မရှိ စမ်းကြည့်နေတာများလား။

'ကယ်ရင်'က လမ်းဆုံရှိ ပစ္စည်းဟောင်းများ ပြန်လည်ပြုပြင်အသုံးချသော စက်ရုံသို့ ချဉ်းကပ်လာစဉ် လူတစ်ယောက်က သူမအား စူးစမ်းဟန်ဖြင့် ရပ်ကြည့်နေသည်။ ထို့နောက် ထိုအမျိုးသမီးကို ကြည့်နေပြန်သည်။


"သူ့ကို သိသလား"ဟု ကယ်ရင်က မေးသည်။

"ဟင့်အင်း၊ ခင်ဗျားကော သိလား"

'ကယ်ရင်'က ထိုအမျိုးသမီးသည် သူမအား ပုံမှားရိုက် အတုလုပ်ခဲ့သည်ဟု ထင်ကြောင်းပြောသည်။ "ဒီမိန်းမအကြောင်း ဒီလိုပြောတာ ခင်ဗျားတစ်ယောက်တည်းမဟုတ်ဘူး"ဟု ထိုလူ

ပြောရာ ထိုလူကိုပါ 'ကယ်ရင်' သံသယဝင်လာပြန်သည်။ ဒီလူ ကြံရာပါများလား။ ထိုအမျိုးသမီး စက္ကန့်ပိုင်းနှင့်အမျှ သူမအား သ လည်ပြန်ကြည့်ကာ တောင်က သို့ တက်သွားစဉ် 'ကယ်ရင်' '၉၁၁'ကို ခေါ်ပြန်သည်။

"တစ်စုံတစ်ယောက် သ နန်နဲ့ ဈေးလမ်းကို လာဖို့လိုအ




သူများ၏ ဘဝကိုနိုးသူ "မာရီယာ"(ဝဲ-ပုံသေး)နှင့်
"ကယ်ရင်"နှင့် တွေ့ပြီး ပြောကြလိုက်ကြပုံအခင်းအဆင်။



www.burmeseclassic.com

www.burmeseclassic.com



…ယ်''ဟု ကယ်ရင်က ၉၁၁ မှ …ာ်ပရေတာကိုပြောလိုက်သည်။

''သူမက ပြေးနေပါပြီ။ …လိုအပ်ပါတယ်''

''ဘာပြဿနာပါလဲရှင်''

''ဒီမိန်းမက ကျွန်မကိုယ် …း ပုံတူရိုက်နေပါတယ်။ လွန်ခဲ့တဲ့ …း လကပါပဲ။ ငရဲမှာနေနေရသ …ပါပဲ''

➤➤➤

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ …င် ဆန်ဖရန်စစ္စကိုသို့ မိသားစု …လည်တွေ့ဆုံပွဲသွားခဲ့ရာမှ အပြန် …င် 'ကယ်ရင်'၏ ဘဏ်မှ ဖုန်း …တင်းစကား (voice mail)က …င့်နေသည်။ 'ကယ်ရင်'က ပြန် …ည်ဆက်သွယ်ရာ ဘဏ်မှ ငွေ …များစားစား ထုတ်ယူခဲ့ခြင်း ရှိ … မေးမြန်းသည်။ တစ်ကြိမ်တွင် …လာ (၆၀၀) ထုတ်ယူခဲ့ကြောင်း …ပြာသည်။ 'ကယ်ရင်'က ဘဏ် … အမှားဟု ယူဆကာ ငွေထုတ် …တ်နံပါတ်ကို စီစစ်ရန် ပြော …ည်။

''အဲဒါ ကျွန်မရဲ့ ကတ် …တ်ဘူးရှင့်''

တစ်စုံတစ်ဦးက 'ကယ်ရင်' … ဖုန်းမှခေါ်ဆို၍ အကြွေးကတ် …စ်ကို မှာကြားခဲ့ကြောင်း ပြန်ကြားသည်။ အပြန်အလှန် ပြောဆိုကြပြီးနောက် 'ကယ်ရင်'က ဘဏ်ကိုယ်စားလှယ်အား သူမ၏ ကတ်မဟုတ်ကြောင်း အတည်ပြုပြီး ၄င်းကတ်ကို ပယ်ဖျက်ရန် ပြောကြားခဲ့သည်။ ဘဏ်က မဖော်ပြခဲ့မိသည်မှာ ဒုတိယအကြွေးဝယ်ကတ်ကို ထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် ၄င်းမှာ ဖွင့်ထားဆဲပင် ဖြစ်ကြောင်း။

'ကယ်ရင်'က သူမ၏ အိမ်ဖုန်းမှ ညွှန်ကြားခဲ့ကြောင်း ဘဏ်ကိုယ်စားလှယ်၏ ပြောပြချက်အရ စိတ်ပူလာကာ အိမ်ဖောက်ထွင်းမှုကို ကြားခြင်း ရှိ မရှိ အိမ်နီးချင်းများကို မေးခဲ့သည်။ စာတိုက်ပုံးအချို့ပွင့်ဟနေကြောင်း သူမ၏ အဆောက်အအုံတူတွင် နေထိုင်သူများက ပြောပြသည်။ သူခိုးတစ်ဦးက ချိုးဖျက်၍ အနည်းဆုံး စာအိတ်လေးအိတ် (နှစ်အိတ်က အကြွေးဝယ်ကတ်များ၊ နှစ်အိတ်က အကြွေးဝယ်ကတ်များ၏ PIN ခေါ် Personal Identification Number ပုဂ္ဂလိက အသိအမှတ်ပြုနံပါတ်များပါရှိခဲ့သည်)

'ကယ်ရင်' သိရသမျှ သူခိုးက ဒေါ်လာ (၆၀၀) ခိုးခဲ့သည်။ ဆိုးပါပေ၏။ သို့သော် ဘဝ အပြောင်းအလဲတော့ မဖြစ်သေး။ ဘဏ်သို့သွားရောက်သောအခါ ဘဏ်ကိုယ်စားလှယ်က ကွန်ပျူတာဖန်သားပြင်ကို သူမမြင်နိုင်အောင် လှည့်ပြတော့မှ ဘာဖြစ်နေသည်ကို သိရတော့သည်။ လွန်ခဲ့သော ရက်အနည်းငယ်ကပင် ဒေါ်လာ ၁၀၀၀၀ ပါသွားခဲ့ပါပြီ။ ကယ်ရင်၏ ဘဏ်စာရင်းလက်ကျန်ငွေမှာ သုည။ သူမ၏ ''ငွေပိုမထုတ်ယူရေး စီမံချက်''အရသာ အလိုအလျောက် ဒေါ်လာ ၁၂၀၀ ကို ထုတ်နုတ်ထားနိုင်ခဲ့သည်။

'ကယ်ရင်'က ရဲထံ အမှုဖွင့်ခဲ့ပါသည်။ သူမ၏ လက်ကျန်မရှိသလောက် ငွေစာရင်းကိုပိတ်လျက် လျော်ကြေးတောင်းခံခဲ့သည်။ ချက်လက်မှတ်ဖြင့် ငွေထုတ်၍ မရတော့သဖြင့် သူမထံ ရောက်ရှိလာသော ငွေတောင်းလွှာများ၊ အိမ်လခများကို မပေးချေနိုင်တော့။ စားစရာများပင် မဝယ်နိုင်တော့။ သူမအား နောက်ကျကြေးများ ထပ်တောင်းခြင်းခံခဲ့ရသည်။ ထိုသည်တို့ကား အစနိဒါန်းမျှပင် ဖြစ်သည်။

အရပ် (၁၅၈) စင်တီမီတာ (၅ ပေကျော်ခန့်) မြင့်၍ ကိုယ်အလေးချိန် (၅၀)ကီလိုဂရမ် (ပေါင် ၁၁၀ ခန့်)ရှိသော 'ကယ်ရင်'က (၁၈၀) စင်တီမီတာနီးပါးမြင့်သော (၆ ပေနီးပါး) သားရေကုတ်အင်္ကျီကို ကိုင်ထားသည့် အမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် နှိုင်းစာလျှင် သေးငယ်ပါသည်။ ဆန်ဖရန်စစ္စကိုမြို့၏ ဘလောက်တိုင်းတစ်ခုပြီးတစ်ခု 'ကယ်ရင်'က ထိုအမျိုးသမီးနောက်သို့ လိုက်စဉ် '၉၁၁' အော်ပရေတာနှင့်လည်း ဆက်သွယ်နေကာ မိမိရောက်ရှိနေရာအတိအကျကို အသိပေးနေသည်။

လမ်းကွေ့ချိုးတစ်ခုတွင် သူမက ထိုအမျိုးသမီးကို မျက်ခြည်ပြတ်သွားခဲ့သည်။ သို့သော် ခံ့ညားသော အဆောက်အအုံဟောင်းကြီးတစ်ခု၏ တံခါးမှန်များမှ ကြည့်လိုက်သောအခါ သူမကို တွေ့ရပြန်သည်။ ထိုအမျိုးသမီးက 'ကယ်ရင်'ကို တစ်ချက်လှည့်ကြည့်ပြီး တောင်ကုန်းမှ ဈေးလမ်းဆီသို့ ဆင်းသွားသည်။ ထိုနေရာမှာ ယာဉ်ကြောများစွာရှိပြီး နှစ်လမ်းသွားဖြစ်၏။

ယာဉ်များက အရှိန်ဖြင့် ဖြတ်သန်းမောင်းနှင်နေကြသည်။ ဒေသခံများက သစ်ပင်များ စီစီရီရီ ပေါက်နေသော လူသွားလမ်းများတွင် ဖြည်းညင်းစွာ သွားလာနေကြကာ ခေတ်မီသော ကော်ဖီဆိုင်များသို့ ဝင်ထွက်နေကြသည်။ အချို့က ပုလင်းများနှင့် အလူမီနီယံဘူးများ ထည့်ထားသော အိတ်များဖြင့် အသစ်ပြန်လည်ပြုပြင်ထုတ်လုပ်သော ဌာနသို့ အေးဆေးစွာသွားနေကြသည်။ ဈေးလမ်းတွင် လူစုံတို့က ရွေ့လျားနေကြသည်။ သို့သော် သူမက ရဲတစ်ဦးတစ်ယောက်မျှ မမြင်။

အတုအယောင် သူခိုးက စွန့်ပစ်ထားသော ဈေးလှည်းတစ်ခုကို ဖြတ်ကျော်စဉ် သူမ၏ လက်လွှဲလိုက်သည်ကို 'ကယ်ရင်'က မြင်လိုက်သည်။ သူမက တစ်စုံတစ်ခုကို လွှင့်ပစ်ခဲ့သည်။ 'ကယ်ရင်'က လှည်းဆီသို့ အပြေးသွားသည်။ "သူပစ်ချခဲ့တာကို ကျွန်မရပြီ" ဟု သူမက '၉၁၁'သို့ ပြောလိုက်သည်။ "ပိုက်ဆံအိတ်ရှင့်၊ ပရာဒါ ပိုက်ဆံအိတ်" 'ကယ်ရင်'က အတွင်းသို့ ကြည့်လိုသည်။ သို့ပေမဲ့ အချိန်မရှိ။

သူခိုးက မီးမစိမ်းသေးဘဲ ရှုပ်ထွေးသော လမ်းဆုံကိုပြေး၍ ဖြတ်ကာ အငှားကားတစ်စီးကို တားလိုက်သည်။ 'ကယ်ရင်' ထိတ်လန့်သွားသည်။ "ဒီမိန်းမ မလွတ်စေရဘူး" ဟု သူမက '၉၁၁'အော်ပရေတာအား အော်ပြောသည်။ "ကျွန်မ သူ့ကိုလွတ်ထွက်သွားခွင့် မပေးဘူး" သူမက မောင်းထွက်မသွားမီ အငှားကားကို မီသည်။

"သူ့ကို မသွားပါစေနဲ့" ဟု အသည်းအသန် တောင်းပန်သည်။

"သူက အတုအယောင် ဆောင်သူခိုး"

ယာဉ်မောင်းက လက်ကိုင်ဘီးပေါ်မှ လက်များကို မြှောက်လိုက်သည်။ အမျိုးသမီးက ကားတွင်းမှ ထွက်လာကာ 'ကယ်ရင်'ကို ရင်ဆိုင်သည်။

"ရှင်ဘာပြုလို့ ကျွန်မနောက်ကို လိုက်နေရတာလဲ"

အခိုက်အတန့်အားဖြင့် ကယ်ရင်က သံသယဝင်သွားခဲ့သည်။ သူများ သူခိုးမဟုတ်ခဲ့ရင်။ ထိုအမျိုးသမီးအား ရဲများရောက်ရှိလာသည်အထိ စောင့်ရန်ကြိုးစား၍ သိမ်းသွင်းရသည်။ သို့သော် သူမက ဈေးလမ်းအတိုင်း ထွက်သွားပြန်သည်။ ထိုနေရာမှ အမြန်လမ်းကြီးက ယာဉ်များစွာကို အရပ်စုံသို့ ဖြန့်ထွက်စေလျက်ရှိသည်။ 'ကယ်ရင်'က ထက်ကြပ်မကွာလိုက်သည်။

လိမ္မော်ရောင် ဘတ်စ်ကားကြီးတစ်စီးက ထိုးရပ်လာသည်။ ထိုအမျိုးသမီးက ခုန်တက်လိုက်သည်။ 'ကယ်ရင်'က နောက်တစ်ဖဝါးမကွာ။

"ကျေးဇူးပြုပြီး မောင်းထွက်မသွားပါနဲ့ရှင်" ဟု 'ကယ်ရင်'က ယာဉ်မောင်းကိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူခိုးက ရှောင်ထွက်သွားပြန်၏။

"ရှင် စောင့်ပါလား။ ရဲနဲ့ စကားပြောနိုင်ပါတယ်"

ဟု 'ကယ်ရင်'က လှမ်းပြောသည်။ သူမက 'ကယ်ရင်'ကို အံ့အားသင့်စေအောင်ပင် "သူမက အာမခံ ခံဝန်ဖြင့် လွှတ်ထားခြင်းခံရသူဖြစ်၍ အဖမ်းခံရမည်ဖြစ်ကြောင်း" ဖြေကြားခဲ့သည်။ ယခုအခါ 'ကယ်ရင်'က သံသယလုံးဝ မရှိတော့။ လူမှန်ကို တွေ့ခဲ့ပြီ။

⮞⮞⮞

ဘဏ်မှအကြွေးဝယ်ကတ်ဌာနခွဲက နှစ်ပတ်ကြာမျှ ပြဿနာကို ကိုင်တွယ်ခဲ့ပြီးမှ သူမ၏ ငွေများပြန်လည် ဖြည့်တင်းပေးမှုအတွက် 'ကယ်ရင်'က ရှုံးမတတ်ဖြစ်ရသည်။ ထို့နောက် ဘဏ်ကသူခိုးနှင့် ပတ်သက်၍ လုံခြုံရေး ဗီဒီယိုတင်မရာမှတ်တမ်းရှိကြောင်း အကြောင်းကြားသောအခါ 'ကယ်ရင်' မျှော်လင့်ချက်ထားမိသည်။ ဆံပင်အနက်နှင့် ခပ်ထွားထွားမိန်းမကြီးတစ်ယောက် သားရေးကုတ်အင်္ကျီနှင့် ဒီဇိုင်နာနေကာမျက်မှန်ဖြင့် ATM ခါ် အလိုအလျောက် ငွေထုတ်စက်တွင် တွေ့မြင်ရသည်။ 'ကယ်ရင်'က ထိုအမျိုးသမီးကို မသိကြောင်း ကျမ်းကြိမ်လွှာတွင် လက်မှတ်ရေးထိုးပြီး ၎င်း၏ ဓာတ်ပုံမိတ္တူထုတ်ယူခဲ့သည်။

ထိုအခိုက်တွင် သူခိုးက 'ကယ်ရင်'၏ ဘဝတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်လာခဲ့သည်။ သူမက 'ကယ်ရင်'၏ လူမှုဖူလုံရေးနံပါတ်နှင့် အခြားအချက်အလက်များကို သုံး၍ ၎င်း၏ ပုံဖြင့် (ကယ်ရင်၏ နံပါတ်နှင့်) ယာဉ်မောင်းလိုင်စင်အတုပြုလုပ်ခဲ့သည်။ ထိုအထောက်အထားများဖြင့် သူမက 'ကယ်ရင်'၏ နှစ်ပေါင်းများစွာက ပိတ်ထားခဲ့သော ငွေစာရင်းများကို ပြန်လည်ဖွင့်ခဲ့ပါသည်။ သို့နှင့် ဘဏ်ငွေစာရင်းမှ ငွေထုတ်ငွေလွှဲကိစ္စများ တစ်သီကြီး ရှပ်ထွေးလာခဲ့ပြန်သည်။ သို့နှင့် ဘဏ်ငွေစာရင်းမှ ငွေထုတ်ငွေလွှဲကိစ္စများတစ်သီကြီး ရှုပ်ထွေးလာခဲ့ပြန်သည်။

⮞⮞⮞

နာရီဝက်ကြာမျှ 'ကယ်ရင်'က ကြောက်သော်လည်း ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာဖြင့် သားရေကုတ်အင်္ကျီနှင့် မိန်းမကို လမ်းများတွင် ခေါက်တုံ့ခေါက်ပြန်နှင့် ကျွချိုးများ၊ လမ်းမြောင်များအတိုင်း လိုက်ခဲ့သည်။ ထိုမိန်းမက အဆောက်အအုံတွင်းသို့ ရုတ်တရက်ဝင်သွားစဉ် နှစ်ကြိမ်မျှ မျက်ခြည်ပြတ်သွားခဲ့သည်။ ထို့နောက် အဆောက်အအုံတွင်းကားရပ်နားရန်နေရာ၌ တတိယအကြိမ် ပျောက်သွားခဲ့ပြန်သည်။ 'သွားပြီ'ဟု သူမက '၉၁၁' အော်ပရေတာကို ပြောလိုက်သည်။ စိတ်ကုန်စိတ်မောစွာဖြင့် 'ကယ်ရင်'က ပရာဒါပိုက်ဆံအိတ်၏ ဇစ်ကို ဆွဲဖွင့်လိုက်သည်။

သူမ၏ ဘဏ်စာရင်းရှင်းတမ်းနှစ်စောင်၊ နိဝင်ဘာလက သူမ၏ ငွေစာရင်းကို အပြောင်ထုတ်ယူသွားခဲ့သော အကြွေးဝယ်ကတ်နှစ်ခု။ သူမ၏ ချက်လက်မှတ်တစ်စောင်။ ထို့အပြင် သူမ၏ အမည်၊ လူမှုဖူလုံရေးနံပါတ်၊ ယာဉ်မောင်းလိုင်စင်နံပါတ်နှင့် လိပ်စာပါသော ကတ်လေးများကို တွေ့ရသည်။

'၉၁၁' အော်ပရေတာက ရဲအရာရှိတစ်ဦး အရေးပေါ် ဖုန်းပြောပြီးသည်နှင့် ရောက်ရှိလာမည်ဖြစ်ကြောင်း အတည်ပြုရာ 'ကယ်ရင်'က ကားဂိုဒေါင်အဝင်မှ စောင့်နေမည်ဖြစ်ကြောင်း သဘောတူခဲ့သည်။ နောက်မိနစ်အနည်းငယ်အကြာတွင် ရဲရောက်လာသောအခါ ဖြစ်ပုံကို ပြောပြလိုက်သည်။ ထိုမိန်းမကို ရှာတွေ့ရန် မျှော်လင့်ချက် အနည်းငယ်သာ ရှိတော့ကြောင်း ခံစားမိ၏။

သို့သော် မကြာမီမှာပင် ရဲ



www.burmeseclassic.com

www.burmeseclassic.com





"ကယ်ရင်" ဘဝအခိုးခံရသူ

က သူမကို ကားတစ်စီးနှင့် အဆောက်အုံကြားသို့ ဝပ်၍ စီးကရက်တစ်လိပ်သောက်နေစဉ် တွေ့ရှိခဲ့၏။

"အရူးမ၊ နင်ထွက်ပြေးနေဖို့သင့်တာ" ဟု ကယ်ရင်က ပြောလိုက်သည်။

➤➤➤

နိဂုံးမှတ်ချက်။ ဖမ်းဆီးသူရဲအရာရှိက ပုံတူရိုက်သူခိုးမှာ 'မာရီယာနယ်(လ်)ဆင်'ဖြစ်ပြီး အနည်းဆုံးအကြိမ် (၆၀)ခန့် အဖမ်းခံရဖူးကြောင်း၊ အမှန်ပင် အာမခံခံဝန်ချက်ဖြင့် နေလျက်ရှိပြီး အခြားပိုင်နက်တွင် အလားတူပြစ်မှုများဖြင့် အလိုရှိနေကြောင်း ပြောပြခဲ့သည်။ 'မာရီယာ'က နောက် (၄၄)ရက်အကြာတွင် တရားသူကြီး၏ ရှေ့မှောက်သို့ ရောက်သောအခါတွင်မှ အမှုလိုက်အရာရှိနှင့် အပေးအယူဝန်ခံချက် (Plea deal)ကြောင့် ကျခံပြီးသော ကာလနှင့် ခံဝန်ချက် (ကောင်းမွန်စွာနေထိုင်၍ ရဲထံပုံမှန်သတင်းပို့ရသည်)ဖြင့်ပင် ပြီးစေရန် စီရင်ချက်ချခဲ့သည်။

ထိုအခိုက်တွင် 'ကယ်ရင်'ခမျာ သူမ အသုံးမပြုခဲ့သော တယ်လီဖုန်းဝန်ဆောင်ခနှင့် ဝယ်ယူခြင်းမရှိခဲ့သော ပစ္စည်းများအတွက် ငွေတောင်းလွှာများရရှိနေပါသည်။ သူမအနေဖြင့် သူမ၏ ကိုယ်ရေးအချက်အလက်များ (ID)ကို မှောင်ခိုဈေးကွက်တွင် ရောင်းချခြင်းခံရပြီဟု စိုးရိမ်ကာ အိပ်မက်ဆိုးကြီးက ရှည်လျားလျက်ပင် ရှိပါတော့၏။


(မေ ၂၀၀၈ ထုတ် ***Reader's Digest*** မဂ္ဂဇင်းပါ ***Arita Bartholomew*** ရေး ***Hunted Down the Woman Who Stole My Life*** ကို ***အနည်းငယ် ချုံ့၍ ပြန်ဆိုသည်)***

စိန်ဝင်းဇော်




www.burmeseclassic.com

www.burmeseclassic.com






အမှတ်(R-1)၊ ဂန္ဓမာလမ်း နှင့် (၆)လမ်းထောင့်၊ မင်္ဂလာဥယျာဉ်မြို့တော်အိမ်ယာစီမံကိန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၉၂၉၉၂၊ ၂၉၆၀၄၆၊ ၂၉၉၂၆၀၊ ၂၀၅၀၅၄၊ ၂၀၅၄၀၄၊ ၂၀၅၀၀၉

www.burmeseclassic.com

www.burmeseclassic.com



# ရွေးချယ်ဖြေကြည့်ပါ

ထက်ကောင်းလတ် – ဗင်းဘွား



www.burmeseclassic.com

www.burmeseclassic.com



"ရွေး၍ဖြေကြည့်ပါ"

ထက်ကောင်းလတ်

(မင်းဘူး)

(၁)

အတိတ်ဆီကဖြစ်ရပ်မှ နောက်ဆုံးသော စကားရပ်ကို မိမိသည် ဘယ်သောအခါမျှ မေ့ပျောက်ရမည်မဟုတ်။ ခံစားခဲ့ရမှု နာကြည်းချက်များ ရောစွက်ခဲ့ခြင်းကြောင့်လည်း ပို၍မမေ့နိုင်ခဲ့။ မိမိနှလုံးသားခံစားမှုကို ကြိတ်မှိတ်မျိုသိပ်ခံစားရင်း မိမိကိုယ်ပွား ဘဝတစ်ခုကို ရှင်သန်စေခဲ့၏။ ထိုမှ ဘဝကိုအားမာန်များနှင့်အတူ မာနပြတ်သားမှုတို့ကို မျိုးစေ့ချန်အပင်သန်အောင် ပြုစုပျိုးထောင်ခဲ့သည်။ အနှစ်နှစ်ဆယ်ဆိုသော ဘဝဖြတ်သန်းခဲ့မှုနှင့်အတူ မိမိကိုယ်ပွားသားကြီးခိုင်ခိုင်းအောင်သည် ရှေ့တစ်နှစ်၌ ကျောင်းပြီးဘွဲ့ရတော့မည်။ ဤသို့ဘဝရောက်ဖို့ မိမိမည်မျှ သောက် ကြိုးစားခဲ့ရသည် စိတ်အားလူအားများ လက်ရှိမိမိရုပ်သွင်က ညွှန်းပြခဲ့၏။ မိမိအသက် ငါး သုံးဆယ့်ရှစ်နှစ်မျှသာ ရှိသေးသော်လည်း ရုပ်သွင်အနေက အသက်ငါးဆယ်ကျော်ကျော်အနေ ဖြစ်နေလေသည်။ နန်းဦးရွှာလေးတွင် ဘဝတစ်ခုကို ခိုင်မာအောင် တည်ဆောက်ပြီး ဘဝတစ်ခုကို အားမာန်၊ မာန၊ ဖွဲ့သတ္တိများဖြင့် ရပ်တည်လျှပ်ရှားခဲ့သည်မှာ မလွယ်ကူလှပါ။ မိခင်တစ်ယောက်သည် မျိုးဆက်သွေးကို ဒုက္ခများ စွာကြားမှ အမိအရအခိုင်အမာ ဖြစ်စေရန်မှာ ရင်းခဲ့ဖူးသူများသာ သိနိုင်သောအစွမ်းအစများ ဖြစ်ပါ၏။ နန်းဦးရွာသူလေး မိနှင်းတစ်ဖြစ်လဲ ဒေါ်နှင်းသည် နာကြည်းဘဝထဲမှ ပီတိတစ်ခုအကြီးစားဖြစ်လာနေသည်ကို ကျေနပ်နေမိသည်။ သို့တစေ အတိတ်ဘဝ နာကြည်းခံစားမှုသည် ရရှိစပြုနေသော ပီတိကျေနပ်မှုနှင့်တော့ ကွာခြားလျက်ရှိပါ၏။

☆☆☆☆☆

(၂)

"ဦးရယ် မိနှင်းကိုသနားပါရှင် မိနှင်းဘဝက ဦးတို့အိမ်ဖော်ဘဝပါ။ တောမှာကျန်ခဲ့တဲ့ လူမမာအမေအိုကြီးကို လုပ်ကိုင်ကျွေးမွေးနေရတဲ့ ဘဝပါ ....။

နောက်ပြီး ဦးဂုဏ်သိက္ခာနဲ့ ဒီလိုလုပ်ရင်မတော်ပါဘူး။ မိနှင်းကိုသနားပါဦးရယ်" ခံ့ညားသော တိုက်ကြီးအတွင်းဘက် မိနှင်းအတွက်ပေးထားသည့် အခန်းလေးအတွင်း အဆီပြန်မာန်ထနေသော မျက်နှာကြီးနှင့် တိုက်ပိုင်ရှင်ဦးသောင်းညွှန့်အား သနားစဖွယ် တောင်းပန်ပြောနေသော မိနှင်းအသံတုန်တုန်လေးကို ဦးသောင်းညွှန့်မကြားနိုင်ပြီ။ ရမ္မက်မာန်ထန်နေသော မုန်တိုင်း၏ နောက်ဆုံးအဖြေသည် ခုတင်ပေါ်၌မှိန်းကြေစွာဖြင့် ငိုလျက်ကျန်ခဲ့ရှာသည့် တောစပယ်လေးမိနှင်းပင် ဖြစ်တော့၏။ သမီးချင်းနှမချင်းမစာနာ ရမ္မက်ဆန္ဒဖြင့် ရက်စက်ယုတ်မာစွာ ပြုကျင့်သွားခဲ့သော လူကုံထံအရောင်ပြ ကြောင်သူတော်မြေခွေး အယုတ်တမာကြောင့် မိနှင်းအပျိုရည်ဘဝ ပျက်ယွင်းခဲ့ရလေပြီ။ မိနှင်း ဘာတတ်နိုင်တော့မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



''ဟင့် ... ဟင့် ရက်စက်လိုက်လေခြင်း ဦးရယ် ဟင့် ... ဟင့် ... ဟီး''

မိနှင်း တတ်နိုင်သည်က နာကြည်းစွာငိုရှိုက်ခြင်းသာ ဖြစ်တော့၏။

ဦးသောင်းညွှန့်သည် မြို့ပေါ်တွင် လူကုံထံအသိုင်းအဝိုင်းဝင် ငွေကြေးချမ်းသာသော ကုန်သည်ကြီးတစ်ယောက်ဖြစ်သည်။ ဇနီးဒေါ်စန်းခင် ပထမဆုံးသော သားဦးကိုယ်ဝန်လွယ်ထားသည်။ ဦးသောင်းညွှန့်မှာ လုပ်ငန်းကြီးမားသည့်အလျောက် အလုပ်သမားများသဖြင့် အရောင်းအဝယ်ပွဲရုံလုပ်ငန်းများ လုပ်ကိုင်သည်။

ငွေကြေးပြည့်စုံ လုပ်ငန်းကြီးသူတို့သဘာဝအတိုင်း အိမ်မှုလုပ်ငန်းများအတွက် အိမ်ဖော်ထားကြသည်။ မိနှင်းသည် နန်းဦးရွာလေးမှ မိခင်အိုကြီးအား ကျေးရွာကောက်စိုက်၊ ပျိုးနုတ်၊ ပေါင်းသင်လုပ်ငန်း၊ တခြားပျံ့ကျလုပ်ငန်းများ လုပ်ကိုင်ကျွေးမွေးစောက်ရှောက်နေသူဖြစ်သည်။ ရုပ်ရည်သနားကမား ကြည်လင်ရွှန်းလဲ့သည့် မျက်နှာလေး၊ ကိုယ်လုံးကိုယ်ပေါက် ဖွံ့ထွားစိုပြည်သွင်ပြင်နှင့် မိနှင်းတို့အကြမ်းပတန်း အလုပ်ကြမ်းများကြား သနားစဖွယ်ပင်။ မိနှင်းကတော့ ဆင်းရဲချို့တဲ့ဘဝကြမ်းကို မညည်းညူ သူပူပင်သည်က ကျန်းမာရေးမ

ကောင်းလှသော မိခင်အိုကြီး
တွက် ဖြစ်သည်။ အလုပ်
လက်မပြတ်သော်လည်း ချို့
နွမ်းပါးခြင်းဘဝမှာ နစ်
သည်။ မြို့ပေါ်ကုန်သည်ကြီး
သောင်းညွှန့်တို့ အိမ်ဖော်လို
စဉ် ဦးသောင်းညွှန့်မိတ်ဆွေ
သည်တစ်ယောက်က နန်းဦး
မှဖြစ်သည့် အားလျော်စွာ
ဆက်အသွယ်ပြုပေးခဲ့ခြင်းကြော
ဦးသောင်းညွှန့်တိုက်တွင် မိနှ
တစ်ယောက် အိမ်ဖော်အလုပ်
သည်။ အကြောင်းစပ်ပေးသော
ကုန်သည်က မိနှင်းတို့သားအ
ကို သနားလွန်း၍ အရိပ်ထဲ
လုပ်ကောင်း၊ လခကောင်း
ကြောင့် စေတနာနှင့်ဆက်သွ
ပေးခြင်းဖြစ်ပါသည်။

မိနှင်းမှာ မိခင်အို
တစ်ယောက်တည်း ရွာတွင်
ထားခဲ့ချင်၊ ခေါ်သွားခဲ့ဖို့ကလည်
မဖြစ်။ လုပ်ငန်းသဘောအ
မိခင်ကြီးကျွေးမွေးနိုင်မှု၊ ဆေး
ကုသနိုင်မှု အခွင့်အလမ်းသ
စွန့်စွန့်စားစားလိုက်သွားပါက
ကောင်းမည်။ နန်းဦးရွာနှင့်

**''ဟင့် ... ဟင့် ရက်စက်လိုက်လေခြင်း ဦးရယ် ဟင့် ... ဟင့် ... ဟီး''**



www.burmeseclassic.com

www.burmeseclassic.com



သည် ကားဖြင့်သွားလာပါက ဆုံးနာရီကျော်ကျော်သာကြာ သည်။ အခြေအနေသတင်းကမ ပြတ် အဆက်အသွယ်အသွားအ လာကမပြတ်၊ မိမိသည်လည်း တစ်လ(သို့မဟုတ်)နှစ်လအတွင်း ခေတ္တပြန်လာနိုင်သည်။ နောက် ဆုံး အဆိုးထဲမှ အကောင်းထွက် ၍ ဆုံးဖြတ်လိုက်တော့၏။

အခြေအနေကောင်း သည်ဟု ဆိုရပါမည်။ ထို့ထက် နိုင်းကံကောင်းသည်ဟူ၍ ဆိုရ သည်လား ကုန်သည်ကြီးဦး သောင်းညွန့် ဇနီးဒေါ်စန်းခင်တို့ မှာ သဘောကောင်းကြသည်။ ဒေါ်စန်းခင်မှာ သားဦးကိုယ်ဝန်ရှိ ပြီ သွက်လက်ရှိးသားသောမိ န်းကို ကူဖော်လောင်ဖက်ရနေ၍ လွန်သဘောကျနေသည်။ ဤ သို့ဖြင့် ခြောက်လကာလအတွင်း ဒေါ်စန်းခင်မှာ သမီးဦးလေး စန်း ညွန့်ခင်ကို မွေးဖွားခဲ့သည်။ မိနှင်း သည် အခြေကျနေမိပြီး ရွာမိခင် ကြီးထံ တစ်ခေါက်နှစ်ခေါက်ပြန် ပြီ အစားအစာဆေးများနှင့် ပို ပျံ့သောလစာငွေများကို ပေးနိုင် သည်။ မိခင်ကြီးကျန်းမာရေး အ တော်အသင့်ကောင်းနေ၍ စိတ် ချနေရသည်။

ဦးသောင်းညွန့်သည် တိုက်နှင့်တစ်ဆက်တည်း ပွဲရုံ ထားသဖြင့် အမြဲတမ်းပွဲရုံတွင် လုပ်ငန်းလုပ်ကိုင်သည်။ အပြင်ပွဲ ရုံလုပ်ငန်းအတွက် တစ်ပတ်တစ် လတစ်ကြိမ်နှစ်ကြိမ်သာ ကိုယ် တိုင်သွားကြီးကြပ်သည်။ အများ အားဖြင့် တယ်လီဖုန်းဖြင့်သာ ဆက်သွယ်လုပ်သည်။ အမြဲအ နေရှိသော ဦးသောင်းညွန့်သည် အမြဲမြင်တွေ့နီးကပ်နေရသည့် မိနှင်းလေး၏ ဖွံ့ထွားနုသောပုံရိပ် ကို မချင့်မရဲအားမလိုအားမရ အ တွင်းစိတ်ကြီးစွာ ရေကာတာကျိုး ပေါက်တော့မည့်အလား ဖြစ်နေ တော့သည်။ ဦးသောင်းညွန့်၏ စူးစူးစိုက်စိုက်အကြည့်ကို ရိပ်ခနဲ မြင်မိလိုက်သော မိနှင်းရင်ထဲ ဒိတ်ခနဲဖြစ်သွားမိသည်။ မရိုး သားသောအကြည့်ကို မိနှင်းသိ လိုက်သည်။ သို့သော် အမြင်အ သိဆက်ဆံရေးအပေါ် ကောင်း နေ၍ စိတ်မိုက်စိတ်ရိုင်းမဟုတ် တန်ရာဟု ဖြေသိမ့်ထားခဲ့သည်။

စန်းခင်ညွန့်လေး သုံးလအရွယ် အရောက် ဦးသောင်းညွန့်သည် ဖောက်ပြန်လှုပ်ရှားပြုလာသည်။ ဒေါ်စန်းခင်အလစ် မီးဖိုခန်းထဲဝင် ကာ ဟင်းမေးသလို နိုင်းချင်သ လိုဖြင့် ကျောသပ်ခေါင်းသပ်လုပ် လာသည်။ မိနှင်းရေးချိုးပြီးစ ရတ်တရက်ဝင်လာပြီး အ ကြောင်းတစ်ခုခုပြော ဖက်တွယ် သလိုလုပ်သည်။ မိနှင်းအတတ် နိုင်ဆုံး ရှောင်သည်။ ဤကိစ္စကို ဒေါ်စန်းခင်အား ဖွင့်ပြောလိုက် လျှင် အားလုံးပြဿနာ မိနှင်းမျို သိပ်နေခဲ့သည်။ သို့သော် အ ကွက်ချောင်းနေသော ကြောင်သူ တော်သည် အရှောင်တိမ်း ကောင်းခဲ့သော ကြွက်သူငယ်ကို တစ်နေ့သောည၌ အပိုင်ခုတ်မိ သွားခဲ့လေ၏။ မိနှင်းတစ် ယောက် ငိုခြင်းမှတစ်ပါး မတတ် နိုင်တိုင်တော့မည်ဆိုပါက အရှက် နှင့်ပြဿနာများ ထို့နောက် အ စာဝသွားသော ဦးသောင်းညွန့်၏ ကြိမ်းမောင်းသံက “နင်ဟိုတိုင် ဒီတိုင်လုပ်ရင် သတိထား ငါက



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပိုင်တယ်။ နင်သာ အရှက်ကွဲ အလုပ်ပြုတ်သွားရုံပဲ နော်၊ အေး အသာငြိမ်နေရင် နင့်အတွက် ငါသတ်သတ်ထောက်ပံ့ပေးမယ် နားလည်လား''မိနှင်းအားငယ်စိတ်ကို ပိုကြောက်စေပြန်သည်။ မသိနားလည်ရှာသော မိနှင်းနှင့်ဦးသောင်းညွန့်၏ အငြိမ်းအခြောက်အလှည့်အပတ်ဖြင့် နေခဲ့ရာမှ တိတ်တခိုးပြဿနာသည် မိနှင်း၏အခန်းလေးထဲ ခပ်ကျိတ်ကျိတ်ပို့အန်မှုကစ၍ ဒေါ်စန်းခင်ရိပ်မိသွားလေသည်။ ဤအခြေအနေကို ဒေါ်စန်းခင်သိလိုက်သည်။ ဒါသည် သူ့ယောက်ျား၏ဖောက်ပြားမှုမှန်းသိသည်။ အလျင်က အိမ်ဖော်တစ်ဦး နောက်သူ့ ညီမအရင်းတစ်ယောက်နှင့် ဖြစ်ခဲ့ဖူးသည်။ အစတော့အဟုတ်။ သိပ်မကြာခင် ဦးသောင်းညွန့်ယုတ်မာခဲ့သည်။ အသိဦး၍ အရှက်မပေါ် သူ့ညီမကို သင့်တော်သူတစ်ယောက်နှင့် ပေးစားလိုက်ရသည်။ နောက်သိပ်မကြာခင် ကုန်သည်အမျိုးသမီးတစ်ယောက်နှင့်ဖြစ်ပြန်သည်။ ဒေါ်စန်းခင်ဖွင့်ဟပြောမှ အမျိုးသမီးရှောင်သွားသည်။

ထိုမှစ၍ ဒေါ်စန်းခင်သည် အိမ်ဖော်မခေါ်ရဲလောက်အောင် ဖြစ်ခဲ့ရသည်။ သည်ကြား ဦးသောင်းညွန့် ဟန်နှင့်ပန်နှင့် ငြိမ်နေစဉ် သူမမှာ သမီးလေးကိုယ်ဝန်ရှိလာသည်။ ဤအခါ အကူအဖော် လိုလာသည်။ ချက်ပြုတ်ဖွပ်လျှော် အနီးကပ်ခိုင်းရန်ဆို၍ အသက်ကြီး၍လည်းမတော် ငယ်ပြန်တော့စိုးရိမ်ရသဖြင့် အောင့်အီးနေခဲ့သော်လည်း ကြာတော့မတတ်နိုင်။ ဦးသောင်းညွန့်ကလည်းမပြော အသာကြည့်နေသည်။ သူ့အပြစ်ဆိုတော့ သူပြောလျှင်သူ့အဆိုးအနေ မဖြစ်စေဖို့။ မနေသာသော ဒေါ်စန်းခင် ဦးသောင်းညွန့်ကို ဖွင့်ပြောပြလိုက်သည်။ ထိုစကားသည် ဦးသောင်းညွန့်အကြိုက်အကြိုက်ဆိုသော်လည်း အလွန်အမင်းသဘောကျသည့် အနေမဖြစ်အောင်ထိန်းလျက် ဇနီးဒေါ်စန်းခင်သဘောအတိုင်း ပြောခဲ့သည်။ သဘောအတိုင်းပြောခဲ့ပြီး သူကအိမ်ဖော်အမျိုးသ
ငယ်တစ်ယောက် ရရှိရေး စုံစ
မေးမြန်းရှာဖွေခဲ့သည်။

ဤအခါ နန်းဦးရွာမိ
ဆွေကုန်သည် ကိုအေးလူမှတ
ဆင့် မိနှင်းကိုရရှိခဲ့သည်။ ဦ
သောင်းညွန့်၏အကြောင်းသ
ယင်းသို့ဖြစ်သည်။ ဟော .. အ
တော့ ကြောင်သူတော်ဦးသော
ညွန့် ဇာတိရုပ်သည် လူတော
တိုးဝံ့၊ လူသိက္ခာလုံးဝကျဆ
ဂုဏ်သိက္ခာမဲ့တော့မည်မို့ မိန
ကိုမဲ၍ အပြစ်ပုံချခြိမ်းခြော
လျက် အိမ်မှနှင်ရလေသည
ဒေါ်စန်းခင်က ဤသို့ပြောအ
ကြောင်သူတော် ဦးသောင်းည
ကလည်း သူနှင့်ဘာမျှမပ
သက်သလိုမျိုး ခြိမ်းခြောက်
လေသည်။

''မိနှင်း နင့်ကိစ္စနင့်
နင်ရှင်း၊ နင်မရှင်းခဲ့လို့ ငါ
ရှက်ကွဲမခံနိုင်ဘူး။ ရော့ ငွေ
သောင်း။ အေး တောပြန်ပြီး
အရှက်ကွဲအောင်တော့ မပြော
ငါကမြို့ပေါ်မှာ ဂုဏ်သိက္ခ
တာ။ နင့်ဟာနင်ဖြစ်ချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နဲ့ဖြစ်ခဲ့ပြီးရတဲ့ကိုယ်ဝန် ငါနဲ့ဘာမှမပတ်သက်ဘူးနော်။ အေးဘေးမှာမဟုတ်တယုတ်တွေ ပြောလို့ကတော့ အသရေဖျက်မှုနဲ့ တရားစွဲထောင်ချပြစ်မှာသိလား။ ဘယ်တော့မှတို့နဲ့မပတ်သက်နဲ့ သွားတော့''

ကြောင်းသူတော် ဦးသောင်းညွန့်၏ ရင့်သီးလှသော ရက်စက်ယုတ်မာလှသော ကောက်ကျစ်လှသော အပြောကြမ်းကြမ်းကို ခေါင်းလေးငုံ့ကာ လိုက်တက်လာသော နားကြည်းခြင်း၊ မုန်းတီးခြင်းပေါင်းစုံသော ခံစားမှုတို့အစား ပါးပြင်ပေါ်တလိမ့်လိမ့် စီးကျလာသည့် မျက်ရည်ပူတို့ဖြင့် အစားထိုးခံထားလိုက်သည်။ ရင်နင့်အောင်ခံစားမျိုသိပ်ထားသည့်ကြားမှ မိနှင်း အိမ်ထဲကထွက်ခါနီး ပေါက်ကွဲတုံ့ပြန်မှုစကားက လိုက်ခုန်ထွက်သွားခဲ့သည်။

''ဟုတ်ကဲ့ပါ ကျွန်မသွားပါ့မယ်။ မသွားခင် ကျွန်မပြောချင်တာလေး ပြောခဲ့ပါမယ်။ ရှင့်လိုယုတ်မာတဲ့ ကြောင်းသူတော်ကြီး ရှင့်ဘဝမှာ ဝဋ်ဆိုတဲ့တန်ပြန် ပြန်မခံရပါစေနဲ့လို့ ကျွန်မဆုတောင်းခဲ့ပါတယ် ဒါပါပဲ''

မိနှင်း ခပ်ပြတ်ပြတ် ပြောပြီး ချာခနဲလှည့်ထွက်လာခဲ့ပါသည်။ မိနှင်းကိုပေးသော ငွေတစ်သောင်းသည် အထပ်လိုက် အတိုင်းကျန်ခဲ့လေသည်။

☆☆☆☆☆

မိနှင်း
ခပ်ပြတ်ပြတ်
ပြောပြီး
ချာခနဲ
လှည့်ထွက်
လာခဲ့
ပါသည်။

(၃)

ဗိုက်တစ်လုံးနှင့် ရွာပြန်ရောက်လာသော မိနှင်းကို သနားကြသူများ၊ ကဲ့ရဲ့ကြသူများ၏ လက်ညှိုးပေါင်းစုံ၊ အသံပေါင်းစုံကြားမှ မကျန်းမမာမိခင်အိုကြီးသည် သမီးလေးအဖြစ်ကို ရင်နာနာနှင့် ဖက်တွယ်နှစ်သိမ့်ပေးခဲ့သည်။ ရှုပ်ထွေးပွေလီလှသော လူ့ဘဝကြား ဖြူစင်သောဘဝကို မွေးသမိခင်ကြီးအတွက် ရိုးသားစွာရှာဖွေလုပ်ကိုင် စွန့်စားကျွေးမွေးပြုစုသော လူမျိုးတို့ကို ကောက်ကျစ်စဉ်းလဲလှသူတို့က နှိပ်စက်ယုတ်မာခြင်းအား နားကြည်းလှ၏။ သို့သော် ဘာတတ်နိုင်မှာမည်နည်း။ အတ္တရမ္မက်အစွန်းထွက် လွန်ကဲသူတို့သည် ပြုသည့်အချိန်အခါဌ်သာ ရသောရလာဘ်၏ နောက်ဆုံးအဖြေသည် ကြမ္မာဝိပါက်နှင့် တရားဥပဒေတို့က တစ်နည်းမဟုတ်တစ်နည်း တုံ့ပြန်စမြဲဖြစ်မည်ကို မကြောက်မတွေးကြ ...

''သမီးလေးရယ် ဖြစ်သမျှအကြောင်း အကောင်းချည်း



www.burmeseclassic.com

www.burmeseclassic.com



ပဲလို့ သဘောထားပေါ့ကွယ်။ ကိုယ်မပြုသော်လည်း ကိုယ့်ကို ပြုသူ အနိုင်အထက်ပြုကျင့် ယုတ်မာသူတို့ရဲ့ ခံခဲ့ရမှုဟာ ဘဝ ဝဋ်ကြွေးတစ်ခုလို့ သဘောထား ပေတော့သမီး။ ကိုယ်က ဘာစွမ်း အားမှမရှိ ဒီလိုလူမျိုးတွေ သွား တုံ့ပြန်ယှဉ်ပြိုင်ရင် မီးများမီးနိုင် ရေများရေနိုင်မျိုးလိုဖြစ်မှာ။ ကျရာဘဝဒုက္ခကို ရဲရဲတင်းတင်းခံ ရင်း သမီးလေးရဲ့ကိုယ်ပွားဖြစ် လာမယ့်သွေးကို ရှင်သန်စေပေါ့ ကွယ်''

မိနှင်း မိခင်ကြီး၏ တုန်တုန်ယင်ယင်နှင့် မချိတင်ကဲအား ပေးသံသည် မိနှင်းအတွက် ဖြေသာခြင်းနှင့် အားမာန်တစ်ခုတော့ ဖြစ်၏။ သို့သော် ခံစားနာကြည်း ခြင်းကတော့ အသည်းထဲစူးနစ် နေခဲ့၏။

''ဟုတ်ကဲ့ပါ အမေ သမီးအပေါ် အမေယုံကြည်မှုနဲ့ အမြင်သန့်ရင် သမီးကျေနပ်ပါ တယ်။ ဘယ်သူတွေဘာပြော ပြော အမေပြောသလို သမီး ကိုယ်ပွားသွေး ရှင်သန်အောင် သမီးကြိုးစားမယ်။ အမေစိတ် အေးအေးနဲ့ ကျန်းမာအောင်သာ နေပါအမေ''

မိနှင်း ပြန်ပြောလိုက် သည်။ မိခင်ကြီး၏ မြင့်မြတ် သောစိတ်ကြောင့် မိနှင်းတစိမ့်စိမ့်ကြည်နူးအားရှိရပြန်သည်။ အညွန့်ချိုးခံရသော သူမဘဝအတွက် ဆုံးဖြတ်ချက်ပိုင်းဖြတ်ထား ချက်များစွာကို ရုန်းကန်လှုပ်ရှား ဖို့ ခြေလှမ်းများစွာ ....

မိနှင်းပြန်ရောက်ပြီး အလျင်လုပ်ခဲ့သည့်လုပ်ငန်းများ စတင်ခဲ့သည်။ အချိန်ကာလအလိုက် ပေါ်လာသောအလုပ်ဟူသရွေ့ မရပ်မနားလုပ်သည်။ စုဆောင်းပြီးသားမရှိ၍ ပိုကြိုးစား ရသည်။ အမေ့စားဝတ်နေရေး၊ ကျန်းမာရေး၊ နီးကပ်လာသော ရင်သွေးလေးအတွက် မိနှင်းစဉ်းစားစရာ တခြားကွက်လပ်မရှိ၊ အမေ့ကျန်းမာရေး အခုတလော ချူချာမှုပိုများလာသည်။ ရွေ့က အလုပ်တစ်ဖက် ကိုယ်ဝန်ကအခ ရင့်အမာ အမေ့ကျန်းမာရေးက ပိုဆိုးလာ၊ မိနှင်းမညည်းညူပါ

အမေ့ကျန်းမာရေးအတွက် ကျေး ရွာဆေးပေးခန်းတွင် ပြသည် ဆေးရုံတက်ရန်ပြောသည်။ ဆေး ရုံတက်ဖို့စရိတ်ခ လုံလောက် သည့်အချိန်တွင်မှ အမေရုတ်တ ရက် ဆုံးပါးသွားခဲ့ရလေသည် အမှန်တော့ အမေ့အမောရော မှာ အဆုတ်တွင်ကျွမ်းနေပြီဟု ဆိုရပါမည်။ အနှစ်နှစ်အလ ဆေးမြီးတို ဈေးချိုချိုတို့ဖြင့် တ ပွဲတိုးမှီဝဲနေရသော အမေ့ဝေဒ မှာ သက်သာလိုက်ပြန်ပေါ်လိုက် ဖြင့် အရင့်အမာ ထို့မှနောက်ဆုံး ပြည်ဖုံးကားချသွားခဲ့ရလေသည်

အမေ မရှိတော့ပြီး နောက် မိနှင်းဘဝ တစ်ကောင် ကြွက်ဖြစ်ခဲ့ရပြန်သည်။ မိခင်တစ် ယောက် ဆုံးရှုံးခဲ့ရပြန်၍ မိနှင်း ဘဝတွင် မြင်းမိုရ်တောင်ကြီးနှ လုံး ပြိုကျခဲ့ရပြီ။ မကြာမီ မိနှင်း သည် မိခင်တစ်ယောက်အနေ ခိုအားထားပြုလာမည့် ရင်သွေး ၏မြင်းမိုရ်တောင် ဖြစ်ရတော့ မည်။

လူ့ဘဝတွင် ကံဆိုးခြင်း ကံကောင်းခြင်း နှစ်ရပ်ရှိ၏။ အ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ခြင်း မပြည့်ခြင်းရှိမြဲ။ ထိုစဉ်မှာပင် မိနှင်းသည် သားဦးရင်သွေးလေးကို ဖွားမြင်ခဲ့လေသည်။ အလိုမပြည့် ကံဆိုးဘဝထဲ တွေ့ကြုံဒုက္ခများထဲမှ သားဦးရင်သွေးအတွက် မိခင်၌ဖြစ်စေခဲ့သော ကြည်နူးမှုပီတိအဟုန်ကား အေးမြမြသီတာရေအလျှင် စိမ့်စိမ့်စီးနေခြင်းပင်တကား။ မိခင်ကြီးဆုံးပါးသွားသော အပူကြားကြည်နူးပီတိ အစွန်းအစတစ်ရပ်ဖြည့်ခဲ့ရသည်။ မိနှင်းသည် သားလေးကိုတယုတယပြုစုရင်း ရည်မှန်းချက်အတွေး စိတ်ကူးပေါင်းများစွာ ထားရှိခဲ့၏။ သားလေးသသားအရွယ်မှစ၍ မိနှင်းအလုပ်ဟူသရွေ့ မရပ်မနားလုပ်ခဲ့သည်။ တခြားအတွေးမရှိ။ မိနှင်းအတွေးများထဲတွင် အဓိကနှစ်ရပ်သာထားခဲ့၏။ ပထမသည် သားလေး။ ဒုတိယသည်အလုပ်။ သားလေးကိုပြုစုပျိုးထောင် ရှင်သန်ဖွံ့ဖြိုးနိုင်ဖို့ အလုပ်၊ သားလေးလူတော်ပညာတတ် အောင်မြင်ဖြစ်ထွန်းဖို့အလုပ်။ ဤအလုပ်များသည် ကိုယ်အားစိတ်အားရင်း၍ ရမည်ဖြစ်သောငွေကြေးတန်ဖိုး။ ယင်းတို့ဖြင့် သားလေးဘဝခိုင်မာတိုးတက်ရေး ထိုမှ လူတစ်လုံးသူတစ်လုံးဘဝနှင့် ထက်မြက်ထူးချွန် ပညာတတ်တစ်ယောက်ဖြစ်ဖို့ မိနှင်းသည်သားလေးအတွက် ဘာမဆိုရင်ဆိုင်မည်။ ဤရင်ဆိုင်မှုများတွင် အကုသိုလ်၊ ဒုစရိုက်ဟူ၍ မပါစေရဒါပဲ မိနှင်းရည်ရွယ်ချက် ဆုံးဖြတ်ချက်များဖြင့် ကြိုးစားခဲ့လေ၏။



☆☆☆☆☆

(၄)

နှစ်ပေါင်းနှစ်ဆယ်ဆိုသော အချိန်ကာလသည် လူ့သက်တမ်း၏ ပထမအရွယ်ဟုဆိုရပါမည်။ ဤသက်တမ်းကာလ လူဖြစ်စတင်ခဲ့မှု၊ ရှင်သန်ဖွံ့ဖြိုးကြီးထွားလာမှု၊ ပညာနို့ချိုသောက်သုံးရမှု အချိန်ကာလအတွင်းပင်ဖြစ်သည်။ ဤကာလအချိန်အတွင်း ရှေ့ဆက်ခရီးအတွက် အောင်မြင်လာသူများ၊ ရှေ့ဆက်ခရီးအတွက် ကြိုးစားနေသူများ၊ ရှေ့ဆက်ခရီးမစမီ အမောအနွမ်းဖြစ် ကျန်ခဲ့သူများ တစ်ခြားအကြောင်းအမျိုးမျိုးဖြင့် ကျန်ခဲ့သူများ ရှိကြ၏။ ဤသူများထဲတွင် အောင်နှင်းခိုင်ကံကောင်းသူဖြစ်၏။ ချို့တဲ့ဘဝကြားမှ အသိတရားနှင့်ကြိုးစားခဲ့သော အောင်နှင်းခိုင် ကျောင်းပြီးဘွဲ့ရတော့မည်။ ကိုယ့်ဘဝကိုယ်သိသော အသိနှင့်ကြိုးစားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီး၏ မိန်းမသားတစ်ယောက် တွယ်ရာမဲ့တစ်ကောင်ကြွက်၊ ဆင်းရဲချို့တဲ့ဘဝ၊ အကြမ်းတမ်းဆုံးသော ဘဝရုန်းကန်လှုပ်ရှားမှုတို့ကြားမှ မိမိကြိုးစားခဲ့ရခြင်း။ မိခင်ကြီး၏

"ငါ့သားလေး ပညာတတ်ဖြစ်မှ ဘဝခိုင်မယ်။ အများကြားယှဉ်ရပ်နိုင်မယ်နော်။ အမေရုန်းကန်ကြိုးစားနေတာ ငါ့သားအမြင်ပဲ။ အဲ့ဒါတွေဟာ ငါ့သားအတွက်။ အမေကငါ့သားအတွက် ကြိုးစားခဲ့ရတာ။ ငါ့သားက ကိုယ့်အတွက် ထိုက်တန်အောင် မရယူနိုင်ဘူးလား။ အေးမယူနိုင်ရင် အမေရော ငါ့သားရောရှုံးပြီ။ ဒီတော့ ငါ့သားကအရှုံးယူမလား အနိုင်ယူမလား။ အဲ့ဒါ ငါ့သားဆုံးဖြတ်။ ဒါပဲ အမေပြောချင်တယ်"

ဟူသော အသံစွဲအောင်လေးလေးနက်နက်ပြောစကားကို အောင်နှင်းခိုင် တစ်သက်မမေ့နိုင်။ ဒါကြောင့်လည်း ချို့တဲ့ဘဝကြားက ကြိုးစားခဲ့ရခြင်းဖြစ်၏။ အောင်နှင်းခိုင် ဒုတိယနှစ်စာမေးပွဲ အနီးကပ်သင်တန်းအတွက် တက္ကသိုလ်ကျောင်းနှင့် အနီးကပ်ဆုံးအဆောင်တွင် သူငယ်ချင်းများနှင့် စုပေါင်းငှားနေကြသည်။ ဤအဆောင်တွင် အောင်နှင်းခိုင်တန်းတူ သူငယ်ချင်းသုံးယောက်က မြို့ပေါ်က တင်မောင်၊ အောင်မြင့်၊ ထွေးကိုတို့ဖြစ်သည်။ သည်မှ အောင်နှင်းခိုင်သည် စန်းခင်ညွန့်ဟူသော အလှနတ်သမီးလေးနှင့် ဆုံဆည်းခဲ့ရခြင်း ဖြစ်လေ၏။

အလှနတ်သမီးလေး စန်းခင်ညွန့်မှာ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူလေး၊ အနီးကပ်နှင့်လက်တွေ့သင်တန်းများမှစတင်၍ အောင်နှင်းခိုင်နှင့် ဆုံစည်းခဲ့ပြီး ချစ်သူဘဝရောက်ခဲ့သည်။ အတန်းတူသော်လည်း ခြားနားမှုက အောင်နှင်းခိုင်မှာ ဆင်းရဲသည်။ စန်းခင်ညွန့်က ချမ်းသာသူအဆင့်၊ အသက်အရွယ်အရ စန်းခင်ညွန့်ကလပိုင်းကြီးမည်ဖြစ်သော်လည်း အရပ်မြင့်မြင့်တောင့်တင်းကြံ့ခိုင်သော ကိုယ်ခန္ဓာအချိုးအဆက်နှင့် အောင်နှင်းခိုင်နှင့် ဆိုပါလျှ[illegible] အောင်နှင်းခိုင်က အနည်းငယ်[illegible] ကြီးမည်ဟု ခန့်မှန်းရသည်။ နှ[illegible] ဦးအနီးကပ် ချစ်ကြခြင်း၏ ထ[illegible] တွေ့မှုအတိုင်းအတာသည် အ[illegible] စွန်းဘက်ရောက်ခဲ့သည်အထ[illegible] ဖြစ်ခဲ့ပြီးဖြစ်၏။ ဒါကလည်း သူတို့[illegible] နှစ်ဦး စိတ်ကူးရည်ရွယ်ရင်းဖြစ်[illegible] ၏။ ကျောင်းပြီးဘွဲ့ရ၊ အလုပ်ရ[illegible] အသင့်အနေ ခိုင်မြဲစေဖို့ ရည်ရွယ်[illegible] ခဲ့သည်။ လူငယ်တို့သဘာဝ အ[illegible] ချစ်စိတ်ကူးနှင့် ပျော်မြူးခဲ့ကြ[illegible] ခြင်း။ အုပ်ထိန်းမိဘတို့အနေ[illegible] တော့ ကိုယ့်ဆန္ဒနှင့်ညီမည်ဟု[illegible] အလွယ်ကိုတွက်ထားမိကြသည်[illegible] ဤလိုတွက်ဆခြင်းမျိုးကား ကို[illegible] ညီနိုင်မှုရှိသလို လွဲချော်မှုများ[illegible] ရှိသည်။ ယခု အောင်နှင်းခိုင်နှ[illegible] စန်းခင်ညွန့်တို့ ချစ်ခြင်းအ[illegible] သည်ကော။

နောက်ဆုံးနှစ်စာမေး[illegible] ကြီး ဖြေဆိုပြီးခဲ့လေသည်[illegible] အောင်စာရင်းအတွက်သာ စော[illegible] မျှော်ရမည်။ စာမေးပွဲပြီး ကျော[illegible] သားတို့ လွတ်လပ်မှုရှိသွာ[illegible] သည်။ အောင်နှင်းခိုင် ရှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မိခင်ကြီးအလုပ်ကို တတ်နိုင်သမျှ ကူညီသည်။ စန်းခင်ညွန့်ကတော့ ပြည့်စုံသူမိဘများ၏ တစ်ဦးတည်းသောသမီးလေးမို့ အိမ်တွင်ပင်စားလိုက်သောက်လိုက် အဖော်သူငယ်ချင်းများနှင့် တွေ့ဆုံလိုက်ဖြင့်နေခဲ့သည်။ စန်းခင်ညွန့်က ရုပ်ချော သဘောကောင်း ပြုံးရွှင်ရွှင်ကြည်လင်သော မျက်နှာလေးနှင့် မိဘများကအလွန်ချစ် အလိုလိုက်ထားသူ။ စန်းခင်ညွန့်မိဘများက အဖဦးသောင်းညွန့်၊ အမိဒေါ်စန်းခင် မြို့ပေါ်ဂုဏ်သရေရှိ ချမ်းသာသူများဖြစ်သည်။

သမီးလေးကို အရိပ်တကြည့်ကြည့်နှင့် ချစ်နေကြသည်။ သမီးလေး စာမေးပွဲအောင်လျှင် ရှေ့ဆက်ရမည့် ပညာရေး၊ လုပ်ငန်းရေး ရည်ညွှန်းချက်များဖြင့် စီမံနေကြသည်။ ခုတလော ပျော်ပျော်ရွှင်ရွှင်ဖြစ်နေသော သမီးစန်းခင်ညွန့် ခပ်မှိုင်မှိုင်လေးဖြစ်နေသလိုအနေအား မိခင်ဒေါ်စန်းခင် သတိထားမိသည်။ ဘာကြောင့်ပါလိမ့်။ သမီးမှာစိတ်ညစ်စရာများ ရှိနေလို့လား။ စိုးရိမ်တွေးနှင့် တွေးကြည့်နေသည်။ မေးတော့ မမေးသေး။ အခြေအနေ ဆက်ဆက်စောင့်ကြည့်ဦးမည်ဟု တွေး



ထားလိုက်သည်။

☆☆☆☆☆

(၅)

ဘယ်လိုမှ တွေးထင်မရသောအဖြစ်။ နွေခေါင်ခေါင်မိုးမရွာ လေမတိုက် လျှပ်စီးမလက်ဘဲ ဒိန်းခနဲပစ်ချလိုက်သော မိုးကြိုးစက်ကွင်းမလွတ် ခံလိုက်ရသည့်နှယ် ဒေါ်စန်းခင် တို့ခနဲသတိလက်လွတ် ဖြစ်သွားမိသည်။

"ဘုရား .. ဘုရား အမယ်လေး သမီးလေးရယ် ... မိုက်လှချေလားကွယ်။ အမေရင်ကျိုးရပါပေါ့လားကွယ် ဟင့် .. ဟင့်"

ဒေါ်စန်းခင်၏ ရင်ဝလက်နှင့်ဖိလျက် စိုးရိမ်သောကနှင့် ငိုရှိုက်ပြောလိုက်ခြင်းမှာ စန်းခင်ညွန့်အိပ်ခန်းလေးအတွင်း ခပ်သဲ့သဲ့ဖြစ်လေသည်။ ထိုရက်တွေက သမီးလေးခပ်မှိုင်မှိုင်ဖြစ်နွမ်းလျလျဖြစ်နေသည်မှ တစ်ညသမီးလေးအခန်းဆီက ခပ်သဲ့သဲ့ပျို့အန်သံကြောင့် ဒေါ်စန်းခင်သမီးလေးကို တိုးတိုးကြိတ်ကြိတ်



www.burmeseclassic.com

မေးကြည့်သည်။ မေးမရ နောက်ဆုံးဒေါ်စန်းခင် သူငယ်ချင်းဆရာဝန်မလေးကို အကျိုးအကြောင်းပြောပြ စမ်းသပ်ခဲ့ရာမှ အဖြေမှန်သိလိုက်ရလေသည်။ ထိုအခါမှ စန်းခင်ညွှန့် ဖွင့်၍ပြောပြသည်။ သူမနှင့်အောင်နှင်းခိုင်တို့ ချစ်နေခြင်းအဖြစ်များ။

"မိုက်လှချေလား သမီးရယ် သမီးအဖေသိရင်တော့ မိုးမီးလောင်တော့မှာပဲ သမီးရယ်"

"မေမေ ဖေဖေမသိစေပါနဲ့ မေမေ နောက်ပြီး သမီးတို့ချစ်ခြင်းလည်း မခွဲပါနဲ့နော် မေမေ"

စန်းခင်ညွှန့်တိုးလျှိုးတောင်းပန်သံလေးနှင့် သနားစဖွယ်ပြောသည်။

"သမီးရယ် မိုက်နေတုန်းပဲလား ဟင် အခုသမီးနဲ့ဖြစ်တဲ့ကောင်လေးက ဘယ်သူလဲ ဘယ်သူတွေသားလဲ ဘယ်အဆင့်အတန်း အမျိုးအနွယ်ဘာ အရည်အချင်းဆိုတာတွေ သမီးသေချာသိရဲ့လား"

"သမီးပြောခဲ့တဲ့ သမီးနဲ့အတန်းတူ အောင်နှင်းခိုင်ပါ မေမေ"

"ခက်ပါလား ဒါသိရုံနဲ့ ဖြစ်မလား သူ့မိဘအလုပ်အကိုင် ငွေကြေးပြည့်စုံမှု နောက်ဘယ်မှာနေတာလဲ အဲဒါတွေအသေအချာသိဖို့ လိုတယ်သမီး"

"သူ့မှာ အမေပဲရှိတာ ဆိုတာရယ် နေတာကနန်းဦးရွာလေးမှာ နေတယ်ဆိုတာလောက် သိပါတယ်မေမေ"

"သမီးရယ် ဒါလောက်သိရုံနဲ့ သမီးယုံကြည်လှချေလားဟင်"

"မေမေသူက ရိုးသားတည်ကြည်တဲ့သူပါ သမီးကိုလည်း ချစ်ပါတယ်မေမေ"

"ခက်ပါလားကွယ် ဒါလောက်ကလေးသိထားပြီး အချစ်ပုံအပ်ရတယ်လို့ကွယ် သမီးဖေဖေသိရင်တော့ မေမေမတွေးဝံ့တော့ဘူးကွယ်"

"မေမေ သမီးတို့ကို ကြည့်စီစဉ်ပေးပါနော် မေမေ"

"မေမေ ကြည့်စီစဉ်ပေးပါဆိုရင်တော့ သမီးချစ်သူက လဲ ဘာမှန်းမသိရသေးတော့ အ ခုလောလောဆယ် သမီးအရှက် မပေါ်အောင် ကိုယ်ဝန်ကိုစွန့်ရ မှဖြစ်မယ် သမီး"

"ကိုယ်ဝန်ကိုစွ ရှင်း ဆိုတာ ဘယ်လိုလဲဟင်မေမေ"

"နုတုန်းဖျက်မှဖြစ်မှာ ဒါမှ သမီးဖေဖေလည်း မသိဘူး တကယ်လို့ အဆင်မပြေရင် လည်း ပြဿနာမရှိတော့ဘူး ပေါ့"

"အမယ်လေး မေမေ ရယ် သမီးကိုယ်ဝန်ဟော့ မဖျက် ပါနဲ့မေမေရယ်။ သူ့သမီးအပေါ် သစ္စာမဖောက်ပါဘူး"

သမီးလေး၏ သနားစ ဖွယ်တောင်းပန်သံကြောင့် လော လောဆယ်ပြဿနာအတွက်သာ တွက်မိသောဒေါ်စန်းခင်မှာ မိခင် တစ်ယောက်ဖြစ်သည်နှင့်အည စဉ်းစားငဲ့ညှာရပြန်သည်။

"ကဲ ဒီလိုဆို သမီးချစ် သူကို မေမေနဲ့တွေ့ပေး။ အဲဒီအ ခါကျတော့ အားလုံးအဖြေရှင် မယ်မဟုတ်လား"

မိခင်ကြီး စကားကြာ



www.burmeseclassic.com

www.burmeseclassic.com





စန်းခင်ညွန့် ဝမ်းသာသွားခဲ့လေသည်။

"ဟုတ်ကဲ့မေမေ သမီးသူနဲ့တွေ့ပေးပါ့မယ်။ သူ့ကိုမှာလိုက်ပါ့မယ်"

ဒေါ်စန်းခင်မှာ စီစဉ်လိုက်ရသော်လည်း သူ့ယောက်ျားဦးသောင်းညွန့်များ သိခဲ့လျှင် ဖြစ်လာမည့်ပြဿနာကို မတွေးရဲ၊ မည်သို့ပင်ဖြစ်စေ၊ အခုအစီအစဉ်အတိုင်း လုပ်ရတော့မည်။

နန်းဦးရှာ ဒေါ်နှင်းတစ်ယောက် စာမေးပွဲအပြီး မိမိကိုကူညီလုပ်ကိုင်နေသော သားအောင်နှင်းခိုင်ကိုကြည့်ပြီး ပီတိနှင့်ရည်မှန်းချက်များ ရောထွေးနေမိသည်။

"အမေ ဘာတွေစဉ်းစားနေတာလဲ။ ပင်ပန်းနေလို့လား။ သားစာမေးပွဲပြီးပြီလေ။ ရှေ့လ အောင်စာရင်းလဲ ထွက်လာတော့မှာ။ အမေ ဘာမှအလုပ်ပါနဲ့တော့ အိမ်မှာအေးအေးနားနေနော်"

ဒေါ်နှင်းအတွေးနှစ်မျောနေစဉ် သားပြောသံကြားလိုက်ရသည်။

"သားရယ် အမေမပင်ပန်းပါဘူး။ ဒီအလုပ်တွေက အမေလုပ်နေကျတွေပါ။ နှစ်ပေါင်းပဲကြာခဲ့ပြီလေသားရဲ့"

"ရပါတယ် အမေရ သားကျောင်းအားနေပြီလေ။ အမေတစ်လှည့်နားဦးပေါ့။ ရှေ့ဆိုသားတာဝန်တွေ သားအလှည့်



www.burmeseclassic.com

www.burmeseclassic.com



ပါ''

''သားတို့ စာမေးပွဲအောင်စာရင်းက ရွှေ့လထဲထွက်မှာလား''

''ဟုတ်တယ် အမေ သားအောင်မှာပါ အမေ''

အောင်နှင်းခိုင်က မိခင်ကြီးပိုစိတ်ချမ်းသာစေရန် ပြောလိုက်သည်။

''သားကြိုးစားမှုကို အမေယုံကြည်ပါတယ်။ အောင်မှာပါ။ ဒါနဲ့ သားအရှေ့ဘက်ရွာသွားဖို့ဆို စောစောသွားလိုက်တော်ကြာ နေသိပ်ပူနေမှာနော်''

စကားပြောနေစဉ် ဒေါ်နှင်းက အမှတ်ရပြီးသတိပေးလိုက်သည်။

''ဟုတ်ကဲ့အမေ အခုအလုပ်လဲပြီးနေတော့ သွားလိုက်ဦးမယ်''

အောင်နှင်းခိုင် မိခင်ကြီးသတိပေးမှ အမှတ်ရပြီး ချက်ချင်းထွက်ခဲ့လေသည်။ အရှေ့မှထွက်ပြေးသွားသော သားလေးကျောပြင်ကို တစိမ့်စိမ့်ကြည့်ရင်းတစ်နေ့ကသားပြောသော စကားသံကို နားထဲကြားယောင်မိလိုက်သည်။

''အမေ သားစာမေးပွဲအောင် ကျောင်းပြီးရင် ချက်ချင်းအလုပ်ရှာ အလုပ်လုပ်မယ်။ အမေဘာအလုပ်မှ မလုပ်ရတော့ဘူး။ အမေပြုစုပျိုးထောင် ပညာသင်ကြားပေးခဲ့လို့ သားခုအခြေခုအလှည့်မှာ အမေ့ကိုပြန်ပြုစုရှောက်စောက်ကျွေးမွေးရမှာ သားတာဝန်ပဲအမေ။ အေးအေးချမ်းချမ်းနားရတော့မယ် အမေ''

သားစကားသည် စမ်းရေကြည်ထက်ပင် အေးချမ်းလှပါဘိ။

''အေးလေ ငါ့သားလေး ချစ်သူမရှိ အိမ်ထောင်မပြုဆိုရင်တော့ သားအမိနှစ်ယောက်အေးအေးချမ်းချမ်းနေကြမှာပေါ့''

ဒေါ်နှင်းစကားကို သားအောင်နှင်းခိုင် ဘာမှပြန်မပြောငြိမ်နားထောင်နေသည်။ ဤသို့ဘာမှပြန်ပြောသည်ကိုတော့ ဒေါ်နှင်းစိတ်ထဲ သားမှာချစ်သူမရှိသေးလို့ ပြန်မပြောရခြင်းဟု ထင်မှတ်ထားလိုက်လေသည်။

☆☆☆☆☆

(၆)

မမျှော်လင့်သော သမီးသတင်းကို ကြားလိုက်ရသော ဦးသောင်းညွှန့်တစ်ယောက် အသက်ခြောက်ဆယ်ကျော်မှ ခံစားလိုက်ရသည့် ဒေါသအမျက်ခြောင်းခြောင်းသည် ဘာကိုမျှမမြင်လိုက်နိုင်သည့် အနေဖြစ်တော့၏။

''ခွေးမ ခွေးထက်မကမိုက်မဲလွန်းတဲ့ခွေးမ။ အမယ်လေး မိဘဂုဏ်ကိုမထောက် မိုက်မဲလှတယ်။ ဘယ်ကပေါက်လွှတ်ပဲစားခွေးကောင်နဲ့ တွေ့ခဲ့တာလဲ၊ ဟင်း ... ဟင်း အသေသတ်ပစ်ဖို့ကောင်းတယ် ... တောက်''

တစ်ကိုယ်လုံး တုန်ယင်ယင်ဖြင့် ပြင်းထန်သောတောက်ခေါက်သံမှာ ထိတ်လန့်စရာဖြစ်ရသည်။

''ကိုသောင်းညွှန့်ရယ် စိတ်ကိုထိန်းစမ်းပါဦး။ သမီးမိုက်ကလေးဆိုတော့ မှားမိတာမှားခဲ့မိပြီပေါ့ရှင်။ ရှင်က ခုလိုမီးလောင်ကြိမ်းမောင်းဆူပူနေတော့

www.burmeseclassic.com



ောက်ကြာသမီးလေး မတော်တဆော်လုပ်လိုက်မှ ပိုအဆုံးအရှုံးဖြစ်မယ်။ အခုဟာက ဘယ်မှသင်းပေါက်သေးတာ မဟုတ်တော့ ကျွန်မတို့ကြည့်စီစဉ်ပေးမယ်လေ''

ဒေါ်စန်းခင် လေပြည်လေးနှင့်ပြန်ပြောလိုက်သည်။ ဒေါ်သလှိုင်းကြားမှ ဦးသောင်းညွန့်တွေ့သွားကာ တောက်တစ်ချက်ခေါက်ရင်း

"အေးလေ မင်းပဲကြည့်စီစဉ်ပေါ့။ ငါကတော့ သမီးမိုက်ကိုအသေသာ သတ်ပစ်ချင်လိုက်တာ ... ဟင်း''

ဤမျှသာပြောပြီး ထွက်သွားလေသည်။ စန်းခင်ညွန့်မှာ မိခင်အစီစဉ်အတိုင်း ချစ်သူအောင်နှင်းခိုင်ထံ အခြေအနေအကျိုးအကြောင်းတို့ကို စာရေး၍ သူမမိခင်ကြီးနှင့် လာရောက်တွေ့ဆုံရန် အသေအချာမှာလိုက်လေသည်။ စာကိုသေချာစာအိတ်ဖြင့်ပိတ်လျက် လူကြုံဖြင့်ပို့ပေးလိုက်သည်။ လူကြုံစာလာပေးချိန်တွင် အောင်လင်းခိုင်မှာနန်းဦးရွာအိမ်တွင်မရှိ အရှေ့ဘက်ရွာသွားနေချိန်ဖြစ်သည်။ စာကို အောင်နှင်းခိုင်မိခင် ဒေါ်နှင်းက လက်ခံယူထားလိုက်သည်။ စာပို့လူကြုံကလည်း အောင်နှင်းခိုင်ကို ပေးရန်ဖြစ်သော်လည်း အောင်နှင်းခိုင်မရှိဘဲအောင်နှင်းခိုင်မိခင်ကြီးသာရှိ၍ စောင့်မနေ နောက်တစ်ခေါက်ပြန်မလာပေးမနေချင် အောင်နှင်းခိုင်အမေကိုပေးခဲ့လျှင် အောင်နှင်းခိုင် ရမည်ဟုတွက်ပြီး ပေးခဲ့သည်။ စာအိတ်လေးကို လက်ထဲကိုင်ထားသော ဒေါ်နှင်းက စာအိတ်ပေါ်မှ စာကိုကြည့်ဖတ်သည်။ သားအောင်နှင်းခိုင်အမည်နှင့် ရွာအမည်ပါသည်။ ထူးခြားမှုက လက်ရေးမှာမိန်းကလေးလက်ရေးမျိုး။ ဝိုင်းဝိုင်းလှလှလေး။ ဒေါ်နှင်းက သားကျောင်းသူ သူငယ်ချင်းစာဖြစ်မည်။ သည်လိုစာမျိုးက အလျင်တုန်းကမလာခဲ့ဖူး။ စိတ်ထဲသိချင်စိတ်များများလာသည်။ ဘာတွေရေးထားတာလဲ။ အလုပ်ကိစ္စမျိုး၊ ကျောင်းကိစ္စမျိုးလား။ အလုပ်ကိစ္စတော့ မဟုတ်နိုင်လောက်။ ကျောင်းစာ မေးပွဲကိစ္စဖြစ်နိုင်





www.burmeseclassic.com

www.burmeseclassic.com



သည်။ အောင်စာရင်းထွက်လို့ လုမ်းစာရေး လိုက်တာလား။ ဒါမှမဟုတ် ငွေချေးတတ်လို့ အကြွေးတောင်း တာများလား။ ဇဝေဇဝါအတွေး များဖြင့်သိချင်စိတ်ကမျိုသိပ်မရ။ သားစာ ဖောက်ဖတ်ကြည့်ရမှာကလည်း စိတ်ထဲမရဲ။ စည်းကမ်းအရဆို သားခွင့်မပြုဘဲ မလုပ်သင့်။ ဒေါ်နှင်းသိပါသည်။ သို့သော် သားအပေါ်အချစ်နှင့် စာ၏အကြောင်း အကျိုးဆက်အသိက စိုးရိမ်လာမှုအရ အကျိုးအကြောင်းသည် အဆိုးဆိုပါက သူမဖြေရှင်းဆောင်ရွက်နိုင်ရန်ဟူသော စိုးရိမ်စိတ်အသိက အနိုင်ယူကာ ခပ်ရဲရဲသား စာအိတ်ကို ဖောက်ဖွင့်ဖတ်မည့် အလုပ် စိတ်ပြောင်းသွားပြီး စာအိတ်ကလေးကို မဖောက်တော့ဘဲ သားလာမှပေးမည်။ အကျိုးအကြောင်း မေးတော့မည်ဟု ဆုံးဖြတ်ထားလိုက်တော့၏။

ညနေပိုင်း အောင်နှင်းခိုင်အရှေ့ရွာဘက်မှ ပြန်ရောက်လာသည့်အခါ လူကြုံနှင့်လာပေးသော စာအိတ်ကလေးကို ဒေါ်နှင်းကမေးလိုက်သည်။

"သားစာ လူကြုံတစ်ယောက်လာပေးသွားတယ်"

"ဟုတ်ကဲ့အမေ"

အောင်နှင်းခိုင် မိခင်ထံမှ စာအိတ်ကလေးကိုယူ၍ အပေါ်မှစဖတ်လိုက်သည်။ အောင်နှင်းခိုင်စာအိတ်ပေါ်က လက်ရေးမြင်လိုက်သည်နှင့် ချစ်သူစန်းခင်ညွန့်ထံမှစာမှန်း သိလိုက်၍ မျက်နှာသွင်ပြင်လန်းသွားသည်။ မိခင်ဒေါ်နှင်းက သားမျက်နှာကိုကြည့်အကဲခတ်နေသည်။ အောင်နှင်းခိုင်စာအိတ်ကိုမဖွင့်ဘဲ သူ့အခန်းထဲသွားဖို့အထ မိခင်ဒေါ်နှင်းက

"သား ဒါမိန်းကလေးဆီက စာမဟုတ်လား။ သားချစ်သူများလား"

မေးလိုက်သည်။

အောင်နှင်းခိုင်ရုတ်တရက် အဖြေရခက်သွားလျက် စဉ်းစားသလိုအလုပ်

"ကဲပါ သားရယ် အမေ့ကိုအမှန်အတိုင်းပြောပါ။ ဒါ သားချစ်သူဆီကစာ မဟုတ်လား"

မိခင်ဒေါ်နှင်း၏ ...ဆင့်အမေးကြောင့် အောင်...ခိုင် အနေရကျပ်သွားသည်... နောက်ဆုံးမိခင်ကြီးအား အ... အတိုင်းဖွင့်ဟ ပြောသင့်သည်... ဆုံးဖြတ်၍

"ဟုတ်ပါတယ် အ... သားနဲ့တစ်တန်းတည်း ချစ်သူ... ကစာပါ"

ဖွင့်ပြောလိုက်သည်။

"သြော် ... ငါ့သာ... လေးမှာ ချစ်သူရှိနေတာကိုး ... ပါ သားချစ်သူက ဘာတွေမှ... ရေးလိုက်တာလဲ သားစာမေ... အောင်တဲ့အကြောင်းများ လု... ရေးလိုက်တာလားကွယ်"

"စာဖတ်ကြည့်မှ သိ... မှာပါ အမေ"

"အေး ဟုတ်သား... ကဲကဲ ဖတ်စမ်းပါဦး သားစာမေ... ပွဲအောင်တယ်ဆိုရင် အမေ... ဝမ်းသာရအောင်"

ဒေါ်နှင်းက အခြေ... နေအတွင်းပိုင်းသိအောင် မေ... လိုက်ပြီး နောက်မှ သားချ... အကြောင်း မေးကြည့်တော့မည်...

www.burmeseclassic.com





ဟု တွေးထားလိုက်သည်။ အောင်နှင်းခိုင်သည် စာအိတ်ကို ဖွင့်၍ အတွင်းမှ စာရွက်ဖြူဖြူလေးကို ဖြန့်ဖတ်လိုက်သည်။ ဒေါ်နှင်းက သားမျက်နှာကိုအကဲခတ်ကြည့်နေသည်။ အောင်နှင်းခိုင်စာဖတ်ရင်း မျက်နှာသွင်ပြင်အမျိုးမျိုးပြောင်းလဲသွားရင်း မမျှော်လင့်သောအကြောင်းတစ်ရပ်ဖြစ်ပေါ်နေခြင်း၊ စိုးရိမ်အသွင်အသင်အရှားပေါ်ခဲ့သည်။ သားမျက်နှာရိပ် အကဲခတ်နေသော ဒေါ်နှင်းက

“သား စိုးရိမ်စရာများလား စာမေးပွဲအခြေအနေ ဘယ်လိုလဲဟင်”

မိခင်၏ စိုးရိမ်ကရုဏာသံက အောင်နှင်းခိုင်ကိုပို၍ တင်းကျပ်သွားစေခဲ့ပြန်သည်။

“စာမေးပွဲကိစ္စ မဟုတ်ပါဘူးအမေ သားအမှန်အတိုင်းအားလုံးဖွင့်ပြောပြပါ့မယ်။ အမေမသိအောင် သားချစ်သူထားပြီး မိုက်မဲခဲ့တဲ့အဖြစ်ပါ”

အောင်နှင်းခိုင်စကားသည် အကျိုးအကြောင်းစုံမသိရသေးသော မိခင်ဒေါ်နှင်းအဖို့ ရင်ထဲထိတ်ခနဲ စိုးရိမ်စိတ်များ စုပြုံတိုးဝင်လာပြန်သည်။

“ဟင် သားမိုက်မဲခဲ့တဲ့ အပြစ် ဟုတ်လား ဘာတွေများ မိုက်မဲခဲ့ပြီး ဘာတွေများဖြစ်ခဲ့လို့လဲသားရယ် အမေ့ကိုပြောပြပါကွယ် အမေစိုးရိမ်လွန်နေရတယ် သားရယ် ... ဘာပြဿနာများလဲဟင်”

မိခင်ဒေါ်နှင်း ပြာပြာသလဲမေးတော့သည်။

“သိပ်လဲမစိုးရိမ်ပါနဲ့ အမေ သားအစအဆုံး ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါ့မယ်အမေ”

အောင်နှင်းခိုင်သည် သူ့ချစ်သူ သူ့ချစ်သူစန်းခင်ညွန့်နှင့် ချစ်ကြိုက်ခဲ့ရာမှ အခုချစ်သူတွင် ကိုယ်ဝန်ရှိနေပြီး သူ့မိဘများသိရှိသွားခြင်းနှင့် ဤကိစ္စအတွက် သူ့မမိခင်က မိမိအားတွေ့ဆုံလိုကြောင်း စာရေးမှာခြင်းဖြစ်ကြောင်းကို ပြောပြလိုက်သည်။

“မိုက်လိုက်တဲ့သားရယ်။ ကိုယ့်ဘဝမခိုင်မာခင် သားရယ်။ အခုတော့ ခက်ပါလားကွယ်”



www.burmeseclassic.com

www.burmeseclassic.com



မိခင်ဒေါ်နှင်းက ရင်ဝ လက်ဖြင့်ဖိရင်း ပြောလိုက်သည်။

"ဖြစ်မိမှတော့ အမေရယ် သားကြည့်ရှင်းပါ့မယ်။ အမေစိတ်မပူပါနဲ့။ ဒါပေမဲ့ အမေ့ကို လုပ်ကျွေးသမှုပြုဖို့ကတိ သားရဲ့ မိုက်မဲမှုကြောင့် အမေမခံစားရခင် စိတ်သောကဖြစ်စေရတာ သားကိုခွင့်လွှတ်ပါ အမေ"

သား အောင်နှင်းခိုင် စိတ်မကောင်းလှစွာ တောင်းပန်နေသည်။

"အင်းလေ ဘဝကြမ္မာပါပဲကွယ် ကဲ နေပါဦး သားချစ်သူကဘယ်သူလဲ ဘယ်ကလဲ မိဘအလုပ်အကိုင်တွေကရော ကွယ် ပြောပါဦး"

ခုမှ ဒေါ်နှင်းအမှတ်ရပြီး မေးကြည့်လိုက်သည်။

"သူ့အဖေအမေက ဦးသောင်းညွှန့် ဒေါ်စန်းခင် အလုပ်အကိုင်က ကုန်သည်ကြီးတွေပါ မြို့ပေါ်မှာပဲ နေပါတယ်။ ချမ်းသာကြပါတယ် အမေ"

သားစကားကိုကြားလိုက်ရသော မိခင်ဒေါ်နှင်း နွေခေါင်ခေါင်ရှတ်တရက်ကြီး မိုးကြိုးပစ်ချခံလိုက်ရသည့်နှယ် တစ်ကိုယ်လုံး တုန်လှုပ်ထုံကျဉ်လျက် တောင့်တောင့်ကြီးဖြစ်သွားမိလေသည်။ တော်တော်နှင့် စကားမပြောနိုင် ငေးကြောင်ကြောင်ကြီးဖြစ်နေသော မိခင်ဒေါ်နှင်းကို သားအောင်နှင်းခိုင် နားမလည်သလိုဖြစ်သွားပြီး မေးလိုက်မိသည်။

"အမေ .. အမေ ဘာဖြစ်သွားလို့လဲဟင်"

မိခင်ဒေါ်နှင်း ချက်ချင်း သတိပြန်ရလာပြီး

"သားပြောတဲ့နာမည်တွေပြန်ပြောစမ်းပါဦး ပြန်ပြောစမ်းပါဦး"

"ဦးသောင်းညွှန့် ဒေါ်စန်းခင်ပါ အမေ"

သေချာသွားပါပြီ။ လွန်ခဲ့သောအနှစ်နှစ်ဆယ်က မိမိဘဝကို ချိုးဖဲ့ဖျက်စီးပြီး ယုတ်မာရက်စက်ခဲ့သော ကြောင်သူတော်ကြီးတို့ပါလား။ အတိတ်၏နာကြည်းလွန်းလှသော ဖြစ်စဉ်အနက်ကို အခု သားကတူးဆွဖော်ပေးလိုက်သလိုပါလား။

"ဟုတ်လား ... အ .. အင်း .. ကုန်သည်ကြီး သောင်းညွှန့်၊ ဒေါ်စန်းခင်တို့ သမီးနဲ့ကိုး"

"အမေကသူတို့ကို လို့လားဟင်"

"ဟား .. ဟား .. လို့လား ဟုတ်လား သား ..ဟာ .. ဟား .. သားရယ် သိရုံတ ဘယ်ကမလဲ သိပ်သိလွန်းတာ ပေါ့"

မိခင်ကြီးစကားသံတွ လှောင်ပြောင်နာကြည်းမှု မ နပ်မှု အသွင်များရောယှက်ပါ သည်ကို အကဲခတ်မိလိုက်သည်

"ဘာကြောင့်များ လိမ့်"

'အမေသိရုံတင် မ ဘူးဆိုတာ ဘာပြောတာလဲဟ အမေ"

သားအမေးစကာ သည် ဒေါ်နှင်းအဖို့ သတိပြန် တည်းဖို့ ဖြစ်ခဲ့၏။

"ဩော် ... ဘာရယ် ဟုတ်ပါဘူး။ သူတို့က မြို့ပေါ်



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးလူချမ်းသာတွေမို့ သိလွန်းတယ်လို့ပြောတာပါသားရဲ့”

“ဒါဖြင့် အမေကသိခဲ့တာပေါ့။ ကဲ ဒါဖြင့်အမေရယ်။ သားဘယ်လိုလုပ်ရမလဲ။ သွားတွေ့လိုက်ရလားဟင်”

သားအမေးကို ဒေါ်နှင်းမည်သို့ဖြေရမည်နည်း။ အတိတ်၏နာကြည်းမှု ရက်စက်ယုတ်မာခဲ့ရမှု၏ တန်ပြန်ကလဲ့စားသည် ယခုရောက်ခဲ့ပြီ မိမိအပေါ်ရက်စက်ခဲ့ ယုတ်မာခဲ့မှုကို မိမိကိုယ်စား သားအားတုံ့ပြန်စေရမည်လား။ မိမိဘဝတစ်ဝက်ကျော် သို့မဟုတ် တစ်ဘဝလုံးသည် သားလေးအောင်နှင်းခိုင်ထံ ရင်းနှီးမြှုပ်နှံခဲ့ရသည်။ ကြီးမားသော၏အရင်းအနှီးသည် မိမိကလဲ့စားအသွင်ဖြစ်စေဖို့ လုံးဝစိတ်ကူးစဉ်းစားခဲ့ခြင်းမရှိ။ ယခု ကြုံကြိုက်မှုသည် မိမိကလဲ့စားအတွက်တော့ကောင်းလှသည်။ သို့သော် ကြွက်ငြီး၍ ကျည်မီးနဲ့ရှို့ခြင်းလိုမလုပ်ချင်ပါ။ နှလုံးသားရှိသော မိခင်တစ်ယောက် ဖြစ်ခဲ့သည့်အတိုင်း အပြစ်မဲ့သူတို့ကို ဒုက္ခမရောက်စေချင်။ မိမိသားသည် မိခင်ကိုချစ်သည် မှန်၏။ မိခင်၏ဘဝဒုက္ခဆင်းရဲ ရုန်းကန်ခဲ့ရခြင်းများကိုလည်း သိထားသည်။ ထို့ကြောင့် သားသည် မိခင်ကြီးအား ကျောင်းပြီးအလုပ်လုပ်၍ တစ်ပြန်တစ်လှည့် လုပ်ကိုင်ကျွေးမွေးပြုစုစောင့်ရှောက်ဖို့ ကတိအတန်တန်ပေးခဲ့၏။ အခုတော့ မမျှော်လင့်ဘဲ သားသည်ချစ်သူရှိခဲ့ပြီ။ အခြေအနေ အလွန်ဖြစ်ခဲ့ပြန်သည်။ ဖြစ်ခဲ့သည်ကလည်း မိမိဘဝတစ်သက်လုံး နာကြည်းခံခဲ့ရ ဒုက္ခတွင်းထဲပို့ခဲ့သော ကြောင်သူတော်လူယုတ်မာ ရန်သူတော်၏ တစ်ဦးတည်းသောချစ်သမီး။ မိမိအဖြေသည် ဘာဖြေရမည်နည်း။ မိမိဘဝကို ဦးသောင်းညွှန့်ဖျက်ဆီးခဲ့ပြီး မိမိကိုနှင်ချခဲ့စဉ်က နာနာကြည်းကြည်းပြောခဲ့သော စကားရှိခဲ့သည်။

**မသွားခင် ကျွန်မ**
**ပြောချင်တာလေး**
**ပြောခဲ့ပါ့မယ်။**
**ရှင့်လိုယုတ်မာတဲ့**
**ကြောင်သူတော်ကြီး . . .**

“ဟုတ်ကဲ့ပါ ကျွန်မသွားပါ့မယ်။ မသွားခင် ကျွန်မပြောချင်တာလေး ပြောခဲ့ပါ့မယ်။ ရှင့်လိုယုတ်မာတဲ့ ကြောင်သူတော်ကြီး ရှင့်ဘဝမှာ ဝဋ်ဆိုတဲ့တန်ပြန်ကို ပြန်မခံရပါစေနဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဆုတောင်းခဲ့ပါတယ်။ ဒါပါပဲ''

ဆိုသောစကား ဘယ်တော့မှမမေ့နိုင်။ လွန်ဆွဲနေသော မိမိစိတ်အတွက် သားမေးခဲ့သော အမေးကို မိမိပြန်လှန်အမေးဖြင့် ဆုံးဖြတ်ကြည့်ခိုင်းမည်။ သားကို မည်သို့ဆုံးဖြတ်ဖြေမည်နည်း။

''သားကအမေ့ကို မေးတယ်နော်။ အေး သားပြောခဲ့တဲ့ စကား၊ ပေးခဲ့တဲ့ကတိတွေ ပထမပြောကြည့်အောင်။ သားကအမေ့ကို ချစ်တယ်။ သနားတယ်။ အမေ့ကိုတစ်သက်လုံး ပြုစုစောက်ရှောက်လုပ်ကိုင်ကျွေးမွေးမယ် ကတိပေးခဲ့တယ်။ သားဘဝမှာ အမေတစ်ဦးတည်းပဲ အမေ့ဘဝမှာ သားတစ်ဦးတည်းပဲ။ ဒါပေမဲ့ အမေ့ဘဝအကြောင်းအရာတွေ ဒုက္ခတွေကြားက သားကိုလူ့ဘဝခိုင်မာရပ်တည်ရှင်သန်ဖို့ အမေဆုံးဖြတ်ကြိုးစားခဲ့တယ်။ အမေ့ဘက်က သားကိုအကျပ်အတည်းမေးခွန်းတွေ မမေးချင်ပေမဲ့ သားဆုံးဖြတ်နိုင်အောင် အမေပုံပြင်လေးတစ်ပုဒ် ပြောပြမယ်။ ပုံပြင်ဆုံးရင် သားအဖြေပေး ဖြေကြည့်ဟုတ်လားသား''

''ဟုတ်ကဲ့ပါ အမေ ပြောပြပါ''

''အေး ... ဟိုတစ်ခါတုန်းက ရွာတစ်ရွာမှာ ဆင်းရဲနွမ်းပါးတဲ့ သားအမိနှစ်ယောက်ရှိတယ်။ မိခင်ကြီးက အသက်အရွယ်ကြီး ကျန်းမာရေးကလည်း မကောင်းဘူး။ အရွယ်ရောက်နေတဲ့ သမီးလေးက ကြုံရာကျဘန်းတောမှာရှိတဲ့ အလုပ်လေးတွေနဲ့ လုပ်ကိုင်ကျွေးမွေးခဲ့တယ်။ အဲဒီလို လုပ်ကိုင်ကျွေးမွေးပြီး ဆင်းဆင်းရဲရဲနေခဲ့ရတော့ မိခင်ကြီးရဲ့ ရောဂါ ဆေးဖိုးဝါးခအစ ချို့တဲ့ရှာတာပေါ့။ အဲတစ်နေ့တော့ မြို့ပေါ်ကချမ်းသာတဲ့ လူချမ်းသာအိမ်မှာ အိမ်ဖော်လိုလို့ အဆက်အသွယ်ရပြီး အဲဒီ လူချမ်းသာအိမ်မှာ အိမ်ဖော်အဖြစ်နဲ့လိုက်သွားတယ်။ သမီးလေးက မကျန်းမာတဲ့ မိခင်ကြီးတို့ရွာမှာ မထားခဲ့ချင်ပေမဲ့ ခေါ်လို့လဲမဖြစ်သူမကအခုလိုမြို့ပေါ်လိုက် အိမ်ဖော်လုပ်ရင် သာမန်လုပ်ကိုင်နေတဲ့ ဝင်ငွေထက်လည်းပိုရ လစဉ်လည်းမပြတ်ရမယ်။ မိခင်ကြီးဆေးဖိုးဝါးခကအစ ပြေလည်နိုင်မယ်။ လခြားလဲ မိခင်ကြီးထံပြန်လာနိုင်ဆိုတော့ ရွာလက်ရှိအလုပ်နဲ့ ကွာတာပေါ့။ ဒါကြောင့် မိခင်ကြီးကို အကျိုးအကြောင်းပြောပြီး လုပ်ခဲ့တယ်။ မိခင်ကြီးအတွက် ရည်စူးသွားခဲ့တဲ့ သမီးလေးဟာ တစ်နှစ်ကျော်ကျော်လောက် အကြာမှာ အဲဒီအိမ်ရှင် လူချမ်းသာကြီးက သားသမီးချင်းမစာမနာ ခြေတော်တင်ယုတ်ခဲ့လို့ ကိုယ်ဝန်ရှိသွားခဲ့တယ်။ လူချမ်းသာကြီးဟာ သူ့ကြောင့် ကိုယ်ဝန်ရှိသွားတဲ့ ကလေးမလေးကို သူနဲ့ဖြစ်တာမဟုတ်ဘဲ တခြားတစ်ယောက်ယောက်နဲ့ ဖြစ်လို့ရတဲ့ ကိုယ်ဝန်ဖြစ်ကြောင်း အဲဒီလူချမ်းသာကြီးရဲ့ မိန်းမကလည်း ဘာမှမေးမြန်းမနေဘူး။ သူတို့ဂုဏ်သိက္ခာကျလိမ့်မယ်။ သူတို့နဲ့ဘာမှမဆိုင်ဘူးလို့ပြောပြီး လင်မယားနှစ်ယောက်စလုံးက မဖြစ်စလောက်ငွေပေးနှင်ချလိုက်တယ်။ သူတို့နောက်ထပ် ကြိမ်းဝါးသတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာကလည်း ဒီပြဿနာဟိုတိုင်သည့်တိုင်လုပ်ရင် သူတို့နဲ့မဆိုင်တာမို့ ထောင်ကျအောင်ပြန်လုပ်မယ်ဆိုပြီး ကြိမ်းဝါးခြိမ်းခြောက်လွှတ်လိုက်တယ်။ ကောင်မလေးက ပေးတဲ့ငွေကို တစ်ပြားတစ်ချပ်မှ မယူဘဲ တစ်နေ့တစ်ချိန် ဒီလိုဝဋ်မျိုးပြန်မလည်ကြပါစေနဲ့လို့ ဆုတောင်းပြောပြီး ထွက်သွားခဲ့တာပေါ့။ ကောင်မလေးဟာ တောကမိခင်ကြီးဆီပြန်လာခဲ့တော့ မိခင်ကြီးက သမီးရဲ့အဖြစ်ဆိုးကို တွေ့မြင်သိရတော့ အတော်စိတ်ကောင်းဖြစ်ရှာတယ်။ သမီးလေးကို ဘဝဝဋ်ကြွေးကြောင့်လို့ပဲ နှစ်သိမ့်ခဲ့ရတယ်။ ဒီလိုနဲ့ နဂိုကျန်းမာရေးကလည်းမကောင်း သမီးလေးအတွက် စိတ်ဒုက္ခရောက်နေခဲ့တဲ့ မိခင်အိုကြီးဟာ မကြာခင်မှာပဲ ကွယ်လွန်သွားရှာခဲ့တယ်။ မိခင်ကြီးလည်းဆုံး ကောင်မလေး ကိုယ်ဝန်အရင့်အမာကလည်း သားဦးလေးမွေးဖွား တစ်ရွာလုံးနီးပါး ပါးစပ်ဖျားမှာ ကဲ့ရဲ့စကားအဆိုခံရတဲ့ကောင်မလေးဟာ ဒုက္ခတွေအကြီးအမားကြားကပဲ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ သားလေးဘဝရှင်သန်အောင် လူ့ဘဝရပ်တည်ခိုင်မာအောင် ကြိုးစားရုန်းကန်လှုပ်ရှားခဲ့တယ်။ ဘယ်သူ့ဆီကမှ ထောက်ပံ့ကူညီမှုမရခဲ့သလို ဘာအကူအညီကိုမှလည်း မတောင်းဘူး။ ဘယ်လိုမှလည်း မညည်းညူခဲ့ဘူး။ ဒါနဲ့နောက်ဆုံး ကောင်မလေးရည်ရွယ်ချက်အတိုင်း သူ့သားလေးဟာ အရွယ်ရောက်ပြီး ပညာတတ်ဖြစ်လာခဲ့တယ်။ အဲဒီအချိန်အထိ ဘာမှုပြဿနာမရှိခဲ့သလို သားကလည်းအမေ့ကို ဖခင်အကြောင်းဘာတစ်လုံးမှ မေးခဲ့ဖူးတာမရှိဘူး။ အမေကလည်း အပြောအဆိုတစ်လုံးတစ်ပါဒမှ မရှိခဲ့ဘူး။ ဒါပေမဲ့ ဖြစ်ချင်တော့ ကောင်လေးမှာချစ်သူရှိနေတယ်။ ချစ်သူရှိရုံမကဘူး။ အဲဒီကောင်လေးချစ်သူမှာ တိတ်တိတ်ကိုယ်ဝန်ရှိနေပါရော။ ဒါကို ကောင်လေးချစ်သူ အဖေအမေတွေသိသွားတော့ ပြဿနာတက်လာတယ်။ သူတို့သမီးချစ်သူဟာ ဘယ်သူလဲ၊ ဘယ်သူ့သားလဲ၊ ဘာအလုပ်လုပ်တာလဲ၊ ပညာတတ်လား၊ မျိုးရိုးကောင်းရဲ့လား၊ ပစ္စည်းရှိရဲ့လား အခုကိစ္စကို သစ္စာရှိရှိဝန်ခံ လိုက်နာပါ့မလား တွေဖြစ်လာတော့ ကောင်မလေး





www.burmeseclassic.com

www.burmeseclassic.com



က ချစ်သူဘက်ကနေ ဘယ်လို မျှားပြောပါ့မလဲ သစ္စာတော့မ ဖောက်လောက်ဘူး သံသယရှိ ပေမဲ့ ချစ်သူအခြေအနေသိဖို့ မိဘများနဲ့တွေ့ အကဲခတ်စကား ပြောနိုင်ဖို့ သူ့ချစ်သူနဲ့သူ့အမေ တွေ့ဖို့ သူ့အမေထံခွင့်ပန် သ ဘောတူညီမှုရပြီး ချစ်သူကောင် လေးဆီ လှမ်းအကြောင်းကြား တယ်။ အဲဒီအဖြစ်အပျက်အား လုံး ကောင်လေးအမေကို ကောင်လေးကဖွင့်ပြောလိုက်တာ ပေါ့။ အဲဒီအခါကြမှ ကောင်လေး ချစ်သူအဖေဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က သူ တို့အိမ်ဖော်အဖြစ် ခေါ်ထားပြီးမ တရားယုတ်မာခဲ့တဲ့ လူကြီးဖြစ် ကြောင်းသိသွားခဲ့တယ်သား ဒီ တော့ သားကိုအမေမေးကြည့် ချင်တာက အဲဒီပုံပြင်ထဲက ကောင်လေးဟာ အဲဒီအခြေအ နေမျိုးဖြစ်နေတော့ သူဘယ်လို ဆုံးဖြတ်လုပ်မယ်လို့ ထင်သလဲ။ သားအနေကရော ဘယ်လိုလုပ် ရင်ကောင်းမှာလဲဆိုတာ ပြော ကြည့်စမ်းပါသား"

ဒေါ်နှင်းသည် ပုံပြင်ကို ရပ်ပြီး သားအောင်နှင်းခိုင်ကို အ ဖြေခိုင်းလိုက်သည်။ အောင်နှင်း ခိုင်သည် တွေး၍အသေအချာ စဉ်းစားကြည့်သည်။ မိခင်ကြီး ပြောပြသော အဖြစ်သည် သူ့အ ဖြစ်နှင့်ဆင်လှ၏။ သို့သော် အမေ က ပုံပြင်ဟုပြောပြီး အမေးပုစ္ဆာ သဘောမျိုးထားလျက် အဖြေ ခိုင်းသည့်အဖြေခိုင်းခြင်းကလည်း ပုံပြင်ထဲကကောင်လေးနေရာမှ အယူအဆတစ်ရပ် အရလည်း ကောင်း၊ နောက်ကိုယ်တိုင်သ ဘောအရလည်းကောင်း ဖြေခိုင်း ခြင်းဖြစ်၏။

"အမေရယ် ပုံပြင်ထဲ ကတွေ့ကြုံခဲ့ရတဲ့ ကောင်လေး ဟာ သူ့သဘောအရတော့ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ သားအသေအချာ မပြောနိုင်ပါ ဘူး။ ဒါပေမဲ့ သားအနေနဲ့ သ ဘောထားပြောရရင် ဒီလိုကြောင် သူတော်လူယုတ်မာကြီးကို သတ် ပစ်မိမှာပဲ အမေ"

အောင်နှင်းခိုင် ဖြေ သောစကားသည် ကျူးလွန်

သောကာယကံရှင်အပေါ်သာ ယုတ်မာခဲ့မှု၊ အငြိုးအတေးကထဲ စားကို အဓိကထားသည်။ သာ မန်အားဖြင့် မှန်သည့်အယူအဆ ဖြစ်သော်လည်း နောက်ဆက်တွဲ ဖြစ်ရမည့် အဖြေဘာဆိုသည်မှာ မပါခဲ့။

"အင်း ငါ့သားက ပထမအရင်းအမြစ် ယုတ်မာခဲ့တဲ့ လူအပေါ် တုံ့ပြန်ချင်မှုပဲ စိတ်အ လိုအရ မှန်တယ်။ ဥပဒေအရ တော့ မှားတာပေါ့။ ဒါကပြည့်စုံ တဲ့အဖြေမဟုတ်သေးဘူး။ အမေ မေးတာက ခုနကပုံပြင်ဖြစ်ရပ် တစ်ခုလုံး နောက်ဆုံးဆုံးဖြတ်ရ မယ့် ကိစ္စမျိုးပဲ"

"အင်း ... ဒီလိုဆိုရင် တော့"

အောင်နှင်းခိုင် တွေး တွေးဆဆ စဉ်းစားနေသည်။ ဒေါ်နှင်းမှာ သားအဖြေရခက်နေ ပုံ သတိထားမိသည်။ မည်သို့ ဖြေမည်ကို အသာစောင့်ကြည့် နေလိုက်၏။

"အမေရယ် ဒီလိုယု မာတဲ့ လူကြီးသမီးဆိုတော့



www.burmeseclassic.com



ကိုယ့်အမေကို စော်ကားယုတ်မာခဲ့တဲ့ ပြစ်မှုအတိုင်း တန်ပြန်ဖြစ်အောင် သူ့သမီးကိုလည်း ပစ်ထားလိုက်မှာပေါ့။ ဒါမှ ဒီလူကြီးအရှက်တကွဲနဲ့ စိတ်ဒုက္ခရောက်ရမှာ။ ဝဋ်ဆိုတာ ပြန်လည်တတ်တယ်ဆိုတဲ့ သဘောရှိတယ်ဆိုတာ သိသွားအောင်ပေါ့။ ဒါက နာကြည်းမှုတန်ပြန်လေ။ တကယ်တော့အမေရယ် ကောင်မလေးမှာ အပြစ်မရှိပါဘူး။ ပိုအပြစ်မရှိတာက ကောင်မလေးဗိုက်ထဲက ကလေးပဲ။ အပြစ်အမဲ့ဆုံး သနားစရာလေးပါ''

အောင်နှင်းခိုင်စိတ်လိုလက်ရ ကလဲ့စားအနေပြောပြီးမှ အပြစ်မဲ့တန်ဆာခံရမည့် သူတို့အပေါ် သဘောထားဆုံးဖြတ်ချက်မှာ အတိအကျမရှိ။ ဒေါ်နှင်းနားလည်ပါသည်။ ရှေ့ဆက်ရမည့် အဖြေတစ်ခုအတွက် ဒေါ်နှင်းက ပုံပြင်ကိုဆက်ပြောရဦးမည်။

''ဟုတ်ပါပြီ ကဲ .. သားပုံပြင်ကဆက်ဖို့ရှိသေးတယ်။ သားသေသေချာချာနားထောင်နော်။ အခု သားကိုမေးတယ်ကွယ့်။ သားအမေ့ကိုချစ်သလား။ သားချစ်သူကောင်မလေးကို ချစ်သလား။ နောက်တစ်ချက်က အမေ့ဘဝကို ဖျက်ဆီးယုတ်မာဒုက္ခရောက်စေတဲ့ အဲဒီလူယုတ်မာကြီးအပေါ် အမေ့နာကြည်းမှုအတွက် အခွင့်အခါကြုံချိန်မှာ အမေ့ကိုယ်စား ကလဲ့စားချေချင်တယ်။ ဒါမှ အမေ့ဘဝ တစ်သက်လုံး နာကြည်းခံခဲ့ရတာအတွက် အမေကျေနပ်မယ်။ အမေအသေဖြောင့်မယ်။ အမေအသက်ရှင်နေချိန်မှာ နေလို့ဖြောင့်မယ်သား။ အေး ... မင်းက ဒီလိုမဟုတ်ဘဲ ကောင်မလေးရဲ့ဆန္ဒ၊ သူ့မိဘများရဲ့ အလိုကျနဲ့ ပေါင်းစီးသွားမလား''

မေးလိုက်တယ်။

''သားအနေက ခံစားဖြေဖို့ ဘယ်လိုခံစားဖြေမလဲ သားပြောစမ်းပါဦး''

မိခင်ဒေါ်နှင်း ပြောပြသောပုံပြင်သည် ပြီးဆုံးသွားပြီး ပုံပြင်ထဲကအဖြစ်အပေါ် ခံစားရမှု အဖြေအတိအကျကို ဖြေခိုင်းနေသည်။ သည်တော့မှ အောင်နှင်းခိုင်သဘောပေါက် ရှင်းလင်းသွား

www.burmeseclassic.com



ခဲ့ရ၏။ မိခင်ကြီးပြောပြသော ပုံပြင်သည် တကယ်တော့ ပုံပြင်မဟုတ်သော တကယ့်ဖြစ်စဉ်ဖြစ်ရပ်မှန်း သိလိုက်ရလေသည်။ အောင်နှင်းခိုင်နားလည်ခဲ့ရပြီ။ ဒါသည် မိခင်ကြီး၏ တစ်သက်လုံးဖုံးဖိမျိုသိပ် နာကြည်းခဲ့သော အဖြစ်ဆိုးပါလား။ ဒါကြောင့်လည်း မိခင်ကြီးသည် ခုအချိန်မတိုင်ခင်အထိ မိမိဖခင်မည်သူဆိုသည်ကို မပြောခဲ့မသိစေခဲ့။ မိမိကျောင်းနေစဉ် ဖခင်အမည်အစား မိခင်အမည်သာ အုပ်ထိန်းသူအဖြစ်ဖော်ပြခဲ့သည်။ မိမိအား ဖခင်အကြောင်း တခြားသူများက မေးသည့်အခါ သူမမွေးမီကမှ မသိလိုက်ကြောင်းဖြင့် အဆုံးသတ်ထားခဲ့၏။

ဤသို့ဖြင့် မိခင်မကြိုက်မှန်းသိသော အမေးကို သူဘယ်တော့မှမမေးခဲ့။ သူ့အသိကလည်း အဖေသည်အမေ အမေသည်အမေအဖြစ်သာ သိထားယူဆစွဲမြဲထားခဲ့လေ၏။ အခု မိမိတွေ့ကြုံနေသော အဖြစ်သည် မိခင်ကြီး၏ ဆက်သွယ်ခဲ့ရသော အတိတ်ဖြစ်စဉ်အမှန်နှင့် ပုံပြင်သဖွယ် အဖြစ်မှန်ကိုပြောပြခြင်း။ ထို့ပြင် မိမိအား ထိုဖြစ်စဉ်အတွက် တန်ပြန်စေမှုကို သဘောထားရယူနေခြင်းပါလား။ နောက်ဆုံးထည့်သွင်းပြောပြသွားသော စကားရပ်က

"အမေ့ဘဝ အသက်ရှင်သန်ချိန်မှာ နေလို့ဖြောင့်မည် သေလျှင်လည်း အသေဖြောင့်မည်ဆိုသောစကား မိမိမည်သို့ဖြေရမည်နည်း။ ဤနေရာတွင် မိခင်ကြီးဆန္ဒနှင့် ကလဲ့စားချေရေးဆန္ဒကို မေးရမည့်အဖြေသည် အောင်နှင်းခိုင်အတွေးများ ချာလည်စိုင်းလေပြီ။ မိခင်ကြီးဒေါ်နှင်းသည် သားအားရွှန်းကြည်သော အကြည့်ဖြင့် တစိမ့်စိမ့်ကြည့်ရင်း သားအဖြေကို စောင့်နားထောင်နေသည်။ အောင်နှင်းခိုင် မည်သို့ဆုံးဖြတ် အဖြေမျိုးပေးရမည်ကို စဉ်းစားရွေးချယ်နေရသည်။ မဖြေနိုင်သေး။ မိခ[illegible]ဒေါ်နှင်းကလည်း သားအ[illegible]စကားကို စောင့်နေလေသည်[illegible]

"ကဲ .. အဆွေစာ[illegible]သူများခင်ဗျား အဆွေတို့က[illegible]မည်သို့သောအဖြေပေးနိုင်ပါ[illegible]နည်း။ အဆွေတို့ရွေးချယ်[illegible]ကြည့်ပေးပါ။ အဆွေတို့အ[illegible]သည် မိခင်ဒေါ်နှင်း၏ ဆန္ဒ[illegible]ကိုက်ညီစေသော အဖြေမျိုး[illegible]နိုင်ပါမည်လား။ ဒေါ်နှင်းသ[illegible]ဘဝကိုရင်းခဲ့ရသူဖြစ်၍ နာကြ[illegible]ကလဲ့စားကို အလိုရှိသလား ([illegible]မဟုတ်)နာကြည်းခဲ့ရမှုကို ကို[illegible]ချင်းစာနာစိတ်ဖြင့် ခွင့်လွှတ်[illegible]နိုင်မည်လား။ အဖြေပေးရ[illegible]နေသော အောင်နှင်းခိုင်အတွ[illegible]အဆွေတို့အဖြေသည် အကူ[illegible]ညီအဖြစ်ရနိုင်မည်ဟု မျှော်[illegible]မိပါသည်။

ထက်ကောင်းလတ်(မင်းဘူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



# အပူလှိုင်း (ရသဝတ္ထုတို)

မောင်ငြိမ်းသူ (ကြို့ပွင့်တောက်)

www.burmeseclassic.com

www.burmeseclassic.com



"အပူလှိုင်း"

မောင်ငြိမ်းသူ

(ကြို့ပင်ကောက်)

အောင်လံမြို့မှ သရက်မြို့သို့ ဧရာဝတီမြစ်ကိုဖြတ်ပြီး သမ္ဗန်ဖြင့် သွားကြသည့် ခရီးသည်တွေထဲတွင် ကျွန်တော်နှင့် ကျွန်တော့်တပည့်လေး ညီညီပါသည်။

ထိုပြင် ကုန်စိမ်းသည်များ၊ သားငါးဈေးသည်များလည်း ပါလာကြသည်။ သူတို့၏ ဈေးပန်းများနှင့် ဈေးခြင်းတောင်းတွေထဲတွင် အမဲသား၊ ဝက်သား ငါးမျိုးစုံနှင့် ဟင်းသီးဟင်းရွက်အစုံ၊ စုပြုံထည့်လာကြသည်။ ရေသန့်ဘူးတွေလည်း ပါသည်။

သူတို့အချင်းချင်း ရောက်တတ်ရာရာကို ပြောဆိုနေကြရင်းက အင်ဖက်များဖြင့်ထုပ်ထားကြသော အမဲသားအထုပ်ကလေးများကို ပြန်ဖြေကာ အသားနှင့်အရိုးကို အသင့်ပါလာကြသော သားလှီးဓားများဖြင့် လှီးဖြတ်ပြီး တစ်ပုံစီပုံကြသည်။ ပြီးမှ အသားသတ်သတ်တစ်ထုပ်စီ၊ အရိုးသတ်သတ်တစ်ထုပ်စီ ချိန်တွယ်ပြီး ခွဲထားကြသည်။ ပြန်ထုပ်ထားကြသည်။ ကျွန်တော် စဉ်းစားမိသည်။ အမဲသားဆိုင်ကြီးမှ အသားအရိုးရောရာ ဝယ်လာကြပြီး သမ္ဗန်ပေါ်ရောက်မှ အသားသတ်သတ် အရိုးသတ်သတ် ခွဲခြားကာ အသားဈေးနှုန်းတစ်မျိုး အရိုးဈေးနှုန်းတစ်မျိုး ပြန်လည် ရောင်းချကြပေလိမ့်မည်။

အကျိုးအမြတ် မည်မျှရကြသည်ကို ကျွန်တော်မသိသော်လည်း အလုပ်ကလူကို သင်ကြားသွားသည့်နှယ် ကြံဖန်ပြီး အမြတ်အစွန်းထွက်အောင် လုပ်ဆောင်နေကြခြင်းပင်။ ငါးသည်တွေကလည်း အကြီးအသေးခွဲခြားကာ ချိန်တွယ်ထုပ်စည်းထားကြသည်။ အမဲသားသည်ရော ငါးသည်ပါ ထုပ်ပိုးပြီးသွားကြသောအခါ ညှီနေကြသော သူတို့၏ လက်တွေကို ဧရာဝတီမြစ်ထဲမှ ရေကိုခပ်၍ ဆေးကြော သန့်စင်ကြသည်။ ထိုမြစ်ထဲမှရေကိုပင် ခပ်၍ သောက်နေကြပါသေးသ[ည်]

ကျွန်တော် မျက်လုံးပြူး[...] သည်။ သူတို့ဈေးခြင်းတော[င်း] တွေထဲတွင် ရေသန့်ဘူးတွေ[...] လျက်နှင့် မြစ်ထဲမှ ရေဝါရေ[...] တွေကို သောက်ရေအိုးထဲမှ[...] ပမာခပ်လွယ်လွယ် ခပ်သော[က်] နေကြသည်ကို ကျွန်တော်[...] စားရကျပ်သွားသည်။

ကျန်းမာရေးကိုထိခိုက်[...] မှာ မကြောက်ကြဘူးလာ[း] ကျန်းမာရေးဗဟုသုတ မရှိကြ[...] လား။ ခေတ်မီတိုးတက်နေသည့်[...] မျက်မှောက်ကာလမှာ ကျန်း[မာ] ရေးဗဟုသုတတော့ ရှိသင့်[...] သည်။ ကျေးလက်ကျန်းမာ[ရေး] ဆောင်းခန်းတွေလည်း ရှိနေသ[ည်] ပဲ။ သူတို့အတွက် ကျွန်တော်[...] ရိမ်နေမိသည်။ ကိုယ်နှင့်ဘာမှ[...] ဆိုင်သော်လည်း ကျွန်တော့်[...] မှ ရုတ်တရက် မေးမိလျက်သ[ား] ဖြစ်သွားသည်။

"အဒေါ်တို့မှာ ရေသ[န့်] ဘူးတွေပါလာကြတာပဲ။ ရေသ[န့်] ဘူးထဲက ရေတွေကို မသော[က်] ကြဘဲ မြစ်ထဲက ရေညစ်တွေ[...]



www.burmeseclassic.com

www.burmeseclassic.com



သောက်နေကြတာ မကြောက်ကြဘူးလား''

''ဘာကို ကြောက်ရမှာလဲ ... တူမောင်''

အသက်အကြီးဆုံး အမျိုးသမီးကြီးက ကျွန်တော့်ကို ချက်ချင်းပင် နှုတ်သွက်လျှာသွက် ပြန်လည်မေးမြန်းသည်။ ကျွန်တော်ကတော့ လေပြည်ကလေးဖြင့် ပြန်လည်ရှင်းပြသည်။

''ဒီလိုပါ ဒေါ်ဒေါ်၊ ရေဆိုးရေညစ်တွေကိုသောက်ရင် ရောဂါဆိုးတွေရကြပြီး ကျန်းမာရေးကိုထိခိုက်၊ ငွေကုန်လူပန်းနဲ့ အသက်အန္တရာယ်ကို ထိခိုက်မှာစိုးလို့ ကျွန်တော်က စေတနာနဲ့ မကြောက်ကြဘူးလားလို့ မေးမိတာပါ''

''သြော် ... ဒါလား။ အဒေါ်တို့လဲ ကျေးလက်ကျန်းမာရေးဆေးခန်းက ကျန်းမာရေးမှူးတို့ ဆရာမတို့က ကျန်းမာရေးပညာပေး ဟောပြောပွဲတွေမှာ ဟောပြောနေကြတာ၊ နားယဉ်နေပါပြီ။ ဘာတွေကိုဆောင်လို့ ဘာတွေကိုရှောင်ရမယ်။ ရေကိုကျိုသောက်ကြပါ။ ဒါတွေကိုလဲ သိတန်သလောက် သိနေကြပါပြီ ... ဒါပေမဲ့ ...''

အမျိုးသမီးကြီးက ပြောလက်စစကားကို ''ဒါပေမဲ့''ဆိုပြီး တုံးတိရပ်သွားလေရာ ကျွန်တော်က အားမလိုအားမရဖြစ်ကာ စကားထောက်ပေးလိုက်သည်။

''ဒါပေမဲ့ ... ဘာဖြစ်လဲ ဒေါ်ဒေါ်''

''ဒီလိုကွယ် တူမောင်။ တို့လက်လုပ်လက်စား ဆင်းရဲသားတွေဟာ သေရမှာကို ကြောက်ကြပါတယ်။ ဒါပေမဲ့ ... သေမှာကနောက်၊ လက်တွေ့ဒုက္ခရောက်နေကြတာက စားဝတ်နေရေးပဲ။ စားဝတ်နေရေးမှာတောင် စားရေးက အဓိကကျနေလေတော့ ဖြစ်သလိုဖြေရှင်းနေကြရတာပေါ့ကွယ်။ ပါလာတဲ့ ရေသန့်ဘူးတွေက ရွာတွေမှာရောင်းချဖို့ပါ။ ရေသန့်ဘူးတစ်ဘူး၊ ငါးကျပ်တစ်ဆယ်ပဲမြတ်ဦး (၁၀)ဘူးဆိုရင် ငါးဆယ်၊ တစ်ရာရတာပေါ့။ အဒေါ်တို့က ကလေးဘဝကတည်းက ဒီမြစ်ရေကိုပဲသောက်ပြီး ကြီးပြင်းလာကြလို့ ရိုးနေပါပြီ။ ကျင့်သားလည်း ရောက်နေပါပြီ။ တို့ဆင်းရဲသားတွေရဲ့ ဘဝက အရေထူနေပါပြီကွယ်။ ရေသန့်ဘူးသောက်နိုင်တဲ့ အဆင့်လဲ မရှိကြပါဘူး၊ အိမ်မှာတော့ မိုးရေဖလာ ရေနွေးကြမ်းကို အမြဲတမ်းသောက်ကြပါတယ်''

အဖြေက ရှင်းသွားလေပြီ။ ''သေမှာကနောက် လက်တွေ့စားဝတ်နေရေးက အဓိက'' တဲ့။ ကျွန်တော်ဘယ်သို့ အတွန့်တက်နိုင်ပါမည်နည်း။ ကျန်းမာရေးအန္တရာယ်ထက် ဆင်းရဲတွင်းနက်သည့်ရောဂါက ပို၍ကြောက်စရာ ကောင်းနေပါရော့လား။ ထားစရာမရှိအောင် ချမ်းသာသူတွေက လူနည်းစု။ စားစရာမရှိအောင် ဆင်းရဲနေကြသူတွေက လူအများစု။

✿✿✿

ဖိုးကျော်တို့ မိသားစုနှင့် ကျွန်တော်တို့မိသားစုက ရင်းနှီးနေကြလေပြီ။ ရင်းနှီးရသည့်အကြောင်းကလည်း ကျွန်တော့်မိသားစုက သူတို့၏ဖောက်သည်



www.burmeseclassic.com

www.burmeseclassic.com




တွေ ဖြစ်နေကြသောကြောင့်ပင် တည်း။

ဖိုးကျော်က ရေခဲချောင်း ရောင်းပြီး သူ့ဇနီးက ရွှေရင်အေးနှင့် မုန့်လက်ဆောင်းရောင်းသည်။ ရပ်ကွက်တကာ လမ်းတကာတွင် လှည့်လည်ရောင်းချကြသည်။ ရေခဲချောင်းတို့ ရွှေရင်အေးတို့ ဆိုတာက နေပူလေပူရာသီ၊ နွေရာသီမှာမှ ရောင်းချရသော အမျိုးအစားများကြဖြစ်သည်။လမ်းတကာ လှည့်လည်ပြီး အအေးကိုရောင်းချစားသောက်နေကြရသော ဖိုးကျော်တို့၏ မိသားစုဘဝကတော့ နေအပူဒဏ်နှင့်အတူ ဘဝအပူကိုပါ ပြိုင်တူခံစားနေကြရသည်။

ကျွန်တော့်သားတွေက ရေခဲချောင်းကို ကြိုက်နှစ်သက်ကြသောကြောင့် ရေခဲချောင်းသည် ဖိုးကျော်နှင့် ရင်းနှီးနေကြသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးက ရွှေရင်အေးနှင့် မုန့်လက်ဆောင်းကို နှစ်ခြိုက်ကြသောကြောင့် ရွှေရင်အေးသည် ဖိုးကျော်၏ဇနီး မလှနှင့် လေပေးဖြောင့်နေကြသည်။

သူတို့ လင်မယားနှစ်ယောက်က တစ်ခါတစ်ရံတွင် ကျွန်တော့်အိမ်တွင် ဈေးရောင်းရင်းဆုံတွေ့ကြလေ့ရှိသည်။ ထိုအခါ ကျွန်တော်တို့ ဇနီးမောင်နှံနှင့် စကားလက်ဆုံ ကျလေ့ရှိကြသည်။ ကျွန်တော်က စာရေးဆရာပီပီ စပ်စုလေ့ရှိရာ သူတို့မိသားစုအကြောင်းကို သိခဲ့ရသည်။ သူတို့မှာ မိသားစုခြောက်ဦးရှိသည်။ သားအကြီးက (၁၀) နှစ်၊ လေးတန်းကျောင်းသား သမီးအလတ်က (၈)နှစ်၊ တတိ ယတန်းကျောင်းသူ၊ သားထွေး လေးက (၆)နှစ်၊ သူငယ်တန်း ကျောင်းသား။ မလှအမေ အ သက်(၆၀)နှစ်အရွယ် ဒေါ်မြ။ စု ပေါင်း အိမ်ထောင်စုစာရင်းဝင် (၆)ဦး၏ စားဝတ်နေရေးကို သူတို့ လင်မယားနှစ်ယောက်က တာ ဝန်ယူနေကြရသည်။ ဆောင်းရာ သီနှင့် မိုးရာသီမှာ မလှက ရာသီ စာများကို ရောင်းချပြီး ဖိုးကျော် က ကြုံရာကျပန်း လုပ်ရသည်။ အလုပ်မရွေးဘဲ ထိုက်ဘန်သည် လုပ်အားခရလျှင် လုပ်သည်။ ကျွန်တော်တို့မိသားစုနှင့် ရင်းနှီး သည်က နွေရာသီ။

ပူပြင်းလှသည့် နွေရာ သီ။ သည်နှစ်မှာတော့ ခရမ်းလွန်



www.burmeseclassic.com



ချောင်ခြည်က စံချိန်လွှန်နေသည်တဲ့။ ခရမ်းလွန်ရောင်ခြည် ဒဏ်သင့်အောင် ဆောင်ဖွယ်ရှောင်ဖွယ်တွေကို စာနယ်ဇင်းများတွင် ဖော်ပြကာ သတိပေးကြေညာထားကြသည်။ နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း နေပူထဲသို့ မသွားမလာကြရန် တားမြစ်ထားသည်။ နှစ်စဉ်ဖြစ်နေကျ ရာသီအပူဒဏ်ကြောင့် အန္တရာယ်မဖြစ်ကြစေရေးအတွက်လည်း ဆောင်ဖွယ်တွေကိုပါ သတိကြေညာထားသေးသည်။

ဘယ်သို့ ဆောင်၍ ဘယ်သို့ရှောင်ရမည်ကို ဖိုးကျော်တို့လင်မယား နားလည်သဘောပေါက်ထားကြသည်။ သို့သော် ... ထိုဆောင်ရှောင်ဖွယ်ရာတွေကား သူတို့လင်မယားနှစ်ယောက်နှင့် လုံးဝမဆိုင်။ လုံးဝမပတ်သက်။ သူတို့လင်မယားနှစ်ယောက် လှည့်လည်ရောင်းချနေကြရသည့် ရေခဲချောင်းတွေနှင့် ရွှေရင်အေးတွေက နေပူသည့်အချိန်ကျမှ ရောင်းချ၍ရသော ရောင်းကုန်ပစ္စည်းတွေ ဖြစ်နေကြ

> **သည့်နှစ်မှာတော့ ခရမ်းလွန်ရောင်ခြည်က စံချိန်လွန်နေသည်တဲ့။ ခရမ်းလွန်ရောင်ခြည်ဒဏ် မသင့်အောင်...**

သည်မဟုတ်ပါလား။ နံနက်(၁၁)နာရီမှ ညနေ(၄)ရီအတွင်း လှည့်လည်ရောင်းချရသည့် အအေးတွေဆိုတော့ နေပူကျဲကျဲထဲမှာသာ ရောင်းချနေကြရသည်။ အသားကို နေရောင်မထိကြပါစေနှင့်ဟု တားမြစ်ထားသော်လည်း အသားကိုနေရောင်ထိမှ ငါ့ဝမ်းပူဆာမနေသာသည့် ဝမ်းမီးငြိမ်းအေးစေသည့်ဘဝ။

တစ်နေ့ သူတို့လင်မယားနှစ်ယောက် ကျွန်တော့်အိမ်မှာ လာဆုံကြရင်းက ခေတ္တနားခိုကြသည်။ ကျွန်တော့်ဇနီးက ရေခဲသေတ္တာထဲမှ ရေသန့်ဘူးကို ထုတ်ပေးရာ လင်မယားနှစ်ယောက် အငမ်းမရသောက်ကြသည်။ ရေသောက်ပြီး သူတို့စာရင်းတွက်နေသည်ကို ကျွန်တော်က စာဖတ်ရင်း နားစွင့်နေသည်။ ဖိုးကျော်က စတင်၍ ညည်းညူသည်။

"ရေခဲချောင်း (၆) ချောင်းကျန်နေတယ် အလှရယ်။ ကုန်မှကုန်ပါ့မလား မသိဘူး"

"ကုန်အောင်သာ လှည့်ရောင်းပါရှင်"

"အလှရဲ့ ရွှေရင်အေးတွေကော ကုန်ခါနီးပြီလား"

"မကုန်သေးဘူး။ ငါးခွက်စာလောက်ကျန်သေးတယ်။ မပူနဲ့ ကျွန်မလဲ အားလုံးကုန်မှ အိမ်ပြန်မှာ"

အတိုင်အဖောက် ညီနေကြသော သူတို့လင်မယားနှစ်ယောက်၏ စကားသံတွေကြောင့် ကျွန်တော်က ဖတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စ စာအုပ်ကို ဘေးတွင်ချကာ သူတို့ကို စကားစလိုက်သည်။

''မင်းတို့ကလဲကွာ။ လက်ကျန်လေးတွေကို အိမ်မှာကျန်ခဲ့တဲ့ မင်းတို့သားသမီးတွေကို ကျွေးလိုက်ပါလားကွာ။ ကလေးတွေကလဲ စားချင်ကြမှာပေါ့။ သောက်ချင်ကြမှာပေါ့''

''အမယ်လေးလေး။ အစမလုပ်ပါရစေနဲ့ ဦးလေးရယ်။ အကျင့်ဖြစ်သွားကြရင် အရင်းပျောက်ကုန်မှာပေါ့။ အမြတ်အစွန်းကလေးကို အရင်းအနှီးပြန်လုပ်ပြီး တစ်နေ့စာတစ်နေ့ ရှာနေကြရတာပါ''

မလှက သူ့သားသမီးတွေကို ကျွေးရမည့်အရေး မျှော်ကိုဆားနှင့်ပက်သလို ထွန့်ထွန့်လူး မျက်ကလဲဆန်ပျာ ပြန်ပြောလေသည်။ သူ့ယောကျ်ား ဖိုးကျော်ကလည်း သူ့မိန်းမ မလှဘက်က ဖြည့်စွက်ပြန်ပြောသည်။

''ဦးလေးရေ ... ဦးလေးက ကျွန်တော်တို့ဖောက်သည် ကျွန်တော်တို့နဲ့ ရင်းနှီးနေလို့ မရှက်တော့ပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါ့မယ်။ တစ်နေ့လုပ်မှ တစ်နေ့စားနေကြရတဲ့ ကျွန်တော်တို့မိသားစုဟာ အရင်းမပြုတ်အောင် နေပူမိုးရွာမရှောင် ကြက်ယက်သလို ရုန်းကန်နေကြရတာပါ။ နေရတာက ကိုယ်ပိုင်အိမ် မဟုတ်ပါဘူး။ အိမ်စောင့်သာသာ အိမ်ငှားဘဝပါ။ အခု ကျွန်တော်တို့ လင်မယားနှစ်ယောက် နေပူကျဲကျဲထဲမှာ ရေခဲချောင်းရောင်းချနေကြပေမဲ့ အဲဒီ ရေခဲချောင်းတွေထဲက တစ်ချောင်းတောင် မစားကြပါဘူးဗျာ။ မစားဖူးတဲ့ဟာမှ မဟုတ်တာ။ နေပူလို့ရေဆာပေမဲ့ တံတွေးကိုပဲ ကျိတ်မျိုနေခဲ့တယ်။ ရေခဲချောင်းဝယ်သူရှိလို့ လမ်းကြိုတဲ့အိမ်မှာ ရေတောင်းပြီးသောက်နေခဲ့တာပါ''

''သူပြောတာ အမှန်ပဲ ဦးလေးရေ။ ကျွန်မလဲ ကျွန်မရောင်းတဲ့ ရွှေရင်အေးရော မုန့်လက်ဆောင်းပါ တစ်ခွက်မှမသောက်ဘဲ နေပါတယ်။ ကိုကျော့်လိုပဲ ကြုံရာအိမ်မှာ ရေ
တောင်းသောက်ပါတယ်။ တစ်ခါ
တလေတော့ ရင်နင့်နေတာပေါ့
လေ။ ကလေးတွေက ကျောင်း
တက်ရင်း ကျောင်းမှာ ရေခဲ
ချောင်းရောင်းတဲ့ဆိုင်မှာ ရေခဲ
ချောင်းဝယ်စားချင်တယ်တဲ့။ ဒါ
ပေမဲ့ တို့အဖေ ရေခဲချောင်းသည်
ကြီး ရှိနေပါရက်နဲ့ ဝယ်မစား
ဘူး။ အိမ်ရောက်မှစားမယ်လို့
အားခဲလာတာ။ အဖေကလဲ အိမ်
အပြန်မှာ ရေခဲချောင်းပါလာတာ
တစ်ခါမှ မရှိဘူးတဲ့လေ''

မလှက ပြောနေရင်းက
ရင်ထဲဆို့သွားဟန်ဖြင့် အသံက
တိမ်ဝင်သွားသည်။ ကျွန်တော်
လည်း မလှ၏စကားကို ကြား
လိုက်ရသောအခါ စာနာစိတ်ဖြင့်
ရင်နင့်သွားရသည်။ ကျွန်တော့်
ဇနီးကလည်း သက်ပြင်းရှည်ကြီး
ကို ချလိုက်လေသည်။ သူမျှား
တွေ ရင်အပူငြိမ်းစေရန် နေပူကျဲ
ကျဲထဲတွင် အအေးတွေကို လှည့်
လည်ရောင်းချနေကြသော သူတို့
လင်မယားနှစ်ယောက်။ သူတို့
ကိုယ်တိုင် သူတို့ရောင်းချနေကြ

www.burmeseclassic.com



သော အအေးတွေကို မစား သောက်နိုင်ကြသည့်ဘဝ။ သူတို့ ရင်သွေးလေးတွေကိုလည်း ကျွေးချင်ကြပေမဲ့ မကျွေးနိုင်ကြ သည့်ဘဝ။ လူ့လောကကြီးမှာ ပြောမယုံ၊ ကြုံဖူးမှ သိကြပေလိမ့် မည်။ ကျွန်တော်ကတော့ ကျွန် တော့်မျက်မြင်ကိုယ်တွေ့မို့ အ ကြွင်းမဲ့ယုံလိုက်ရလေပြီ။

"ကဲ .... ကဲ .... ညနေ စောင်းနေပြီ။ နှင်တို့လင်မယား မှာ ကျန်နေတဲ့ ရေခဲချောင်း(၆) ချောင်းနဲ့ ရွှေရင်အေး (၅)ခွက်ကို တို့ပဲအကုန်ဝယ်ထားလိုက်မယ်။ အိမ်ကိုပဲ တန်းပြန်ကြတော့"

မမျှော်လင့် မထင်မှတ် သောစကားသံက ကျွန်တော့်ဖနီး ထံမှ ထွက်ပေါ်လာသည်။ ကျွန် တော်အံ့ အားသင့်သွားသည်။ ကျွန်တော့်ဆန္ဒကိုများ ကျွန်တော့် ဖနီးက သိနေလေရော့သလားဟု ထင်နေမိသည်။ ကျွန်တော်က လည်း ကျွန်တော့်ဖနီးပြောသလို ကြံရွယ်ထားသည်ကိုး။

"အေး ... ငါ့ဖနီးပြော တဲ့အတိုင်း ထားခဲ့ကြ။ ရေခဲ သေတ္တာထဲမှာ ထားလို့ရတယ်"

ဖိုးကျော်တို့ လင်မယား နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အံ့အား သင့်သွားကြသည်။ အားနာဟန် လည်း ပေါ်သွားကြသည်။

"ဦးလေးတို့က ကျွန် တော်တို့ညည်းညူနေလို့ အပို ဝယ်နေကြတာလားဗျာ။ မဝယ် ကြပါနဲ့။ ကျွန်တော်တို့က နေ့စဉ် ကြုံနေကျမို့ ရိုးနေကြပါပြီ"

"ဖိုးကျော်ရယ် တို့ကို အားနာမနေကြနဲ့။ ရော့ ... ရေ ခဲချောင်း(၆)ချောင်းဖိုးနဲ့ ရွှေရင် အေး(၅)ခွက်ဖိုးယူကြ။ မယူရင် နှင်တို့ လင်မယားဆီက ဘာမှ ဝယ်မစားကြတော့ဘူး။ ဆက် ပြီးပြောရဦးမယ်။ အဲဒါတွေ အားလုံးကိုလဲ တို့ယူမထားဘူး။ အိမ်မှာ စောင့်မျှော်နေကြတဲ့ က လေးတွေရော၊ မိခင်အိုကြီးကိုပါ ကျွေးကြနော်။ နှင်တို့ လင်မယား နှစ်ယောက်လဲ စားလို့ရတယ်"

ကျွန်တော့်ဖနီးက ကျွန် တော့်ထက်ပင် အကြင်နာ၊ အသ နားပိုပြီး သဒ္ဓါတရား ယိုဖိတ်နေ လေရာ ကျွန်တော့်စိတ်ထဲမှာ ပီ တိဖြာသွားပါတော့သည်။

✿✿✿

ရှယ် လက်ဖက်ရည်





www.burmeseclassic.com

www.burmeseclassic.com



တစ်ခွက် သုံးရာကျပ်။ ရိုးရိုးလက်ဖက်ရည်တစ်ခွက် နှစ်ရာကျပ်။ လူတိုင်းနီးပါး သောက်နေကြသည်။ သောက်နိုင်ကြသည်ဟုလည်းထင်သည်။ သို့သော် မိသားစု(၈)ဦးရှိနေသော အိမ်ထောင်စုတစ်စုသည် ငါးကလီစာ(၂၀)ကျပ်သား (၂၀၀၀/)ဖိုးဝယ်ချက်စားမိကြသဖြင့် ကလေးတစ်ဦးသေဆုံးပြီး ကျန်မိသားစု(၇)ဦး အရေးပေါ်ဆေးရုံသို့ တင်ခဲ့ရသည်။ အိမ်မွေး ကြက်ဘဲတွေ သေဆုံးခဲ့ကြရသည်။ ရေနစ်သူ ဝါးကူလို့ထိုး၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ပမာတည်း။

ရိုးရိုး လက်ဖက်ရည်တစ်ခွက်ဖိုးအစား ဈေးပေါလွန်း၍ လူသိနည်းသော ငါးကလီစာကိုသာ ဝယ်ချက်စားမိကြသဖြင့် ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးနှင့် ကြုံတွေ့ခဲ့ကြရသည်။ ဆင်းရဲတွင်းထဲသို့ ကျရောက်ခဲ့ရသည်။ ဒဂုံမြို့သစ် မြို့နယ်တစ်မြို့နယ်အတွင်းမှ တကယ့်ဖြစ်ရပ်တစ်ရပ်။ ရင်နင့်စရာဖြစ်ရပ်။

NGO အဖွဲ့တစ်ဖွဲ့မှ ဆန်လှူဒါန်းသဖြင့် ဆန်တန်းစီရယူပြီး ပြန်လာခဲ့ကြသည့် (၇)နှစ်(၈)နှစ်အရွယ် ကလေးမလေးနှစ်ဦး ရေမြောင်းထဲသို့ကျပြီး သေဆုံးခဲ့ကြသည့် လှိုင်သာယာထဲမှ တကယ့်ရင်နင့်ကြေကွဲစရာ အနိဋ္ဌာရုံ။

ဆင်းရဲတွင်းထဲမှ အနိဋ္ဌာရုံအဖုံဖုံကို ကျွန်တော်တွေးတော စဉ်းစားနေရင်းက ချမ်းသာသူတွေ အကြောင်း ခေါင်းထဲဝင်လာသည်။


သူဌေးတွေ၊ လူကုံထံတွေက ဆင်းရဲသားတွေ များပြားနေခြင်းသည် ငါတို့နှင့်လုံးဝမဆိုင်။ သူ့ထိုက်နှင့်သူ့ကံ ခံကြရတာပဲဟု ဥပေက္ခာပြု လျစ်လျူရှုနေကြပါမူ ဆင်းရဲမှု၏ လှိုင်းဂယက်ဒဏ်ကို သူတို့လည်း ခံကြရပေဦးမည်။

ဆရာကောင်းသန့်က အင်တာနက်ထဲမှ သရော်စာကို ဘာဝသာပြန်ပြီး ရေးသားခဲ့ရာ **"ကြွက်ထောင်ချောက်"** ဟူသောစကားက ရေပန်းစားလာခဲ့သည်။ ကျွန်တော်လည်း ထို "ကြွက်ထောင်ချောက်"ကို အခါ
အခွင့်သင့်သလို ရေးသားပြော
ပြောနေခဲ့သည်။

ကျေးရွာ တစ်ရွာ
လယ်သမား လင်မယားနှစ်ဦး
သည် နေအိမ်တွင် ကြက်ဖတ
ကောင်၊ ဝက်ထီးတစ်ကောင်
နွားထီး တစ်ကောင်ကို မွေးမြ
ထားကြသည်။ သို့သော် နေအိမ်
တွင် မွေးမြူမထားဘဲ လာ
ရောက် သောင်းကျန်းနေသော
ကြွက်တစ်ကောင် ရှိနေသည်။
ထိုကြွက်က ကြွက်တို့သဘာဝ
အလျောက် မီးဖိုချောင်၊ ကြ
စားခွက်၊ ဝက်စားခွက်၊ နွားစာ
ခွက်များကို ဝင်နှိုက်သည်။ ဝင်
နှောင့်ယှက်လေ့ရှိသည်။ သူ့ဝမ်း
ပူဆာ မနေသာ၍ အစာရှာစား
သည်ကို အိမ်ရှင်မအပါအဝင်
ကြက်၊ ဝက်နှင့်နွားတို့က လွန်စွာ
မုန်းတီးနေကြသည်။ ထို့ကြောင့်
အိမ်ရှင်ယောက်ျားက မြို့ပေါ်သို့
တက်ရောက်ကာ ကြွက်ထောင်
ချောက် ဝယ်ခဲ့သည်။ ကြွက်ထ
သူကို သတ်တော့မည်မှန်းသိ
ကြောက်လန့်ကာ ကြွက်သည်တွင်

www.burmeseclassic.com





အကူ အညီတောင်းခံသည်။

"ကိုကြီးကြက်ဖ ကျွန်တော့်ကို ကူညီပါဦး။ အိမ်ရှင်ကြီးက ကျွန်တော့်ကိုသတ်ဖို့ ကြွက်ထောင်ချောက် ဝယ်လာပြီဗျ"

"သိပ်ကောင်းတာပေါ့ကွာ။ မင်းက တစ်အိမ်လုံးမှာ လိုက်နှောင့်ယှက်နေတာမို့ အားလုံး စိတ်ညစ်နေကြရတယ်။ ငါ့စားခွက်ကိုလဲ မင်းကလာကျူးကျော်တာပဲ။ မင်းသေတာ ငါနဲ့ဘာမှမဆိုင်ဘူး။ မင်းထိုက်နဲ့မင်းကံပဲ"

ကြက်ဖက သူနှင့်မဆိုင်ဘူးဟု ပြောလွှတ်လိုက်သောအခါ ကြွက်က ဝက်ထံသို့သွားကာ အကူအညီ တောင်းခံပြန်သည်။ ဝက်ကလည်း ကြက်နည်းတူပင်၊ ဟောက်၍လွှတ်လိုက်လေသည်။

"ငါနဲ့ ဘာမှမဆိုင်ပါဘူး။ ငါက အနေသာကြီးပါ။ မင်းမြန်မြန်သေလေ ကောင်းလေပဲကွ။ ထွက်သွားစမ်းကွာ။ ကျက်သရေယုတ်တယ်"

ကြွက်ခမျာ ကြံရာမရဖြစ်ပြီး နွားကြီးထံသို့ပြေးကာ အကူအညီတောင်းခံပြန်သော်လည်း နွားကြီးကလည်း ကြက်နှင့်ဝက်တို့နည်းတူ သူနှင့်ဘာမျှမဆိုင်ဘူးဟု ပြောလွှတ်လိုက်ပြန်လေသည်။ ထိုည သန်းခေါင်ယံအချိန်တွင် မီးဖိုချောင်ထဲ၌ ထောင်ထားသောကြွက်ထောင်ချောက်မှ ထောင်ချောက်မောင်းကျသံထွက်လာသဖြင့် အိမ်ရှင်မက သူ့ယောကျ်ားကို နှိုးသော်လည်း ယောကျ်ားက မိုးလင်းမှကြည့်မည်ဟုပြောကာ အိပ်မြဲအိပ်နေခဲ့သည်။ အိမ်ရှင်မက မနေသာတော့ဘဲ မီးခွက်ထွန်း၍ မီးဖိုချောင်ထဲသို့ လာခဲ့သည်။ မီးဖိုချောင်ထဲရှိ ကြွက်ထောင်ချောက်ထားရှိရာနေရာသို့ ရောက်သောအခါ ကြွက်ထောင်ချောက်တွင် ခါးလယ်ကို အမိခံထားရသော မြွေဆိုးက အိမ်ရှင်မကို ကိုက်လိုက်ရာ လန့်အော်သံကြောင့် ယောကျ်ားနိုးလာပြီး အိမ်နီးနားချင်းများ သားချင်းများ၏ အကူအညီဖြင့် ဆေးရုံသို့ အချိန်မီ ပို့နိုင်ခဲ့သည်။ ဆေးမီ၍ အသက်ရှင်လာသည်။ သို့သော် ဆရာဝန်က အားဆေးဝယ်တိုက်ရန်ပြောရာ လယ်သမားယောကျ်ားမှာ



www.burmeseclassic.com

www.burmeseclassic.com



ငွေမရှိသောကြောင့် စိတ်ဆင်းရဲသွားရသည်။ ပတ်ဝန်းကျင်က ငွေမရှိ၍ ဆေးမဝယ်နိုင်လျှင် အားဆေးအဖြစ် ကြက်ပေါင်းရည်တိုက်ရန် အကြံပေးရာ နေအိမ်မှာရှိသော ကြက်ဖကြီးကို ရိုက်သတ်ပြီး ကြက်ပေါင်းရည်ပြုလုပ်ကာ သူ့မိန်းမကို တိုက်ကျွေးသည်။ လူနာကျန်းမာလာပြီး ဆေးရုံမှဆင်းကာ ရွာသို့ပြန်လာခဲ့ကြသည်။

ရွာသို့ပြန်ရောက်သောအခါ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ မိတ်ဆွေများက လူနာလာမေးကြသည်။ အိမ်မှာ ဧည့်ထောင်းခံရသဖြင့် ကြွေးတွေထူလာသည်။ ပတ်ဝန်းကျင်က ကြွေးလည်းကျေ၊ ကိုယ့်အတွက်လည်း အကျိုးရှိစေရေးအတွက် ဝက်ကိုပေါ်သတ်ပြီး အသားကိုရောင်းလည်းရောင်း၊ စားလည်းစားဟု အကြံပေးကြပြန်လေသည်။ ထို့ကြောင့် ဝက်ကိုသတ်ပြီး အသားကိုရောင်းချကာ ကြွေးဆပ်လိုက်သည်။ ရွာမှ လူကြီးသူမတွေကလည်း အိမ်ပေါ်တက် မြွေကိုက်ခံရခြင်းသည် ကံအလွန်နိမ့်နေတာ သေချာကြောင်း။ ကံမြင့်အောင် ဘုန်းတော်ကြီးတွေကို ပင့်လျှောက်ပြီး ဆွမ်းကပ်သင့်ကြောင်း။ အိမ်မှာ ပရိတ်ရွတ်သင့်ကြောင်း အကြံပေးနေကြပြန်လေရာ နွားကြီးကို သတ်ပြီး အသားများကိုရောင်းချခဲ့သည်။ ဆွမ်းလည်းကပ်နိုင်ခဲ့သည်။ ငါတို့နှင့်ဘာမျှမဆိုင် လုံးဝမပတ်သက်ဘူးဟု ပြောဆိုခဲ့ကြသော ကြက်၊ ဝက်နှင့် နွားတို့ အသတ်ခံခဲ့ကြရသည်။ သို့သော် ကြွက်ကလေးကတော့ အသက်ရှင်ကျန်ခဲ့သည်။ ဆက်လက်ရုန်းကန်နေခဲ့သည်။

ထို သာဓကလေးကို ကြည့်ပါက ကြွက်နှင့်တူသော ဆင်းရဲသား၊ လူအများစုကို ငါတို့နဲ့ဘာမဆိုင်ဘူးဟူသော ကြက်၊ ဝက်၊ နွားတို့နှင့်အလားတူ ချမ်းသာသူများ၊ အန္တရာယ်ကြုံလာနိုင်သည်။ ဆင်းရဲမှု လှိုင်းဂရက် ရိုက်ခတ်လာနိုင်သည်။ ရေအသက်တစ်မနက်၊ ထမင်းအသက် (၇)ရက်ဟူသော ဆိုစကားရှိ
သော်လည်း ထမင်းငတ်လာကြ
လျှင် လုယက်ခိုးဝှက်၊ သတ်ဖြတ်
လာကြပေလိမ့်မည်။ ရပ်ရွာအေး
ချမ်းသာယာရေးသည် စားဝတ်
နေရေးနှင့်ဆိုင်သည်။ ထို့ကြောင့်
ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းအ
လွှာ ကျဉ်းကျုံ့ရန်လိုသည်။ ကျွန်
တော့်ရင်ထဲမှာ ပူနေသည်။
အောင်လံဘက်မှ သားငါးသည်
တွေ၊ ဖိုးကျော်တို့ မိသားစုတွေ
ငါးကာလီစာ နှစ်ရာဖိုးစားမိ၍ ဒုက္
ရောက်ခဲ့ကြသော မိသားစု၊ ဆင်
တန်းစီသွားရင်း ရေနစ်သေဆုံး
ခဲ့ကြသော ကလေးမလေးနှစ်ဦး
သူတို့ဘဝအပူတွေက ကျွန်တော့်
ထံ ကူးစက်လာခဲ့သည်။ တစ်
ပြည်လုံးသို့လည်း ကူးစက်နေပေ
ဦးမည်။ ပူတယ်လေ ဆယ်နေကဲ
ထက် ကြောက်စရာကောင်းလှ
သည့် ဘဝအပူတွေကို ဘယ်
နှင့်ငြိမ်းသတ်နိုင်ကြပါမည်နည်း

မောင်ငြိမ်းသူ
(ကြို့ပင်ကောက်)



www.burmeseclassic.com

www.burmeseclassic.com

## ညီလေးဖတ်ဖို့ ရေးတဲ့စာ



# အိပ်မက်တွေ ဆက်မက်ပါ

ဆူးသစ်

**ညီလေးရေ ...**

အမေရိကန်နိုင်ငံမှာ ရှိတဲ့ ဟောလိဝုဒ်ဆိုတဲ့ ရုပ်ရှင်လောကမှာ ပြောလေ့ရှိတဲ့ စိတ်မကောင်းစရာ ဝမ်းနည်းစရာပုံပြင်တွေထဲက ပုံပြင်တစ်ပုဒ်အကြောင်း ပြောပြချင်ပါတယ်။ ပုံပြင်ဆိုပေမယ့် လူတစ်ယောက်ရဲ့ တကယ့်အကြောင်းလို့ ပြောလို့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူဟာ ငွေဖြုတ်လတ်နေခဲ့တဲ့ လူတစ်ယောက်ပါ။ သူ့ရဲ့အတိတ်မှာ သူဟာဘယ်လောက်တောင် ဆင်းရဲမွဲတေခဲ့သလဲဆိုရင် သူ့မိန်းမရဲ့ လက်ဝတ်ရတနာတွေကို ပြန်ခိုးပြီး ရောင်းစားခဲ့ရပါတယ်။ သူ့ဘဝက ဘယ်လောက်ဆိုးရွားသလဲဆိုရင် အိမ်ခြေမဲ့ လူတစ်ယောက်တောင် ဖြစ်ခဲ့ရတယ်။ အိပ်စရာမရှိလို့ နယူးယောက်မြို့ကြီးရဲ့ ဘတ်စ်ကားမှတ်တိုင်တွေမှာ (၃)ရက်လောက်အိပ်ခဲ့ရသေးတယ်။ အခန်းငှားဖို့ ပိုက်ဆံမရှိသလို စားစရာလည်း မရှိခဲ့ပါဘူး။

နောက်ဆုံးမှာ သူ့ဘဝရဲ့အနိမ့်ပါးဆုံး အချိန်ကို ရောက်လာခဲ့တယ်။ အဲဒါကတော့ အရက်တွေရောင်းတဲ့ စတိုးဆိုင်မှာ လူစိမ်းတစ်ယောက်ကို သူမွေးထားတဲ့ခွေးကို ရောင်းဖို့ကြိုးစားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ခွေးကို အစာထပ်ဝယ်မကျွေးနိုင်တော့လို့လေ။ သူ့ခွေးကိုရောင်းရငွေက ၂၅ ဒေါ်လာပါ တဲ့။ သူပြောပြတာက သူဟာ ငိုယိုပြီးအဝေးကို ထွက်သွားခဲ့တယ်တဲ့လေ။



နှစ်ပတ်လောက်အကြာမှာတော့ ကမ္ဘာကျော် ထ
ဝေသမား မိုဟာမက်အလီနဲ့ ချပ်ဝက်ဝ်နာတို့ရဲ့ လက်ဝှေ့ပွဲကို
ကြည့်ခဲ့ရတယ်။ အဲဒီအချိန်မှာ အဲဒီလက်ဝှေ့ပွဲကနေ ကမ္ဘာကျေ
ရုပ်ရှင်ဇာတ်ကား တစ်ကားဖြစ်စေမယ့် ဇာတ်လမ်းတစ်ပုဒ်ကို
တွန်းအားတွေ၊ စေ့ဆော်မှုတွေသူ့အတွက် ဖြစ်လာတော့တယ်။ အဲ
ဇာတ်လမ်းကို နာရီ ၂၀ ကြာ သူရေးခဲ့တယ်။

ပြီးတော့ သူဟာ အဲဒီဇာတ်လမ်းကို ရောင်းဖို့ကြိုးစာ
ခဲ့တယ်။ အဲဒီအတွက် သူ့ ဇာတ်လမ်းကို ဒေါ်လာ ၁၂၅၀၀၀နဲ့ ထ
လှမ်းခံရတယ်။ ဒါပေမဲ့ သူက တောင်းဆိုမှုတစ်ခုလုပ်ခဲ့တယ်။ သူ
အဲ့ဒီဇာတ်လမ်းထဲက တကယ့်အဓိကဇာတ်ကောင်နေရာမှာ ပါဝ
သရုပ်ဆောင်ချင်တယ်တဲ့။ ကုမ္ပဏီကလည်း မရပါဘူးတဲ့။ သူတို့
ချင်တာ နာမည်ကြီးသရုပ်ဆောင်နဲ့ပါတဲ့။

အဲဒီကုမ္ပဏီက ဘယ်လောက်တောင် ဟုတ်ပြောသ
ဆို "သူကြည့်ရတာ ရယ်စရာကောင်းသလို ပြောတာလည်း ရယ်
ကောင်းတယ်"တဲ့။ ဒါနဲ့ သူဟာ သူ့ဇာတ်လမ်းနဲ့အတူ ပြန်ထွ
ခဲ့တယ်။ ရက်သတ္တပတ်အနည်းငယ်ကြာပြီးတဲ့နောက်မှာ အဲဒီရုပ်ရှ
စတူဒီယိုက ဒေါ်လာ ၂၅၀ ၀၀၀ နဲ့သူ့ဇာတ်လမ်းကို ကမ်းလှမ်းပြ
တယ်။ သူကလည်း ငြင်းမြဲပဲ။ ဒါနဲ့ သူတို့ဘက် က ဒေါ်လာ ၃၅၀၀၀
နဲ့ ကမ်းလှမ်းပြန်ရော။ သူကလည်း ထပ်ငြင်းပြန်ရော။ တက
တမ်းကျတော့ အဲဒီ ဇာတ်လမ်းကို ကုမ္ပဏီကလူတွေက တော်တေ
သဘောကျနေတယ်။ ဒါပေမဲ့ သူ့ကိုတော့မဟုတ်ဘူး။ သူကလည်
ရှင်းတယ်။ မရောင်းဘူး။ သူဟာ ဒီဇာတ်လမ်းရဲ့ အဓိက ဇာတ်ကေ
နေရာမှာ ပါကိုပါရမယ်လို့ ဆုံးဖြတ်ထားတယ်။

အဲဒီနောက်မှာတော့ စတူဒီယိုက သဘောတူခဲ့ပြီး သူ့
သရုပ်ဆောင်စေခဲ့ပါတယ်။ သူ့ဇာတ်လမ်းကိုပါ ဝယ်ခဲ့တာပေါ့။
ကယ်ကို ရာဇဝင်တွင်စေခဲ့ပါတယ်။ အဲဒီရုပ်ရှင်ဟာ အကောင်း

www.burmeseclassic.com



ချပ်ရှင်ဆု၊ အကောင်းဆုံးဒါရိုက်တာဆုနဲ့ အကောင်းဆုံး ဇာတ်တည်း ဖြတ်ဆုတွေကို ရရှိပြီး အော်စကာဆုတွေထဲမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့တယ်။ သူတောင် အဲဒီဇာတ်ကားနဲ့ အကောင်းဆုံး သရုပ်ဆောင် ဆန်ခါတင်မှာ ရွေးချယ်ခံခဲ့ရတယ်။ ပြီးတော့ အဲဒီ ရုပ်ရှင်ဟာ အမေရိကန် အမျိုးသား ရုပ်ရှင်မှတ်တမ်းမှာ ကြီးမြတ်တဲ့ ရုပ်ရှင်ကားအဖြစ် မှတ်တမ်းတင်ခံခဲ့ရတယ်။



**ဦးလေးရေ ...**

အဲဒီရုပ်ရှင်နာမည်က ဘာလဲ။ အဲဒီ ဇာတ်လမ်းကိုရေးပြီး အဓိက သရုပ်ဆောင်နေရာမှာ ပါခဲ့တဲ့သူက ဘယ်သူလဲလို့ ဦးလေး သိချင်မှာပဲ။ တခြားတော့ မဟုတ်ပါဘူးကွာ။ အဲဒီရုပ်ရှင်နာမည်က ROCKYတဲ့။ အဲဒီဇာတ်လမ်းကို ကိုယ်တိုင်ရေး၊ ကိုယ်တိုင် သရုပ်ဆောင်ခဲ့တာကတော့ အစ်ကိုတို့ မင်းတို့သိတဲ့ RAMBO ဇာတ်လိုက်ကျော် SYLVESTAR STALLONE ပါပဲ။

စတားလုံးဟာ သူ့ခွေးကို သူတော်တော်ချစ်လေတော့ သူရောင်းခဲ့တဲ့ အရက်စတိုးဆိုင်နားမှာ ၃ ရက်တိတိ ရပ်စောင့်ခဲ့ပါသတဲ့။ ၃ ရက်မြောက်နေ့မှာတော့ အဲဒီလူလာတဲ့အခါ သူ့ ခွေးကို သူဘာကြောင့် ရောင်းခဲ့ရသလဲဆိုတာ ရှင်းပြခဲ့ပြီး ခွေးကို ပြန်တောင်းပါတယ်။ ဟိုလူကလည်း ငြင်းပါတယ်။ ဒါနဲ့ စတားလုံးက ဒေါ်လာ ၁၀၀ စပေးပါ တယ်။ မရပါဘူး။ ၅၀၀ အထိ ပေးတယ်။ ငြင်းတုန်းပဲ။ ဒေါ်လာ ၁၀၀၀ဆိုလည်း ငြင်းတာပါပဲ။ နောက်ဆုံးမယုံနိုင်စရာကောင်းပါတယ်။ စတားလုံးဟာ သူ ၂၅ ဒေါ်လာနဲ့ရောင်းခဲ့တဲ့ခွေးကို ၁၅၀၀၀ ဒေါ်လာနဲ့ ပြန်ဝယ်ခဲ့ပါတယ်။

ဒီနေ့မှာတော့ လမ်းပေါ်မှာအိပ်ခဲ့ပြီး ခွေးကိုတောင်ကျွေးစရာမရှိလို့ ရောင်းစားခဲ့ရတဲ့ စတားလုံးဆိုတဲ့ လူတစ်ယောက်ဟာ ကမ္ဘာပေါ်မှာ ထင်ပေါ်ကျော်ကြားတဲ့ သရုပ်ဆောင်အဖြစ် လူတိုင်းပါးစပ်ဖျားမှာ ရောက်ရှိခဲ့ပါပြီ။

**ဦးလေးရေ ...**

လက်ထဲမှာ ငွေပြတ်သွားတယ်ဆိုတာ တကယ်ဆိုးရွားတာပါ။ ဒါပေမဲ့ မင်းမှာထူးဆန်းတဲ့ အိပ်မက်တွေရှိမနေခဲ့ဘူးလားတဲ့။ ဘဝဆိုတာ ခက်ခဲ ကြမ်းတမ်းတယ်။ မင်းဟာ တ ခြားသူမဟုတ်ဘူး။ မင်းအနားမှာ အခွင့်အရေးတွေက ဖြတ်သွားနေမှာပဲတဲ့။ လူတွေက မင်းဆီက ထုတ်ကုန်ကိုလိုချင်တာ။ မင်းကိုတော့မဟုတ်ဘူးတဲ့။

တကယ်တော့ ကမ္ဘာကြီးက ခက်ခဲကြမ်းတမ်းပါတယ်။ မင်းသာမအောင်မြင်မချမ်းသာခဲ့ရင် ကြမ်းတမ်းတာတွေရင်ဆိုင်ရမယ်။ တံခါးတွေက မင်းကိုပိတ်ထားလိမ့်မယ်။ လူတွေက မင်းရဲ့ထင်ပေါ်ကျော်ကြားမှုတွေကို ခိုးယူချင်ယူလိမ့်မယ်။ မင်းရဲ့မျှော်လင့်ချက်တွေကို တိုက်ဖျက်ချင် တိုက်ဖျက်လိမ့်မယ်။ မင်းတတော့ အဲဒါတွေကို တွန်းဝင်ရင်း တံခါးတွေကို ဖွင့်ရလိမ့်မယ်။

www.burmeseclassic.com





မင်းရဲ့ဘဝမှာ စုတ်ပြတ်သတ်အောင် တိုက်ခိုက်ခံရတဲ့အခါ ခံရမယ်။ အသက်ရှင်ဖို့ ရုန်းကန်သင့်တန် ရုန်းကန်ရမယ်။ ဒါ ပေမဲ့ မင်းကိုယ်မင်းတော့ တောင့်ခံထားရမယ်။ မင်းလမ်းပေါ်မှာလည်း အိပ်ကောင်း အိပ်ရလိမ့်မယ်။ ဟုတ်တယ်။ မင်းအဲဒါတွေ ဖြစ်ချင်ဖြစ်လိမ့်မယ်။

ဒါပေမဲ့ မင်းရဲ့အိပ်မက်ကို တိုက်ခိုက်လာတဲ့ အထိတော့ ခွင့်မပြုပါနဲ့။ ဘာတွေပဲဖြစ်နေ ဖြစ်နေ မင်းအိပ်မက်ကို ဆက်မက်ပါ။ မင်းရဲ့ မျှော်လင့်ချက်တွေရိုက်ချိုးလာရင်တောင် မင်း အိပ်မက်တွေကို ဆက်မက်ပါ။ မင်းကို အောက်ဆုံးရောက်သွားအောင် တွန်းပို့ခဲ့ရင်တောင် မင်း အိပ်မက်တွေကို ဆက်မက်ပါ။

**ညီထေးရေ ...**

"မင်း ဘာတွေ စွမ်းဆောင်နိုင်တယ်ဆိုတာ မင်း တစ်ယောက်ထလွဲလို့ တခြားသူမသိနိုင်ပါဘူး" တဲ့။ လူတွေက မင်း ဘယ်လိုမြင်လဲဆိုတဲ့ အမြင်နဲ့ပဲ မင်းကို ဆုံးဖြတ်ပါတယ်။ မင်းမှာ ဘာရှိလဲဆိုတာနဲ့လည်း မင်းကို တိုင်းတာပါတယ်။ ဒါပေမဲ့ မင်း ရာဇဝင်ထဲက မင်းရဲ့နေရာအတွက်တော့ မင်းတိုက်ခိုက်ပါ။ မင်း အောင်မြင်မှုအတွက် တိုက်ခိုက်ပါ။ ဘယ်တော့မှ မစွန့်လွှတ်ပါနဲ့။

မင်းရဲ့ အဝတ်တွေကို ရောင်းပြီး ခွေးနဲ့အတူအိပ်ခဲ့ရ တောင် မင်းအတွက် မင်းရဲ့ခန္ဓာရှိနေပါသေးတယ်။ မင်းအသက် နေသရွေ့ မင်းရဲ့ ရာဇဝင်ဟာ ကုန်လွန်မသွားပါဘူး။ အဲဒါကိုယုံ

ဆက်လက်ချီတက်ပါ။ အိပ်မက်တွေကို ဆက်မက် မျှော်လင့်ချက်တွေနဲ့ ရှင်သန်ပါ။

**ညီထေးရေ ...**

actor.co.ke ကနေ ရတာလေးကို ဆီလျော်သ ဘာသာပြန်လိုက်ပါတယ်။ အစ်ကိုတို့သိတဲ့ ရမ်ဘို၊ အစ်ကိုတို့သိ ကော်ဘရာ(COBRA)၊ အစ်ကိုတို့သိတဲ့ ရော်ကီကြီး စတား ဖြစ်စဉ်ကနေ ညီလေးအတွက် အားသစ်တွေရပါစေကွာ။

ဆူ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရှထောင့်
ဖြောင့်ချက်နှလုံးသား



# နားလည်ပေးပါ ကိုကို

**စိမ်းလဲ့ညို**

"ညို့ရဲ့တစ်သက်မှာ ဘယ်တော့မေ့ရက်နိုင်စရာမရှိတဲ့ ကိုကို"

ငယ်ကအချစ် အနှစ်တစ်ရာ၊ မမေ့သာဆိုသလိုပဲ ညို့ ... ညို့လေ ကိုကို့ကို ဘယ်တော့မှမေ့နိုင်မှာ မဟုတ်ဘူးဆိုတာ ကိုကို ယုံပါနော်။ ကိုကို့ဆီကို ညို့ ... သူနဲ့လက်ထပ်ခါနီးမှာ ဖုန်းနဲ့ Message ပို့ခဲ့တာတာ ရည်ရွယ်ချက်ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**"နားလည်ပေးပါ ကိုကို"** လို့လေ။

ကိုကိုရယ်၊ ညီ့ကမိန်းကလေးပါ။ မိန်းကလေးက စရမှာလားရှင်။ ညီ့က ကိုကို့ကို ရေလာမြောင်းပေးအဆင့်သာမကဘဲ ရိုးလို၊ ချောင်းလို ရေစီးတမ်းပြိုတဲ့အထိ လက်တမ်းလို့ ကြိုလင့်နေတာပါ။ မိန်းကလေးတန်မဲ့ ဣန္ဒြေကို မဆည်နိုင်ဘဲ အခြေအနေ အခွင့်အရေးတွေကို ရက်ရက်ရောရော ပေးခဲ့တာပါ။

ဒါပေမဲ့ ကိုကိုက မလှုပ် တော့ကျောက်ရုပ်။

အာသဝေါတရားတုန်ခန်းနေတဲ့ ရဟန်းနွှာလို့တောင် ထင်မှတ်မှားခဲ့မိပါတယ်။ ဒါမှမဟုတ် ကိုကိုဟာ ယောကျ်ားမှ ဟုတ်ရဲ့လားလို့လည်း ညီ့က အထင်အမြင်လွဲနေမိခဲ့ပါတယ်။

ကိုကို စည်းစားကြည့်လေ။

ညီ့ဖေဖေရဲ့ စက်ရုံထဲကို နယ်ကရောက်လာတဲ့ ကိုကိုဟာ တကယ့် တောသား လူနုံလူအလေးပါ။ မခုတ်တတ်တဲ့ ကြောင်လေးလိုပဲ။ တွန့်ဆုတ်တွန့်ဆုတ်နဲ့ တကယ့်သနားစရာ စက်ရုပ်လေးပါ။ ထားရာနေ၊ စေရာသွား၊ ဘယ်သူ့ကိုမှ မငြိုငြင်ဘဲ တော်တော်ဝင်ဝန်းခံ အဆင်းရဲခံပြီး အလုပ်ကြိုးစားခဲ့တယ် မဟုတ်လား။

ကိုကိုရဲ့ ရိုးသားကြိုးစားမှုတွေကို အသိအမှတ်ပြုခေါင်းညိတ်သဘောတျနေသူက ဖေဖေပါ။ ဒါကြောင့်လည်း ကိုကိုဟာ တစ်နှစ်အတွင်းမှာ စက်ရုံရဲ့ အလုပ်သမား ခေါင်းဆောင် လူယုံတော်အဖြစ် ဖေဖေက တာဝန်ပေးအပ်ခဲ့ပါတယ်။

ဖေဖေက ကိုကို့ကို ယုံကြည်စိတ်ချစွာနဲ့ တာဝ
ပေးအပ်ခဲ့သလို ကိုကိုကလည်း တာဝန်ကျေပွန်ရုံမျှမ
ဖေဖေ့ အလုပ်တွေကို ကိုကို့အလုပ်တွေလို သဘောထားပြီ
ဆထက် ထမ်းပိုး ကြိုးစားခဲ့လို့ ဖေဖေ့စီးပွားလုပ်ငန်းတွေ
တစ်ဟုန်ထိုး တိုးတက်ကြီးပွားလာခဲ့ပါတယ်။

ဒီတော့တာ ဖေဖေက ကိုကို့ကို သားတစ်ယော
လို အားကိုးယုံကြည်စိတ်ချပြီး ဖေဖေ့ရဲ့လုပ်ငန်းခွဲ စက်ရုံ
စက်ရုံမှူး တာဝန်ပေးအပ်ခဲ့တယ်လေ။ ကိုကိုကလည်း နယ်
မှာရှိတဲ့ ကိုကိုရဲ့ ညီတွေ၊ ညီမတွေ၊ ဆွေမျိုးသားချင်းတွေ
ခေါ်ပြီး စက်ရုံထဲမှာ နေရာချထား၊ အလုပ်တာဝန်တွေ ခွဲဝေ
ပေးခဲ့တယ်။ ယုံကြည်စိတ်ချကြသူတွေက စိတ်တူကိုယ်
ညီညာဖျဖျ လုပ်ဆောင်ကြတော့ ကိုကို့ စက်ရုံကလည်





www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တိုးတက်ခဲ့တယ်။ ရေမြင့်က ကြာတင့်ဆိုသလိုပဲ ဖေဖေဟာ ကိုကို့ကြောင့် ကြီးပွားချမ်းသာလာတော့ ကိုကို့ကို ကားတစ်စီး ဝယ်ပေးတဲ့အပြင် ကိုကို့မိဘတွေကိုလည်း ရန်ကုန်မှာနေဖို့ မြေနဲ့အိမ်စီစဉ် ပေးခဲ့ပါတယ်။

ကိုကိုကလည်း မာနခဲပဲလေ။ ဖေဖေ ဝယ်ပေးတဲ့ မြေနဲ့ အိမ်ကို အလကားမယူဘဲ တစ်နှစ်အတွင်းမှာပဲ ကျသင့်တဲ့ တန်ဖိုးကို ဖေဖေ ငြင်းဆန်နေတဲ့ကြားက အတင်း ပြန်ပေးခဲ့တယ်။ ဖေဖေကလက်မခံတော့ ဈေးဖိုးရှင် ဦးကို ထန်တော့တာပါ။ ကန်တော့တာကိုတော့ လက်ခံပါလို့ ခခ ထယ ဦးညွှတ် တောင်းပန်ပြီး ပေးအပ်ခဲ့တယ် မဟုတ်လား။ ဒီတော့ ဖေဖေက ကိုကို့ကို ပိုပြီး အထင်ကြီးလေပေ့ါ။



**ထိုထိုရတ်**

ဖေဖေဟာ မကွယ်လွန်မီမှာ ညီုတို့မိသားစုကို မှာခဲ့ပါတယ်။ တစ်ဦးတည်းသော သမီးဖြစ်တဲ့ ညီုကို အ ကယ်၍များ လူငယ်ချင်းမေတ္တာမျှကြရင် ကိုကိုနဲ့ ညီုကို လက်ထပ်ထိမ်းမြားပေးပါတဲ့လေ။

ညီုက ... ဖေဖေ ... မပြောခင်ကတည်းက ကိုကို့ ကို သံယောဇဉ်ရှိနေသူပါ ကိုကိုရယ်။ ကိုကိုကသာ ဘာသိဘာ သာ မသိကျိုးကျွန်ပြုနေတာပါ။ ညီုရဲ့ အစ်ကိုကြီးနဲ့ အစ်ကို လတ်ကလည်း ညီုကို ကိုကိုနဲ့ သဘောတူကြည်ဖြူနေ ကြတာပါ။ ကိုကို့ ကွယ်ရာမှာ ကိုကို့ကို ယောက်ဖလို့ စနောက် နေကြလေ့ရှိပါတယ်။

အစ်ကိုကြီးရော၊ အစ်ကိုလတ်ပါ ကိုကိုနဲ့သွား အတူ၊ လာအတူ၊ စားအတူ၊ အိပ်အတူ ဖြစ်နေကြတော့ မိသားစုလိုဖြစ်နေကြလေလေ ညီုကပျော်လေလေပါ ကိုကို။ ဒါပေမဲ့ ... ကိုကိုက ညီုနဲ့တွေ့ရင် တေမိ၊ ကျောက်ရုပ်။

ကိုကို သတိရသေးရဲ့လား။ ညီုတို့မိသားစု ထမင်း စားခါနီးမှာ ကိုကိုရောက်လာတော့ ညီုရဲ့မေမေရော။ အစ်ကို တွေကပါ "နင့်မောင်တော်ရောက်လာပြီ။ နင်တို့စားနှင့် ကြ"ဆိုပြီး အားလုံး ရှောင်ထွက်ပေးခဲ့ကြတယ်လေ။

ညီုလေ ... ပျော်လိုက်တာမှ ဖော်ပြမတတ်အောင် ပါပဲ ကိုကို။ ညီုတို့စားသောက်ကြတော့မယ့် မိသားစု ထမင်းဝိုင်းဟာ ညီုနဲ့ကိုကိုတို့ ချစ်သူမောင်နှံ ထမင်းဝိုင်း အဖြစ် ရုတ်တရက် ပြောင်းလဲသွားသလို ခံစားခဲ့ရတာပါ ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



ညိုကကိုကို့ထမင်းဝန်းကန်ထဲကို ကြွက်အသည်းမြစ်တွေထည့်ပေး၊ ငါးအရိုးထွင်ပြီး ငါးအသားကိုထည့်ပေးနဲ့ ကြည်နူးပျော်မြူးနေရပေမဲ့ ကိုကိုက ညို့ကို တစ်ချက်ပဲ စောင်းငဲ့ကြည့်ပြီး ခေါင်းမဖော်တမ်း စားနေခဲ့တယ်လေ။ ထမင်း ပန်းကန်ထဲမှာ ထမင်းကုန်ခါနီးမှာ ညိုက ထမင်း ထပ်ထည့်ပေးမယ် လုပ်တော့ ကိုကိုက မပြောမဆိုနဲ့ ညို့ရဲ့ လက်ကိုလှမ်းဆုပ်ကိုင်ပြီး "ကိုကို ဝပြီညို" လို့ပဲ ပြောခဲ့တယ်။ ဘာမှလည်းဆက်မပြောဘူး။ ညိုက ကိုကို့ကို ကြောင်ကြည့်နေတော့ မှ "Sorry" ဆိုပြီး ညို့လက်ကို ပြန်လွှတ်ခဲ့တယ် ကိုကို။

ညိုလေ ... ရင်ဝယ်လှုပ်လှုပ် ဖြစ်ရပ် ဝေဒနာခေါ်မလား၊ တဖျတ်ဖျတ်ခုန်နေတဲ့ အချစ်ဝေဒနာခေါ်မလား၊ ကျေနပ် ပီတိနဲ့ ခံစားနေရင်းက ကိုကိုက ချစ်စကားလေးများ ပြောလေမ လားလို့ နားစွင့်နေတုန်းမှာ ကိုကိုက "ကျေးဇူးပဲ ညိုရယ်" လို့ပြောဆိုပြီး ထမင်းဝိုင်းကနေ ကျောခိုင်း ထွက်ခွာသွားခဲ့တယ်လေ။ ညိုက တိုးရိုးယားမင်းသမီးတွေလို မိန်းကလေးတစပြီး ပြောင်ဖွင့်ပြောလိုက်ချင်ပေမဲ့ မြန်မာ မိန်းကလေးဖြစ်နေတယ် ကိုကိုရယ်။

တစ်ခါကလည်း ကိုကိုနဲ့ညို့ကို စက်ရုံက ဝန်ထမ်း အမျိုးသမီးလေးတွေနဲ့အတူ မန္တလေးကို အစ်ကိုတို့က ပေးလွှတ်ခဲ့သေးတယ်လေ။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိစေချင်တဲ့သဘောပေါ့ ကိုကိုရယ်။ ဒါပေမဲ့ ကိုကိုက ဘာအခွင့်အရေးမှ မယူခဲ့ပါဘူး။ ညို့ပဲသိမ်ငယ်ပြီး အရှက်ရစေ ခဲ့ပါတယ်။ မြင်းကမလှုပ်၊ ခုံကလှုပ်နေရတဲ့ ညို့ရဲ့ဘဝကို တ ဖြည်းဖြည်း စိတ်ကုန်လာခဲ့ပါတယ် ကိုကို

**ကိုကိုရယ်**

ညို့နဲ့ ကိုကိုတို့ရဲ့ အချစ် သင်္ကေတ အမှတ်တ
တွေကို ရေးသီခြယ်ကုံးမယ်ဆိုရင် တစ်ထောင့်တစ်ညပုံပြ
လိုပဲ ဘယ်သောအခါမှ ဆုံးခန်းတိုင်နိုင်မယ် မထင်ပါဘူ
ကိုကို။

ဒါပေမဲ့ ကိုကိုနဲ့ ညို့တို့ရဲ့ချစ်ခရီးလမ်းကတော့ ဆုံးခန်းတိုင်သွားပါပြီ။ ဘာကြောင့်လဲဆိုရင် ညိုက အခုဆိုရ
ကာမပိုင်လင်ယောကျ်ားနဲ့ ဖြစ်သွားပြီကိုး။

ရေလာမြောင်းပေး အဆင့်သာမကဘဲ ရေစီးကမ
ဖြို အဆင့်အထိ လက်ကမ်းကြိုဆို အခွင့်အရေးတေ





www.burmeseclassic.com

www.burmeseclassic.com



ပေးနေပါရက်နဲ့ မသိကျိုးကျွန် ပြုလုပ်နေတဲ့ ကိုကို့ကြောင့် မေမေနဲ့ အစ်ကိုတွေက "နင့်ကောင်က သူ့မိခင်ကို တော်တော် ချစ်တာ၊ သူ့မိခင်က သူ့သားကို သူမသေခင်မှာ ဘယ်သူနဲ့မှ လက်ထပ်ခွင့်မပြုဘူးလို့ တားမြစ်ထားတယ်။ ဒီကောင်ကလည်း သူ့မိခင်စကားကို နားထောင်တဲ့သားလိမ္မာ ဖြစ်နေတယ်။ ဒါကြောင့် ဒီကောင် လူပျိုကြီးဖြစ်နေတာ။ လူပျိုကြီးဖြစ်နေတာက အကြောင်းမဟုတ်ဘူး။ နင်က မိန်းကလေး။ မိန်းကလေးဆိုတာ အရွယ်ရှိတုန်းမှာ လက်ထပ်ခွင့်တောင်းခံသူတွေထဲက သင့်လျော်ရာကို ရွေးချယ်လက်ထပ်ရမယ်။ အရွယ်လွန်သွားရင် ပါးဟက်ညိုသွားတဲ့ ငါးတွေလို ဈေးနှိမ်ကြမယ်။ ပစ်ပယ်ကြမယ်။ ဒါကြောင့် အရွယ်ကောင်းတုန်းမှာ ကုမ္ပဏီပိုင်ရှင် မောင်မောင် လှနဲ့ လက်ထပ်သင့်တယ်"လို့ နားချကြတယ် ကိုကို"



သူတို့နားချကြတာကို ညို .. ဘယ်လိုပြန်ပြီး ဆင်ခြေ ပေးရမှာလည်း ကိုကို။

ညို့မှာချစ်သူကိုကို ရှိနေပါပြီ။ ကိုကိုနဲ့ပဲ လက်ထပ်ပါ့မယ်"လို့ ညို .. ဘယ်လိုမှမပြောနိုင်တဲ့ အဆင့်မရှိခဲ့တာပါ ကိုကို။ ကိုကိုက ညို့ကို ချစ်ပါတယ်လို့တောင် စကားတစ်ခွန်း ပြောခဲ့ဖူးလို့လား။

ဒါပေမဲ့ ... ကိုကို့မျက်လုံးထဲမှာ ကိုကို့နှလုံးသားတွေထဲမှာ ညို့ကိုချစ်နေတာ၊ ညို့ .. နှလုံးသားချင်း နားလည်ခံစားနေရပါတယ် ကိုကို။

ကိုကို ... ညို့ကို ချစ်နေပါရက်နဲ့ လက်ထပ်ဖို့ အဆင့်မပြောပါနဲ့။ ညို့ကိုချစ်ပါတယ်လို့တောင် ဘာကြောင့်မပြောနိုင်ရတာလဲ ကိုကို။ ညိုအခုအချိန်အထိ စဉ်းစားလို့ကို မရသေးပါဘူး ကိုကို။

ညို .. မေးချင်တယ်ကို ကို။ ညို့မှာ ဘာအပြစ်တွေရှိနေလို့လဲ။ ကိုကို ညို့ကို မချစ်နိုင်လောက်အောင် ညို့မှာ ဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ။ ဒါမှ မဟုတ် ကိုကို့ကို ဘယ်သူတွေက ချုပ်ချယ်ထားလို့လဲ။ နယ်မှာ ကိုကို့ငယ်ချစ်ဟောင်း ရှိနေလို့လား။ ချစ်ဦးသူက ချန်ထားခဲ့လို့ မိန်းမတွေကို သိမ်းကျုံးပြီး နာကြည်းနေလေရော့သလား။ ညို .. တစ်ခုခုကို ခွဲခြား နားလည်ခံစားချင်တယ် ကိုကို။ သိခွင့်ရှိရင် သိပါရစေလား ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



**နားလည်ရခက်တဲ့ ကိုကိုရယ်**

ညို့ရဲ့ မင်္ဂလာညည်ခံပွဲကို မျက်နှာပြောင်တိုက်ပြီး လာရဲသေးတယ်နော်။

ပိုပြီးဆိုးတာက ညို့တို့ သတို့သား သတို့သမီး မောင်နှံနဲ့ အတူ တွဲပြီးတောင် ဓာတ်ပုံရိုက်ရဲသေးတယ်။ ညို့ အစ်ကိုနှစ်ယောက်လည်း ကိုကိုနဲ့ အတူပါပဲ။

ညို့လေ … ညို့ခင်ပွန်းလောင်းနဲ့ လက်ချင်းတွဲပြီး ကိုကိုနဲ့အတူ ဓာတ်ပုံအရိုက်ခံနေတုန်းမှာ ရင်ထဲမှာ ဖိုလှိုက်စွာ ငိုရှိုက်နေရတာ ကိုကိုသိရဲ့လား။ မသိချင်ယောင်ဆောင်နေတာလား။ ဒါမှမဟုတ် ညို့ရဲ့ အသည်းကို လာပြီးခွဲနေတာလား ကိုကို။

ညို့ဘဝဟာ လသာနေတယ်လို့ ကိုကိုထင်နေမှာပါ။ တကယ်တော့ လသာနေတာ မဟုတ်ပါဘူး ကိုကို။ လသာ ယောင်ပြပြီး လငပုပ်အဖမ်းခံနေရတာပါ။ မကြာခင်မှာပဲ တိမ်မည်းညိုတွေအုပ်ဆိုင်းပြီး လရောင်ပျောက်ကွယ်သွားမှာပါ။ ဘာကြောင့်လဲဆိုရင် ညို့တို့အိမ်ထောင်ရေးဟာ အချစ်မပါတဲ့ အိမ်ထောင်ရေးမို့ပါ ကိုကို။

ညို့ရဲ့အချစ်တွေက ငယ်ကချစ်အနှစ်တစ်ရာ၊ [illegible] သာဆိုသလိုပဲ ကိုကို့ဆီမှာ ကျန်ခဲ့လို့ပါ ကိုကိုရယ်။

ကိုကိုရေ … ညို့ … မျက်ရည်တွေကိုပဲ အဖေ[illegible] နေရလို့ ညို့ဘဝဟာ နွမ်းလျကြေကွဲ သေပွဲဝင်ရတော့မှာ[illegible] ညို့ကို နားလည်ခွင့်လွှတ်ပေးပါ ကိုကို။

အသည်းနင့်အောင်ချစ်[illegible]

တဲ့[illegible]

**စိမ်းထဲ့[illegible]**

"ကဲ "စိမ်းလဲ့ညို့" ရဲ့ "နားလည်ပေးပါကို[illegible] ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက "ညို့" ရဲ့ စွပ်စွဲခံစား[illegible] တွေကို "ကိုကို" က ဘယ်လိုပြန်ပြီး ဖြေရှင်းမလဲ။ "ကို[illegible] ရဲ့ကိုယ်စားကိုယ်ပွားခံစားပြီး ၁၁–၇–၂၀၁၄ ရက်နေ့ နော[illegible] ဆုံးထားကာ ရေးသားပေးပို့ကြပါလို့ မေတ္တာရပ်ခံအပ်[illegible] တယ်။

**မောင်ငြိမ်းသူ (ထြို့ဝင်ထော[illegible]**

**ဒုတိယအယ်ဒီတာ[illegible]**

**ရွှေထောင့်မှုခင်းနှင့် ရသစုံမဂ္ဂဇ[illegible]**



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားရှုထောင့်၊ ပြောင်ချက်နှလုံးသား အာဝဇ္ဇန်းအယ်ဒီတာရဲ့ သုံးသပ်ချက်



၂၀၁၄ခုနှစ်၊ မတ်လထုတ်၊ မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်းထဲမှာ ဖော်ပြခဲ့တဲ့ **"ဖြူစင်ရှင်း(သချာ) (သုတထင်)"**ရဲ့ **"ရင်ဖွင့်အထွမ်း"**ဆိုတဲ့ နှလုံးသားရှုထောင့်ထဲက **"ယမင်း"**ရဲ့ စွပ်စွဲချက်တွေကို **"မောင်(ခ)သန့်ထွင်မောင်"**ရဲ့ ကိုယ်စားကိုယ်ပွားခံစားပြီး ဖြေရှင်းပေးထားသူတွေထဲက ပထာမရွေးချယ်ထားတဲ့ (၁၀)ဦးရဲ့ စာရင်းကို ဖော်ပြလိုက်ပါတယ်–

| | | |
|---|---|---|
| (၁) | ဇော်ဇော်နောင် | "တုသိုလ်ကြမှာ မလှမ်းသာပြီ" |
| (၂) | ကျော်မင်းခန့် | "ယမင်း---ရယ်" |
| (၃) | အောင်သော်သော် | "တစ်နေ့ပြန်လာမယ်" |
| (၄) | ရဲရင့်အောင် | "မောင့်အပြစ်တွေပါ" |
| (၅) | ဆွေသန့်ကို | "ဖြေသိမ့်နိုင်ပါစေ" |
| (၆) | လင်းသန့် | "ပျော်ရပါစေမယ် ယမင်းရယ်" |
| (၇) | မြင့်မြတ်သူ | "ချော့မြူလိုကြည်ဖြူပါကွယ်" |
| (၈) | သံလွင်မိုး (မုတ္တမ) | "အတာမိုးနဲ့ပြန်ခဲ့မယ်" |
| (၉) | ဂျူလိုင်ကို (ချောင်းသာကမ်းခြေ) | "ကြင်ဖော်ဝေးတဲ့ငှက်" |
| (၁၀) | ဟန်နီ(တောင်ကြီး) | "သောကတွေ ဖြေနိုင်ပါစေ" |

## "ပြန်လည်စိစစ်သုံးသပ်ချက်"

(၁) ဇော်ဇော်နောင် **"တုသိုလ်ကြမှာ မလှမ်းသာပြီ"**

ကားအက်ဆီးဒင့်ဖြစ် ပေါင်ကျိုး၊ ဒုက္ခိတဘဝရောက်နေပြီမို့ ယမင်းနဲ့ မတူမတန်တော့လို့ လက်လျှော့မေ့လိုက်ပါလို့ ရေးသားထားတာ စိတ်ကူးယဉ်ဆန်နေပါတယ်။

(၂) ကျော်မင်းခန့် **"ယမင်း---ရယ်"**

အလွမ်းအဆွေး ဇာတ်လမ်းဆင်ထားပေမဲ့ သဘာဝယုတ္တိကင်းမဲ့နေလို့ မပီပြင်ဘဲ ဆွဲဆောင်မှု အားနည်းနေပါတယ်။

(၃) အောင်သော်သော် **"တစ်နေ့တော့ပြန်လာမယ်"**

ကျောင်းဆရာအလုပ်နဲ့ မကြီးပွားနိုင်လို့ အလုပ်ကထွက်ပြီး ဖားကန့်မှာ ကျောက်သွား

www.burmeseclassic.com



တူးနေတာပါ။ အခြေအနေကောင်းရင် ထမင်းဆီပြန်လာပါ့မယ်လို့ ရေးသားထားတာ သင့်ပါတယ်။

(၄) ရဲရင့်အောင် **"မောင့်အပြစ်တွေပါ"**

အနေနီးကပ်သူလေးနဲ့ အချစ်နယ်ကျွံသွားလို့ လက်ထပ်လိုက်ရပါတယ်။ သူ့အပြစ်တွေပါလို့ ရေးသားထားတာ သင့်ပါတယ်။

(၅) ဆွေသန့်ကို **"ဖြေသိမ့်နိုင်ပါစေ"**

ကျိုးကြောင်းဖော်ပြချက်သင့်ပေမဲ့ အရေးအသားက ပြေပြစ်မှုအားနည်းနေပါတယ်။

(၆) လင်းသန့် **"ပျော်ရပါစေမယ် ထမင်းရယ်"**

လုံးချင်းတွေ ရေးသားခဲ့တဲ့ စာရေးဆရာ လင်းသန့်ရှိပါတယ်။ ကလောင်နာမည်တူနေတာကို သတိထားပါ။ ကျိုးကြောင်း ဖော်ပြချက်သင့်ပါတယ်။

(၇) မြင့်မြတ်သူ **"ချော့မြူလို့ကြည်ဖြူပါတွယ်"**

ရေးထားတဲ့ ကျိုးကြောင်းဖော်ပြချက်နဲ့ ပေးထားတဲ့ခေါင်းစီးက ကွဲလွဲနေပါတယ်။ သတိထားပါ။ ဆက်လက်ကြိုးစားစေချင်ပါတယ်။

(၈) သံလွင်မိုး (မုတ္တမ) **"အထာမိုးနဲ့ ပြန်ခဲ့မယ်"**

ကျိုးကြောင်းဖော်ပြချက် သင့်ပါတယ်။ ခေါင်းစီးဟာ တစ်ပုဒ်လုံးရဲ့ အသက်မို့ ခေါင်းစီးပေးတတ်အောင် လေ့လာဆည်းပူးအတုယူပါ။

(၉) ဂျူလိုင်ကို (ချောင်းသာကမ်းခြေ) **"ကြင်ဖော်ဝေးတဲ့ငှက်"**

စာမူက တော်တော်ရှည်လွန်းနေတယ်။ ကျိုးကြောင်းဖော်ပြချက်က စိတ်ကူးယဉ်ဆန်လွန်းနေပါတယ်။

(၁၀) ဟန်နီ (တောင်ကြီး) **"သောကတွေဖြေနိုင်ပါစေ"**

မောင့်ရဲ့ကိုယ်စား ကြားလူက ဝင်ပြီး ဖြေရှင်းထားတာ သင့်ပါတယ်၊ သဘာဝကျလည်းရှိပါတယ်။

**"အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်"**

ဒီလအတွက် အကြိုက်ဆုံးဖြောင့်ချက်နှလုံးသားပိုင်ရှင်ကတော့ **"ဟန်နီ (တောင်ကြီး)"** ဖြစ်ပါတယ်။ **"ဟန်နီ(တောင်ကြီး)ရဲ့ သောကတွေဖြေနိုင်ပါစေ"** ဆိုတဲ့ ဖြောင့်ချက်နှလုံးသားကို ခံစားကြည့်ကြပါစို့။

**မောင်ငြိမ်းသူ (ကြို့ဝင်ထောတ်) - တာဝန်ခံအယ်ဒီတာ**

**ရှုထောင့်မှုခင်းနှင့်ရသစုံမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားရှထောင့်

ကြောင့်ချက်နှလုံးသား



# ဿောကတွေ ပြေနိုင်ပါစေ

**ဟန်နီ (တောင်ကြီး)**

**တီချယ်ယမင်း ...** တီချယ်ရဲ့ "ရင်ဖွင့်အလွမ်း" ကိုဖတ်လိုက်ရတော့ သမီးစိတ်မကောင်းဖြစ်သွား တယ်။ သမီးမြင်ခဲ့တွေ့ခဲ့ ကြားခဲ့တာတွေကို ပြောပြသင့်တယ်ထင်လို့ သမီးဒီစာကို ရေးဖို့ ဆုံးဖြတ်လိုက်တယ်။ သမီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးသာအောင်နဲ့ ဒေါ်ပိုင်းစိန်တို့ရဲ့ မြေးမသူဇာပါ။ သမီး အဘနဲ့ အမေကြီးတို့ဆီ ရောက်တဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးကို မြင်ခဲ့ကြားခဲ့ သိခဲ့ရပါတယ်။ အဲဒါက အဘနဲ့အမေကြီးတို့ဆီကို ဆရာ သန့်လွင်မောင်ရဲ့မိန်းမရောက်လာခဲ့တယ်။ တီချယ်တို့ရဲ့ အခြေအနေကို သူ အကုန်သိတယ်လို့ ပြောပြတယ်။ တီချယ့်ကို သူကိုယ်တိုင် ပြောချင်တာလို့ ပြောတယ်။ ဒါပေမဲ့ တီချယ်က ဆရာ့အကြောင်း ဘာမှသိတန်မတူဘူးလို့လည်း ပြောတယ်။ ဆရာက တီချယ်ဘာမှ မသိဘူးလို့ ပြောတယ်တဲ့ သူ့ကို။ ပြီးတော့ သူ့နဲ့ဆရာ့အကြောင်းကိုလည်း အမေကြီးကို ပြောပြတယ်။ ဆရာ့အမျိုးသမီး ပြောတာကို ပြောပြမယ်နော်။ သူပြောတာက–

"ကျွန်မနဲ့ ဆရာက ငယ်ရွယ်စဉ် ဆယ်တန်းအောင်တုန်းက အလည်လွန်ပြီး ရူးရူးမိုက်မိုက် ထွက်ပြေးခဲ့ကြတယ်။ အိမ်ကတော့ စိတ်ဆိုးဒေါသထွက်ကြတာပေါ့။ ခဏပစ်ထားသေးတယ်။ ကျွန်မက ကျောင်းဆက် မတက်တော့ဘဲ ဆရာပဲ အဝေးသင်တက်ဖြစ်တယ်လေ။ သမီးတစ်ယောက်ရမှ အိမ်ကပြန်ခေါ်တာ။ ဆရာကတော့ ကျောင်းတက်အလုပ်လုပ်နဲ့ ကျွန်မနဲ့စိမ်းလာသလိုပဲ။ ကျွန်မအပေါ်ဆက်ဆံရေးတွေပြောင်းလာတာ ကျွန်မ ရိပ်မိပါတယ်။ သူ့နှုတ်ကဖွင့်မပြောပေမဲ့ သူ့အမူအရာ၊ သူ့လေသံနဲ့ ဆက်ဆံတာတွေကို ကြည့်ပြီး သိနိုင်တာပဲလေ။ ကျွန်မ ရင်ထဲမှာ စိတ်မကောင်းဖြစ်ရသလို မခံချင်စိတ်လည်းဖြစ်မိတယ်။ သူဒီကျောင်းမှာ စာသင်ပြီးတဲ့နောက် ကျွန်မကို ပိုပြီးစိမ်းစိမ်းကားကား ဆက်ဆံလာတယ်။ အိမ်ကိုလည်းပြန်လာတယ်လို့မရှိဘူး။ သင်တန်းတွေ အနီးတပ်တွေအကြောင်းပြပြီး နေသာသလို သူ နေခဲ့တယ်။

ကျွန်မ လိုက်ကြည့်ချင်တယ်ပြောတော့ သူက ခါးခါးသီးသီးငြင်းတာ။ အလုပ်ရှုပ်အောင်တဲ့။ အခန်းကကျဉ်းကျဉ်းလေးတဲ့။ နောက်ပြောင်းရမှပဲ လိုက်တော့တဲ့။ သူအပြောင်းအရွှေ့တင်ထားတယ်လို့ပြောတော့ ကျွန်မလိုက်မလာဖြစ်ဘူး။ သမီးကလည်း ထားခဲ့လို့မရ၊ အမေတို့ကလည်းပေးမခေါ်နိုင်ပေါ့။ သူက ကျွန်မကို သူ့လောကပညာမတတ်တော့ နည်းနည်းဆိုလေသံကနိမ့်ချင်သလိုလိုပဲ။ ကျွန်မ





www.burmeseclassic.com

www.burmeseclassic.com





တက္ကသိုလ်ဆက်မတက်ဖြစ်တာ ဘာကြောင့်လဲဆိုတာ သူ အသိဆုံးပဲလေ။ ရှုးရှူးမိုက်မိုက် ဆုံးဖြတ်ကြတော့ နှစ်ယောက် အတူတူ၊ အခုကျမှ အပြစ်တွေက ကျွန်မကြောင့်ပဲ လိုလို သူက ဆိုချင်နေတာ။ ကျွန်မထက် သာတာတွေ မြင်တော့ အရင်က အဖြစ်အပျက်တွေကို စိတ်ပျက်လာတာ စိတ်ကုန် လာတာဖြစ်မှာပေါ့။ ဒီအချိန်ကျမှ ဘာလုပ်လို့ရမှာလဲ။ ကျွန်မမှာလည်း မာနနဲ့ပါ။ သူမလှည့်ကြည့်ချင်သလို၊ ကျွန်မ လည်း လှည့်မကြည့်ချင်ပါဘူး။ အရင်က အကြောင်းတွေ အဖြစ်အပျက်တွေ သူ နောင်တရသလို ကျွန်မလည်း နောင်တရတာပါပဲ။ ငယ်သူငယ်ချင်းတွေ ပြန်တွေ့ရင် ကျွန်မ ရင်မှာ ဝမ်းနည်းအားငယ်တာတွေ ခံစားရတာ ဘယ်သူသိ မှာလဲ။ အလုပ်ကိုယ်စီ ရာထူးကိုယ်စီနဲ့ ဘဝကို အရောင်ခြယ် နေကြတာ ကျွန်မသိပ်အားကျမိတယ်။ ကျွန်မ မိဘတွေ ကျွန်မအပေါ် ကရုဏာဒေါသဖြစ်တာတွေ ပိုပြီးနားလည် လာတယ်။ ကျွန်မအလှည့်ကျရင်လည်း ကျွန်မ ခံစားရမှာ ပါပဲ။ ကျွန်မထက်စာရင် သူကမှ ရှေ့ဆက်တိုးခွင့်ရခဲ့ တာပါ၊ ကျောင်းပြီးအောင် တက်တယ်။ ဆရာဖြစ်တယ်။ သူ့ဘဝ တိုးတက်သွားတယ်။ ကျွန်မကတော့ အိမ်အလုပ်လုပ်၊ သူ့ မိဘတွေကူ၊ ကလေးထိန်းနဲ့ ဘဝ တစ်ခုကို တည်ဆောက် နေရတယ်။

ကျွန်မဖြစ်ချင်တဲ့ ဆရာဝန်တစ်ယောက် ဘယ် တော့မှ ဖြစ်ခွင့်ကြုံမှာမဟုတ်တော့ဘူး။ စာတော်တဲ့ကျွန်မ အတွေးတိမ်တဲ့တစ်ခဏအတွင်းမှာ အရာရာ ဆုံးရှုံးခဲ့ရတဲ့ သူပါ။ မိဘတွေက စိတ်ဆိုး၊ သူ့မိဘက နှစ်ယောက်စလုံးကို ကျောင်းတက်ခွင့်မပြုနိုင်။ နောက်ဆုံးသူ့ကို အားကိုးရမယ့် သူ၊ မှီခိုရမယ့်အရိပ်တစ်ခုမို့ ကျွန်မကျောင်းမတက်ဘဲ သူပဲဆက်တက်ခဲ့တာပါ။ အခုတော့ အဘွားရယ် ကျွန်မ အလွန်နောင်တရတယ်။ သူ သစ္စာမဲ့တာသိရတဲ့ အချိန်မှာ ကိုယ့်ကိုယ်ကိုယ် အထိခိုက်ဆုံးပဲ။ ကျွန်မမှားသွားခဲ့တယ်။ ဘယ်လိုမှ နောက်ပြန်လှည့်လို့မရတဲ့ အမှားတစ်ခုပါ။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ရမလဲလို့ အကြာကြီးစဉ်းစားခဲ့တယ်။ ကလေးနှစ်ယောက်ကို လက်ဆွဲထွက်သွားရမှာလား။ ဒါမှမဟုတ် မသိဟန်ဆောင်နေရမှာလား။ ဒါမှမဟုတ် ဒေါသတွေဖွင့်ပြီး နှစ်ယောက်လုံးကို စိတ်ရှိ လက်ရှိ ပြောပစ်လိုက်ရမလား။ ကျွန်မ စိတ်တွေ အမှောင်ကျသွားတဲ့အချိန်ပါ။

ကျွန်မယုံကြည်စိတ်ချထားတဲ့ သူ့ရဲ့မေတ္တာတွေ လုံးလုံး အရောင်ပြောင်းပြီး အေးစက်သွားခဲ့တာ ဘယ်လောက် ကြာခဲ့ပြီမှန်းတောင် မသိဘူး။ အဲဒီလိုခံစားမိတဲ့ အချိန်မှာ သူဟာ ကျွန်မအတွက် လုံးလုံးသူစိမ်းဖြစ်သွားတယ်။ ကျွန်မသူ့ကို ဘာလို့ချစ်ခဲ့မှန်းတောင် မသိတော့ဘူး။

သူ့အမေ အကြောင်းကြားလိုက်တာနဲ့တူတယ်။ သူအိမ်ပြန်လာတယ်။ ဘာမှမဖြစ်သလိုပဲ ကလေးတွေကိုတော့ သူချစ်တယ်။ ကျွန်မကိုတော့ နည်းနည်း အမ်းတန်းတန်း ဖြစ်နေသလိုပဲ။ သူလုပ်ထားတာတွေ ကျွန်မသိတယ်ဆိုတော့လေ။ လောကမှာ ဘယ်အရာကမျှား ကြာရှည်ဖုံးထားလို့ ရတာမှမရှိတာ။ ကျွန်မသူနဲ့ စကားမများ လိုက်ရပါဘူး။ သူ့အမေ ကပ်ထိန်းလိုက်တာ။ အလုပ်ဆက်လုပ်မှာလား၊ ထွက်မှာလားလို့ သူ့အမေက သူ့ ကိုမေးလိုက်တာ မထွက်ဘူးတဲ့။ သူဒီလိုပြောတော့ အမေကပြောပါတယ်။ ငါ့သားအလုပ်က ကျောင်းဆရာအလုပ်နော်တဲ့၊ ဆရာဆိုတာ ကျောင်းသားကျောင်းသူတွေအတွက် စံပြဖြစ်ရမှာမဟုတ်လား၊ ကိုယ်ပြောဆိုဆုံးမချင်ရင်တောင် ကိုယ့်ဘက်က တာလုံဖို့လိုတယ်။ စည်းဖေါက်နေတဲ့ ငါ့သားစကားကို ဘယ်သူ

> **ကျွန်မ ယုံကြည် စိတ်ချထားတဲ့ သူ့ရဲ့မေတ္တာတွေ လုံးလုံး အရောင် ပြောင်းပြီး အေးစက် သွားခဲ့တာ ဘယ်လောက် ကြာခဲ့ပြီ မှန်းတောင် မသိဘူး ...**



www.burmeseclassic.com

က နားထောင်မှာလဲ။ ဘယ်သူကလက်ခံမှာလဲ။ ဘယ်သူက လေးစားမှာလဲ။ အနေနီးစပ်လို့ ဖြစ်ကြစတော်ဆိုရင်တောင်မှ ငါ့သား ဒီလောက်အထိ မရိုက်သင့်ဘူး။ ဝင်းငြိမ်းချမ်း တစ်ဇာတ်လုံးကက ဘဝလုံးကလဲ။ နှင်းလိုက်တဲ့သတ်က ဝင်း မိသားစုကို နှင်းချလိုက်တာလဲ။ အမေ့သားကို ထိုက်တယ်။ နှိမ့်ချလိုက်တယ်ဆိုရင်တော့ အတွေးကြောင်းရှုပ်နိုင်တယ်။ တစ်ကြိမ် စိတ်လှုပ်ရှားတယ်ဆိုရင်တည်း နောက်ခံတစ်ကြိမ်မြဲ ပါလေ။ ငါ့ သားကို အမေပြောချင်တာ ဝင်း မိန်းမကိုရှင်းပြ တောင်းပန်၊ ကို အမေ့စကားကို အသက်မြှပ် ခါဲ ပြောချင် တယ်။ ငါတို့ရှိနေသရွေ့တော့ ဝင်းကိုထိုက်တန်တရားမျှတမှု မိသားစုသိက္ခာတွေကို အမြဲမခံနိုင်ဘူး။ အမေ့သားကို အရာအမြဲ အရှုံးပေးချင်ပြီး ထည့်တွေက ကြည့်ညိုတဲ့



အရာဖြစ်စေချင်တယ်။ ငယ်ငယ်ရွယ်ရွယ် အသီးအသီးမှာ ရွေးချယ်ခံ အိမ်ထောင်ပြုခဲ့တာကို အမေတို့ ဘာလို့ ကာခဲ့ စိတ်ဆိုးခဲ့တာတည်းဆိုတာ ခု ငါ့သားသဘောပေါက်မှာပါ။ သားက အိမ်မှာမှ အရေး အိမ်မှာက မိန်းလေးရဲ့အဝေဆိုတာ မမေ့နဲ့” တဲ့။

အကြိမ်ကြိမ်ဖတ်ပါဲ အမေနဲ့ စကားပြောနေတာ။ နောက်တော့ သူ ကျွန်မဆီလာပြီး သူမှားသွားတာကို တောင်းပန်တယ်။ သူပြောင်းရတော့မယ်လို့တည်း သူပြော တယ်။ အရာမ ထဝင်းက ဘာမှမပြောချင်ဘူးလို့ပဲပြောတယ်။ ထဝင်းကို သူ့အကြောင်းမပြောစေချင်ဘူးတဲ့လေ။ ထဝင်း အပေါ်မှာထားတဲ့ သံယောဇဉ်တွေကို ဖြတ်ပြစ်ပြီး ထဝင်းကို တော့ ဘာမှမပြောပါနဲ့လို့ သူတောင်းပန်ထားတယ်။ အခုသူက ထဝင်း လှမ်းကျန်ရစ်မှာကိုတည်းစိုး။ သူ့ အကြောင်းသိမှာ တည်းစိုးနဲ့ ထဝင်းကိုနှုတ်ဆက်တဲ့ စာတစ်စောင်ရေးတာ တယ်။ ကျွန်မလက်ထဲကိုစာကိုညာနှိုင်းဆိုက်တာ။ ကျွန်မက သူ့နိုင်းတာစာတွေတဲ့ ထိုက်တိုင်းဒီလိုကာခဲ့တာ။ ထဝင်းကို တည်း ကြည့်ရှင်းပေါ့။ သူ့ဘဝလောကကြီးမှာဖတ်ဆိုရင်တည်း ဖြစ်လောက်ပါတယ်လေ။ ထဝင်းကလေးချစ်တာပဲ။ ငယ်တယ် သွတ်တယ်။ ကျွန်မတို့ ခိုးနိုးခဲ့ရပါပြီ။ ထလေးတွေရဲ့ အမေအဖြစ် နဲ့ အသက်ဆုံးသွားမှာပါ။

ထိုကြည့်ချက်တွေ ရှုပ်နေသွားနေတော့ ကျွန်မလို့ အပေါ် ရော့်ထင်ချက်တွေ စကားတွေပါဘူး။ အမေကတော့ အိမ်ထောင်ပြုတဲ့တာကို မလိုလားဘူး။ သူကတည်း ထွဲ့ထား

www.burmeseclassic.com



ကွာစကားမပြောဘူး။ သူ့အမေနဲ့ ကျွန်မ အမေကတော့ အရှည်ကိုကြည့်တဲ့။ ကျွန်မကလေးတွေအတွက် နှုတ်ဆိတ်ခဲ့ရတယ်။ ကျွန်မ ရင်ထဲမှာတော့ ထုံကျဉ်သွားခဲ့ပါပြီ။ ဘယ်သူ့ကိုမှလည်း စိတ်မဆိုးချင်တော့သလို ဘယ်သူ့ကိုမှလည်း အပြစ်မဆိုချင်တော့ပါဘူး။ အဘွားတို့ကို အသိပေးချင်ရင်လည်းပေး၊ မပေးချင်ရင်လည်း နေရပါတယ်။ ဒီစာကိုတော့ ပေးလိုက်ပါ" ဆိုပြီး အမေကြီးကို ပြောပြ နှုတ်ဆက်သွားတယ်။

အမေကြီးနဲ့ အဘက တီချယ်ယမင်းသိသွားရင် ရှက်ရှာပါလိမ့်မယ်။ ဘယ်သူ့အတွက်မှလည်း မကောင်းဘူး။ ဆရာကလည်း ပြောင်းသွားပြီပဲ။ သူတို့ ဇာတ်လမ်း သူတို့ သိမ်းတုန်ပြီပဲတာ ဘာမှပြောမနေနဲ့တော့ဆိုပြီး အဘနဲ့ အမေကြီးက တိုင်ပင်ပြီး တီချယ်ကိုမပြောတော့တာ။ သမီးက အိမ်မှာရှိနေတော့ အတုန်လုံး မြင်ခဲ့ကြားခဲ့ သိခဲ့ရတာပါ။ အဘနဲ့အမေကြီးက ကြာရင်မေ့သွားပါလိမ့်မယ်ဆိုပြီး ဘာမှ မပြောဘဲနေခဲ့တာ။ သမီးကတောင် ပြောသေးတယ် တီချယ် ကိုပြောပြလိုက်ပါလားဆိုတော့ ငါ့ မြေးမသိပါဘူးအေတဲ့။

အခုတော့ တီချယ်ရဲ့ စာဖတ်ပြီး သမီး စိတ်မကောင်း ဖြစ်သွားတယ်။ တစ်ဖက်ကတော့ တိတ်တိတ် ဆိတ်ဆိတ် ဇာတ်သိမ်းသွားပေမဲ့ တီချယ်ကတော့ လွမ်းပြီး မျှော်လင့်နေသေးတာ တွေ့ရတော့ ရင်ထဲ တကယ်ကို မကောင်းဘူး။ ဒီအကြောင်းကိုမပြောပြရင် တီချယ်သံယောဇဉ်တွေ ကြာရှည်သလောက် ပိုပြီး ခံစားရမှာကို စိတ်မကောင်းဖြစ်မိတယ်။

ပြောရမလား၊ မပြောသင့်ဘူးလားလို့ စဉ်းစားသေးတယ်။ အချိန်တွေလည်း နည်းနည်းကြာပြီဆိုတော့ သမီးသိထားခဲ့တာလေးကို ပြောပြချင်တာနဲ့ပဲ အသိပေးလိုက်တာပါ။ အဘနဲ့အမေကြီးကတော့ သိမှာမဟုတ်ဘူး။ သိရင်လည်း အပြစ်တော့မဆိုလောက်ဘူး ထင်တာပဲ။ အဘတို့က ကြာရင် တီချယ် မေ့သွားမယ်လို့ ထင်တာကိုး။

အခုတော့ အဘနဲ့အမေကြီးမပြောတော့ သမီးကပဲ ပြောပြရတာပေါ့။ တီချယ့်စာထဲမှာလည်း သမီးဖတ်ရပါတယ်။ အဘနဲ့အမေကြီးရဲ့ အကြည့်က လျှို့ဝှက်တဲ့ အကြည့်နဲ့ ကြည့်တယ်ဆိုတာလေ။ အဘနဲ့အမေကြီးက တီချယ့်အတွက် တွေးပြီး မပြောပြတာပါ။ တခြားဘယ်သူ့ကိုမှလည်း မပြောပါဘူး။ တီချယ်နဲ့ဆရာရဲ့ သိက္ခာလည်း ရှိသေးတယ်လေ။ 'ငယ်သူတွေဆိုတော့လည်း တစ်ကြိမ် တစ်ခါတော့ မိုက်မှာပေါ့' တဲ့။ တီချယ်သမီးရဲ့ စာကိုဖတ်ပြီး သောကတွေဖြေနိုင်ပါစေနော်။ အဘနဲ့အမေကြီးကလည်း တီချယ်ခံစားနေသေးတာကိုသိရင် စိတ်ကောင်းမှာမဟုတ်ဘူး။ ပြောသင့်အသိပေးသင့်တယ်ထင်လို့ သမီးပြောလိုက်ရတာပါ။ သမီးလည်း အရွယ်ရောက်လာတဲ့ မိန်းကလေးတစ်ယောက်မို့ တီချယ့်ကိုစာနာ နားလည်ပါတယ်။

**တီချယ် သောကဖြေနိုင်ပါစေ။**

**သမီးသူဇာ**

**ထန်နီ(တောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com



# စာအုပ်စင်ရှုထောင့်

**ကိုကြီးထူး**

## "အနာဂတ်အထွဝန်း ကလေးကဗျာများ"



**"ဆရာနိုင်မျိုးသစ္စာ (နမ္မတူ)"**၏ ဤစာအုပ်တွင် ကလေးကဗျာ (၁၀၂)ပုဒ်ပါရှိသည်။ ကဗျာတိုင်းတွင် ရောင်စုံပန်းချီများဖြင့် သရုပ်ဖော်ထားသည်။ ပညာရေးရာ၊ သုတလိမ္မာ၊ ကုသိုလ်ရေးရာ ပွဲတော်ချိန်ခါ နေမြတ်မဟာဟူ၍လည်း ကဏ္ဍလေးမျိုးခွဲခြားထားသည်။ ကလေးငယ်များ ရွတ်ဆိုချင်ဖွယ် အသံကာရန်များလည်း စုံလင်သည်။ တစ်အုပ်လျှင် ၁၅၀ဝိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

## "အကြိမ်(၂၀)မြောက်ဆရာသော်တာဆွေအမှတ်တရစာစုများ"



**"ဆရာသုဝဏ္ဏဘော့်စိန်"**က ဆရာသော်တာဆွေကွယ်လွန်ပြီးကတည်းက ဆရာသော်တာဆွေ အမှတ်တရပွဲကို နှစ်စဉ်ကျင်းပခဲ့သည်။ ယခု ဆရာသော်တာဆွေ ကွယ်လွန်ခြင်းနှစ် (၂၀)မြောက် အထိမ်းအမှတ်အဖြစ် ဆရာသော်တာဆွေနှင့် ရင်းနှီးခဲ့ကြသူများ၏ အမှတ်တရစာများကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာရေးဆရာ (၂၄)ဦး၏လက်ရာများဖြစ်ကြသည်။ စိတ်ကူးသစ်စာပေမှ တစ်အုပ်လျှင် (၃၀၀ဝိ/-)နှုန်းဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိသည်။

www.burmeseclassic.com



**"သဝရိပ်ဆောင်ဝတ္ထုတိုစု (မြန်မာအင်္ဂလိပ်နှစ်ဘာသာ)"**



**အမျိုးသားစာပေဆု (၃)ကြိမ်ရရှိထားသော "ဆရာမကြူကြူသင်း"**၏ ဤစာအုပ်တွင် ဝတ္ထုတို (၉)ပုဒ်ပါရှိ၍ တစ်ပုဒ်ချင်းအလိုက် **အင်္ဂလိပ်လို**လည်း ပြန်ဆိုထားသည်။ ဝတ္ထုတိုရေးလက်ထက်မြတ်သည့် ဆရာမ၏ ဝတ္ထုတိုများကို ကြိုက်နှစ်သက်ကြသူများ ဝယ်ယူသိမ်းဆည်းထားသင့်သည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

BURMESE CLASSIC

**"စာပေဟောပြောပွဲ မိုးမြိမ်းသံများနှင့် ၂၀၁၅ ထစားရော**
**(ထယ်ရွေးစင်ဝတ္ထုတိုများစုစည်းမှု)"**



**ဆရာမ ကြည်ဇွေ့အိမ်၊ ဆရာမ ထုံဝင်းချိုနှင့် ဆရာ ညီဝင်းညို** တို့သုံးဦး၏ သရော်စာဝတ္ထုတို (၁၈)ပုဒ်ပါရှိသည်။ သရော်စာဆိုသည့်အတိုင်း မချိပြုံးပြုံးကာ တသိမ့်သိမ့်ထိရှခံစားကြရပေမည်။ လင်းလွန်းခင်စာပေမှ တစ်အုပ်လျှင် (၂၅၀၀ိ/-)နှုန်းဖြင့် ဖြန့်ချိလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



## "အမျိုးသားအားနည်းရောဂါနှင့် အခြားတျုန်းစာရေးဆောင်းပါးများ"



**"ဆရာဆင်ဖြူကျွန်းထျော်ထိုင်ဦး"** ၏ ဤစာအုပ်တွင် ယောက်ျားမိန်းမများတွင် အဖြစ်များသော ရောဂါများ အကြောင်း ကုထုံး၊ ဆောင်ဖွယ်ရှောင်ဖွယ်များကို လွယ်ကူရှင်းလင်းစွာရေးသားထားသည်။ ရှေးတိုင်းရင်းဆေးကုထုံးများနှင့် အသုံးဝင်သည့် ဆေးဖက်ဝင်အမျိုးအစားများလည်းပါရှိသည်။ ရန်အောင်စာပေမှ တစ်အုပ်လျှင် (၁၅၀ဝိ/–)နှုန်းဖြင့် တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**ထိုကြီးထူး**

www.burmeseclassic.com



# တစ်လတာသင့်ကံကြမ္မာ

တက္ကသိုလ်စိုးမိုးနိုင်

## တနင်္ဂနွေ



ကန္ဒာရ ခရီးလမ်းကို ဖြတ်သန်းစဉ် အလွန်အေးမြသော အိုအေစစ်ကလေးနှင့် တွေ့ကြုံရမည့်ကာလ။ လောကသဘာဝက ကြုံကဲ့သို့ အစဉ်မချိုတတ်ကြောင်း နားလည်ခွင့်ရရှိပေလိမ့်မည်။ ဘဝ၏ အဆိုးအကောင်း၊ အကျိုးအကြောင်း၊ အမှားနှင့်အမှန်ကို ကောင်းစွာ ဝေဖန်ခွဲခြားနားလည်နေပေလိမ့်မည်။ ရာသီဥတု အပြောင်းအလဲကြောင့် ကျန်းမာရေးချူချာနေတတ်သည်။

သင့်ကိုမှ တမ်းတမ်းစွဲချစ်ကြောင်း မိုးမွှန်နေအောင် ချွဲနွဲ့တတ်သူလေးနှင့် ကြုံရလိမ့်မည်။ တူနှစ်ကိုယ်နီးဖို့ရန် မဝေးတော့ပါ။

**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဝထာန်း** – (၂ ၈ ၅) (၅ ၈ ၈)

**ထကြွာ**– ဘုရားမှာ သစ်သီး (၉)မျိုး လှူဒါန်းပါ။

## တနင်္လာ



လောကဓံကို မဖြုံ၊ အံတုနိုင်သော စိတ်ဓာ
ထူးရှိနေမည့် ကာလ။ မရှိတာကို အရှိ၊ အရှိကို မရှိလု
ကြံ ဇာတ်လမ်းထုတ်တတ်သော မိတ်ဆွေနှင့် ဆုံရတ
သည်။ မိမိကို ပိုင်းတိုက်နေသော ရန်သူ၊ ပိုင်းမြှောက်
သော မိတ်ဆွေနှစ်မျိုးစလုံးကို ပညာသားပါပါဖြင့် ဆ
ဆံနေပေလိမ့်မည်။ ကျန်းမာရေးအတွက် အရိပ်အေ
အေးမှာ စိတ်အေးအေးဖြင့် အနားယူသင့်၏။

ရေစက်ကုန်သွားသော ချစ်သူကို ရင်နာနာဖြ
လမ်းခွဲရတတ်သည်။ ချစ်လျက်နှင့် လမ်းခွဲရသောအဖြ
ကို ကြေကွဲနေမိတတ်သည်။

**ထီထိုးရမည့်နေ့** – တနင်္လာ၊ ဗုဒ္ဓဟူး။

**အကျိုးပေးဝထာန်း** – (၅ ၈ ၇) (၂ ၈ ၄)

**ထကြွာ**– ယောဂီဝတ်တစ်ဦးကို ငွေနှင့်ဆေးဝါး လှူဒါ
ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါ



သွားပါများ ခရီးရောက်မည့်ကာလ။ အိမ်တွင် နေထိုင်ရခြင်းထက် ပြင်ပတွင် လှုပ်ရှားသွားလာရခြင်းကို ပိုမိုနှစ်သက်နေလိမ့်မည်။ အတွေ့အကြုံသစ်များကို ရရှိစေမည့် ခရီး၊ ဝင်ငွေတိုးစေမည့် ခရီး၊ ဒေသန္တရ ဗဟုသုတ တိုးပွားစေမည့် ခရီး၊ ရင်ခုန်သံများကို လတ်ဆတ်စေမည့် ခရီးတို့ကို ရောက်ရှိပေလိမ့်မည်။ ကျန်းမာရေးကောင်းပြီး ဖြူးပျော်ကြည်နူးရပေလိမ့်မည်။

ချစ်သူက စိတ်ရှည်လွန်းသူ၊ သည်းခံတတ်သူ၊ ခွင့်လွှတ်တတ်သူဖြစ်နေလိမ့်မည်။ စိတ်ထားရိုးရှင်းလွန်းသော ချစ်သူလေးကို တစ်သက်တာ ထာဝရချစ်ခွင့်ရလိမ့်မည်။

**သိထိုးရမည့်နေ့** – အင်္ဂါ၊ ကြာသပတေး။

**အထျိုးပေးဝထာန်း** – (၂ ၈ ၈) (၅ ၈ ၅)

**အကြော**– သီလရှင်ကို သွားတိုက်ဆေးလှူပါ။

## ဗုဒ္ဓဟူး



တစ်ရေးနိုးသော် အတြံပေါ်၊ ပေါ်သည့်အကြံ တစ်သိန်းတန်ဆိုသည့်စကားကဲ့သို့ တစ်ခါတစ်ရံရရှိသည့် အကြံသည် လွန်စွာတန်ဖိုးရှိနေပေလိမ့်မည်။ အခက်အခဲကြားမှ လုပ်ငန်းကို ရဲရင့်မှု၊ သတ္တိရှိမှုအပြည့်ဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်နေမည်။ တန်ဖိုးရှိသော အကြံကောင်းကြောင့် ဘဝအဆင့်တစ်ဆင့် မြှင့်တင်နိုင်ပေလိမ့်မည်။ ကျန်းမာ၊ ချမ်းသာ၊ လန်းဖြာပေလိမ့်မည်။

ရုပ်ရည်ချောမော သန့်စင်ပြီး ပညာတတ်၊ ဥစ္စာပေါသူလေးတစ်ဦးက သင့်ကို ချစ်ကြောင်း ခွင့်ပန်လာလိမ့်မည်။ စုတ်ရေလာဘ်ပါဝင်ကိန်းရှိသည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။

**အထျိုးပေးဝထာန်း** – (၅ ၈ ၅) (၈ ၈ ၈)

**ထကြော**– သံဃာတော်ကို စတုမဓူလှူပါ။

## ကြာသပတေး



ကံသာလျှင်အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် ဆွေမျိုးသဖွယ် ကံကိုသာလျှင် အားကိုး၊ အားထားနေမည်။ ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်ဟု အပြည့်အဝ ယုံကြည်နေပေလိမ့်မည်။ ကျန်းမာရေးအတွက် မှန်ကန်သော ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုကို ပြုလုပ်သင့်သည်။

နှလုံးသားကို စတေးလျက် မိဘများ၏ စီမံရာကို လက်ခံရလိမ့်မည်။ မိဘများ၏ အစီအစဉ်ဖြင့် အချစ်ရေးခရီးကို လျှောက်လှမ်းရပေလိမ့်မည်။




www.burmeseclassic.com

www.burmeseclassic.com



**ထီထိုးရမည့်နေ့** – တနင်္ဂနွေ၊ ကြာသပတေး။
**အကျိုးပေးဂဏန်း** – (၈ ၈ ၅) (၇ ၈ ၄)
**ထကြာ**– မွေးနေ့တူကို ထီး (သို့မဟုတ်) ဖိနပ်လှူပါ။

## သောကြာ 

ဇနတ္တမင်းသား ဝင်လာယ်တွင်းမှာ လက်ဝစ်ကူးထိန်းမြင်ရသော ကာလ။ လောကဓံ၏ စိန်ခေါ်မှုကို အားမာန်အပြည့်၊ သတ္တိအပြည့်ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်နေ၏။ မိဘ၏ ဂုဏ်ကျေးဇူးကို သိရှိနေလိမ့်မည်။ အကြီးအကဲတစ်ဦး၏ ကူညီမှု၊ မစမှု၊ စောင့်ရှောက်မှု၊ အလေးထားမှု၊ တန်ဖိုးမှုတို့ကို ရရှိပေလိမ့်မည်။ ကျန်းမာရေး ပိုမိုကောင်းမွန်စေရန် အပူအစပ်၊ မဆလာနှင့် ဟင်းခတ်အမွှေးအကြိုင်တို့ကို အလွန်အကျွံ မစားသင့်ပေ။

စားသုတ်သုတ်၊ လာသုတ်သုတ် အလုပ်များနေသော သင့်ဘဝကြီးထဲကို အချစ်က ဝင်ရောက်လာလိမ့်မည်။ အချစ်အတွက် ရင်ခုန်သံများ ပြောင်းဆန်ရပေလိမ့်မည်။

**ထီထိုးရမည့်နေ့** – ဗုဒ္ဓဟူး၊ သောကြာ။
**အကျိုးပေးဂဏန်း** – (၈ ၈ ၇) (၈ ၈ ၄)
**ထကြာ**– မိဘားစုကို ဒါနပြုကျွေးမွေးပါ။

## စနေ 

စိတ်မြန်လက်မြန် ထက်တွေ့ဆန်လွန်းနေမည့်ကာလ။ မည်သည့်ကိစ္စကိုမျှ အိပ့်အိပ့် အီရောအီရော အချိန်ဆွဲပြီး မလုပ်တတ်ပေ။ အောင်မြင်မှုလမ်းမကြီးပေါ်မှာ တက်သုတ်နှင်ပြီး အပြေးအလွှား ရုန်းကန်နေပေလိမ့်မည်။ ကာလအတန်ကြာက မတွေ့ဖြစ်ခဲ့သော မိတ်ဟောင်း၊ ဆွေဟောင်းနှင့် ပြန်လည်ဆုံစည်းခွင့်ရရှိပေလိမ့်မည်။

မောဝန်းနေသော ဘဝထဲမှာ ချစ်သူက အိုအေစစ်ကလေးဖြစ်နေလိမ့်မည်။ ချစ်သူ၏ အားပေးမှု၊ ကူညီမှုများက သင့်အတွက် ဘဝအမောများကို ပြေပျောက်စေလိမ့်မည်။

**ထီထိုးရမည့်နေ့** – စနေ၊ တနင်္ဂနွေ။
**အကျိုးပေးဂဏန်း** – (၂ ၈ ၈) (၆ ၈ ၈)
**ထကြာ**– သီလရှင်ကို ဇယောင်းတိုင်လှူပါ။

ထက္ကသိုလ်ရိုးစိုးနိုင်